
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ပြနှင့် ကာတွန်း



ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ပြ

တန်ဖိုး – ၅၀၀၀ ကျပ်



မြန်မာ့မြည်သူ့ အချစ်ဆုံး

ဗိုလ်ချုပ်ဦးအောင်ဆ

တန်ဖိုး – ၂၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်

တန်ဖိုး – ၅၀၀၀ ကျပ်



စစ်သားကြီးဗိုလ်တေဇ

Quality စာစဉ်

တန်ဖိုး – ၈၀၀၀ ကျပ်



ဗိုလ်တေဇ ဘဝကမ္ဘာ

Quality

တန်ဖိုး – ၆၀၀၀



အာကနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှု
စီအိုင်ဒီ အခန်းကဏ္ဍ

တန်ဖိုး – ၁၀၀၀ ကျပ်



အောင်ဆန်းဖါ် အောင်ဆန်း

တန်ဖိုး – ၁၀၀၀ ကျပ်



ဗိုလ်ချုပ်အောင်ဆန်းရာ

တန်ဖိုး – ၈၀၀၀

ဂမ္ဘီရလောက
မဂ္ဂဇင်း

ဆုမြည့်စုံထွန်းစာပေ

အမှတ်-၅၀၈/၅၁၂၊ ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် (သရဖီကွန်ဒို)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၃၆၆၄၊ ၀၁-၃၈၆၈၃၃

http://Quality.myanmaronlinesales.com တွင်
တိုက်မှ ထုတ်ဝေသောစာအုပ်များကို ကြည့်ရှုဝယ်ယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂမ္ဘီရလောက
မဂ္ဂဇင်း
NO 112, SETPEMBER, 2016

# CONTENT

အမှတ် ၁၁၂၊ စက်တင်ဘာ၊ ၂၀၁၆

ဒဂုန်ရွှေမျှား
ချစ်စိညာဉ် ၆

ဂမ္ဘီရဆရာလှမျိုး (B.Sc)
ထူးဆန်းသော သစ်ပြစ်ကော်ဂျီကလေး [illegible]

ထောင်မှူးကြီးသိန်းဝင်း
ဆရာကြီးမင်းသိန်းနှင့်တွေ့ဆုံခြင်း ၅၅

တင့်ထူး (ဒေးဟုဝတ်)
ခေါင်းပြတ်တစ္ဆေ [illegible]

ဝင်းနိုင် (မကွေး)
ဘုရားသိုက်နဲ့ ငမိုက်ကြည်မိုး ၆၀

မောင်မြင့်မား (ဘိုကလေး)
သူကြီး ဦးအောင်မြတ် [illegible]

ဒသုန်ဟိန်းထက်
အသက်ဝင်လာသော ဘီလူး ၁၀၄

ကောင်းသော်
ဝိညာဉ်လူသတ်ကောင် [illegible]

မြိုးသီတာ (ရွှေဝှံနိုင်မှန်)
မေတ္တာရိပ်နှလုံးသား တံခါးဖွင့်တတ်ပြီလား ၁၃၀

လှူမြန်မာ
မြန်မာ့တပ်မတော်နှင့် မြန်မာပြည်မြောက်ပိုင်းက
တစ္ဆေဇာတ်လမ်းများ [illegible]

သန့်လျှင်မောင်ကျော်ခဲ
သေကံမရောက် သက်မပျောက် ၁၅၅

[illegible]
[illegible]လမ်း ၁၄၆

ဝေယံသိန်း
နေအဝင် လအထွက် ဝိဥာဏ်တွေမြူးတဲ့အရပ် ၁၉၅

[illegible]လေးအောင် (သန့်လျှင်)
[illegible]ဘိမ် လူလေးယောက် သရဲနှစ်ကောင် ၂၀၃

မင်းဘုန်းသိခ်သူ
မုံမပါသီး ဆိုင်းမတီးရှာ ကျီးပြုံတဲ့ည ၂၁၁

[illegible] Month Preview ၅

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရလောက

မဂ္ဂဇင်း

**အယ်ဒီတာချုပ်**
ကိုမြင့်ထွန်း (Quality)

**တာဝန်ခံအယ်ဒီတာ**
ဝေလွင်မြင့်မောင် (ဝ၉ ၃၁၁၁၆၉၉၉)

**ထုတ်ဝေသူ**
ဒေါ်ခင်မာရွှေ (ထုပြည့်စုံထွန်းစာပေ)(၀၀၅၆၁)
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

**အတွင်းသရုပ်ဖော်**
တံတောင်း၊ ဝင်းသိန်း၊ မြတ်မင်းဟန်၊ အောင်နိုင်လတ်၊
ကျော်စိုးညိန်း၊ တောင်ငူ စိုးမြင့်လေး၊
လူသစ်အောင်(အင်းလျား)၊ ရန်နိုင်ဦး၊ မောင်နေကြည်၊
ချစ်သူ၊ ဝေမွန်လင်း၊ ဓမ်ကြာ၊ ပိုင်းမော်။

**ပုံနှိပ်သူ**
ဦးဝေလှုံ(ပုံနှိပ်တိုက်)၊ ဒေါ်ယဉ်ယဉ်မွန် (၀၀၂၃၈)
ဆန်းစက်အပိုပစ္စည်းစက်ရုံဝင်း၊ အထက်ပုဇွန်တောင်လမ်း၊
ဆင်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

**စာတည်းအဖွဲ့နှင့် ဖြန့်ချိရေးရုံးခန်း**
အမှတ် ၅၀၈/၅၁၂ (၂၈)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ ၃၈၃၆၆၄၊ ၀၁ ၃၈၆၈၃၃

**အုပ်ချုပ်မှုအယ်ဒီတာ**
မခင်မာရွှေ

**အယ်ဒီတာအဖွဲ့**
ဉာဏ်လင်းထက်

**ရုံးအဖွဲ့**
ကိုစိုးသိန်း၊ ထွန်းထွန်းလွင်၊ နေဇင်လတ်၊ ဝေလင်း၊
သန်းထက်ဇင်၊ ကောင်းကောင်း၊ မြမြသင်း၊
မြတ်နှင်းသွယ်၊ စုဝေလွင်၊ အိမြ၊ မီမီဇင်၊

**မျက်နှာဖုံး**
ဉာဏ်လင်းထက်

**ကွန်ပျူတာနှင့် ဖလင်**
Quality

**စာအုပ်ချုပ်**
တင်မေထွန်း


| | | |
|---|---|---|
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၀၀၀ ကျပ် |



## Next Month Preview



ဒဂုန်ရွှေမျှား
**ရတနာစောင့်မြွေဆိုး**



ဆွေမြင့်
**နရကာ်အကျဉ်းသား**



ဆရာကြီးအရိန္ဒမာ
**ကြောင်တစ္ဆေ**



ကျော်အေးရွှေ
**စွဲလမ်းလွန်းပြန်တော့လည်း**

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ချစ်စိညာဉ်

✦✦✦ ဒဂုန်ရွှေမျှား ✦✦✦

ထိုနေ့မှာ (၂) နာရီမှ (၄) နာရီခွဲအထိ စကော့ဈေး (ဗိုလ်ချုပ်ဈေး) အပေါ်ထပ်ခန်းမကြီးတွင် ပန်းချီပြပွဲကြီးကို ဖွင့်လှစ်ထားသော နေ့ဖြစ်သည့်အတိုင်း ဈေးကြီး၏တောင်ဘက်မျက်နှာစာတွင် ဆိုက်ကား၊ မော်တော်ကား၊ မြင်းရထားတို့ရှုပ်ယှက်ခတ်လျက်ရှိ၏။ ရောင်စုံခြယ်သော အဝတ်များကိုဝတ်၍လာသော မိန်းမကြီးငယ်တို့သည် ပြပွဲခန်းမကြီးကိုရောင်စုံပန်းချီကားတစ်ချပ်သဖွယ် တင့်တယ်စေ၏။ အခမ်းအနားကို ပို၍ခမ်းနားစေ၏။

ဥရောပတိုက်သား စုံတွဲများပင်လျှင် ဝတ်စားထားသည့် ဆေးရောင်စုံ ပိုးဖဲများကို မြင်ရသောအခါ ဒါကြောင့်လည်း သူတို့ မြန်မာပြည်ကို Silken East "အရှေ့တစ်လွှားမှာ ပိုးသားချည်းပဲလို့ ခေါ်ကြတာပဲ" ဟုစိတ်ကူးပေါက်မိကြ၏။ ထိုပန်းချီပြပွဲကြီးမှာ ကောင်းတုံမြို့မှ ရောက်ရှိလာသော တရုတ်ပန်းချီဆရာကြီးတစ်ဦး၏ကားများကို ရှေးဦးစွာ အကြောင်းပြု၍ တရုတ်လူငယ်များ အသင်းကြီးက ကမကထပြုလုပ်ကျင်းပသော ပြပွဲကြီးဖြစ်ရာ တရုတ်လူမျိုးများ၊ တရုတ် - ဗမာ ကပြားများလည်း အများပင် လာရောက်ကြည့်ရှုကြလေသည်။


ပန်းချီကားများမှာ ရှုမျှော်ခင်းများ၊ တောပုံတောင်ပုံ၊ နိုင်ငံရေးသမားများ၏ ပုံတူများ၊ တိရစ္ဆာန်အမျိုးမျိုး၏ပုံ၊ ယာဉ်အမျိုးမျိုး၏ပုံ၊ ပန်းပင်အမျိုးမျိုးနှင့် ပန်းဖူးပန်းပွင့်များပုံ စသည်ဖြင့် ခွဲခြားထားရာ တရုတ်သူဌေးများသည် ပန်းချီဆရာကြီး၏ ပုံများကို ဈေးမြှင့်သောအားဖြင့် (၂၅) ကျပ်မှ (၂၀၀) ကျပ်အထိ တန်ဖိုးထားသောကားများကို အသီးသီးဝယ်ကြလေသည်။

ထိုပန်းချီကားများထဲတွင် မြန်မာပန်းချီဆရာကြီးများရေးသော ပန်းချီကားများလည်း ကားပေါင်း (၅၀) ကျော်ခန့်ပါရှိရာ အချို့ကားများမှာ ပန်းချီဆရာဟု အမည်မခံသော အရုပ်သားများ အချို့ကားများမှာ ပန်းချီဆရာဟု အမည်မခံသော အရုပ်သားများ အပျော်ရေးဆွဲသည့် ရှုမျှော်ခင်းကား (၁၀) ချပ်ခန့်ပါဝင်၏။ ထိုကားများအနက် အချို့ကားများမှာ ချက်ကြမ်းရေကျိုမျှဖြစ်သော်လည်း ကား (၂) ချပ်၊ (၃) ချပ်မှာ ပန်းချီဆရာမျက်စိအားဖြင့် အလင်းအမှောင်၊ အချိုးအစား စသည်တို့ကို ဆေးသားတင်ပုံ မှစ၍ နာမည်ကျော်ပန်းချီဆရာကြီးများ လက်ရာနှင့် ယှဉ်ပြိုင်နိုင်သည့်ကားများ ဖြစ်လေသည်။

ရှုမျှော်ခင်းကားများမှာ အခန်းကြီး၏ အရှေ့ဘက်အစွန်းတွင် သီးသန့်ထားရှိသည်ဖြစ်ရာ အခြားနေရာများနှင့် နှိုင်းစာလျှင် ကြည့်သူ နည်းပါးလေသည်။

ယခု ရေးသားဖော်ပြသော အချိန်၌ ကား အသက် (၂၅)နှစ်ခန့်ရှိ မိန်းမပျို တစ်ယောက်သည် ရှုမျှော်ခင်းကားတစ်ကားကို စူးစူးစိုက်စိုက် ကြည့်ရှုလျက်ရှိ၏။ ၎င်းမှာ စိန်၊ ရွှေ လက်ဝတ်လက်စား အပြည့်အစုံ ဝတ်ကာ သနပ်ခါးရောင် ဘန်ကောက်လုံချည်နှင့် ပါးလွှာသော ပိုးညွန့်အဖြူအင်္ကျီကို ဝတ်ဆင်ထားရာ အသားနှင့် အဝတ်မှာ အရောင်ဟပ်လျက် ရှိရုံမျှမက ပျော့ပျောင်းသော အဝတ်များသည် အချိုးအဆစ်ကျသော ပင်ကိုရုပ်လုံးပုံကို အထင်မှတ်သို့ရောက်စေရန် ဖန်တီးပေးသကဲ့သို့ ရှိ၏။ ၎င်း၏ ပျော့ညွန့်အင်္ကျီမှာ ပဒုမ္မာလောက် မပါးလှသော်လည်း မှိုမောက်သော အောက်ခံဘော်လီကို မထင်မရှားမြင်ရသဖြင့် ဤသို့ မထင်မရှားမြင်ရခြင်းမှာ ထင်ထင်ရှားရှားမြင်ရခြင်းထက်ပင် အာရုံစိုက်သူများအတွက် ထိရောက်စေလေသည်။ လက်ဝဲဘက်တွင် သားရေအိတ်အနက်ကလေးတစ်လုံးကို ဆွဲထားသဖြင့် ထို

www.burmeseclassic.com



လက်မှ လက်ကောက်ဝတ်တွင် လေးထောင့်ပုံ စိန်လက်ပတ်နာရီကလေးကို အထင်းသားမြင်ရ၏၊ ဆီမွှေး၊ ပေါင်ဒါနှင့် ရေမွှေးနံ့များသည် ၎င်းအနီးတွင် ကြိုင်လှိုင်လျက် ရှိလေသည်။

မိန်းမပျို၏နောက် မနီးမဝေး၌ကား အသက် (၃၅)ခန့်ရှိသူ တစ်ယောက်သည် ထိုမိန်းမ၏အပြုအမူကို မှတ်သားကြည့်ရှုလျက်ရှိ၏၊ ထိုလူမှာ မျက်နှာခပ်သွယ်သွယ်နှင့် မျက်လုံးကောင်း၊ နှာတံကောင်းဖြစ်ရာအညိုရောင်ဘန်ကောက်လုံချည်ကွင်းနှင့် မီးခိုးရောင် သက္ကလတ်အကျႌကိုဝတ်ဆင်ထား၏၊ မျက်နှာသွယ်သော်လည်း၊ မေးရိုးများမှာ ကြံ့ခိုင်တောင့်တင်းဟန်ရှိ၍ တည်ကြည်ခန့်ညားသူ တစ်ယောက်ဖြစ်လေသည်၊ ၎င်း၏သားရေခါးပတ်၌ လက်ဝဲဘက်မှ ဒန်ရောင်လက်ကိုင်ဖြင့် ခြောက်လုံးပြူး သေနတ်ကလေးကို ထိုးထားလေသည်။

သနပ်ခါးရောင် ဘန်ကောက်လုံချည်နှင့် မိန်းမပျိုသည် ပြပွဲစာရေးများရှိရာသို့ လှမ်း၍ကြည့်လိုက်ရာ အလိုက်သိသော စာရေးတစ်ယောက်သည် ၎င်းထံသို့ ခပ်သုတ်သုတ်လာခဲ့ပြီးနောက် -

"ဘာအလိုရှိပါသလဲ - ခင်ဗျာ"

"ဒီပန်းချီကားအဖိုးဟာ ရေးထားတဲ့အတိုင်းပဲလား"

"မှန်ပါတယ် ခင်ဗျာ"

"တစ်ရာ့အစိတ်တဲ့"

"မှန်ပါတယ်"



မိန်းမပျိုသည် အံ့အားသင့်သော
မျက်နှာဖြင့်ကြည့်ပြီးနောက်
မောင်ထွန်းမြတ်နှင့် မျက်လုံးချင်း
ဆုံမိသည်နှင့်တစ်ပြိုင်နက်
မျက်နှာကို အခြားဘက်သို့
လွှဲလိုက်ပြီးလျှင် အခန်းတွင်းသို့
ဝင်သွားလေ၏ ...

"ရေဆေးနဲ့ရေးထားတဲ့ကားကိုများ တစ်ရာ့အစိတ်ဆိုတာ များတာပဲနော်"

"ဒီကားတွေက ပန်းချီဆရာဆွဲတဲ့ကားမဟုတ်ဘူး၊ အရပ်သားဆွဲတဲ့ ကားတွေပါ၊ သူတို့သဘောအတိုင်း တန်ဖိုးထားကြပါတယ်"

မိန်းမပျိုသည် ကားအနီးသို့ကပ်၍ ရေးဆွဲသူအမည်ကို ကြည့်ပြီးနောက်

"ထွန်းမြတ်တဲ့၊ ကျွန်မ တစ်ခါဖတ်ပြီးပါပြီ၊ ပန်းချီဆရာနာမည်ကျော်ထဲ ကလည်း ဦးထွန်းမြတ် မကြားဖူးပါဘူး၊ နို့ပေမဲ့ - ကားက အတော်ကောင်းတဲ့ကား နေဝင်ချိန်မှာ ဘုရားက အရောင်တွေဟပ်ပြီးတိမ်နဲ့ရောစပ်နေတဲ့ပုံနဲ့ကန်တော်ကြီးထဲမှာ နံဘေးက အမှောင်ရိပ်ဆင်းလာတဲ့ပုံတွေဟာအတော်သဘာဝကျတယ်"

ခြောက်လုံးပြူးသေနတ်နှင့် လူသည် မိန်းမပျိုဘက်သို့လှည့်ကာ မသိမသာပြုံးလိုက်ရာ မိန်းမပျိုနှင့် မျက်နှာချင်းဆိုင် ဆုံသွားသဖြင့် မိန်းမပျိုသည် ဦးခေါင်းကို အောက်သို့ ငုံ့လိုက်လေ၏၊ သေနတ်နှင့်လူလည်း မိန်းမပျိုအနီးသို့ ကပ်လာလေသည်။

"ဒီကားကို လိုချင်လို့လား"

"ဟုတ်ကဲ့"

"ထွန်းမြတ်ဆိုတာ ကျွန်တော်ပါပဲ"

"ဩော် - ဟုတ်လား၊ နို့ - ကြည့်ရတာ ပန်းချီဆရာနဲ့လည်း မတူဘူး"

"ကျွန်တော် ပန်းချီဆရာလည်း မဟုတ်ပါဘူး၊ စုံထောက် အင်စပက်တော် တစ်ယောက်ပါ"

www.burmeseclassic.com

"ဒီလို ဝန်းချီရေးသူကိုယ်တိုင်နဲ့ တွေ့ရတာဝမ်းသာပါတယ်ရှင်"

"ဟုတ်ကဲ့ - ဒီကလည်း အခုလို အားပေးတဲ့သဘောနဲ့ ပန်းချီကားကို နှစ်သက်တဲ့လူကို တွေ့ရတာ ဝမ်းသာပါတယ်၊ ပြီးတော့ - အဘိုးကို ကျွန်တော် လျှော့ပေးနိုင်ပါတယ်"

"မလျှော့ပါနဲ့ရှင် - ရှိပါစေ၊ ကျွန်မ ပေးနိုင်ပါတယ်၊ ဒါထက် မျက်မြင်ရေး တာပေါ့နော်"

"ဟုတ်ကဲ့ - နေဝင်ချိန် ကန်တော် ကြီးစောင်းမှာ သွားပြီးဆွဲတဲ့ကားပါ"

"လက်ရာကလေးကို ကျွန်မ သိပ် သဘောကျတာပဲ၊ ပန်းချီသင်ဖူး သလား"

"မသင်ဖူးပါဘူး၊ နို့ပေမဲ့ - ရှေးက ပန်းချီဆရာကြီးတွေရေးတဲ့ကားတွေ အခု မြို့ပေါ်က ဆရာဦးဘဉာဏ်၊ ပန်းချီ ကျော်ဦး ငွေကိုင်တို့၊ ဦးအုန်းလွင်တို့၊ ဦးဘဇော်တို့၊ ဆရာဆောင်တို့ ရေးတဲ့ ကားတွေကြည့်၊ တွေ့တဲ့ ကြုံတဲ့အခါ မေးသင့်၊ စမ်းသင့်တာတွေ မေးစမ်းလုပ် ပညာဆည်းပူးတာပါပဲ၊ သင်ဆရာရယ်လို့ တိတိကျကျ မရှိပါဘူး။ မြင်ဆရာ ပါပဲ"

"လူပုံကိုကော ပုံတူမဆွဲဘူးလား"

"ဆွဲလေ့ဆွဲထ မရှိဘူး၊ နို့ပေမဲ့ - ဆွဲနိုင်ပါတယ်၊ နေပါဦး - ပုံတူဆွဲချင်လို့ လား"

ထိုခဏ၌ စာရေးကလေးသည် အရုပ်ကားကြီးကို စက္ကူထူတစ်ချပ်ဖြင့် လိပ်ပြီးလျှင် လာရောက်ပေးအပ်သဖြင့် မိန်းမပျိုသည် မိမိမော်တော်ကားပေါ်သို့ သွားရောက်တင်ပို့ရန် ပြောသဖြင့် မိန်းမ ပျိုညွှန်ကြားသည့်အတိုင်း စာရေးမှတစ်ဆင့် ဒရဝမ်ကုလားသည် ကားဆီသို့ သွားရောက်ပို့လေသည်။ မိန်းမပျိုသည် ငွေ (၁၂၅) ကျပ်ကို စာရေးလက်ထဲသို့ ထည့်လိုက်ရာ ပြေစာလက်မှတ်ကလေး တစ်စောင်ကို ရရှိလေသည်။

"လာပါ - အစ်ကိုကြီးရယ်၊ ဒီမှာ စကားပြောရတာ မကောင်းပါဘူး"

စုံထောက်အင်စပက်တော် မောင် ထွန်းမြတ်သည် မိန်းမပျို၏ ရဲတင်းဖျတ် လတ်သောအမူအရာကိုမြင်ရသောအခါ အတော်ထူးဆန်းသည်နှင့် ငုင်းနင့်အတူ လိုက်ပါသွားလေ၏။ အောက်ထပ်သို့ ရောက်၍ မိန်းမပျိုက ကားတစ်စီးကို လက်ပြလိုက်ရာ အပြာရောင်ဆီဒန်ကား ကြီးတစ်စီးသည် ပလက်ဖောင်းဘေးသို့ ဆိုက်ကပ်လာ၍ ကုလားဒရိုင်ဘာသည် တံခါးကိုရိုသေစွာဖွင့်ပေးလေ၏။ မိန်းမ ပျိုသည် မောင်ထွန်းမြတ်ကို ရှေးဦးစွာ နေရာပေး၍ ထိုင်စေပြီးလျှင် ဒရိုင်ဘာ အားကွန်တီနင်တယ်ဟိုတယ်သို့မောင်း စေ၏။

မိန်းမပျိုသည် လန့်(ချ)ခေါ် နေ့ လယ်စာ နှစ်ပွဲကို မှာယူပြီးနောက် စုံ ထောက် အင်စပက်တော် မောင်ထွန်း မြတ်အား ပန်းချီပညာနှင့် ပတ်သက် သောစကားများကို ဖော်ရွေစွာ ဖြေဆို လျက် ရှိ၏။

"ပုံတူဆွဲချင်တာက ဘယ်သူ့ပုံပါ လဲ"

"ကျွန်မယောကျ်ားပုံ အစ်ကိုကြီး ရဲ့"

"လူကိုကြည့်ပြီးဆွဲရရင် ဆွဲနိုင်တာ ပေါ့ဗျာ"

"လူက မရှိတော့ဘူးရှင့်၊ ဆုံးပြီ"

"ဒါဖြင့်လည်း ဓာတ်ပုံကြည့်ပြီး ဆွဲ ရင်ပြီးတာပဲ"

"ဓာတ်ပုံလည်းမရှိလို့ ခက်တာပေါ့ ရှင်"

"ဒါဖြင့် ဘာကိုကြည့်ပြီး ဆွဲရမှာ လဲ"

"သူ့ပုံကိုရုပ်လုံးထုထားတာရှိတယ် အစ်ကိုကြီးရဲ့၊ မန္တလေးမှာ နေတုန်းက ပန်းပုဆရာကြီးတစ်ယောက်က ထုပေး တဲ့ ပုံတူအရုပ်ကြီးတစ်ရုပ် ရှိတယ်၊ အဲဒါ ကိုကြည့်ပြီး ဆွဲရလိမ့်မယ်"

"ဒီလို ရုပ်လုံးကြည့်ပြီး တစ်ခါမှ တော့ မဆွဲဖူးဘူး"

"ဒါပေမဲ့ - ကိစ္စမရှိပါဘူးအစ်ကိုကြီး ရယ်၊ စမ်းကြည့်တာပေါ့၊ သည်လောက် လက်ရာကောင်းတဲ့လူတစ်ယောက်ဟာ မတတ်ဘဲ မရှိပါဘူး"

"စမ်းကြည့်ရတာပေါ့၊ နို့ - အိမ်က ဘယ်မှာလဲ"

"ဝင်ဒါမီယာလမ်းမှာ၊ ဪ - အခု မှ သတိရတယ်၊ ကျွန်မ ကတ်ကလေး တောင် အစ်ကိုဘကီးကို မပေးရသေး ဘူး"

မိန်းမပျိုသည် ရွှေနားသတ်၍ထား သော ကတ်ပြားအဖြူကလေးကို မောင် ထွန်းမြတ်အား လှမ်း၍ပေးလိုက်လေ၏၊ ကတ်ပြားပေါ်၌ အင်္ဂလိပ်ဘာသာဖြင့် "ကတ်ပြားပုံ" ပါရှိ၏။

"အစ်ကိုကြီးက ပုလိပ်အလုပ် လုပ် ပြီး ပန်းချီကို ဝါသနာပါတယ်နော်"

"ဝါသနာဆိုတာ အစက်သားပဲ၊ အင်မတန် စွန့်နိုင်ခဲတယ်၊ တစ်ခါတလေခါ တောနယ်ကို အမှုစုံထောက်သွားတာ

www.burmeseclassic.com

ဆောင်ဝတ်တံနဲ့ဆေးခွက်ကလေးတော့ ဆောင်သွားသေးတယ်"

"ပန်းချီဆရာပဲ လုပ်ပါတော့ - အစ်ကိုကြီးရယ်"

"ထမင်းဝရင်တော့ ကောင်းပါတယ်၊ ဒီလိုအပျော်ဆွဲတာတောင်မိန်းမ ရှိတုန်းကများ သိပ်ပြီး ဆူတယ်"

"ရှိတုန်းကများဆိုတော့ အခု ဘယ် သွားသလဲ"

"ဆုံးရှာပြီ"

"အို - လက်စသတ်တော့မြနဲ့ကံတူ အကျိုးပေးပဲနော်။ အစ်ကိုကြီးနဲ့ တွေ့ ရတာ မြ သိပ်ဝမ်းသာတယ်၊ နေပါဦး - အစ်ကိုကြီး ဘယ်တော့လာနိုင်မလဲ"

"ဒီကနေ့ (၁၂) ရက်၊ကြာသပတေး နေ့နော်၊ (၁၅) ရက်နေ့ လာခဲ့မယ်"

"တနင်္ဂနွေနေ့ပေါ့"

"ဟုတ်ကဲ့"

"ကိုင်း - ဒါဖြင့်အသင့်ပြင်ထားမယ်၊ ပုံဆွဲကိရိယာတွေပါ တစ်ခါတည်း ယူခဲ့ ပေတော့၊ ဟုတ်လား - အစ်ကိုကြီး"

"ယူခဲ့ပါမယ်၊ စိတ်ချပါ (၁၀) နာရီ လောက် လာခဲ့မယ်"

ရင်းနောက် မောင်ထွန်းမြတ်သည် ဟိုတယ်ပေါ်မှ ဆင်းခဲ့ပြီးလျှင် ကျောက် တံတားဗွာနာသို့ လာခဲ့လေ၏။

▬

တနင်္ဂနွေနေ့၌ နံနက် (၁၀) နာရီ ကျော်ချိန်လောက်တွင် နံ့သာမြိုင်မြို့ကြီး ရှေ့သို့ ကားကလေးတစ်စီး ဆိုက်လာ၍ အင်စပက်တော် မောင်ထွန်းမြတ်သည် သားရေအိတ်အပြာကလေးတစ်ခုကို ကိုင်ကာ ကားပေါ်မှဆင်း၍ အိမ်ထဲသို့ ဝင်ခဲ့လေ၏။ အိမ်အောက်ထပ်၌ရှိသော တံခါးစောင့်သည် မောင်ထွန်းမြတ်အား ခေတ္တမျှစောင့်နေစေပြီးလျှင်အိမ်ပေါ်သို့ တက်သွားပြီးနောက် အိမ်ပေါ်မှပြန်ဆင်း လာသောအခါ အပေါ်ထပ်သို့ ခေါ်သွား လေ၏။ အိမ်ကြီးမှာ အိမ်ဟောင်းကြီး တစ်ဆောင်ဖြစ်သော်လည်းအိမ်ရှေ့ဆင် ဝင်နှင့်အပေါ်ဝရန်တာထားပုံ၊အပေါ်ထပ် သို့လက်ဝဲလက်ယာတက်ရန် လှေကား တပ်ဆင်ပုံ၊ ကျောက်စရစ်လမ်းများနှင့် ပန်းပင်များ ရှိနေပုံတို့မှာ ယခင်က ဤ အိမ်တွင် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ သော သူတစ်ဦးနေခဲ့ဖူးသည့်လက္ခဏာ ကို ပြလျက်ရှိ၏။ အပေါ်ထပ်ရှိ အတွင်း ခန်းများမှာ ခန်းလုံးပြည့် ကော်ဇောကြီး များဖြင့် ခင်းကျင်းထားရှိလေသည်၊ မိန်

မြသည် ဧည့်ခန်းဝသို့ လာရောက်ကြိုဆို နေလျက် ရှိလေသည်၊

"ဩော် - အစ်ကိုကြီး ရောက်လာမှ ဘဲ၊ ထိုင်ပါ - ထိုင်ပါ၊ ဒီကနေ့ အားတယ် နော်"

"အားတယ်လို့တော့ မဟုတ်ပါဘူး၊ ဝါသနာပါတဲ့ အလုပ်မို့ အချိန်ယူပြီး လုပ် တာပါပဲ"

"တနင်္ဂနွေနေ့ပဲ - အစ်ကိုကြီးရဲ့"

"တနင်္ဂနွေနေ့ပေမယ့် ညနေ (၃) နာရီမှာ မင်းကြီးက ခေါ်ထားတဲ့ကိစ္စ တစ်ခုရှိသေးတယ် - မြရဲ့"

"ညနေ (၃) နာရီမှ ဟုတ်လား၊ အချိန်အများကြီး ရတာပဲ"

ဆိုဖာကြီးများမှာ ဧည့်ခန်းတွင် ခမ်း နားစွာပြင်ဆင်ထားရှိပြီးလျှင် ခေါင်းရင်း ဘုရားကျောင်းဆောင်နှင့်တကွနံဘေး တစ်ဖက်တစ်ချက်တွင် ထားရှိသော ချဲဒီယို၊စန္ဒရားများသည်လည်းကောင်း၊ သုတစ်ရပ်မျှမြင့်သော ခုံများပေါ်တွင် ငွေပန်းအိုးကြီးများဖြင့် တင်ထားသော သစ္စာပန်းခိုင်များသည်လည်းကောင်း၊ ခန့်ပြဒိုင်းများဖြင့် အလှဆွဲထားသော ဓာတ်မီးလုံးများသည်လည်းကောင်း အိမ်၏ ကျက်သရေကို ဆောင်လျက်ရှိ၏။ မိမိမြသည်ကော်ဇီများ၊ကိတ်မုန့်များ ကက် (ပ) စတန်စီးကရက်များဖြင့် မောင် ထွန်းမြအား ဖော်ရွေစွာ ဧည့်ခံလေ၏၊

"အစ်ကိုကြီးကတော့ မြကို တစ်မျိုး လို့ ထင်မှာပဲ"

"ဘာပြုလို့လဲ"

"မြက ဘယ်လောက်ပဲ သူစိမ်းဖြစ် ဖြစ်၊ ဖော်ဖော်ရွေရွေ ချစ်ချစ်ခင်ခင် ပြော တတ် ဆိုတတ်တယ်"

"သည်တော့ ဘာဖြစ်သလဲ"

"အို - အစ်ကိုကြီးကလည်း၊ နေပါ ဦး၊ ပုံဆွဲကိရိယာတွေ ပါလာတယ်နော်"

"ပါ ပါတယ်၊ ဘယ်မှာလဲ - မြ ယောက်ျားအရုပ်ဆိုတာ"

"နေပါဦး - အစ်ကိုကြီးရယ်၊ ဖြည်း ဖြည်းပေါ့၊ ကာဖီကလေးများ သောက် စမ်းပါဦး"

"မြ - အခု ဘယ်သူနဲ့ နေသလဲ"

"ဒေါ်ဒေါ်နဲ့ နေတယ်၊ အိမ်မှာ ခိုင်းဖို့ သူငယ်ကလေးတစ်ယောက်၊ ဒရဝမ် တစ်ယောက်၊ဒရိုင်ဘာလားတစ်ယောက် ထမင်းချက်တဲ့ အဒေါ်ကြီးတစ်ယောက် ပြီးတော့ သားလိုသမီးလို ကျွေးမွေးထား တဲ့ကလေးမကလေးတစ်ယောက်သူတို့ နဲ့ နေတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

သေး၏၊ ပုံသဏ္ဍာန်မှာအသက်(၄၅)နှစ်ခန့်ရှိ အရပ်အမောင်း ထွားကျိုင်းသောလူတစ်ယောက်၏ပုံဖြစ်၍ အကြမ်းဖျဉ်းအားဖြင့် ရုပ်ကောင်းရှိသူတစ်ယောက်ပုံပေတည်း။ အရုပ်မှာ မျက်နှာကသာလူနှင့်တူသည် မဟုတ်၊ မတ်တတ်ရပ်နေပုံနှင့် ခြေလက်အနေအထားတို့မှာလည်း ပကတိလူကဲ့သို့ အချိုးအစားကျလှပေ၏၊ အရုပ်ကိုလူပကတိနှင့်ပို၍တူစေရန် မီးခိုးရောင်သက္ကလတ်တိုက်ပုံရင်စေ့အင်္ကျီနှင့် မန်ကျည်းစေ့ကွက်လုံချည်ကွင်းကိုလည်းကောင်း၊ ခြေတွင်ခြေအိတ်နှင့် သားရေနောက်ပိတ်ကိုလည်းကောင်း ဝတ်ဆင်ထားသည်ဖြစ်ရာ ရုတ်တရက် ကြည့်လိုက်လျှင်မူ လူအစစ်ပင် အမှတ်တမဲ့ ထင်ရလေ၏။

"သိပ်ပြီး လူနဲ့တူတာပဲနော်၊ အများကြီး ချီးမွမ်းလောက်တဲ့ လက်ရာပဲ"

"ဟုတ်တယ် - အစ်ကိုကြီးရဲ့၊ ဒီအရုပ်ကို ကြည့်ပြီး ဆွဲရမှာပဲ"

မောင်ထွန်းမြတ်မှာ ဦးခေါင်းကိုပင် ညိတ်လိုက်ရသော်လည်း ပုံဆွဲရန် စိတ်မပါလှသကဲ့သို့ ရှိနေ၏။

"ဘယ်နေရာမှာဆွဲဖို့ စီစဉ်မလဲ - အစ်ကိုကြီး"

"အပြင်ခန်းကို ယူပြီး ဆွဲရရင် မကောင်းဘူးလား"

"ဤကဲ့သို့ ပြောလိုက်ခြင်းမှာ ဤအခန်းထဲတွင် မိမိ တစ်ယောက်တည်း မဆွဲလိုဘဲ ကျယ်ဝန်းသော အပြင်ဧည့်ခန်းသို့ယူ၍ ရေးဆွဲရန် အကြံနှင့် ပြောလိုက်ခြင်းဖြစ်သည်။

"ဒီမှာလည်း အကောင်းသားပဲ အစ်ကိုကြီးရဲ့၊ မှန်ပြတင်းတွေ ဖွင့်ထားရင် လင်းပါတယ်၊ အပြင်မှာဆိုတော့ အယူရအပြုရလည်းခက်တယ်၊ ပြီးတော့ ဧည့်သည်စောင်သည်တွေ လာရင်"

"ဒါဖြင့် - ဒီမှာပဲ ဆွဲတာပေါ့လေ" ဟု မောင်ထွန်းမြတ်မှာ နောက်ဆုံးပြောလိုက်ရလေ၏။

မိမိမြသည် လေးထောင့်စားပွဲ တစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ တိုလီမိုလီတင်ရန် စားပွဲဝိုင်းကလေးတစ်လုံးတို့ဖြင့် သဘောအတိုင်းရေးဆွဲနိုင်ရန် နေရာကိုပြင်ဆင်၍ပေးစေ၏။ ၎င်းနောက်အစေခံတစ်ယောက်သည် ရေထည့်သော ဖန်ခွက်နှင့် ငွေစီးကရက်ဘူးကို စားပွဲဝိုင်းပေါ်၌ တင်ထားလေသည်။

"ကိုင်း - စပြီး ဆွဲပေတော့ အစ်ကိုကြီး၊ ကျွန်မ အနားမှာနေရင် အစ်ကိုကြီးက သမာဓိမရဘဲ ရှိနေမယ်" ဟု ပြောဆိုပြီး အခန်းပြင်သို့ ထွက်သွားလေ၏။

မောင်ထွန်းမြတ် ရှက်ထည်ဖျင်သိပ်ကိုဖြန့်လျက် ကားကြက်ကာ အရုပ်၏အတိုင်းအထွာ၊ အချိုးအစားကိုကြည့်ပြီးလျှင် ရှက်ထည်ပေါ်တွင် ခဲတံအမည်းဖြင့် စ၍ ရေးဆွဲလေ၏၊ ဤအတွင်း၌ တော်ဖီလာ၍ပို့သော မိန်းမပျို၏ အကြောင်းကို တစ်ခါတစ်ရံ စိတ်ကူးမိသော်လည်း မည်သည့်နေရာတွင် တွေ့ခဲ့ဖူးကြောင်း အစ ရှာမတွေ့နိုင်သဖြင့် နောက်ဆုံး၌ လက်လျှော့လိုက်ရ၏။

အခန်းတစ်ခုလုံးသည် လွန်စွာဘိတ်ဆိတ်လျက်ရှိပြီးလျှင် အိမ်သူအိမ်သားများ၏ အသံများကို မကြားရဘဲ တစ်ခါတစ်ရံ လမ်းပေါ်မှ ဖြတ်သန်းသွားသောသော ကားသံများသာလျှင် ဆိတ်ငြိမ်သောအခန်းကို အသက်သွင်းလိုက်သကဲ့သို့ ရှိစေ၏။ အရုပ်၏ အောက်ပိုင်းမှာ ခါးဦးထိ အကြမ်းလောင်းပြီးဖြစ်၍ မောင်ထွန်းမြတ်သည် မျက်နှာပိုင်းရှိ ချက်ခုံးမျက်လုံး၊ နှာတံ၊ ပါးစပ် စသော အရေးကြီးသော နေရာများကို အသေးစိတ် မှတ်သားရပြန်၏။

ဤသို့ မောင်ထွန်းမြတ် သည် အရေးကြီးသော အစိတ်အပိုင်းများကို တစ်ခုပြီးလျှင်တစ်ခု ကြည့်ရှုရေးဆွဲလျက်ရှိစဉ် အရုပ်၏မျက်လုံးတစ်ဖက်မှ မျက်တောင်သည် ဖျတ်ခနဲ ခတ်လိုက်သကဲ့သို့ မှတ်ထင်ရသဖြင့် ခဲတံကိုပင် လွှတ်၍ချလိုက်မိသဖြင့် ဤမျှလောက် စိတ်ချောက်ချားရပါမည်လောဟု မိမိကိုယ်ကိုပင် အပြစ်တင်မိသေး၏၊ ထိုအချိန်၌ အိမ်တစ်ခုလုံးမှာ တိတ်ဆိတ်စွာရှိနေသည်။ မိုးဖွဲကလေးများကျ၍လာသဖြင့် အိမ်သွပ်မိုးပေါ်သို့ မိုးပေါက်ကလေးများကျသံကိုပင် ထင်ရှားစွာကြားရလေ၏။ အချိန်မှာ (၂) နာရီထိုးရန် (၁၅) မိနစ်မျှသာ လိုတော့သည်ဖြစ်ရာ ညောင်းလည်း ညောင်းညာလှပြီဖြစ်၍အခန်းပြင်သို့ထွက်ခဲ့လေ၏၊ ဧည့်ခန်း၌ကား အိမ်ငိုက်၍နေသော အစေခံကလေးကို တွေ့ရလေ၏။

တစ်ခဏမျှကြာလတ်သော် အခန်းတစ်ခုဆီမှ ခြေသံကြားသဖြင့် ကြည့်လိုက်ရာ မိမိဆီသို့ တစ်လှမ်းချင်းလာ





www.burmeseclassic.com

www.burmeseclassic.com

နေသော မိမိမြကို တွေ့ရလေ၏။ မိမိမြမှာ အိပ်ရာမှ ထလာဟန်လက္ခဏာဖြင့် ဆံပင်ကို ကပိုကရိုပတ်လျက် ထားလေရာ ဤသို့ သနပ်ခါးမပျက်တစ်ပျက် မျက်နှာကလေးနှင့် ဆံညွှန့်၊ ဆံနွယ်များကျ၍ နေနေသော ဆံထုံးကလေးတို့မှာ ပြပွဲတွင် မိမိတွေ့ခဲ့ရသော ပြုပြင်သပ်ရပ်စွာ ထားရှိသောရုပ်ထက်ပင် သဘာဝကျကျ နှိုလှသည်ဟု မောင်ထွန်းမြတ်၏ ပန်းချီမျက်စိနှင့် မှတ်ထင်ရ၏။

"ဘယ့်နယ်လဲ - အစ်ကိုကြီးကို တစ်ယောက်တည်း ပစ်ထားခဲ့တာ အတော်ပျင်းနေပြီ မှတ်တယ်"

"မပျင်းလှပါဘူး"

"တော်တော် ပြီးသွားပြီလား"

"ဟုတ်ကဲ့ - အကြမ်းဖျဉ်းတော့ ပြီးပြီဆိုပါတော့၊ နောက် တနင်္ဂနွေနေ့မှာ ကြည့်ပျော်ရှုပျော် ရှိပါပြီ"

"အခုကော မကြည့်ရဘူးလား"

"ဟင့်အင်း - ခုနယ်ကြည့်လို့"

"ဘာပြုလို့လဲ"

"မပြီးခင် ဗမာမမြင်စေနဲ့လို့ဆိုတာ မကြားဖူးဘူးလား"

"ဟဲ - ဟဲ - အဲဒါကြောင့်လား"

ထိုနေ့မှစ၍ မောင်ထွန်းမြတ်နှင့်မိမိမြတို့မှာ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးသည်ထက် ရင်းနှီး၍လာခဲ့ရာ မောင်ထွန်းမြတ်မှာ မိမိမြအိမ်သို့ တနင်္ဂနွေနေ့မဟုတ်သော အခြားနေ့များ၌ပင် လာရောက်လည်ပတ်ခဲ့လေ၏။ တစ်နေ့သ၌ မောင်ထွန်းမြတ်သည် မိမိမြနှင့် အတူ ဆိုဖာတစ်လုံးပေါ်တွင် ထိုင်လျက်ရှိရာမှ ၎င်းက ဝင်းမှည့်သော အဆီအသားဖြင့် ရွှန်းရွှန်းအိအိရှိလှသော ကိုယ်ကို စူးစိုက်ကြည့်ရှုကာ ...

"နေပါဦး - မြရဲ့၊ ဝန်ထောက်မင်းပြီးတဲ့နောက် မြနဲ့စပ်တာ ဘယ်သူတွေလဲ"

"အို - အစ်ကိုကြီးကလည်း ဘာပြုလို့ဒါတွေ သိချင်ရတာလဲ၊ စပ်တဲ့လူတွေကတော့ အများကြီးပေါ့"

"အင်း - စပ်လည်း စပ်ကြပေမှာပဲ၊ ရုပ်ကလည်း အအိုသာဆိုရ အပျိုက ရှုံးမြန်တဲ့ စာလိုဖြစ်နေတာကိုး"

"ဒါက ဘယ်လိုအဓိပ္ပာယ်လဲ - အစ်ကိုကြီး"

"အို - မြကလည်းဗျာ၊ သည်ဟာတောင် မသိဘူးလား"

"မသိဘူး"

"မြကိုလေ မြကဖွင့်မပြောရင်ဘယ်သူမှ အအိုမဆိုဘူး၊ အပျိုထင်မှာပဲ"

"မြ - သည်လောက်ပဲ လှသလား အစ်ကိုကြီးရဲ့"

"လှလည်းလှတယ်၊ ပြီးတော့"

"ပြီးတော့ ဘာဖြစ်သလဲ"

"မြ - စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး"

"အဟုတ်လား"

"အဟုတ်ပါ - အစ်ကိုကြီးရဲ့"

"တကယ်နော်"

"အို - အစ်ကိုကြီးကလည်း၊ ခက်နေ့ပဲ"

"လှလည်းလှတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ ကိုင်း - သိပြီလား"

"ဟင်းနော် - အစ်ကိုကြီး မရိုးသားတော့ဘူး"

ထိုအခါ မောင်ထွန်းမြတ်သည် သူရိုးတစ်ယောက် ဖြစ်သည့်အတိုင်း အကယ်၍မိမိမြသဘောတူညီက လက်ထပ်၍ ယူပါမည့်အကြောင်း မိမိမြမှာ အချစ်နှင့်ပတ်သက်၍ မစဉ်းစားတတ်သော ကျောင်းသားအရွယ်လည်း မဟုတ်သဖြင့် မိမိ၏မေတ္တာကို ဤကဲ့သို့ အတိအလင်းဖွင့်လှစ်ပြသည်ကို စိတ်မဆိုးရန်အကြောင်းနှင့် တောင်းပန်ရာ ထိုအချိန်မှစ၍ ၎င်းတို့မှာ သမီးရည်းစား ဘဝသို့ ရောက်ခဲ့ကြလေ၏။

နောက်တစ်နေ့၌ မောင်ထွန်းမြတ်သည် လမ်း (၅၀) ရှိ မိမိတိုက်ခန်းတွင် မိမိမြအကြောင်းကို စိတ်ကူးလျက် ထိုညတွင် မိမိမြက အိမ်သို့လာရန် ဖိတ်ခေါ်ထားသဖြင့် မည်သည့်အဝတ်အစားကို ဝတ်၍သွားမည်၊ မိမိမြနှင့် တွေ့လျှင် အချစ်နှင့်ပတ်သက်၍ မည်သို့မည်ပုံ စတင်ပြောဆိုမည်၊ စသည်ဖြင့် တွေးတောလျက်ရှိစဉ် အခန်းတံခါးခေါက်သံကြားရသဖြင့် အစေခံက တံခါးကို ဖွင့်ပေးလိုက်ရာ တစ်ဖက်တစ်ထည်ကို ခေါင်းမြီးခြုံ၍ထားသောမိန်းကလေးတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။ အနီးသို့ ရောက်လာသောအခါ ထိုမိန်းကလေးသည်ဦးခေါင်းမှတဘက်ကိုဖြုတ်၍ ချလိုက်သောအခါမှ ၎င်းမှာ မိမိမြအိမ်တွင် မွေးစားထားသည်ဆိုသော အသန်းဆိုသူ မိန်းကလေးဖြစ်ကြောင်း သိရလေသည်။

"ဦးလေး - ကျွန်မကို မမှတ်မိဘူးလား"





www.burmeseclassic.com

www.burmeseclassic.com

"မှတ်မိပါတယ်၊ မိမိမြအိမ်က မဟုတ်လား"

"ဟုတ်ပါတယ်၊ နို့ပေမဲ့ - အရင်က ကျွန်မကို ဦးလေး ဘယ်မှာ တွေ့ဖူးတယ် ဆိုတာ မမှတ်မိဘူးလား"

"အင်း - ငါလည်းမိမိမြအိမ်မှာမင်းနဲ့ တွေ့တုန်းက အရင်က ဘယ်မှာ တွေ့ဖူး ပါလိမ့်မလဲဆိုတာ စဉ်းစားနေမိသေး တယ်"

"သတိမရသေးဘူးလား - ဦးလေး ရဲ့"

"မရသေးပါဘူးကွယ်၊ မင်းနာမည် ဘယ်သူ"

"အခုနာမည်က အသန်း၊ ဦးလေးနဲ့ ပထမ (၂၇) လမ်းမှာ တွေ့တုန်းက အမာ လေး၊ ဦးလေး - ကျွန်မကို ကယ်ပြီး ကယ် ဆယ်ရေးတပ်ကို ပို့လိုက်တာ မမှတ်မိ တော့ဘူးလား - ဦးလေးရဲ့"

"အေး - ဟုတ်တယ်ဟေ့၊ ခုမှ သတိ ရတယ်၊ ကိုင်း - ပြောပါဦး၊ အခု ဘယ်က လာတာလဲ"

"မမက ရေကျော်ကို ကိစ္စရှိလို့ နိုင်း လိုက်တာ၊ အဆင်သင့်လို့ ဦးလေးဆီကို ဝင်လာတာ"

"ဦးလေး ဒီမှာနေတာ ဘယ့်နှယ် သိသလဲ"

"မမကို ပေးခဲ့တဲ့ ဦးလေးကတ်ပြား ကလေး ကျွန်မ အတွေ့သားပဲ၊ နေပါဦး - ဦးလေးက မမကို လက်ထပ်ဖို့ ကတိပေး ပြီးပြီ မဟုတ်လား"

"အေး - ဟုတ်တယ်၊ ဘာပြုလို့လဲ"

"ဝန်ထောက်ကြီး ဦးအောင်သင်း သေပြီးတဲ့နောက်၊ သူနဲ့ လာစပ်တဲ့ လူ တွေ သူက မယူဘူးလို့ပြောတယ် မဟုတ် လား"

"အေး - ပြောတယ်"

"အဲ ဒါ - ညာတာ ဦးလေးရဲ့၊ ယောကျ်ားမှ နစ်ဆက်ရှိပြီ၊ သူယူတဲ့ ယောကျ်ားတွေလည်း အားလုံး သေတာ ပဲ"

"နှစ်ယောက်စလုံး သေသလား"

"နှစ်ယောက်စလုံး သေတာမှ အိပ် ရာထဲမှာ၊ ဘာဖြစ်တယ် မသိဘူး၊ ည (၁၂) နာရီလောက်မှာ သေတယ်၊ မနက် ကျတော့ လည်ပင်းမှာ အညိုအမည်းစွဲလို့ တဲ့၊ ကျွန်မတော့ ကိုယ်တိုင်မမြင်ရဘူး၊ သူတို့ကို မြင်ရတဲ့ လူတွေက ပြောတာပဲ၊ ပြီးတော့ - ဒီလိုသေရတာ သူ့ယောကျ်ား ကြီးက သတ်လို့ဆိုပဲ ဦးလေးရဲ့"

"ကြံကြံဖန်ဖန်ကွယ် - မဟုတ်နိုင် တာ"



"မဟုတ်ဘူး မပြောနဲ့ အစ်ကိုကြီး၊ သူ့ယောကျ်ားကြီးဟာ အစ်ကိုကြီး ပန်းရို ဆွဲတဲ့ အရုပ်ကို စွဲပြီး မကျွတ်ဘူးလို့ ပြော ကြတယ်"

"မယုံပါဘူး - အမာရယ်၊ ဒီဟာမျိုး ဆိုဦးလေး ဘယ်တော့မှ အယုံအကြည် ...ဘူး"

"ကျွန်မ အပေါ်မှာ ဦးလေး ကျေးဇူး အများကြီးရှိတယ်၊ ဒါကြောင့် - ကျွန်မ ...သလောက် ဦးလေးကို လာပြီး သတိ ...တာ"

"အေးကွယ် - ကျေးဇူး တင်ပါ ...ယ်၊ ကိုင်း - ပြန်ပြန်"

"ကျွန်မ လာတာများ မမ မသိပါစေ ...- ဦးလေးရယ်"

"မတော်တာကွယ် - မသိစေရပါ ..."

"ကိုင်း - ကျွန်မ ပြန်ဦးမယ်"

မိန်းကလေး ပြန်သွားသော အခါ မိမိ ...ပေါ်တွင် မေတ္တာရှိလှသဖြင့် မိမိမြသည် ...၏ အဖြစ်အပျက်မှန်များကို ဖုံးကွယ် ...အကြောင်းများကို ဆက်လက် စဉ်းစား ... အချိန်ကို ကုန်လွန်စေ၏။

—

ထိုည (၉) နာရီအချိန်လောက်၌ မောင်ထွန်းမြတ်သည် မိမိမြအိမ်သို့ ရောက်ခဲ့လေ၏၊ တံခါးစောင့်သည် အပေါ်ထပ်သို့ လမ်းညွှန်လိုက်သဖြင့် အပေါ်ထပ်သို့ တက်ခဲ့ရာ ဧည့်ခန်းသို့ ဝင် ခါနီးတွင် နောက်မှ မိမိ ပခုံးကို တစ်စုံတစ် ယောက်က ကိုင်လိုက်ဘိသကဲ့သို့ နောက်က ထလိုက်သဖြင့် ပြန်၍ လှည့် ကြည့်လိုက်လေ၏၊ သို့သော် - တစ်စုံ တစ်ယောက်မျှ မမြင်ရသဖြင့် "ငါ့စိတ် ထင်လို့ ထင်ပါရဲ့လေ" ဟု စိတ်ထဲက အောက်မေ့ကာ ဧည့်ခန်းသို့ ဝင်သွားရာ အခန်းတွင်းမှ မိမိအား ဆီးကြိုရန် ထွက် လာသော မိမိမြနှင့် တွေ့လေသည်၊ မိမိမြ မှာ သနပ်ခါးရေကျဲကလေးကို ပေါင်းအဖြင့် လိမ်းကျံကာ ပဒုမ္မာအပါးစားအကျီနှင့် ကြက်သွေးရောင်ကို ပိုးတွန့်လုံချည်ကို ဝတ်ဆင်ထားရာ အကျီနှင့် လုံချည်မှာ ချပ်ချပ်ရပ်ရပ်ရှိလှသဖြင့် ကိုယ်၏ အချိုး အစားကို ပို၍ ထင်ရှားစေ၏၊ ဆိုဖာပေါ်၌ ထိုင်မိကြသော အခါ မောင်ထွန်းမြတ် သည် မိမိမြ၏ လက်တစ်ဖက်ကို ယုယ စွာ ကိုင်ဆွဲလျက် ...

• "မြသိပ်ချောတာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com

"သည်လောက်ပဲလား - အစ်ကို ကြီးရယ်"

"အစ်ကိုကြီးပြောတာ နည်းတောင် နည်းသေးတယ်"

မိမိမြသည် ဓာတ်မီးရောင်အောက်တွင် ခပ်စောင်းစောင်း၊ ခပ်လန်လန်ထားကာ လက်တစ်ဖက်ကို ဦးခေါင်းနောက်သို့လျှို၍ ဆိုဖာနောက်မှီကိုမှီလျက် ရှိ၏။ ထိုအခါ မို့မောက်သော ရင်သည် ပို၍ မို့မောက်လျက် ဆိုဖာပေါ်သို့ ကျလျက် ရှိသော ကိုယ်၏ အောက်ပိုင်းမှာလည်း တင်းကျပ်စွာမရှိဘဲ လွတ်လပ်စွာ ရှိနေသည်ဖြစ်ရကား စွင့်စွင့်ကားကားရှိသော တင်ပါးနှင့် ပေါင်များမှာ သဘာဝအတိုင်း နေသားတကျ ရှိနေကြကုန်၏။ မောင်ထွန်းမြတ်သည် လက်ကိုဖြည်းညင်းစွာ ပွတ်သပ်လျက်ရှိရာမှ တင်းကျပ်စွာ ဆုပ်ကိုင်ပြီးနောက် မိမိမြ၏ တစ်ကိုယ်လုံးကိုခါးဆီမှပွေ့ကာ မျက်နှာချင်းအပ်၍ ထားလိုက်လေ၏။

"မြ - အစ်ကိုကြီးကို ချစ်တယ်နော်"

"ချစ်တာပေါ့ - အစ်ကိုကြီးရဲ့"

"လာပါ - မြရယ်၊ အိပ်ခန်းထဲ သွားရအောင်၊ ဒီမှာ မကောင်းပါဘူး"

"သွားလေ"

မောင်ထွန်းမြတ်သည် မိမိမြ၏ ခါးအောက်ဆီသို့ နောက်မှ လက်ဖြင့် သိုင်း၍ ပွေ့ဖက်ကာ မိမိမြ၏ အိပ်ခန်းသို့ ဝင်ခဲ့ကြ၏။

"အခန်းတံခါးကို မပိတ်တော့ဘူးလား - မြ"

"ကိစ္စမရှိပါဘူး၊ အပေါ်ထပ်မှာ ဘယ်သူမှ မရှိပါဘူး၊ မြနဲ့ အစ်ကိုကြီးနဲ့ နှစ်ယောက်တည်းပါ"

"ဟိုသူငယ်မကော"

"ပွဲကို သူ့အဒေါ်နဲ့ ထည့်လိုက်တယ်"

အခန်းတွင်း၌ကား မရမ်းစေ့ရောင် ဓာတ်မီးလုံးကလေးတစ်လုံးသာ ထွန်းညှိထားရာ တစ်ယောက်အိပ်ကြေးခုတင်ပေါ်တွင် နုံ့သာရောင် အိပ်ရာခင်းသည် ထူထဲသော ဖဲမွေ့ရာကို ဖုံးအုပ်၍ ထား၏။ မိမိမြသည် ကြေးခုတင်ပေါ်တွင် ခပ်စောင်းစောင်း တင်ပါးလွှဲထိုင်လေရာ မောင်ထွန်းမြတ်လည်း အသားချင်းကပ်၍ ထိုင်လိုက်ပြီးလျှင် ယခင်ကထက် မိမိမြ၏ ကိုယ်ကို တင်းကျပ်စွာ ဖက်ထားလေ၏။ ထို့နောက် မောင်ထွန်းမြတ်၏ နှာခေါင်းသည် မိမိမြ၏ ပါးပြင်ဆီသို့ ...ောက်ကာ မိမိမြ၏ကိုယ်မှ သနပ်ခါးနံ့၊ ...ပေါင်ဒါနံ့၊ ကော့(စ)မတစ်နှင့် ရေမွှေးနံ့ ...များသည် အတွေ့ဓာတ်ကို ပို၍အားပေး...သည့်အလားတစ်ယောက်အငွေ့အသက် ...ကိုတစ်ယောက် အစွမ်းကုန် ခံစားလျက် ...နေလေ၏။

ထိုအချိန်၌ မိုးသည် သည်းထန်စွာ ...၍လာလေရာ သွပ်မိုးပေါ်သို့ကျသော ...ပေါက်သံများသည် မှန်ပြတင်းဆီသို့ ...တ်ခတ်သော လေသံများနှင့် ရောစပ်...ာ တဝုန်းဝုန်း တဒိုင်းဒိုင်း မြည်ဟည်း...က် ရှိလေ၏။ မောင်ထွန်းမြတ်နှင့် မိမိမြတို့မှာ တစ်ယောက် လည်ပင်းကို တစ်ယောက် တင်းကျပ်စွာ ဖက်ထား...၏။

"မြကို အဟုတ်ချစ်ရဲ့လား - အစ်ကိုကြီး"

"အို - ဘယ့်နယ်ပြောပါလိမ့်မြရယ်၊ ... သိပြီမဟုတ်လား၊ မြကကော အစ်ကိုကြီးကို ဝန်ထောက်မင်းထက် ပို..."

"အစ်ကိုကြီးကလည်း ဒီအကြောင်း...ည်း ထည့်ပြောနေတာပဲ၊ ဟိုတုန်း...ကတော့ ချစ်ခဲ့ဖူးတာပေါ့"

"အခုကော မမေ့သေးဘူး မဟုတ်လား"

"မေ့ပါပြီ"

"နို့ - ဘာပြုလို့ ပုံတူအဆွဲခိုင်းသေးသလဲ၊ အရုပ်ကြီးကော ဘာပြုလို့"

ထိုခဏ၌ အခန်းအပြင်ဘက် ညေ့ခန်းဆီမှ ခြေသံကဲ့သို့ တရှပ်ရှပ် အသံများ ကြားရသဖြင့် နှစ်ယောက်သား နားစွင့်၍ ထောင်မိကြ၏။ မောင်ထွန်းမြတ်သည် ခါးတွင်ထိုးထားသော သေနတ်ကိုပင် စမ်းသပ်မိသေး၏။ သို့သော် တစ်ယောက်ကိုတစ်ယောက် တစ်စုံတစ်ရာ မပြောဘဲ မိမိမြသည် မောင်ထွန်းမြတ်အား ယခင်ကထက် တင်းကျပ်စွာ ဖက်ထားလေသည်၊ သို့သော် - ခြေသံသည် မရပ်ဘဲအခန်းဝဆီသို့ရောက်လာသဖြင့် နှစ်ယောက်စလုံးပင် အခန်းဝဆီသို့ ကြည့်လိုက်မိ၏။ ကန့်လန့်ထိုး၍မထားသော တံခါးမှ တံခါးရွက်များသည် လေမတိုက်ဘဲ အတွင်းဘက်သို့ တဖြည်းဖြည်း ပွင့်လာသည်ကို မြင်ကြရလေ၏။ မောင်ထွန်းမြတ်သည် ခုတင်ဘေးတွင် မတ်တတ်ရပ်လိုက်၏။

ထိုခဏ၌ပွင့်၍နေသော တံခါးဆီမှ လူ၏ပုံသဏ္ဌာန်တစ်ခုသည်အခန်းတွင်းသို့ တရွေ့ရွေ့ဝင်လာရာ မေးမှိန်သော





www.burmeseclassic.com

www.burmeseclassic.com

ခရမ်းရင့်ရောင်မီးဖြင့် သဲကွဲစွာ မမြင်ရသော်လည်း လူ၏အရိပ်ကိုကား ကောင်းစွာမြင်ရသဖြင့် နှစ်ယောက်စလုံးကြက်သေ သေလျက်ရှိကြ၏။ ထိုခဏ၌ မိုးသည်သည်းထန်သည်ထက် သည်းထန်၍လာပြီးလျှင် မိုးခြိမ်းသံနှင့်အတူ လျှပ်စစ်ရောင်တစ်ခုသည် ခေါင်းရင်းပြတင်းပေါက်တစ်ခုမှဝင်လာရာ အခန်းတွင်းသို့ဝင်လာသော လူရိပ်ကြီး၏ ပုံသဏ္ဌာန်ပေါ်သို့ တည့်တည့်ကြီး ရောက်သွားသဖြင့် လူဆိုးနှင့် သေနတ်ချင်းယှဉ်ပြိုင်ပစ်ရန်ဦးမလေးခဲ့သော မောင်ထွန်းမြတ်ပင် ပါးစပ်ကို ဟကာ ကြက်သေ သေလျက် မိမိမြမှာမူကား အောင်မယ်လေးဟု တစ်ချက်မျှသာ အော်နိုင်ပြီးလျှင် သတိလစ်၍ သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် လူရိပ်မည်းကြီးကား အခြားမဟုတ်၊ တစ်ဖက်ခန်းတွင်ထားသော ဝန်ထောက်မင်း၏ပုံတူရုပ်ကြီးဖြစ်နေသောကြောင့်တည်း။ ထိုခဏ၌ကား မောင်ထွန်းမြတ်၏ ခြောက်လုံးပြူးသေနတ်မှ ကျည်ဆန် ဒိုင်း–ဒိုင်း–နှစ်ချက်ဆင့်၍ ထွက်သွားလေပြီ။

သေနတ်သံနှင့်အတူ အရိပ်ကြီးလည်း ပျောက်ကွယ်၍ သွားပြီးလျှင် အခြားတစ်ဖက်ခန်းမှ ကြမ်းပေါ်သို့ ဗုန်းခနဲ တစ်စုံတစ်ရာ လဲကျသွားသကဲ့သို့ ကျသံတစ်ခုကို ကြားရလေ၏။ မောင်ထွန်းမြတ်က မျက်နှာကိုရေဖြင့်ပက်ဖျန်းပေးခြင်း၊ နာမှုတ်၍ပေးခြင်း၊ ယုယပိုက်ထွေးခြင်းဖြင့် မိမိမြသည် သတိရလာပြီးနောက် နှစ်ယောက်သား အိမ်ရှေ့ခန်းသို့ထွက်၍ ဓာတ်မီးများကို ဖွင့်ပြီးလျှင် အစေခံ ဘိုးထွန်းကို အော်ခေါ်လေ၏။

အစေခံဘိုးထွန်းသည် လက်ဆွဲမီး အိမ်နှင့် တုတ်တစ်ချောင်းကို ကိုင်ပြီး လျှင် အိမ်ပေါ်သို့ တက်လာခဲ့ရာ မောင် ထွန်းမြတ်လည်းငင်းနှင့်အတူအရုပ်ကြီး ထားရာ အခန်းတွင်းသို့ သွားရောက် ကြည့်ရှုရာ ကြမ်းပြင်ပေါ်တွင် မှောက် လျက်လဲနေသော အရုပ်ကြီးကို တွေ့ သဖြင့် အံ့အားသင့်လျက် ရှိလေ၏။ ထို ထက် အံ့သြဖွယ်ကောင်းသောအရာ ကား အရုပ်ကြီးကို ပြန်၍ထောင်လိုက် သောအခါ အရုပ်၏ ရင်ဘတ်တွင် သာ သားမှာကွဲအက်ပြီးလျှင်သေနတ်ကျည် ဆန် နှစ်ခုစလုံးပင် အတွင်းသို့ စူးဝင် သည်ကို တွေ့ရခြင်းဖြစ်လေသည်၊ ဒ

အခါမှ မောင်ထွန်းမြတ်လည်း မိမိအား အမာသတိပေးသွားသောစကားများကို ကောင်းစွာအမှတ်ရလေသည်။

နောက်တစ်နေ့၌ မောင်ထွန်းမြတ်နှင့် မိမိမြတို့သည် ဤအကြောင်းကို လူသူလေးပါး မသိစေဘဲ ဝန်ထောက်ဦးအောင်သင်း၏ အရုပ်ကြီးကို ပုဆိန်ဖြင့်အစိတ်စိတ်အမြွှာမြွှာ ခွဲစေရန် အစေခံ ဘိုးထွန်းအား အမိန့်ပေးလိုက်လေသတည်း။

ဒဂုန်ရွှေမျှား

**ဂျို့ရ လောက ဆေး မြီး တို**

လေနာ

- နံနက်အိပ်ရာထတိုင်း ဆားကို မန်ကျည်းစေ့ခန့် သောက်ပေးပါ။ နာတာ ရှည်လေနာပျောက်၏။
- ခွေးလေ့းယားမြစ် သတ္တုရည်ကို တစ်လတိတိ သောက်ပါ။
- ကသစ်ရွက်၊ ပိုးစာရွက်၊ ကြာဟင်း ညွန့် (၃)မျိုးကို ဟင်းချိုချက်၍ မကြာခဏ သောက်ပေးပါ။ လေနာလေပြင် ကွဲ၍ ကျ၏။
- ကြက်သွန်ဖြူကို နမ်းဆီနှင့်စိမ်၍ ဆားအနည်းငယ် ထည့်ပြီး ထမင်းမစားမီ စားပါ။ ပျောက်၏။
- ဆင်တုံးမနွယ် နုပ်နုပ်စဉ်း၍ ရေနှင့် ညှောင်စေးကျ အောင် ကျို၍ ထောပတ်နှင့် စားပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျိုက်ရာ မျှော်ပျိုး (B.Sc)

# ထူးဆန်းသော သစ်မြစ်ကော်ဂျိုကလေး



ထူးဆန်းသော
သစ်မြစ်ကော်ဂျိုကလေး

ကျိုက်ရာ မျှော်ပျိုး
(B.Sc)

သည့်နှစ်နွေရာသီတွင် ကျွန်ုပ်သည် မိဘဘိုးဘွားများ၏ မွေးရပ်မြေအထက်အညာဒေသဆီသို့ သွားရောက်ခဲ့ပါသည်။ မိဘဘိုးဘွား၏ မွေးရပ်မြေမှာ မန္တလေးတိုင်း၊ မလှိုင်မြို့နယ်ရှိ သရက်ကုန်းဟူသော ရွာကြီးဖြစ်သည့် ထိုရွာသည် မိတ္ထီလာနှင့် မြင်းခြံသွားကားလမ်းနှင့် အလှမ်းဝေးသော်လည်း ရွာသို့သွားသော မြေနီလမ်းမှာ ဖြောင့်ဖြူးနေ၍ ထော်လာဂျီကားများ၊ စက်ဘီးနှင့် ဆိုင်ကယ်များဖြင့် အလွယ်တကူ သွားရောက်နိုင်ပါသည်။ အိမ်ခြေတစ်ထောင်နီးပါးရှိသော ရွာကြီးဖြစ်ပြီး ငါးရက်တစ်ကြိမ် ဈေးလည်းရှိ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ကျေးလက်ဆေးပေးခန်းတို့လည်း ရှိပါသည်။

ရွာ၏တောင်ဘက်တွင်ရှေးဟောင်းစေတီကြီးတစ်ဆူရှိ၏။ နန်းဦးဘုရားကြီးဟု၍ ခေါ်အမည်တွင်သည်။ သို့သော် ရှေးဟောင်းစေတီကြီးမှာ ပြုပြင်မှု အတန်ကြာ ကင်းကွာနေ၍ ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်နေခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်၊ ကျွန်ုပ်၏ မိဘဘိုးဘွားများလက်ထက် ၂၀၀၀ - ခုနစ်မတိုင်မီအထိ ရှေးလူတို့သည် ပြုပြင်မွမ်းမံ၍ အကြိမ်ကြိမ် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း မအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com

"ဗိုး"ခနဲအသံနှင့်အတူ
ဇော်ဂျီ၏ ခန္ဓာကိုယ်သည်
လေထဲသို့ မြောက်တက်သွားသည်။
ထန်းတစ်ဖျားလောက်
ကောင်းကင်အမြင့်တွင် ဇော်ဂျီသည်
လေဟာပြင်ထဲတွင် ရပ်နေ၏ ...

ခဲ့ကြပါ၊ အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ခဲ့ကြရပါသည်။ လူအချို့ထိခိုက်ဒဏ်ရာရခြင်း၊ အုတ်အင်္ဂတေပြိုခြင်း၊ လျှော်လှုပ်ခြင်းသည် စသည့်ပြဿနာမျိုးစုံနှင့် ကြုံဆုံရပြီး စေတီတော်ကြီးအား ပြုပြင်မှုလုပ်ငန်းမှာ မစွမ်းသာအောင် ရှိခဲ့ပါသည်။

ယခုမူ ထိုစေတီတော်ကြီးအား ပြုပြင်နိုင်မည့်သူ သာသနာပြုပုဂ္ဂိုလ် ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါသည်။ အောင်စေတီဆရာတော် အရှင်တေဇသည် နန်းဦးဘုရားကြီးကို ဘက်စုံပြုပြင်ခြင်း လုပ်ငန်းများ အောင်မြင်စွာပြုပြင်လုပ်ဆောင်နေပြီဖြစ်သောကြောင့် သတင်းကောင်းကို ကျွန်ုပ်တို့မိသားစု ကြားသိရပါသည်၊ ထိုသတင်းရသည့် နေ့မှစ၍ ကျွန်ုပ် ချက်ချင်းသွားလိုသော်လည်း သားတော်မောင် ကျောင်းပိတ်ရက်နေ့ရာသီမှာ သွားဖြစ်ပါတော့သည်၊ သားတော်မောင်ကလည်း ခရီးဝေးမထွက်ဘူးသရွေ့ အလွန်သွားချင်နေသလို ကျွန်ုပ်လည်း ကုသိုလ်ကောင်းမှုဒါနပြု၍ စိတ်ဆန္ဒပြင်းပြနေလျက် ရှိပါသည်၊

ရွာသို့ ရောက်သည့် နေ့မှစ၍ နန်းဦးဘုရားကြီး၏ ဘက်စုံပြုပြင်မှုလုပ်ငန်းအသီးသီးတွင် ရွာခံလူများနှင့် အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာကြသူများ၏ ငွေအား လုပ်အား အလှူဒါနပြုကြသူများကို ကြည်နူးပီတိဖြစ်ရသည်အထိ တွေ့မြင်ကြားသိနေရပါသည်၊





ကျွန်ုပ်တို့သားအဖလည်း တတ်ားသရွေ့ငွေအားနှင့် လုပ်အားဒါနကို ေလှုမိနေမိကြပါသည်။ ရက်အနည်းသ်ကြာလာသည်နှင့် လုပ်အားအလှူြနေကြသည့် ရဟန်းပုဂ္ဂိုလ်များကြားမှ ေ့ရဉ် ပင်ပင်ပန်းပန်းလုပ်ငန်းများကို ိသ်အားထက်သန်စွာဦးဆောင်ပြုလုပ်နေသည့် ရဟန်းတော်တစ်ပါးကို ကျွန်ုပ်တ်ထားမိပါသည်။ ထိုအရှင်သည် င်ငန်းခက်ခဲသော လုပ်ငန်းများကို ယ်တော်တိုင် ချွေးသံတရွှဲရွှဲဖြင့် အပင်န်းခံ၍ လုပ်အားဒါန မမောမပန်း ပြုနေည်။

လုပ်ငန်းပြီးချိန်ရောက်သည်နှင့် ရားကြီး၏အနောက်ဘက်မန်ကျည်းင်ကြီးတစ်ပင်အောက်တွင် တစ်ကိုယ်တည်းထိုင်၍ တရားဘာဝနာ ရှုမှတ်၍ ဘုရားကြီးကို ပူဇော်နေသည်ကိုလည်း တွေ့မြင်ရပါသည်။ ထိုရဟန်း၏မျက်နှာတော်မှာ ကြည်လင်အေးချမ်းသော အသွင်ဆောင်နေပါသည်။

ကျွန်ုပ်လည်း စိတ်ဝင်စားပြီး လေ့လာစပ်စုလို၍ ရွာခံဖြစ်သူ အစ်ကိုဝမ်းကွဲ ကိုအောင်တင့်ကို မေးမိပါသည်။

"ကိုအောင်တင့် - လုပ်အားပေးနေတဲ့ ဘုန်းကြီးက ဒီရွာကလား"

"မဟုတ်ဘူး - ညီတော်မောင်"

"ဘယ်က ကြွလာတာလဲ"

"ပဲခူးဘက်ကလို့ ပြောတာပဲ"

"ပဲခူးဘက်က ကြွလာတာလား"

"မဟုတ်ဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ရွာဦးကျောင်းမှာ သီတင်း



www.burmeseclassic.com

www.burmeseclassic.com

တက်ပြီး နေတာလေ။ ဒီရွာက မောင်ကျော်စိုးကိုအကြောင်းပြုပြီး ရောက်လာတာ၊ ကျော်စိုးက သူ့ရဲ့တူ တော်တယ်လို့ ပြောတာပဲ"

"မိသားစုတွေ မရှိဘူးလား"

"သူက လူပျိုကြီးလို့ ပြောတယ်"

"အော်"

"သူ့အကြောင်းကို ငါ့ညီသိရင်စိတ်ဝင်စားမှာ"

"ဘာဖြစ်လို့လဲ"

"သူက ကျွန်တော်တို့ရွာမရောက်ခင် ပဲခူးရိုးမထဲမှာ မှဆိုးအလုပ် လုပ်တယ်"

"ဟုတ်လား"

"အစ်ကိုတို့ရွာကို ရောက်လာတာကလည်း သူ့ကို အိပ်မက်ထဲကနေ ဒီရွာမှာ သွားနေရမယ်လို့ ညွှန်ကြားလို့တဲ့ကွ"

"အော်"

အစ်ကိုအောင်တင့်၏ စကားကို ကျွန်တော်တော်တော်လေးစိတ်ဝင်စားမိသွားပါသည်။

"အိပ်မက်ထဲက ဘယ်လိုလဲ၊ ပြောပြပါဦး"

"ဒီလိုလုပ်ကွာ၊ ငါ့ညီ သေသေချာချာသိချင်ရင်ဒီည (၅) နာရီလောက်ပဲခူးကိုယ်တော် အရှင်ဉာဏရှိတဲ့ ရွာဦးကျောင်းကိုသွားပြီး ငါ့ညီနဲ့ဦးပဋ္ဌင်းဉာဏကို တွေ့ပေးမယ်၊ အဲဒီကျမှ ညီတော်မောင် သိချင်တာမေးကွာ"

သို့ဖြင့် - ထိုနေ့ည (၈) နာရီအချိန်တွင် ကိုအောင်တင့်နှင့် ကျွန်တော် ပဲခူးကိုယ်တော် အရှင်ဉာဏရှိရာ ရွာဦးကျောင်းသို့ ရောက်ခဲ့ကြပါသည်။

ကျွန်ုပ်နှင့် ကိုအောင်တင့်က ဦးပဋ္ဌင်း ဦးဉာဏကို ရန်ကုန်မှပါလာသော စာအုပ်၊ ဂျာနယ်အချို့နှင့် ထန်းလျက်များ ကပ်လှူလိုက်ကြပါသည်၊

"ဒကာကိုအောင်တင့်နဲ့အတူ ပါလာတဲ့ဒကာကို ကျုပ် နန်းဦးဘုရားကြီးမှာ တွေ့ဖူးပါတယ်။ ဒီရွာကတော့ ဟုတ်ဟန်မတူဘူးနော်"

"မှန်ပါ့ဘုရား၊ ရန်ကုန်ကပါ၊ တပည့်တော် အစ်မရဲ့သားပါ"

"သြော် - ရွာကို အလည်လာကြတာလား"

"မှန်ပါ့ - ဘုရားကြီး ပြုပြင်တယ်ကြားလို့ ကုသိုလ်ယူရအောင် လာကြတာပါ - ဘုရား"

"သြော် - သာဓု - သာဓု - သာဓု"

ဦးပဋ္ဌင်းအရှင်ဉာဏက ဝမ်းသားပီတိဖြစ်စွာ သာဓုခေါ်ပါသည်၊ ကိုအောင်တင့်က ကျွန်တော်နှင့် ဦးဉာဏကို မိတ်ဆက်ပေးပါသည်။

"တပည့်တော်ရဲ့ညီက စာရေးဆရာပါလား၊ လောကီပညာလည်း လိုက်စားပါတယ်။ နေ့လယ်က ဦးပဋ္ဌင်းကို ဘုရားကြီးမှာတွေ့လို့ စိတ်ဝင်စားပြီး တပည့်တော်ကိုဦးပဋ္ဌင်းကြီးအကြောင်းမေးတာနဲ့ တပည့်တော် တစ်စွန်းတစ်စ ပြောမိပါတယ် - ဘုရား"

"အော်"

"အဲဒါ - အစ်ကိုက ဦးပဋ္ဌင်းကြီး အကြောင်းသိချင်တယ်ဆိုတာနဲ့ တပည့်တော် လိုက်ပို့တာပါ - ဘုရား"

ဦးပဋ္ဌင်းမှ ကျွန်ုပ်အား သေချာကြည့်၍ ...

"ဒကာကြီးက စာရေးဆရာလား"

"မှန်ပါ - ဘုရား"

"သြော် - ဒါနဲ့ဒကာက ကျုပ်ကိုဘာဖြစ်လို့များ စိတ်ဝင်စားရတာလဲ၊ ဘာအကြောင်းများရှိလို့လဲ"

"မှန်ပါ့ - တပည့်တော် ဦးဇင်းကြီးဝင်ပင်ပန်းပန်းနဲ့ လုပ်အားဒါနပေးတာမြင်ရတော့ ကြည်ညိုလေးစားပြီး နေ့လယ်က ကိုအောင်တင့်ကို မေးမိပါတယ် - ဘုရား"

"အင်း"

"ကိုအောင်တင့်က ဦးဇင်းကြီး သာသနာ့ဘောင် ဝင်တာမကြာသေးတဲ့အကြောင်းနဲ့ သာသနာဘောင် မဝင်ခင်က ဦးပဋ္ဌင်းကြီး မုဆိုးလုပ်ခဲ့ကြောင်း ပြောပါတယ် - ဘုရား"

"ဟုတ်ပါတယ် - ကျုပ် ဘုန်းကြီး မဝတ်ခင်က မုဆိုးလုပ်ခဲ့ပါတယ်"

ဦးပဋ္ဌင်းကြီးက ဝန်ခံခြင်းပြုပါသည်။

ပြီးတော့ ဦးပဋ္ဌင်းကြီး ဒီရွာကိုရောက်လာတာလည်း အိပ်မက်အရ ရောက်လာတာလို့ ကိုအောင်တင့်က ပြောပါတယ် - ဘုရား"

"ဒါလည်း မှန်ပါတယ်"

"အစကတော့ဦးပဋ္ဌင်းကြီးဘယ်လို အိပ်မက်မျိုးမက်ပြီး ဒီရွာကို ရောက်လာတယ်ဆိုတာ သိချင်လို့ပါ - ဘုရား"

ကျွန်ုပ်လည်း လိုရင်းကို လျှောက်ထားလိုက်ပါသည်။

"သြော် - ဒကာက ကျုပ်အကြောင်း သိချင်တယ်လို့ပဲ ဆိုပါတော့"

"တင်ပါ့ - ဘုရား"

ဦးဉာဏက ခေါင်းတဆတ်ဆတ် ညိတ်ရင်း စဉ်းစားနေလေ၏။

"ဒကာကြီးက ကျုပ်အကြောင်း ရေးမလို့လား"





www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါ့ - စိတ်ဝင်စားစရာ ကောင်းမယ်ဆိုရင်တော့ ဂမ္ဘီရဆန်တဲ့ ဇာတ်လမ်းတစ်ပုဒ် ရေးချင်ပါတယ် - ဘုရား"

"ကောင်းပြီလေ - စာရေးဆရာသိချင်တယ်ဆိုရင်တော့ပြောပြဖို့ဝန်မလေးပါဘူး"

"ပြောပါဘုရား - တပည့်တော် သိချင်ပါတယ် - ဘုရား"

ဦးပဉ္ဇင်းကြီးဦးဉာဏက ကျွန်ုပ်ကို အသေအချာကြည့်၍ ...

"ဒကာကြီး ရုပ်တုတွေ၊ ရုပ်ပုံတွေမှာ စွမ်းအားရှိတယ်ဆိုတာ ကြုံဖူးတွေ့ဖူးလား"

"ဘယ်လိုအဓိပ္ပာယ်မျိုးလဲ - ဘုရား၊ တပည့်တော် သဘောမပေါက်သေးလို့ပါ"

"ဒီလိုလေ၊ အစွမ်းထက်တဲ့ ရုပ်တု၊ ရုပ်ပုံမျိုး ရဖူးသလား၊ ရတဲ့ရှိတဲ့လူတွေနဲ့ ရော ကြုံဖူးသလားလို့ မေးတာပါ"

"ကိုယ်တွေ့တော့ မကြုံဖူးပါဘူး ဘုရား၊ အချို့ပြောပြတာတော့ ကြားဖူးပါတယ်"

"ဒါဆိုရင် ကျုပ်ရဲ့ထူးဆန်းတဲ့ ရုပ်တုကလေးအကြောင်း နားထောင်ကြည့်ပါ၊ ဒီအရုပ်ကလေးတစ်ခုကြောင့် ကျုပ် မုဆိုးဘဝက လွတ်မြောက်လာရတာပါ"

ကျွန်ုပ်ဦးပဉ္ဇင်းကြီးပြောမည့်စကားကို အာရုံစိုက်နေမိပါသည်၊

ဦးပဉ္ဇင်းကြီး၏မျက်လုံးအစုံများက အဝေးဆီသို့လှမ်းကြည့်နေသလိုမျိုးဖြစ်နေပါသည်၊ စိတ်အာရုံသည် အတိတ်ဆီသို့ ရောက်ရှိသွားပုံ ရလေပြီ၊

▬

မုဆိုးအလုပ်ဖြင့် ဦးကျော်မောင် အသက်မွေးခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့လေပြီ၊ သူ့ဘဝသက်တမ်း၏ သုံးပုံတစ်ပုံကျော်နီးပါးမှာ ပဲခူးရိုးမတောအတွင်းမှာပင် မုဆိုးဘဝနှင့် ကုန်ဆုံးခဲ့ရလေပြီ၊

ရိုးမတောအတွင်း သူ့လောက်တောကျွမ်းသူ ရှိမည်မထင်၊ ပဲခူးနှင့်အနောက်ရိုးမကြားအထိ ရောက်ရှိသူဖြစ်ပြီး ရိုးမအတွင်း ရှိသမျှသားကောင်မျိုးစုံကိုလည်း သူ့လောက်ရဖူးသူ ရှိမည်မထင်၊ ပဲခူးနှင့်အနောက်ရိုးမကြားအထိ ရောက်ရှိသူ ဖြစ်၏၊ ရိုးမအတွင်း ရှိသမျှ သားကောင်မျိုးစုံကိုလည်း သူ့လောက် ရဖူးသူ ရှိမည်မဟုတ်၊



ရိုးမအတွင်းရှိ သားကောင်မျိုးစုံကို ...ခတ်ရရှိ၍ ရောင်းချပြီးရသည့်ငွေ ...ကြေးဖြင့် သူ စားနိုင်သောက်နိုင်၏၊ ...ကျော်မောင်က အိမ်ထောင်မရှိ၊ ယခု ...သက်ငါးဆယ်နား နီးလာသည့်တိုင် ...ည့်သည့်မိန်းမနှင့်မျှ ပတ်သက်ဆက် ...ယ်မှုခြင်းမရှိပေ၊ မိန်းမတို့အလှအပကို ...အတွင်းမှ သားကောင်များလောက် ...ခုန်ခဲ့ပေ၊ ဦးကျော်မောင်မှာ အပူ ...ပင် အကြောင့်အကျ မရှိ၊ ငွေလိုလျှင် ...ာထဲဝင်သည်၊

ငွေပိုလျှင် ရွာမှာ ကိုယ်တိုင်အရက် ...ာ်၍ ကိုယ်တိုင်သောက်သည်၊ ...ကျော်မောင်သည် နမြောတွန့်တိုခြင်း ...ည်စေတနာကောင်းသူလည်းဖြစ်၏၊ ...ူးသဖြင့် ကလေးတွေကို ချစ်တတ် ...မုန့်ဖိုးပေး၊ ဟင်းစားပေးလေ့ရှိ၏၊

သခုလည်း သူ ရိုးမအတွင်းသို့ ရေ ...ကောင်ပစ်ခတ်ရယူရန် ထွက်ခဲ့ပါ ...ည်၊ ဦးကျော်မောင် အကျင့်တစ်ခု ရှိ ...ည်၊ သူ့အိမ်မှ ထွက်လာကတည်းက ...ည့်သားကောင် ပစ်ခတ်ရယူမည် ...ည်ကို သူက ဆုံးဖြတ်လာတတ်သူ ...ည်၊ သူ လိုချင်သည့်သားကောင် ...မှသာ သူပစ်၏၊ ရိုးမအတွင်းရှိ ...ောင်းလေးတစ်ခုအနီးသို့ သူ ရောက်လာသည့်နေရာသို့ သူပစ်ခတ်မည့် သားကောင် ရောက်လာမည်ဆိုခြင်းကို သူ သိသည်၊

အချိန်က စောသေးသည်၊

နေမွန်းတည့်ရုံ ရှိသေးသည်၊

သားကောင်က ညနေခင်းအချိန်မျိုးတွင်မှ ဤနေရာသို့ ရောက်မည်ဖြစ်သည်၊ သူယူလာသည့်အစားအသောက်များကို အေးအေးဆေးဆေး မြိန်မြိန်ရှက်ရှက်ပင် စားလိုက်သည်၊ ဗိုက်ဝသွားသည်နှင့် ညောင်မှတ်ဆိတ်ပင်ကြီး၏ အမြစ်ပါးပျဉ်းများကြားမှာ တစ်ရေးတစ်မော အိပ်၍ သူ အနားယူလိုက်သည်၊

သူ အိပ်ပျော်သွားလေ၏၊ နှစ်နှစ်ခြိုက်ခြိုက်ပင် ဖြစ်သည်၊

▬

"ဟေ့ - မုဆိုး - ထကွ - ထ"

သူမည်မျှအိပ်ပျော်သွားသည်မသိ၊ တစ်စုံတစ်ဦးက သူ့လက်မောင်းကို မာကျောသည့်ပစ္စည်းတစ်ခုဖြင့် ပုတ်ခတ်၍ အိပ်ကောင်းနေစဉ် နိုးလာသည်၊

သူ မျက်လုံး ဆတ်ခနဲဖွင့်၍ ကြည့်လိုက်သည်၊ သူ မြင်ရသည့်ပုံသဏ္ဍာန်ကြောင့် အံ့ဩသွားရ၏၊ သူ ငယ်စဉ်က ကြည့်ဖူး မြင်ဖူးခဲ့သည့် ရုပ်သေးဖွဲ့ ...တ်



www.burmeseclassic.com

www.burmeseclassic.com

ခွဲမှုသည့် ဆေးကိုးလိုလို ဘာလိုလိုပုဂ္ဂိုလ် တစ်ဦးဖြစ်သည်။

"ခင်ဗျားက ဘယ်သူလဲ"

"ငါ ဇော်ဂျီလေကွာ"

"ဘယ်ဇာတ်ထဲကလဲ"

"ဟ - မှဆိုးရ၊ ငါက ဇော်ဂျီအစစ်ကွ၊ ဇော်ဂျီအစစ်"

"ကျုပ်က ခင်ဗျားဇော်ဂျီအစစ်ဆို တာ ဘယ်လိုယုံရမလဲ"

"ဩော် - ငါကိုယ်ငါ ဇော်ဂျီဖြစ် ကြောင်းမင်းကို သက်သေပြရဦးမယ်"

"ဒါပေါ့ဗျာ - ခင်ဗျားက ကျုပ်ကို ခပ်တည်တည်နဲ့ လာနောက်နေလို့ ဘယ်ရမလဲ"

"အေးပေါ့ကွ - ပြရမှာပေါ့"

ဇော်ဂျီက သူ့လက်ထဲမှတောင်ဝှေး ကို မြေသို့ထောက်၍ လွှားခနဲ ခုန်လိုက် သည်။

"ဝိုး" ခနဲအသံနှင့်အတူ ဇော်ဂျီ၏ ခန္ဓာကိုယ်သည် လေထဲသို့ မြောက် တက်သွားသည်။

ထန်းတစ်ဖျားလောက် ကောင်း ကင်အမြင့်တွင် ဇော်ဂျီသည် လေဟာ ပြင်ထဲတွင် ရပ်နေ၏။

ကျော်မောင် အံ့ဩနေမိသည်။

"ကဲ - မှဆိုး၊ ငါဇော်ဂျီ စစ် မစစ် ယုံပြီလား"

ဇော်ဂျီက သူ့လက်ထဲမှတောင်ဝှေး ကို လှည့်ပတ်ယမ်းရင်း ထန်းတစ်ပင် ဖျားအမြင့် လေဟာနယ်ထဲမှ လှမ်း၍ မေးပါသည်။

"ယုံပါပြီဗျာ"

ဇော်ဂျီက ကျော်မောင်ရှေ့သို့ပြန်၍ ဆင်းလာသည်။ ကျော်မောင် နည်းနည်း ကြောက်သွားသည်။ ဒူးထောက် လက် အုပ်ချီ၍ ...

"ကျုပ် စောစောက မသိလို့ ပြောမိ တာတွေ ခွင့်မလွှတ်ပါနဲ့ဗျာ"

"မလွှတ်ပါဘူးကွာ"

"ဒါနဲ့ - ဖေဇော်ဂျီက ကျုပ်ကိုဘာလို့ နှိုးရတာလဲ"

"မင်းကို သနားလို့ ဘုရားလိုက်ပို့ မလို့"

"ဟ - ဒီရှိးမထဲမှာ ဘယ်ဘုရား လိုက်ပို့မလို့လဲ"

"ရွှေတိဂုံဘုရား"

"ဟာ - ရွှေတိဂုံ ဘုရားဆို တာ ရန်ကုန်မြို့မှာ ဒီကနေ အဝေးကြီးပဲ မဟုတ်လား"

"အေးပါ - မင်းရောက်ဖူးသလား"

"ကိုင်း - ဒါဆို သွားမယ်။ ငါ့တောင် ဝှေးကို မင်းက လက်နှစ်ဖက်နဲ့ သေသေ ချာချာကိုင်ထား"

ဇော်ဂျီက ကျော်မောင်ရှေ့သို့ သူ့ တောင်ဝှေးကမ်းပေးသည်။ ကျော်မောင်



ဇော်ဂျီပြောသလို တောင်ဝှေးကို လက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။

"မင်းမျက်လုံးမှိတ်ထား"

ကျော်မောင် မျက်လုံးမှိတ်လိုက် သည်။

"သွားပြီဟေ့"

ဇော်ဂျီ၏ အသံ သူကြားရသည်။ သူကိုယ်လုံးသည် လေထဲသို့ ဝေ့ခနဲ မြောက်တက်သွားသလို သူ ခံစားရ သည်၊ ရင်ထဲမှာ အေးခနဲ ဖြစ်သွား သည်။

"မှဆိုးမျက်လုံး မဖွင့်နဲ့နော်"

"ဟုတ်ကဲ့"

"မျက်လုံးဖွင့်တော့"

"ဟင်"

သူ အံ့ဩနေသည်။

သူ ရပ်ပုံကားချပ်တွင်သာ မြင်ဖူး သည့် ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ် ၌ သူ ရောက်နေသည်။ သူ့အနားမှာ ဘုရားဖူးလာသူများ ပြည့်နေသည်။

"ဟယ်"

သူ့ကိုခေါ်လာသည့်ဇော်ဂျီကလည်း ပုံစံတစ်မျိုး ဖြစ်နေ၏။ တိုက်ပုံအကျီ၊ ခေါင်းတုံး အကျီအဖြူနှင့် ပလေ ကတ်လုံချည် ဝတ်ထားပါသည်။

"ဖေဇော်ဂျီ ဘယ်လိုဖြစ်သွားတာ လဲဗျ"

"ပတ်ဝန်းကျင် အခြေအနေအရ ပေါ့ကွာ"

ဇော်ဂျီပုံစံသည် အလွန်သပ်ရပ် ခန့်ညားသည့် အသက်လေးဆယ် အရွယ် လူကုံထံတစ်ဦးအသွင် ပေါက် သွားပါသည်။

"ကျော်မောင် - ဘုရားဖူးကွ"

ကျော်မောင် ရွှေတိဂုံစေတီနှင့် ဘုရားများကို အားပါးတရ ကြည်ကြည် ညိုညို ဖူးမြော်လိုက်၏။ ရွှေတိဂုံဘုရား ကို လက်ယာရစ် လှည့်ပတ် ဖူးမြော် လိုက်သည်။

"ကျော်မောင် ဘုရားဖူးလို့ ကျေနပ် ပြီလား"

"ကျေနပ်ပါပြီဗျာ"

ဇော်ဂျီက ပြုံးပြီး သူ့ပခုံးကို လက် ဖြင့် ဆတ်ခနဲ ပုတ်လိုက်သည်။

"ပြန်ကြရအောင်ကွာ"

ကျော်မောင် မျက်လုံးကို အသာ မှေးမှိတ်လိုက်သည်။ ရင်ထဲမှာလည်း အလာတုန်းကလို သိမ့်ခနဲ အေးခနဲ ခံစားသွားရ၏။

"မင်း မျက်လုံးဖွင့်တော့"

ကျော်မောင် မျက်လုံးဖွင့်လိုက် သည်၊ သစ်ပင်တွေကို မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ ရှိုးမထဲမှာပါ၊

ညောင်မှတ်ဆိတ်ပင်ကြီး၏ အမြစ်ပါးပျဉ်းများကြားမှာပင် ဖြစ်ပါသည်၊ ကျော်မောင် ကြောင်ငေးငေးဖြစ်နေသည်၊ သူရောက်ခဲ့သည့် ရွှေတိဂုံဘုရားရင်ပြင်မှမြင်ကွင်းအား သူ့မျက်လုံးထဲမှာ ထင်မြင်နေဆဲ ရှိသေးသည်၊

ဇော်ဂျီ - ဇော်ဂျီ၊

ဘယ်ရောက်သွားလဲ၊

သူဟိုဟိုဒီဒီကြည့်သည်။ သူမမျှော်လင့်ဘဲ တွေ့သည်၊ သူ အိပ်စဉ်က သူ့ခေါင်းရင်းတည့်တည့်တွင် ရှိသည့် ညောင်မြစ်ဆုံကြီးတစ်နေရာကို သူ အံ့သြဖွယ်ရာ တွေ့ရ၏၊

ညောင်မြစ်ဆုံကြီးပေါ်မှ ထူးဆန်းလွန်းစွာ ဖြစ်ပေါ်နေသည့် သဘာဝသစ်မြစ်မှ ဇော်ဂျီပုံသဏ္ဍာန်ကို သူ တွေ့ရသည်၊ သူ သေသေချာချာကြည့်သည်၊ သစ်မြစ်မှ ထွက်နေသည့် ဇော်ဂျီပုံကလေးကို သူ ထင်ထင်ရှားရှား ဝင်တွေ့ရလေ၏၊

သူ လက်နှင့် ကိုင်လှုပ် ကြည့်သည်၊

သစ်မြစ်နှင့် တစ်ဆက်တည်း ဖြစ်နေသည်၊ သူ ဇော်ဂျီကလေး၏ အောက်ခြေသစ်မြစ်ကို ဓားဖြင့် လှီးယူလိုက်ပါသည်၊ အရုပ်ကလေးမျက်နှာတွင် ဇော်ဂျီကဲ့သို့ မုတ်ဆိတ်မွေးပင် ပါလိုက်သေး၏၊ ညောင်မုတ်ဆိတ်မှာ သစ်ပင်မွေးနှင့် တူပါသည်၊

ကျော်မောင် အိမ်ပြန်ရောက်တော့ ဇော်ဂျီ သစ်မြစ်ကလေးကို အများမသိ အောင်ဝါးဆစ်ဘူးကလေးတစ်ခုအတွင်း ထည့်၍ သူ့ခေါင်းရင်းမှာ ထားလိုက်သည်၊

ဤသို့ဖြင့် ခုနစ်ရက်ပြည့်သောနေ့ ညဘက်တွင် ကျော်မောင် အိပ်ရာဝင်ပြီး မကြာခင်မှာပင် ...

"ဟေ့ - မုဆိုး - ထကွ - ထ"

"ဟာ - ဖေဇော်ဂျီ ဘယ်ရောက်နေတာလဲဗျ၊ ကျုပ်က မျှော်နေတာ"

"ငါလည်း ငါ့အလုပ်နဲ့ ငါမအားဘူးကွ"

"ဇော်ဂျီက အလုပ်လုပ်ရသလားဗျ"

"ဟကောင် - မုဆိုးရ၊ ဇော်ဂျီလည်း ဇော်ဂျီအလုပ် ရှိတာပေါ့ကွ"

"ကဲ - စကားများမနေနဲ့၊ မင်း ငါ့နောက်ကိုလိုက်ခဲ့၊ တောင်ဝှေးကိုင်"

ကျော်မောင် လက်နစ်ဇက်ဖြင့်ဖမ်း၍ တောင်ဝှေးကို ဆုပ်ကိုင်လိုက်သည်၊

"မျက်လုံးမှိတ်ကွ"

"မျက်လုံးဖွင့်ထားလို့ မရဘူးလားဗျ"

"မရဘူးကွ"

ကျော်မောင် မျက်လုံးမှိတ်ပါသွား၏၊

"ရောက်ပြီကွ - မျက်လုံးဖွင့်တော့ပြီ"

တောအုပ်ကြီးတစ်ခုအတွင်း ရောက်ရှိနေ၏၊ သူသွားနေကျရှိုးမတောအုပ်အတွင်းတော့ မဟုတ်၊ တစ်ခါမှ မမြင်ဘူး၊ မရောက်ဘူးသည့် တောမြိုင်အတွင်းမှာ ဖြစ်သည်၊

"သူယောင်တောလေကွာ"

သည်မှာ တွေ့ရသည့်သစ်ပင်များကို သူ မတွေ့ဘူးပါ၊ သစ်ပင်များက လှပကြပါသည်၊ အပင်တိုင်းတွင် အသီးများ ရှိပါသည်၊ သစ်ပင်များ၏ ပုံသဏ္ဍာန်က လူသားအမျိုးသမီးများနှင့် တူသယောင်ထင်ရသည်၊ အသီးများကမူ ပို၍တူသည်၊ လှပသော မိန်းကလေးများကို ချိတ်ဆွဲထားသည့်နှယ်ပင်၊

"ကျုပ်တို့ ရှိုးမတောနဲ့တော့ မတူဘူးဗျ၊ ကျုပ် မျက်လုံးထဲမှာ တစ်မျိုးပဲ"

"အေး - ဒီမှာကြည့် ငါပြမယ်"

ဇော်ဂျီက ပြောပြောဆိုဆိုဖြင့် သူ့လက်ထဲမှ တောင်ဝှေးဖြင့် သစ်သားချော်များကို တို့ခတ်လိုက်သည်၊

အောင်မယ်လေး - ကောင်မလေးတွေ အများကြီး၊

ဘယ်လိုက ဘယ်လိုရောက်လာမှန်းပင်မသိလိုက်၊ ကောင်မလေးတွေက ဝိုင်းအုံရောက်ရှိလာသည်၊

"ကဲဟေ့ - မယ်သူယောင်တို့ ငါတို့ကိုအပျင်းပြေအဆိုအကလေးတွေ ဖျော်ဖြေပါဦး"

ဇော်ဂျီစကားဆုံးသည်နှင့် အလွန်လှအလွန်ချောသည့်အမျိုးသမီးကလေးများ စောင်းတီးသူ၊ စည်းဝါးကိုက်သူ ပုံတီးသူစသည့်တူရိယာအမျိုးမျိုးတီးသူ တီး၊ မှုတ်သူမှုတ်နှင့် ဖျော်ဖြေကြလေ၏၊

လှပဖြိမ့်ညောင်းသည့် ကကွက်ဆန်းများဖြင့် ကကြသည်၊ တေးသီသူက သီဆိုကြသည်၊

ကျော်မောင် တအံ့တသြ ငေးမော ကြည့်နေမိသည်၊

ရင်သပ်ရှုမောဖြစ်နေမိသည်၊ မိန်းမပျိုတို့၏ အနုပညာဖြေဖျော်တင်ဆက်မှုများက ရိုးအီသွားခြင်းမရှိဘဲ ကြည့်မဝ ရှုမငြီးအောင် ဖြစ်နေလေ၏။

www.burmeseclassic.com

ဂီတအနုပညာနှင့် ပတ်သက်၍ ရေစက်မပါ၊ ဝါသနာထုံခြင်း မရှိခဲ့သည့် ကျော်မောင်ပင်လျှင် မယ်သူယောင်တို့၏ သီဆိုတီးမှုတ်ကခုန်ခြင်းကို ခေါင်းတညိတ်ညိတ် ခြေတဆတ်ဆတ်ဖြင့် စည်းဝါးကိုက်နေမိ၏။ မယ်သူယောင်တို့၏ အနုပညာရေယဉ်ကြောမှာ မျောပါနေမိပါသည်။

"ကဲ - မုဆိုးကျော်မောင် - သူတို့ဆိုတာ တီးတာတွေ ဆက်ကြည့်ဦးမလား"

"သူတို့ က,တာ ဆိုတာတွေ ကြည့်နေမယ်ဆိုရင်တော့ ဘယ်တော့မှ ညည်းငွေ့မှာ မဟုတ်ဘူးထင်တယ်"

"ဒါဆို မင်း ဒီမှာ နေခဲ့မလား"

"ဟာ - မလုပ်ပါနဲ့ဗျာ"

"ဒါဆိုရင် - ပြန်ကြမယ်ကွာ"

ကျော်မောင် အိပ်ရာမှ လန့်နိုးသွားသည်။ သူယောင်မယ်တို့၏ တေးသီသံကို သူ ကြားနေရဆဲ၊ ကနေဟန်ကို မြင်နေရဆဲ၊ ဤသို့ဖြင့် တစ်ပတ်တစ်ခါ လောက် ထူးဆန်းသည့်အိပ်မက်ကို မြင်နေရပါသည်။ ထိုအတောအတွင်း တောလိုက်ရန်သွားစဉ် တောထဲမှ ပတ္တမြားကျောက်တစ်လုံး ကောက်ရခဲ့ပါသည်။ ထိုကျောက်ကိုရောင်းပြီး သူအိပ်မက်ထဲမှ ရောက်ဖူးသော ဘုရားများ လိုက်ဖူးမြော်၏။ အလှူဒါန ကောင်းမှုများပြု၏။ မုဆိုးအလုပ်ကိုလည်းစွန့်လိုက်၏။

သို့သော် - သူ ခရီးသွားတိုင်း ဇော်ဂျီရုပ်ကလေးကိုတော့ သူက ကိုယ်နှင့်မကွာ ဆောင်ယူခဲ့ပါသည်။ နောက် သူသွားရမည့် နေရာဌာနများကို အိပ်မက်ထဲမှ ဖေဇော်ဂျီ ညွှန်ကြားသည့်အတိုင်း သွားခဲ့ပါသည်။

သူ နောက်ဆုံးရောက်ရှိသည့် ဖင်ကျိုက်တောင်ဆံတော်ရှင်စေတီတွင် ဖေဇော်ဂျီ ရောက်လာပြန်၏။

"မုဆိုး ထကွာ - ထ"

ကျော်မောင် အကျင့်ဖြစ်နေပြီဖြစ်သည့်အတွက် ထလိုက်သည်။ ထူးဆန်းသော တောအုပ်တစ်ခု ရောက်သွားပြန်သည်။

"ဟာ - ရှေ့က သစ်ပင်တောမြိုင်တွေနဲ့ တောအုပ်က သိပ်သာယာပါလား ဖေဇော်ဂျီ - ဘာတောအုပ်လဲဗျ"

"အဲဒါ - မဟာမြိုင်တောအုပ်ဆိုတာပေါ့ကွာ၊ မင်း မကြားဖူးဘူးလား"

"ကျုပ် မကြားဖူးဘူးဗျ"

"အေး - အဲဒီတောအုပ်ထဲမှာ မင်း အထူးအဆန်းတွေ တွေ့ရမှာပေါ့ကွာ"



"ဘာတွေလဲ - ဖေဇော်ဂျီရ"

"သူတော်ကောင်းပုဂ္ဂိုလ်တွေပေါ့ ...ွာ"

"ဟုတ်တယ်ကွ - တို့လိုဇော်ဂျီတွေ၊ ...မိုရ်တွေ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တွေ၊ ...တော်ကောင်းအကျင့်ကျင့်ကြံပေါက် ...တ်သူတွေအားလုံးဟာ ဒီမဟာမြိုင် ...မှာ လာနေပြီး တရားကျင့်ကြံရင်း ...င်ပွင့်လာမယ့် မြတ်စွာဘုရားရှင်ကို ...ပ်အကျွေးပြု ဖူးမြင်ကြဖို့ လာပြီး ...င့်နေကြတာကွ"

"ဟာ - သိပ်ထူးဆန်းတာပဲဗျာ၊ ...တော် သူတို့ကို မြင်ချင်လိုက်တာ ...ော်ဂျီရာ"

"အေးလေ - ငါလည်း မင်းကို သူ ...်ကောင်းပုဂ္ဂိုလ်ကြီးတွေ ဖူးခွင့်ရ ...င် သူတို့ရဲ့ အဆုံးအမဩဝါဒကို ...ြီး မင်းကိုယ်တိုင် တစ်နေ့မှာ ဒီ ...မြိုင်တောကြီးအတွင်းမှာ နေခွင့် ...ာင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ခေါ်လာ ...တွ"

"...ကျေးဇူးကြီးလှပါတယ် - ဖေဇော် ..."

...ော်ဂျီနှင့် ကျော်မောင်တို့သည် ...မြိုင်တောစပ်သို့ရောက်လာသည်။ ...ပ်အတွင်းသို့ ဝင်မည်ပြုသည်။

ထိုစဉ် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တစ်ဦးသည် သူတို့ရှေ့မှ ဘွားခနဲ ပေါ်လာပြီး ဘယ်လက်ကို ဆန့်တား၍ ဟန့်တားခြင်း ပြုလာသည်။

"ဇော်ဂျီငယ် - အသင်သည် လူသားကို အဘယ့်အတွက် ဤအရပ်သို့ ခေါ်ဆောင်လာခဲ့ပါသလဲ"

ဖေဇော်ဂျီက မြေမှာ ဒူးထောက်၍ ဝိဇ္ဇာမိုရ်ကို ရိုရိုသေသေ ပြန်ဖြေသည်၊

"ဤသူသည် ကာမဂုဏ်မှ ကင်းလွတ်သူ ပဋ္ဌာန်းဆက်ရှိသောသူ ဖြစ်ပါ၍ သူတော်စင်ပုဂ္ဂိုလ်များကို ဖူးမြော်စေနိုင်ရန်နှင့် သင်းအတွက် အထောက်အပံ့ ပြုဖွယ်ရာရှိသည့် သူတော်စင်ကြီးများ၏ ဆုံးမဩဝါဒစကားကို နာယူနိုင်စေရန် ခေါ်ယူလာခြင်းဖြစ်ပါသည်၊ အရှင်ဝိဇ္ဇာမိုရ်"

"အသင် မှားယွင်းလေစွ၊ ဆန္ဒစေတနာ စောလွန်းလေစွ - ဇော်ဂျီငယ်"

"အဘယ်သို့ပါနည်း"

ဤသူသည် သင်ပြောသကဲ့သို့ ကာမဂုဏ်မှ ကင်းလွတ်သူ မှန်ပါ၏၊ ပဋ္ဌာန်းဆက်ရှိသူလည်း မှန်ပါ၏၊ သို့တစေ - ဤသူ၏ ခန္ဓာကိုယ်တွင် အကုသိုလ်များ စွန်းထင်းပေကျံလျက် ရှိသည်ကို သင် မေ့လျော့ခဲ့လေပြီ၊

www.burmeseclassic.com

ဖေဖော်ဂျီသူ့အမှားကို သူသိသွားပုံရသည်။

တိတ်ဆိတ်စွာ ငြိမ်၍နေ၏။

ကျော်မောင်ရင်ထဲမှာလှိုက်၍လှိုက်၍ ဝမ်းနည်းသလို ဖြစ်လာသည်။

ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်က ဆက်၍ ပြောပုံမှာ -

"ဤသူသည် သင်နှင့်မတွေ့ခင် ကာလအထိ သူ့အသက် သတ်ခြင်း အကုသိုလ်ကိုပြုခဲ့သူဖြစ်၏။ အကုသိုလ် စွန်းထင်းနေသည့် သူ၏ လိပ်ပြာခန္ဓာကိုယ်ပင် ဤမဟာမြိုင်တောအုပ်အတွင်းသို့ ဝင်ခွင့်မပြုနိုင်ပါ ဖော်ဂျီယေ"

ဖော်ဂျီ ဘာမှမပြောသာ။

ကျော်မောင် ကြားရသည့်စကားများအတွက် ဝမ်းနည်းလာသည်။ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရသည်။

ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

ဖော်ဂျီက ကျော်မောင့်ကိုကြည့်၍ စိတ်မကောင်းဖြစ်နေပုံရသည်။ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကမူ တည်တည်ငြိမ်ငြိမ်ပင် ရှိနေသည်။

ကျော်မောင်မျက်ရည်ပြည့်လျှံသော မျက်လုံးများဖြင့် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကိုကြည့်၍ လက်အုပ်ချီပြီး မဝံ့မရဲ မေးလိုက်သည်။

"ဝိဇ္ဇာမိုရ်ကြီးရယ် - ဒီမဟာမြိုင်တောကြီးထဲကို ကျုပ်ရော ဝင်ကြည့်ချင် ပါတယ်။ ရောက်ချင်ပါတယ်။ ကျုပ်ရော ဘယ်လိုနည်းနဲ့ ဝင်လို့ရမလည်းဆိုတာ ပြောပါခင်ဗျား"

ဝိဇ္ဇာမိုရ်ကြီးက ကျော်မောင့်ကို ကရုဏာသက်သွားပုံရသည်။

"သည်းခံလော့ - အသင်မှဆို၊ သင် သည် ဤဘဝ၌ ဤမဟာမြိုင်တော အတွင်းသို့ ရောက်နိုင်ရန် ငါမမြင်ပြီ"

ကျော်မောင် ရှိုက်ကြီးတငင် ငိုမ လေ၏။

ကျော်မောင် မျက်ရည်များ က ကတန်းသုတ်၍ မေးလိုက်သည်။

"ဘယ်လို ပြုရမည် ဆို သည် ပြောပါ - အရှင်ဝိဇ္ဇာမိုရ်"

"အသင် - ဤနေရာမှ ပြန်သွား နောက် မလှိုင်မြို့နယ်၊ သရက်ကုန်း ဘက်က ဘုန်းကြီးကျောင်းမှာ ရဟန်း ပါလေ"

"ပြုပါမယ် - ပြုပါမယ်"

ကျော်မောင် စိတ်အားထက်သ သွားမိလေ၏။ ဝိဇ္ဇာမိုရ်က ဆက်ပြော သည်ကို လျင်မြန်စွာ ကတိပေးလိုက် သည်။

တစ်ဖန် ဝိဇ္ဇာမိုရ်က ဆက်ပြော သည်။

"ထိုအရပ်သို့ သင် ရောက်သွားပြီး အတန်ကြာသောအခါ ထိုအရပ်တွင် သော ရှေးဟောင်းဘုရားတစ်ဆူ ပြန် ပြုပြင်တည်ထားမည်ကို ငါမြင်တွေ့ သယ်၊ သင်သည် ရဟန်းပြု၍ ရဟန်း ကွာနှင့်အညီ နေထိုင်ကျင့်ကြံခြင်း သော်လည်းကောင်း၊ ဘုရားပြုပြင် ည့်လုပ်ငန်းတွင် သင့်သွေးချွေးတို့ဖြင့် ဝ်အားဒါနလုပ္ပဒါန်း၍လည်းကောင်း သင်သခင်ဘဝတွင်ပြုခဲ့သော မကောင်း အကုသိုလ်များ ချေဖျက်ပါ။ စေတနာ သာသနာ့အကျိုး ဆောင်ရွက်ပါ။ ငါ စကားကို မှတ်သား၍ ပြန်ပေတော့ ။ သင်သည် ငါ့စကားကို အမှန် တယ် ယုံကြည်စွာဆောင်ရွက်ပါက ဘဝတစ်ခုတွင် ဤအရပ်သို့ မလွဲ သွ ရောက်ရှိပါအံ့။

ဝိဇ္ဇာမိုရ်ကြီးက စကားဆုံးသည်နှင့် ဘို့ကို ကျောခိုင်း၍ မဟာမြိုင်တော င်အတွင်းသို့ ဝင်သွားလေ၏။ ဖော်ဂျီ ကျော်မောင် နှစ်ဦးသား ကျန်ခဲ့ပါ ည်။

ဖော်ဂျီက ကျော်မောင့်ကိုကရုဏာ ဘဲ့စွာ ကြည့်လေ၏။

"မဆိုးပါလည်းမင်းအပေါ်စေတနာ ပြီး ခေါ်လာတာပဲကွ၊ ဒါပေမဲ့ - မင်းကိုယ်မှာ အကုသိုလ်က ရှိနေတော့ ငါလည်း မတတ်နိုင်ဘူးကွာ"

"ကျေးဇူးတင်ပါတယ် - ဖေဖော်ဂျီရယ်၊ ကျုပ် ဝိဇ္ဇာမိုရ်ကြီးပြောတဲ့အတိုင်း ဒီကပြန်တာနဲ့ လုပ်ပါ့မယ်လို့ ဖေဖော်ဂျီကို ကတိပေးပါတယ်ဗျာ"

"အေးကွာ - သာဓု - သာဓု - သာဓု"

"မင်း တစ်နေ့ မဟာမြိုင်ကို ရောက်နိုင်ပါစေလို့ ငါလည်း ဆုတောင်းပါတယ်၊ ငါကူညီနိုင်တာလည်း ကူညီပါ့မယ်၊ ကဲ - အခုတော့ ပြန်ကြမယ်ကွာ"

▬

"ကျုပ်အဖြစ်ကတော့ အဲဒါပါပဲ - ဒကာရယ်"

ဦးပဥ္စင်းကြီး ဦးဉာဏက သူ့စကားကို အဆုံးသတ်သည်။

"အရှင်ဘုရား - ဖေဖော်ဂျီနဲ့ နောက်ထပ် အိပ်မက်ထဲမှာ မတွေ့တော့ဘူးလား"

"အိပ်မက်တင် မကဘူး၊ ကျုပ် လူမသိသူမသိ ဆောင်ထားတဲ့ သစ်မြစ် ဖော်ဂျီ ရုပ်ကလေးပါ၊ အဲဒီမနက် ကျုပ် အိပ်ရာကနိုးတော့ ကျုပ်မှာ မရှိတော့ဘူး"





www.burmeseclassic.com

www.burmeseclassic.com

"အော် - ဒါခဝဲ့ - ဖေဖော်ဂျီက ဦးပဥ္စင်းကြီးကို စောင့်ရှောက်မယ်လို့ တော့ပြောသွားသေးတာပဲ၊ နောက်ဘာ များထူးထူးခြားခြား ကြုံရသေးလဲ - ဘုရား"

"အခုအချိန်အထိတော့ ဖေဖော်ဂျီ နဲ့ ပတ်သက်လို့ ကျုပ် ဘာမှ ထူးထူးခြား ခြား မတွေ့တော့ပါဘူး၊ ကျုပ်လည်း ရဟန်းပြုပြီး ဗုဒ္ဓတရားတော်ကို ကျင့်ကြံ လာတဲ့အခါ မိမိအတွက် ကုသိုလ်ဖြစ် မယ့်လုပ်ငန်းကိုလုပ်ဖို့က မိမိကိုယ်တိုင်ပဲ ဖြစ်တယ် ဆိုတာ သဘောပေါက်လာ တယ်လေ၊ ဘယ်သူ့အကူအညီမှလည်း မျှော်လင့် မနေတော့ပါဘူးဒကာရယ်၊ ကျုပ် အဖြစ်ကတော့ ဒါပါပဲ ဒကာရယ်"

ဦးပဥ္စင်းကြီးက သူ့စကားကို အဆုံး သတ်လိုက်ပြီး ကျွန်ုပ်လည်း ဂမ္ဘီရဆန် သော သစ် မြစ် ဖော် ဂျီ ရုပ် က လေး အကြောင်း စဉ်းစားနေမိ၏။

ဦးပဥ္စင်းက စိပ်ပုတီးကို ကိုင်လိုက် ၏။

ကျွန်ုပ်နှင့် ကိုအောင်တင့်လည်း အလိုက်သိစွာပင် ဦးပဥ္စင်းကြီးကို ဝတ် ဖြည့်၍ ပြန်ခဲ့ကြပါလေတော့သည်၊ နောက်တစ်နေ့တွင် ကျွန်ုပ်တို့လည်း တတ်နိုင်သလောက် အလှူငွေနှင့် လုပ် အားဒါနပြုပြီး ရန်ကုန်ပြန်ရန် ပြင်ဆင်ကြ ပါသည်၊ ဦးပဥ္စင်းကြီးကတော့ အတိတ် က အကုသိုလ်ကြွေးများကို ကုသိုလ်ဒါန များဖြင့် ပြန်လည်ဆပ်နေပေဦးမည်၊

သဗ္ဗေသတ္တာ အနိစ္စ ...

ဂမ္ဘီရဆရာလှမျိုး (B.S.

**ဂမ္ဘီရ လောက ဆေး မြီး တို**

**မြွေဆိပ်**

- ခရာပင်မှအကိုင်းနုကိုဖြစ်စေ၊ အရွက် ကိုဖြစ်စေ ရေနှင့် သွေး၍ မြွေကိုက်ရာ ၌ လိမ်းပါ၊ မြွေဆိပ်ကျ၏။
- ကန့်ပလူဥကို ရေနှင့် သွေးလိမ်းပါ၊ တိုက်ပါ၊



ထောင်မှူးကြီးသိန်းဝင်း

ဆရာကြီးမင်းသိခ်နှင့်တွေ့ဆုံခြင်း

ငြိမ်းချိုအောင်နိုင်လတ်

www.burmeseclassic.com

www.burmeseclassic.com



# ဆရာကြီးမင်းသိခ်နှင့် တွေ့ဆုံခြင်း

✦✦✦ ထောင်မှူးကြီးသိန်းဝင်း ✦✦✦

ကျွန်တော်တို့ ထောင်မှူးဘဝက အင်းစိန်ဗဟို အကျဉ်းထောင်ကြီးအတွင်းသို့ ရောက်လာကြသော နာမည်ကြီးပုဂ္ဂိုလ်များမှာ အလွန်များသည်။ စီးပွားရေးပုဒ်မဖြင့်လည်းကောင်း၊ နိုင်ငံရေးနှင့်နွယ်၍လည်းကောင်း၊ ဘိန်းဖြူမှုဖြင့်လည်းကောင်း၊ လူသတ်မှုဖြင့်လည်းကောင်း ရောက်လာကြသူများ ဖြစ်ကြသည်၊

ထိုလူများအထဲမှ ကျွန်တော်နှင့် ကြုံခဲ့သော ထိုခေတ်ထိုအခါက နာမည်ကျော် စာရေးဆရာ ဆရာကြီးမင်းသိခ်၏အကြောင်းကို တင်ပြလိုပါသည်။

ဆရာကြီးမင်းသိခ်၏ လူအမည်မှာ ဦးအောင်ထွန်း ဖြစ်သည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး အရှည်ထားသော်လည်း ဆွတ်ဆွတ်ဖြူနေခြင်း မဟုတ်သေး၊ အဖြူတစ်ဝက်၊ အမည်းတစ်ဝက်၊ အသက်က (၅၀) ကျော်ခန့် သူ့အားကြိုးတိုက်အတွင်း၌တစ်ယောက်တည်း တစ်ခန်းထားသည်၊ ကျွန်တော်တို့တာဝန်မှူးကျ၍တိုက်ခန်းများအား လှည့်ပတ်စစ်ဆေးလျှင် သူကဉ်ဳပြုသော အသံကြီးကို ကျယ်လောင်စွာရွတ်ပြီး နောက်က ဂါထာတစ်ပုဒ်ကို တိုးတိုးဆိုသည်။ ဘာ ဂါထာမှန်းတော့မသိ။ တစ်နေ့လုံး၊ တစ်ညလုံး မအိပ်မချင်း ရွတ်နေတတ်သည်ဟု သိရသည်၊ နာမည်ကြီး စာရေးဆရာဖြစ်၍တွေ့ဆုံစကားပြောဆိုသော်လည်း သူ၏ရွတ်ဖတ်ခြင်းအမှိုင်ဿန်အားမနှောင့်ယှက်လိုသောကြောင့် စကားမပြောဖြစ်ခဲ့ပါ၊

တစ်ည - ကျွန်တော် တာဝန်မှူးကျ၍ ကြိုးတိုက်အထဲသို့ ည (၁၀) နာရီအချိန်ခန့် ဝင်ရောက်စစ်ဆေးစဉ် ဆရာကြီး၏ "ဥုံ" သံ ပျောက်နေသည်၊ ထို့ကြောင့် ကျွန်တော်က သူ့အခန်းရှေ့တွင် ရပ်၍ကြည့်တော့ သူမအိပ်သေးပါ။ ငုတ်တုတ်ထိုင်၍တစ်စုံတစ်ရာကိုစဉ်းစားနေဟန်ဖြစ်သည်။ ကျွန်တော်ဆက်လျှောက်ကြည့်ပြီးတော့။

"ဆရာထောင်မှူး - ခဏကလေး"

"ဗြော် - ဟုတ်ကဲ့ - ကျွန်တော်က ဦးအောင်ထွန်းတရားထိုင်နေတယ်မှတ်လို့ပါ၊ ဘာများ ပြောချင်ပါသလဲ"

"ဆရာ့မှာ ဆေးလိပ်ကလေးများ ပါသလား။ ကျွန်တော့် ဆေးလိပ်ဖွာရင်း စကားပြောချင်လို့ပါ၊ ဆရာ အချိန် ရသလား"

"ရပါတယ် - အချိန်လည်း ရတယ်၊ ဆေးလိပ်လည်း ပါတယ်၊ ကျွန်တော်ကလည်း စာရေးဆရာပိုးပါတော့ ဆရာကြီးနဲ့လည်း စကားပြောချင်ပါတယ်"

ကျွန်တော် ဆေးလိပ်မသောက်တတ်သော်လည်း ရုံးခန်းက တပည့်များပေးထားသော ငါးသုံးလုံး စီးကရက်ဘူးနှင့် မီးခြစ်ကို တာဝန်မှူးကျသော နေ့တိုင်း ဆောင်ထားလေ့ရှိသည်၊ ယခုကဲ့သို့ ဆေးလိပ်ငတ်သူများ တောင်းပါက ဒါနပြုရန် ဖြစ်သည်၊ ကျွန်တော် ဆေးလိပ်ဘူးကိုဖောက်ပြီးသံတိုင်ကြားက ကမ်းပေးတော့ သူတစ်လိပ်ယူသည်၊ ပြီးနောက် ကျွန်တော် ခြစ်ပေးသော မီးခြစ်မီးတောက်ကို မီးညှိရင်း နှစ်ဖွာ၊ သုံးဖွာခန့် ရှိုက်ရင်းဖွာသည်၊ ထို့နောက် ကျေနပ်ဟန်ဖြင့် ...

"ကျေးဇူးတင်လိုက်တာ ဆရာထောင်မှူးရယ်၊ ကျွန်တော်က ဆေးလိပ်ဖွာရင်း လက်ဖက်ရည်ချိုကို ကိုယ်တိုင်ဖျော်သောက်ရင်း စကားပြောရတာကို အလွန်သဘောကျပါတယ်"

"အေးဗျာ - နောက်တစ်ပတ် ကျွန်တော် တာဝန်မှူးကျရင် လက်ဖက်ရည်ချိုဆိမ့်ကလေး ဝယ်လာခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် - ဆရာထောင်မှူးရယ်"

"ကျွန်တော်က ဆရာထောင်မှူးတို့ကိုယ်တိုင် လက်ဖက်ရည်ဖျော်ပြီးတိုက်

www.burmeseclassic.com

ချင်သော၊ အချိုးအစားတကျကျနနနဲ့ လသာသတော်ရည်ဖျော်နည်း ရှိတယ် ဆရာ၊ ဆရာ - မှတ်သွားပါ"

"ဟုတ်ကဲ့ - ခင်ဗျား"

"လက်ဖက်ရည်ဖျော်တဲ့ အချို ခြောက်ကို နပ်ရင် အကြမ်းလက်ဖက်ခြောက်ကလေး နည်းနည်းရောပြီး နပ်ရတယ်၊ နို့ဆီ၊ သကြား၊ နို့စိမ်းကတော့ ပုံမှန်ထည့်ဖျော်လို့ ရပါတယ်။ အဲဒီအထဲကို အချိုမှုန့်ကလေး နည်းနည်းထည့်၊ သမအောင်မွှေပြီး သောက်ရင် အလွန်အရသာရှိတဲ့ လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်ကို ရပါတယ်၊ ဒါက လျှို့ဝှက်နည်းပါ ဆရာ၊ လက်ဖက်ခြောက်အမျိုးအစား ကောင်းရင်ကောင်းသလောက်အရသာ ထူးကဲပါတယ်"

"ဒါနဲ့ ဆရာအသက် ဘယ်လောက် ရှိပြီလဲ"

"သုံးဆယ်ပါ ခင်ဗျာ"

"ကျွန်တော်က (၅၀) ကျော်ပြီ၊ ဆရာရဲ့ အင်္ဂါရုပ်ကို ကြည့်ပြီးတော့ အကြမ်းပြောမယ်၊ ခေါ၊ ညာလက်ဝါးလေး ပြပါဦး။ အင်း - မှန်ပါတယ်၊ ဆရာ မကြာခင် နယ်ပြောင်းရမယ်၊ အဲဒီမှာ ရာထူးတက်မယ်၊ ဒီထောင်ကြီးကို ပြန်လာပြီး နောက်စခန်းတစ်ခုကို ထွက်ရမယ်၊ ဆရာ့အတာက ထောင်မှူးကြီး အဆင့်အထိပဲပါပြီး အလုပ်က ထွက်လိမ့်မယ်၊ အဲဒါတွေဟာ ဒီနေ့ကနေ (၁၀) နှစ်အတွင်းမှာ ဖြစ်မှာ၊ ဆရာ့လက်က အနုပညာသည် လက်မျိုးဖြစ်လို့ ဒီအလုပ်က ထွက်ပေမယ့် မဆင်းရဲပါဘူး၊ ပိုတောင် ကောင်းပါတယ်"

"ဘာဖြစ်မလဲ - ဆရာကြီး"

"ကျွန်တော်တို့လို စာရေးဆရာ ဖြစ်လိမ့်မယ်၊ အတွေ့အကြုံ ဗဟုသုတစုံတော့ အောင်မြင်တာပါ၊ ဒါနဲ့ ကျွန်တော့်စာတွေ ဖတ်ဖူးသလား"

"ဖတ်ဖူးတာပေါ့ - ဆရာကြီးရယ်၊ ဆရာကြီးရဲ့ အစပိုင်းမဂ္ဂဇင်းဝတ္ထုတိုကလေးတွေကအစ ဖတ်ဖူးတယ်၊ ဆရာကြီးရဲ့လက်ရာက ကလောင်ဟောင်းကြီး တစ်ယောက်လိုအရေးအသားပိုင်တယ် ကျွန်တော်အဲဒီကတည်းက ဆရာကြီးကို စိတ်ဝင်စားခဲ့တာပါ"

"အေးဗျာ - စာရေးဆရာကောင်း တစ်ဦး ဖြစ်လာဖို့ မလွယ်ကူလှပါဘူး၊ ဘယ်လောက်ပဲ အရေးအသားကောင်း ကောင်း ကလောင်သစ်တစ်ဦးဟာ ချက်ချင်း နာမည်မကြီးနိုင်ဘူး၊ အချိန်ယူပြီး ကြိုးစားရတယ်"

"ဒါနဲ့ ဆရာကြီး စာတွေထဲမှာ ဗဟုသုတ အတော်စုံပါတယ်၊ ဆရာကြီး အစိုးရဝန်ထမ်း လုပ်ခဲ့ဖူးတယ် ထင်တယ်၊ နိုင်ငံခြားဘာသာစကားတွေလည်း တတ်ကျွမ်းပြီး ဘယ်နိုင်ငံတွေ ရောက်ခဲ့ဖူးပါသလဲ"

"ဟုတ်တယ် - ဆရာထောင်မှူး၊ ကျွန်တော်စစ်တပ်ထဲလည်းဝင်ဖူးတယ်၊ ခုလည်း လုပ်ဖူးတယ်၊ မြန်မာပြည်တွင်း မြို့ရွာတွေအနှံ့ရောက်ဖူးတယ်၊ နိုင်ငံခြားဘိုင်းပြည် ဆိုတာကတော့ အိန္ဒိယလောက်ပါပဲ၊ အင်္ဂလိပ်စာအရေးအသားနဲ့ စကားပြောတတ်ပေမယ့် တရုတ်စာအရေးကတော့ မတတ်ပါဘူး၊ စကားပြောတော့ ရပါတယ်"

"ဆရာကြီး စာအရေးအသားထဲမှာ အင်္ဂလိပ်ခေတ်ကိုနောက်ခံထားပြီးပီပြင်အောင် ရေးနိုင်တယ်၊ အဲဒါ ဘာကြောင့်လဲ"

"ကျွန်တော်က အင်္ဂလိပ်နှောင်းခေတ်ကို မီတယ်ဆိုရုံပါပဲ၊ အဲဒီတုန်းက ဘလေးဘဝပေါ့၊ ဘယ်ပီပီပြင်ပြင် ရှိခလဲ၊ ရှေးလူကြီးတွေဆိုစကားနဲ့စာဖတ်ထဲ့ အတွေ့အကြုံတွေကို ကိုယ် ထမ်းဆောင်ခဲ့ဖူးတဲ့အလုပ်တာဝန်နဲ့ဆက်စပ်ပြီး ရေးခဲ့တာပါ"

"ဟုတ်ကဲ့ - ဒါကြောင့်လည်း ဆရာကြီးက အတွေ့အကြုံနဲ့ သင်ခန်းစာတွေ ပေးနိုင်တာပေါ့၊ ဆရာကြီးစာတွေ ဖတ်ပြီးအားတက်ရပါတယ်"

"အေးဗျာ - အခုလိုကြားရတာ ဝမ်းမြောက်မိပါတယ်၊ ကျွန်တော်လည်း မကြာခင် လွှတ်တော့မှာပါ၊ ဒါက ကျွန်တော် ယုံကြည်ချက်ပါ၊ ဆရာထောင်မှူးလည်း မှတ်စွဲထားပါ၊ အလုပ်တစ်ခုလုပ်ရာမှာ မိမိကိုယ်မိမိ ယုံကြည်ချက်ရှိရင် တစ်ဝက်အောင်မြင်တယ်၊ ကံဆိုတာက အလုပ်ပဲ၊ အောင်မြင်မှုရဖို့အတွက် တစ်ဝက်က ကံ၊ တစ်ဝက်က မိမိကြိုးစားမှု အလုပ်ပါပဲ၊ "ကံကိုယုံလို့ ဆူးပုံမနင်းရ" ဆိုတဲ့ရှေးစကားပုံလည်းရှိတယ် မဟုတ်လား။ တစ်ဖက်က ပြန်တွေးရင်းလည်း "ကံမရှိ၊ ဉာဏ်ရှိတိုင်းမွဲ" ဆိုတဲ့ စကားပုံကလည်း ရှိသေးသဗျ။ အသိ၊ သတိနဲ့ ဆင်ခြင်တုံတရားကိုတော့ သတိထားရမယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ် ဆရာကြီး"

▬

ထိုစဉ်တွင် တာဝန်ကြပ်၊ တပ်ကြပ်ကြီးတို့က ကျွန်တော့်ကို လာခေါ်သည်၊ အချိန်က ညဦးသန်းခေါင် (၁၂) နာရီပင်

www.burmeseclassic.com

လက်ဖက်ရည်ဖျော်တဲ့ အချိုခြောက်ကို
နပ်ရင် အကြမ်းလက်ဖက်ခြောက်ကလေး
နည်းနည်းရောပြီး နပ်ရတယ်။ နို့ဆီ၊
သကြား၊ နို့စိမ်းကတော့ ပုံမှန်ထည့်ဖျော်လို့
ရပါတယ်။ အဲဒီအထဲကို အချိုမှုန့်ကလေး
နည်းနည်းထည့်၊ သမအောင်မွှေပြီး
သောက်ရင် အလွန်အရသာရှိတဲ့
လက်ဖက်ရည်ချိုဆိမ့်တစ်ခွက်ကို
ရပါတယ်။ ဒါက လျှို့ဝှက်နည်းပါ ဆရာ ...

ထိုးတော့မည်၊ ကျွန်တော်နှင့် ဆရာမင်းသိခ်တို့စကားပြောကြသည်မှာ (၂) နာရီခန့်ကြာသွားပေပြီ၊

"ဘာအကြောင်းထူးလို့လဲ - ဦးလေးမောင်"

"အမျိုးသမီးဆောင်က ဆေးမှူးခေါ်နေတယ်၊ ဆရာပါလိုက်မှ ဖြစ်မှာပေါ့"

"အင်း - ဗိုက်အောင့်ကြပြန်ပြီ ထင်တယ်၊ ဆေးမှူးမောင်မြအလှည့်ကောဟုတ်ရဲ့လား"

"ဟုတ်ပါ့ - ဆရာရယ်"

"ကဲ - ဆရာကြီးကျွန်တော်ပြန်ပါဦးမယ်၊ နောက်တစ်ပတ်မှာ တွေ့ကြတာပေါ့၊ ကျွန်တော် လက်ဖက်ရည်ချိုဆိမ့် ဆွဲခဲ့မယ်"

"ကျေးဇူးတင်ပါတယ် - ဆရာတောင်မှူးရယ်"

ကျွန်တော် ကြိုးတိုက်အတွင်းမှ မိန်းဖျေးသို့ပြန်လာရင်းတွေးနေမိသည်၊ ကျွန်တော့်အား ဘိုးတော်တစ်ဦး ဟောထားသည်နှင့် ဆရာကြီး မင်းသိခ် ပြောတာတစ်ထပ်တည်းကျနေသည်၊ တာဝန်ကြုပ် လာခေါ်သဖြင့် ဆရာကြီး မင်းသိခ် "ဦး" ခံ၍ ရွတ်နေသောဂါထာကို မမေးဖြစ်ခဲ့ပါ၊ နောက်အပတ်မှ မေးမည်ဟု တားထားလိုက်သည်၊

ကျွန်တော်တို့အဖွဲ့ အမျိုးသမီးအချုပ်ဆောင်အတွင်း ရောက်တော့ ကျွန်တော်ထင်သည့်အတိုင်းပင် ပြည့်တန်ဆာမှုဖြင့် အဖမ်းခံထားရသော





အမျိုးသမီးတစ်ဦး ဗိုက်အောင့်နေခြင်းဖြစ်သည်၊ ထုံးစံအတိုင်း ဆေးမှူးမောင်မြက ဗိုက်ကိုလှန်၍ ဆေးလူးပေးရုံဖြင့် ပြီးသွားသည်၊ ကျွန်တော်တို့မိန်းဖျေးသို့ ပြန်ခဲ့ကြသည်၊ လမ်း၌ ကျွန်တော်က ...

"မောင်မြ - ဘာဆေးလူးပေးတာလဲ"

"ပရုပ်ဆီ"

"ကောင်းကွာ - မင်းဆေးက တယ်ရှိပါလား"

"ဟဲ - ဟဲ - ဆရာကလည်း အဲဒီကောင်မလေးတွေက ပုရိသယောကျ်ားနဲ့ဝေးနေရင်မနေနိုင်ကြဘူး၊ ဆရာကျွန်တော်က "အနာသိ ဆေးရှိ" ဆိုသလို "အထာ" သိတယ်၊

ဟုတ်ဟန်တူပါသည်၊ အမျိုးသမီးနှင့် အမျိုးသားများ သီးသန့်ထားပါက ထိုကဲ့သို့ပြဿနာမျိုးဖြစ်တတ်ကြောင်း ဆရာဝန်တင်ရွှေ၏ စာအုပ်များတွင် ကျွန်တော် ဖတ်ဖူးသည်၊ စိတ်ရောဂါတစ်မျိုးလည်း ဖြစ်နိုင်ပါသည်၊

ယောကျ်ားများ အဆောင်တွင်လည်း ဖြစ်တတ်သည်၊ "တိုနာ" ဟုခေါ်သောရောဂါဖြစ်သည်၊ အေးလွန်းသော မိုးရာသီနှင့် ဆောင်းရာသီတွင် အဖြစ်များသည်၊

မှတ်ချက် - ဤနေရာကစ၍ မရိုမသေစကား ရေးသားရတော့မည် ဖြစ်သောကြောင့်စာဖတ်ပရိသတ်ကြီး နားနဲ့မနာ ဖဝါးနဲ့နာကြပါရန် တောင်းပန်အပ်ပါသည်၊

"တိုနာ" ဟူသည်မှာ အေးလွန်းသောကြောင့်ယောကျ်ားတန်ဆာတိုဝင်သွားပြီးဗိုက်အလွန်အောင့်တတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com

ဆေးမှုနှင့် ဆရာဝန်များ မကုနိုင်ကြပါ။ အချိန်ကြာမြင့် သွားပါက သေတတ်သည်ဟု အဆိုရှိသည်၊ ထိုရောဂါကို ကုသရန်ရှေးမီနောက်မီ ဆရာကြီး (တပ်ကြပ်ကြီး) များက သိသည်၊ တာဝန်ကျစဉ် ကြုံတွေ့ဖူးသဖြင့် ကျွန်တော်ကိုယ်တိုင်လည်း မြင်ဖူးသည်၊ ထိုသို့ ရောဂါဖြစ်လျှင် ထောင်တွင်း၌သုံးသော ဆေးမြီးတိုမှာ အလွန်အစွမ်းထက်သည့် ဆေးမြစ်ဟူ၍ နာမည်ပေးထားသည်၊ အမှန်တော့ အမျိုးသမီးများ၏ ဆီးခံအမွေးဖြစ်သည်၊ ထိုသည် အသက်ကြီးသော တာဝန်ကြပ်ဆရာကြီးများက အမျိုးသမီးဆောင် တာဝန်ကြပ် ဆရာမကြီးများထံသို့ အကျဉ်းသား၊ အချုပ်သား "တိုနာ" ဖြစ်နေ၍ "ဆေးမြစ်ပေးပါရန် သွားတောင်းရသည်၊

တာဝန်ကြပ် ဆရာမကြီးများကလည်း ပေးချင်သူထံမှ တောင်းပြီး သတင်းစာစက္ကူဖြင့် ထုပ်ပေးသည်၊ ထိုသည်ကို မီးရှို့၍ ရှူလျှင် "တိုနာ" ရောဂါ ချက်ချင်းသက်သာပျောက်ကင်းသည်၊ ဗိုဓာတ်၊ မဓာတ်သဘောပင် ဖြစ်ပါလိမ့်မည်၊

■

ဆရာကြီး မင်းသိန်းဟောသည့်အတိုင်း ကျွန်တော်မကြာမီကော့သောင်းဆီအုန်းစခန်းသို့ ပြောင်းရွှေ့ရသည်၊ ထိုတွင် ကျွန်တော်တာဝန်ထမ်းဆောင်စဉ် ၁၉၈၅-ခုနှစ်၌ ထောင်မှူးကြီးရာထူးသို့ တိုးမြှင့်ခန့်ထားခံရသည်၊ ကျွန်တော် ၁၉၈၆-ခုနှစ်၌ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်သည်၊

ဆရာကြီးမင်းသိန်း လွတ်မြောက်သွားပြီဖြစ်သည်၊ အကျဉ်းထောင်၌ ဆရာကြီး၏ တူ၊ တူမများဖြစ်သော အောင်မိုင်နှင့် ပိုလေး၊ ချိုလေးတို့ ညီအစ်မအပြင် တပ်သားခင်ဖော်တို့ ရှိနေကြသည်၊ သူတို့က အင်းစိန်ကမ်းနား၊ ရုပ်ကွက် ထနီးလမ်းတွင် နေကြသည်၊ တစ်နေ့တွင် စကားစပ်မိ၍ ဆုံကြရင်း၊ တပ်သားခင်ဖော်က ကျွန်တော်အား ...

"ဆရာ - ဦးကြီးကဆရာ့ကိုတွေ့ချင်တယ်လို့ ပြောနေပါတယ်၊ ကျွန်တော်အားရက်မှာ လိုက်ပို့ပေးမယ်"

"အခု - ဆရာကြီးက ဘယ်မှာနေတာလဲကွ"

"သုဝဏ္ဏမြို့သစ် မာကျူရီလမ်းမှာပါ ဘုရား"

"အေး - အေး - ပိတ်ရက်ကျ သွားကြတာပေါ့၊ ဆရာကြီး ငါ့ကို ဟောထားတာတွေ မှန်တယ်ကွ၊ ငါလည်း တွေ့ချင်ပါတယ်"

သို့နှင့် ပိတ်ရက်တစ်ရက်တွင် တပ်သားခင်ဖော် ဦးဆောင်ပြီး ကျွန်တော်တို့ ဒန်းမောင်နှံ သွားကြသည်၊ မာကျူရီလမ်းရှိ ဆရာကြီး၏ နှစ်ထပ်တိုက်အိမ်ကလေးမှာ သစ်လွင်နေသည်၊ တိုက်အိမ်ကလေး၏ အရှေ့မျက်နှာစာ၌ ဂေါတမဗုဒ္ဓ၏ ဒုက္ခရစရိယ ကျင့်ကြံနေပုံ၊ နံရိုးပြိုင်းပြိုင်းဖြင့် ရုပ်တုတော်မှာ လွန်စွာ အသက်ဝင်ပြီး သပ္ပာယ်လှသည်၊ တိုက်အိမ်၏ အောက်ထပ်တွင် ဗေဒင်မေးသူ၊ သတြာရေးလိုသူများ စည်ကားနေသည်၊ ဆံ ရှည်၊ မုတ်ဆိတ်ကျင်စွယ်အရှည်၊ အထက်အောက် ဝတ်ဖြူစင်ကြယ် ဝတ်သူ နှစ်ဦးက ပရိသတ်အား လက်ခံပြီး ဟောပြောနေသည်၊ ဘယ်သူက ဆရာကြီး မင်းသိမ်မှန်းပင် မသိနိုင်ပါ၊

ခင်ဖော်က ...

"ဆရာ - အောက်က ပုဂ္ဂိုလ်တွေက ဦးကြီးတပည့်တွေပါ၊ ဦးကြီးအတိုင်း ဟန်ဆောင်တူဝတ်ထားကြတယ်၊ ဦးကြီးက အပေါ်ထပ်မှာ၊ အောက်က လက်ခံပြီး တင်ပေးသမျှကို ဟောပေးရတာပါ၊ လာပါ - ဆရာ၊ အပေါ်ထပ် တက်ကြမယ်"

အပေါ်ထပ်ရောက်တော့ ဆရာကြီးက ဗေဒင်ဟောသည့် ထိုင်ခုံပုကလေးတွင် ထိုင်ပြီး စာရေးနေသည်၊

"ဟော - ဆရာ ထောင်မှူးကြီးတို့ ရောက်လာကြပြီပဲ"

ထိုစဉ်က ကျွန်တော် အရပ်ဝတ်ဖြင့် ဖြစ်သည်၊ ကျွန်တော့်အား ဆရာထောင်မှူးကြီးဟု ခေါ်သည်က ထူးဆန်းနေသည်၊

"ထိုင်ကြပါ - ဆရာတို့၊ ကျွန်တော် ဟောတာ မှန်တယ် မဟုတ်လား၊ ဆရာ့ ဇာတာခွင်ကို ပြန်စစ်ဆေးရင်း ကျွန်တော် ပြောခဲ့တဲ့ လက်ဖက်ရည်ချိုဆိမ့် ဖျော်နည်းနဲ့ ဧည့်ခံပါ့မယ်"

ဆရာကြီးကိုယ်တိုင် လက်ဖက်ရည် ဖျော်ပြီး ကျွန်တော်တို့ကို ဧည့်ခံသည်၊ ပြီးနောက် ကျွန်တော့်ဇာတာခွင်အား စစ်ဆေးပြီး ...

"ကျွန်တော် ဆရာ့ကို ထောင်ထဲမှာ ဟောခဲ့တဲ့ အတိုင်းပါပဲ၊ အခု ဆရာ ထောင်မှူးကြီး ဖြစ်ပြီမဟုတ်လား၊ ၁၉၉၁ ခုနှစ်ထဲမှာ ဆရာ စခန်းအဝေးကြီးကို ပြန်ထွက်ရဦးမယ်၊ အဲဒီမှာ အသက်



www.burmeseclassic.com

www.burmeseclassic.com

အနွံ့နာလယ်ရှိတဲ့ဟာပဲ ရေမျှော်အလယ်ပိတ
ထွက်ပြေးလိုမှမယ်၊ အဲဒီလယ်ကရွှတ်ချော
ရွှံ့ကြီးတွေအကြားချပ်ရပ်ရှိမှာတိုးနဲ့ခွန်းသက်
လုံး အကျနေရပြီး ကောင်းမားမွာပါ၊
အမွေရကိန်းရှိတယ်၊ ကျွန်မာရေးလည်း
ကောင်းပါတယ်"

အင်း - ကျွန်တော့် ပြောခဲ့သလို
အတွေ့အကြုံ ဗဟုသုတစုံတဲ့ ဆရာဟာ
စာရေးဆရာတစ်ယောက် ဖြစ်လာလိမ့်
မယ်၊ စာရေးဆရာဆိုတာက ဒါသိနဲ့
အပျော်ကစာရေးကြတာ၊ ချမ်းသာ
အောင် လုပ်တဲ့လိုင်းတော့ မဟုတ်ဘူး၊
နှမ်မညည်ကြာ နှံ့ရေးစာ ပေါ်ကြီးမှုတိုင် ငွေ
ရှာတင်းတာ၊ ကျွန်တော့်အိမ်နားကာလည်း
ဒီကကျွန်တော့်ရှာတဲ့ အကြိုက်ကိုအိမ်အမ်း
စိန်တွင်မူနှာ ဖြောင့်လာမ်းထိပ်မှာ အလိုင်

ချပြီး မြှားရုပ်စာဝိနာ နိုဘမည်စာအဘေး ရလာ
ဘေမလှမ်းမမနိုဘင့်မြိုင်ရှုး ပဲနှံ့ စာရေး
ချမ်းရတွားတွေ့တဲ့အနှံ့ကျေရောနိုးမှုစာရင်း
လို့ကုလားကို စတ္တုဈေးနဲ့ အပုံလိုက်ထိုး
ရောင်းလိုက်ရတယ်၊ နောက်တာအုပ်တွေ
မှ အောင်မြင်လို့ မနုတာရိနာမည်ကြီးပြီး
မြန်ထုတ်ရတာ၊ ကျွန်တော် ဆရာကို
ထောင်ထဲမှာ ပြောခဲ့သလိုပဲ အောင်မြင်
မှုရအောင် ကံကိုသာ အားမကိုးဘဲ ဉာဏ်
တစ်ဝက် ပါ ယှဉ်ပြီး အားထုတ်ရတာ၊
အလုပ်ကတလေးရဲ့လာတော့ လည်း မရေ
ချိုတဲ့ ရှုပြဲနိုဘဲ အာက်ကြ ရွှက် ခိုတော်
ဝဲစာနဲ့ မှာ ဖနုဝိပဈိစာစ် ဂုံ ကြွဲ မြှင့်တော့
ဝဲကိုနဲ့၊ ခြေကျွေးရှုပ်ချိန်လှမှုတော့ပါ၊ ပြီးတော့
လည်းပြီးစေဘပါမှပြေး"


"ဟုတ်ကဲ့ ဆရာကြီး ရှယ့်လက်ဆုံးအား
ကျင့်ပါတယ်"

ရောင်မှုကြီးသိန်းက

**လှိုရ လော က သော ကြ တို့**

**လေငန်း**

ထိန်းနဲ့ ရှိန်းစိုး၊ ကျပ်စိုး၊ ကြက်သွန်နီ
မှိန်စိတ်ကိုတို့ကို အချစ်ကြီးတော်၊ ရေနံနင့်
ချစ်ပြီး ခပ်ခွေးနေ့တွင် လိုရာသွား၍ လိုမိ
ချမော်တာ



www.burmeseclassic.com



# ခေါင်းပြတ်တစ္ဆေ

✦✦✦ တင့်ထူး (ရေယျဝတီ) ✦✦✦

ထွေးအောင်တို့ရွာကလေးမှာ တောင်ခြေနားနီးသောရွာကလေးဖြစ်သည်။ ရွာသူရွာသားများမှာ တောင်သူလယ်လုပ်များဖြစ်ကြ၍ ရွာပတ်လည်ရှိ လယ်ကွင်းများတွင် ရာသီအလိုက် ကောက်ပဲသီးနှံများကို စိုက်ပျိုးလုပ်ကိုင်ကြ၍ အသက်မွေးနေထိုင်ကြလေသည်။

ထွေးအောင်နှင့်ငြိမ်းမောင်တို့ညီအစ်ကိုက နှစ်နှစ်ကြီး နှစ်နှစ်ငယ်ညီအစ်ကိုများဖြစ်လေသည်။ ကျောင်းနေအရွယ်ရောက်ကြလျှင် ရွာရှိ မူလတန်းကျောင်းတွင် ပညာသင်ယူကြရလေသည်။ ရွာမူလတန်းကျောင်းတွင် စတုတ္ထတန်း အောင်မြင်ခဲ့ကြသောအခါ ရွာမှ မြို့ကျောင်းသို့ သွားရောက်ကြသောအခါ ရွာမှ မြို့ကျောင်းသို့ သွားရောက်သင်ယူရမည်ဖြစ်သောကြောင့် မိဘများမှစိတ်မချသဖြင့် ကျောင်းဆက်မထားပေးကြတော့ပေ။

"သားတို့ရယ် – ဟိုမြို့ကျောင်းကို သွားတက်ကြရမှာဆိုတော့ ခြေကျင်တစ်တန်ကားတစ်တန်နဲ့ သားတို့ကို အမေတို့ စိတ်မချပါဘူးကွယ်၊ ပြီးတော့ – သားတို့အဖေမှာလည်း ကိုယ်ခွဲလက်ခွဲမရှိဘဲ လယ်တဲအလုပ်ကို တစ်ယောက် လုပ်ကိုင်နေရတယ်

...တ်လား။ သားတို့ကိုမင်းတို့အဖေက ...လာရင် အားကိုးရမှာပဲလို့ မျှော်လင့် ...တာကွယ်။ ပြီးတော့ အမေတို့က ...ယ်သမားတွေဆိုတော့ ဒီလယ်တွေ ... စိုက်ပျိုးလုပ်ကိုင်ပြီး စီးပွားရှာကြ ...လေးသားတို့ကိုဆယ်တန်းအောင် ...အထိ ဘွဲ့ရတဲ့အထိလည်း အမေတို့ ...မပေးနိုင်ကြပါဘူး။ အခုဆိုရင် သား ...ရွာက မူလတန်းပညာသင်ယူပြီးကြ ...ရေးနိုင်၊ ဖတ်နိုင်၊ တွက်နိုင် ချက်နိုင်ကြ ...။ ဒီလောက်နဲ့ပဲ သင်ယူပြီး အသက် ...လာတဲ့ သားတို့အဖေရဲ့လယ်လုပ်ငန်း ...ဝိုင်းကူပြီး လုပ်ပေးကြပါ – သားတို့ ...ယ်"

မိခင်ကြီးက သားနှစ်ယောက်အား ...တျိုးအကြောင်းရှင်းပြကာ ဖခင်၏ ...လုပ်တွင် ဝိုင်းကူလုပ်ပေးရန် တိုက် ...နေလေသည်။

မိခင်ကြီးပြောပြသည်မှာလည်း ...တော့မှန်ပေသည်။ ရွာထဲတွင် မြို့ ...ကျောင်းသို့ တက်ရောက်သင်ယူနေကြ ...သော ကျောင်းသားတချို့ရှိ၏။ ရွာမှ ...ကျောင်းသို့ ဆက်လက်တက်ခါစက ...၍ ပညာတတ်ကြီးဖြစ်သည်အထိ ...သူမည်။ ဘွဲ့ရပြီးလျှင် လယ်ထဲဆင်း မလုပ်တော့ဘဲ အစိုးရရုံးတစ်ခုခုတွင် အလုပ်ဝင်လုပ်ကြမည်ဟု ကြွေးကြော်ခဲ့ကြ၏။ ထိုကျောင်းသားတို့မှာ မြို့သို့ ကျောင်းတက်ကြပြီး ရုပ်ရှင်နိုးကြသည့်လာတတ်၏။ အပေါင်းအသင်းများနှင့် ကျောင်းပြေးတက်လာ၏။ စီးကရက်သောက်တတ်လာကြ၏။ ဆယ်တန်းရောက်ကြလျှင် တစ်နှစ်ဖြေလည်း မအောင်၊ နှစ်နှစ်ဖြေလည်း ရှုံးဖြင့်အကြိမ်ကြိမ် ရှုံးခဲ့ကြသောအခါ ကျောင်းကိုစိတ်နာလာကြ၏။ ဆက်လက်ပြီးအောင်မြင်အောင် ကြိုးစားချင်စိတ် ကင်းမဲ့လာကြ၏။ ကျောင်းအတန်းပညာကိုလည်း ပြီးဆုံးအောင်မသင်၊ မိဘတို့၏လုပ်ငန်းများမှာလည်း နားမလည်ကြ၊ ဝင်မလုပ်တတ်နှင့် ယောင်ခြောက်ဆယ်ဘဝ ရောက်ခဲ့ကြ၏။ နောက်တော့ ရွာထဲလည်ပတ်နေကြရင်းမှ မိန်းမရသွားကြ၏။ မိန်းမသာရခဲ့ကြသည်၊ အလုပ်ကို ဖြစ်ဖြစ်မြောက်မြောက် မလုပ်မကိုင်တတ်ကြသဖြင့် မိဘကပင် ကျွေးမွေးထားကြရလေသည်။

ထွေးအောင်တို့ မိဘများက သူတို့အား ဘွဲ့ဒီဂရီရသည်အထိ သင်ပေးနိုင်ရန် အင်အား မရှိကြပေ။ ပညာဆုံးခန်း





www.burmeseclassic.com

www.burmeseclassic.com

ဆိုင်အောင် မသင်နိုင်သည့်အတွက်တူ မိတ္တ တို့၏ စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်ကြရင်း ကျွမ်းကျင်အောင် ဝင်လုပ်ကြပါမှ တစ်မျိုးမဟုတ် တစ်မျိုးက တတ်သိလာမည်ဟု သဘောပေါက်ခဲ့ကြသည်။

"အဖေ - သားတို့လေ ပညာကို ဆုံးခန်းတိုင်အောင် မသင်နိုင်မယ့်အတူတူ မြို့ကျောင်းကို ဆက်မတက်ကြတော့ဘူးအဖေ၊ အဖေနဲ့အတူ လယ်လုပ်ငန်းတွေမှာပဲ ကျွမ်းကျင်အောင် သင်ယူလုပ်ကိုင်ကြရင်း အဖေ့ကို ဝိုင်းကူကြမယ်ဗျာ"

"အေးပေါ့ကွာ - အဖေတို့အနေနဲ့ကလည်း သားတို့ကို ဘွဲ့ရတဲ့အထိမှ မထားပေးနိုင်ကြတာပဲ။ ဒီတော့လယ်တဲအလုပ်ကို ဝိုင်းကူလုပ်ပေးကြမယ်ဆိုတာ သိရတော့အဖေတအားအားတက်မိတယ် - သားတို့ရယ်"

ညီအစ်ကိုနှစ်ယောက်လည်း ဖခင်ကြီး၊ လယ်ထဲဆင်းလျှင် လယ်ထဲသို့ လိုက်သွားကြ၏၊ လယ်ကွက်များတွင် ထယ်ထိုးပုံကို လေ့လာကြသည်။

"သားတို့ ထယ်ကိုင်ပြီး နွားတွေနဲ့ ထယ်မောင်းရင် ထယ်ကို သတိထားပြီး ကိုင်လိုက်ကြရတယ်ကွ၊ အထူးသဖြင့် လယ်ကွက်ဆုံးလို့ နောက်ပြန်လှည့်ရင် ထယ်ကို ပို ပြီးသတိ ထားပြီး ဆိုင်ရ ရတယ်။ သတိမထားရင် နောက်တိုမြန်း အကွေ့မှာ နွားခြေထောက်တို့ ထိုပြီး သွားစူးဝင်နိုင်တယ်လေ၊ အလုပ်ထဲဝင်ခါ နီးမှ နွားခြေထောက်ဒဏ်ရာရခဲ့ရင်အကျ ရာပျောက်ကင်းတဲ့အချိန်အထိစောင့် နေကြရလို့ အလုပ်ရက်ပျက်ရောကွ"

"အဖေရာ ထယ်သွားထိုးမိပြီး ဒဏ်ရာရရင်တော့ ပျောက်ကင်းအောင်တော့ အနားပေးထားရမှာပဲ မဟုတ်လား - အဖေရာ"

"အေးလေ - ပျောက်ကင်းတဲ့အထိ နွားတွေကို လယ်ထဲမဆင်းဘဲ နားထားခဲ့ရင် စပါးစိုက်ရတာ နောက်ကျပြီပေါ့ကွ"

"နောက်ကျလည်း ဘာတတ်နိုင် မှာလဲ အဖေရာ"

"ဟ - နောက်ကျတော့ မျိုးပင်ဈေးက မျိုးသက်ရင့် ကုန်ပြီလေ၊ မျိုးသက်ရင့်သွားရင် စပါးအပင်ပွားချိန် နည်းသွားတာပေါ့ကွာ၊ အပင်းမပွားရင် စပါးနှံထွက်တာနည်းပြီး စပါးထွက်လျော့နည်းရတာ ပေါ့ကွ"



"ဟင် - စပါးက အပင်ဖြစ်လာရင် သီးတာပဲ မဟုတ်လား - အဖေရ"

"သီးတော့သီးတယ်လေ၊ ဒါပေမဲ့ အချိန်မီ အခါမီ မျိုးသက်နုနုနဲ့ စိုက်တဲ့ စပါးပင်လောက် သီးအားမကောင်းတော့ဘူးကွ"

ဖခင်ဖြစ်သူက သူ့သားများအား သိနားမလည်ကြသည်ကို သဘောပေါက်နားလည်အောင် ရှင်းပြပေးနေသည်။

"ဆောင်းရောက်လာရင် မြေကရေ ခန်းတော့ ထယ်ကြောင်းကို ပါးပါးလှန်ရတယ်၊ ဒါမှ ထယ်ရေးညက်တယ်၊ ဒီလို နမ်းတို့စိုက်ရင် ထယ်ရေးညက်ဖို့ လိုတယ်ကွ၊ မတ်ပဲ၊ ပဲနောက်၊ ကုလားပဲ တို့ဆိုရင်တော့ ထယ်ရေးကျဲကျဲထိုးပြီး ပဲနောက်၊ ကုလားပဲတို့ဆိုရင်တော့ထယ်ရေးကျဲကျဲထိုးပြီးတာနဲ့ မျိုးပဲစေ့တွေ ကြီးကြမ်းတုံးရိုက်ပေးတာနဲ့အပင်တွေ ထွက်လာပြီး သီးနိုင်ကြတယ်ကွ"

"အဖေ - ထယ်ရေးမညက်ရင် ဘာဖြစ်နိုင်လဲဟင်"

"ထယ်ရေးမညက်ဘဲ မြေပဲတို့၊ နမ်းတို့စိုက်ခဲ့ရင် အပင်တော့ ပေါက်လာပေမဲ့ အချိန်ရောက်ရင် မြေကြပ်လို့ ဥသီးပ်ဆင်းနိုင်ဘူးကွ"

"ဟာ - ညီလေး ငြိမ်းမောင်ရေ၊ အဖေထယ်ဖြုတ်ပြီးဆိုတော့ နွားနှစ်ကောင်ကို မြက်ပေါတဲ့နေရာမှာ သွားကျောင်းပေးဟေ့"

ထွေးအောင်က ထယ်ကျွတ်သွားသောလယ်ကွက်အား ကန်သင်းပေါက်ကူသည်။

"ကန်သင်းပေါက်တာက ကန်သင်းဘေးတစ်လျှောက်က မြက်ပင်တွေကို ရှုပ်ပေါက်ပေးပြီး ကန်သင်းအသစ်လို ဖြစ်အောင် မျက်နှာသစ်ပေးရတာပဲကွ၊ အဲဒီလို မြက်တွေရှင်းသွားအောင် မျက်နှာသစ်ပေးမှ စပါးပင်တွေ ပေါက်လာတဲ့အခါကန်သင်းကမြက်တွေဆင်းပြီး နှယ်မတက်နိုင်ဘူးပေါ့ကွာ"

"မြက်တွေ စပါးပင်တွေပေါ် နွယ်တက်ကြရင် ဘာဖြစ်နိုင်လဲအဖေ"

"ဟ - စပါးပင်ဟာမြက်နွယ်တွေက လိမ်တက်တော့ စပါးပင် လွတ်လွတ်လပ်လပ် မကြီးထွားနိုင်လို့ အသီးလည်း ကောင်းကောင်း မသီးနိုင်တော့ဘူးပေါ့ သားရယ်"

ထွေးအောင်နှင့် ငြိမ်းမောင်တို့ ညီအစ်ကိုမှာ သူတို့ဖခင်ကြီးနှင့်အတူ လယ်တဲလိုက်ကာ ဝိုင်းကူကြရင်းမှ လုပ်ကိုင်နည်း ဗဟုသုတများကို လေ့လာ



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြာတော့ ရေသံကြားတာနဲ့
ရေစမ်းအိုင်ဘက်ကြည့်မိတော့ ကျောကြီး
ပေးထိုင်ပြီး ရေငုံ့သောက်နေတာ
တွေ့ရတယ်။ သားတို့က သားတို့လိုပဲ
တောထဲတစ်ခုခု လာခုတ်တဲ့
လူတစ်ယောက် စမ်းရေအိုင်မှာ ရေလာ
သောက်တယ်လို့ ထင်ခဲ့တာပေါ့၊
တဖြည်းဖြည်း သားတို့ဘက် လှည့်လာ
တော့မှ ခေါင်းမပါတဲ့ ကိုယ်လုံးတီးကို
တွေ့လိုက်ရတော့တာပဲ ...

မှတ်သားထားကြရသည်၊ သူတို့လုပ်နိုင်ကိုင်နိုင် ဖြစ်လာကြသည့်အခါ အသက်ရလာသော သူတို့ဖခင်ကြီး၏လုပ်ငန်းတာဝန်များကို လုပ်ကိုင်လာနိုင်ကြမည်ပင်၊

"ဗျို့-ကိုဖိုးထောင်၊ ခင်ဗျားက သားနှစ်ယောက်တောင် မွေးထားတာဆိုတော့ ခင်ဗျားအတွက် အားကိုးရပြီပေါ့ဗျာ၊ ကျုပ်မှာက သမီးတွေချည်းဆိုတော့ သားတွေလောက် အားကိုးရပါဘူးဗျာ"

လယ်နီးချင်းများက သားနှစ်ယောက် အားကိုးရလာသော ကိုဖိုးထောင်ကိုအားကျကာပြောဆိုခဲ့ကြခြင်းဖြစ်သည်၊ တကယ်လည်း ထွေးအောင်တို့၊ ငြိမ်းမောင်တို့ညီအစ်ကိုက သူတို့လုပ်နိုင်သမျှ အလုပ်များဖြင့် လယ်ထဲတွင် သူတို့ဖခင်ကြီးအားဝိုင်းကူလုပ်ပေးနေကြလေသည်၊

ထွေးအောင်နှင့် ငြိမ်းမောင်တို့ ညီအစ်ကိုလည်း ဖခင်ကြီးနှင့်အတူ လယ်ထဲအတူလိုက်၍ဝိုင်းကူလုပ်ပေးကြရင်း လယ်လုပ်ငန်းများ လုပ်ကိုင်ရပုံကို တဖြည်းဖြည်း နားလည်သဘောပေါက်လာခဲ့ကြသည်၊ အရွယ်တွေလည်း ရောက်လာခဲ့ပြီဖြစ်၍ လုပ်တတ်ကိုင်တတ် ဖြစ်လာခဲ့ကြသည်၊

"အဖေ - ဒီလိုမှတော့ အဖေ လယ်ထဲ မဆင်းနဲ့တော့ဗျာ၊ သားတို့နှစ်ယောက်ပဲ ဆင်းကြတော့မယ်၊ အဖေက အိမ်မှာပဲနေပြီး လိုအပ်တာ ညွှန်ပြပေးပေါ့ - အဖေရာ"

"အေးလေ - သားတို့ပဲ လယ်ဆင်းကြမယ်ဆိုတော့ အဖေ နားချိန်ရနိုင်ပြီပေါ့၊ ဒါပေမဲ့ကွာ အဖေအိမ်မှာနေပေမယ့် ခြံစည်းနီးဖြာတာတို့၊ ကောက်စိုက်မနိုင်းတာတို့ လုပ်ပေးထားပါ့မယ်ကွာ၊ အဖေ အလကားမနေပါဘူး"

ညီအစ်ကိုနှစ်ယောက်မှာတိုင်တိုင်ပင်ပင်နှင့်လယ်ထဲဆင်းခဲ့ကြသည်၊ တစ်ယောက်က ထယ်မောင်းလျှင် တစ်ယောက်က ကန်သင်းဆည်၏၊ တစ်ယောက် နွားကျောင်းလျှင်တစ်ယောက် ကန်သင်းပေါက်၏၊ တစ်ယောက်က ပျိုးနုတ်လျှင် တစ်ယောက်က လယ်ကွက်များကို သမန်းလှူးပေးလေသည်၊ ထိုသို့ဖြင့် သူတို့လုပ်ကိုင်သောလယ်ပွဲမှာ အချိန်အခါမီ ပြီးစီးခဲ့တော့သည်၊

"သားရေ - မင်းတို့ဆောင်းပဲတို့ ဆောင်းနှမ်းတို့၊ ထယ်မဝင်သေးချိန်မှာ အိမ်အတွက် ဟင်းရွက်စင်ထိုးနိုင်အောင် တောထဲသွားပြီး ဝါးတစ်ခေါက်လောက် ခုတ်ပေးကြဦးဟေ့"

ကိုဖိုးထောင်တို့အိမ်တွင် အိမ်နောက်ဘက်၌ မြေကွက်လပ်တစ်ခု ရှိနေ၏၊ အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုစကားအတိုင်း ထိုမြေကွက်ကို ထယ်ထိုးကာ ချဉ်ပေါင်၊ ခရမ်း၊ ငရုတ်၊ မုန်လာစသည့် ဆောင်းသီးနှံများစိုက်ကြသည်၊ ထိုအခင်းမှ သီးပွင့်လာကြလျှင် ဈေးမှဝယ်စရာမလိုဘဲ စိုက်ခင်းထဲမှ ခူးဆွတ်

www.burmeseclassic.com

ကာ လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားနိုင်ကြလေသည်။ ဆောင်းရောက်လျှင်ခြံစည်းရိုးဘေး၌ ဘူးပင်၊ သခွားပင်၊ ပဲပင်များစိုက်ပြီးစင်ထိုးပေးထားရသည်။ အပင်များ ကြီးထွားရှည်ထွက်လာလျှင် စင်ပေါ်တက်ကာ သီးပွင့်လာကြသည်။ အသီးများ လှိုင်လှိုင်သီးလာလျှင် အိမ်မှ စားမနိုင်တော့သဖြင့် ခူးဆွတ်၍ပင် ရောင်းနိုင်လေသည်။

တစ်နံနက် စောစောတွင် ထွေးအောင်တို့ညီအစ်ကိုနှစ်ယောက် ဟင်းရွက်စင်ဝါးခုတ်ကြရန်လှည်းကောက်ရန် မောင်းလာခဲ့ကြလေသည်။

"အစ်ကို ကျွန်တော်တို့ ဘယ်တောကို သွားခုတ်ကြမှာလဲဗျ"

"ဟင်းရွက်စင်ထိုးမယ့် ဝါးဆိုတော့ တိုင်လုပ်ဖို့ ဝါးကြီးတွေလည်း ခုတ်ရမယ်ကွ၊ ဒါကြောင့် ဝါးပေါတဲ့နေရာကို သွားခုတ်ကြရမှာပဲကွ"

"ဝါးတွေက နှစ်တိုင်း ဝင်ခုတ်ခဲ့ကြတော့ ဒီအနီးအနားမှာတော့ မပေါနိုင်ဘူး - အစ်ကိုရ"

"ဒါဆိုရင်တော့ ဟိုကျုတ်မြောင်ထဲပဲ ဝင်ခုတ်ကြတာပေါ့ကွာ"

"ဟင် - ဖြစ်ပါ့မလားအစ်ကိုရ၊ အဲဒီကျုတ်မြောင်ကအလွန်အခြောက်ကြမ်းလို့ လူတိုင်းလိုလို ရှောင်ထားတဲ့မြောင်ပဲ"

"မင်းကလည်းကွာ၊ အစ်ကိုတို့က ညီအစ်ကိုနှစ်ယောက်ပဲ၊ ဘာကြောက်စရာ ရှိရမှာလဲကွ။ ဝါးကတော့ အဲဒီကျုတ်မြောင်ဘက်မှာပဲ ပေါမှာပဲကွ"

သူတို့လည်း ဟင်းရွက်စင်ဝါးတစ်ခေါက်သာ ဝင်ခုတ်ကြမည်ဖြစ်၍ ဝါးပေါသောထိုမြောင်လှည်းစခန်းအထိလှည်းမောင်းဝင်လာကာ လှည်းစခန်းတွင် လှည်းဖြုတ်ခဲ့ကြသည်။

"အစ်ကိုရေ - လှည်းစခန်းမှာလှည်းတစ်လှည်းမှ မတွေ့ရတော့ ဒီကျုတ်မြောင်ထဲကိုဘယ်သူမှဝင်မခုတ်ကြဘူးဆိုတာ သိရတယ်ဗျ"

"ဟ - ခုအချိန်က လယ်ပြီးခါစပဲ ရှိသေးတော့ ဘယ်လာခုတ်ကြဦးမလဲကွ၊ နောက်နားပိုင်းမှာတော့ ဝင်လာပြီး ခုတ်ကြမှာပေါ့ကွာ"

လှည်းဖြုတ်ထားပြီး နွားနှစ်ကောင်ကို သစ်ပင်ရိပ်တွင် ချည်ထားကာ လှည်းပေါ်တင်လာခဲ့သော ကောက်ရိုးများ ချကျွေးထားကြသည်။ သူတို့နှစ်ယောက် က လှည်းစခန်းဘေးတစ်လျှောက်ရှိ တောင်ကုန်း၊ တောင်စောင်း၊ မြောင်ဘေးတို့တွင် ပေါက်ရောက်နေကြသော ဝါးများကို ခုတ်ကြလေသည်။ ထိုခုတ်ပြီးသောဝါးများကိုထမ်းထမ်းပြီး လှည်းနားသို့ သယ်ယူကာ ပုံထားကြသည်။

"အစ်ကိုကြီးရေ - ဝါးတွေတော့ အတော်ရနေပြီဗျ၊ တော်တော့မှ ထင်တယ်"

"ဟာ - အခုခုတ်ထားတဲ့ဝါးတွေက သင်းဝါးအသေးတွေပဲကွ၊ စင်တိုင်စိုက်ဖို့ ဝါးခပ်လတ်လတ်တွေ ရှာခုတ်ရဦးမယ်ကွ"

မြောင်ထဲအတိုင်း ခပ်လှမ်းလှမ်းသို့ ဘိုးဝင်ကြကာ ဝါးခပ်လတ်လတ်များကို ခုတ်သယ်လာကြသည်။

မွန်းတည့်ခါနီးအချိန်တွင် ခုတ်ထမ်းသယ်ထားသောဝါးများကို လှည်းပေါ်တင်ခဲ့ကြသည်။

"အစ်ကိုကြီးရေ... ကျွန်တော်တို့ ဝါးတွေပြီးပြီးချင်း လှည်းပြန်မောင်းမှာလားဗျ"

"ဟာ - ငါ့ညီကလည်း နေပူကြီးထဲ ဘယ်ပြန်မောင်းလို့ဖြစ်မှာလဲကွ၊ ညနေစောင်းမှပဲ ပြန်မောင်းကြရမှာပေါ့"

"ဒီလိုဆိုရင် နွားနှစ်ကောင်ကို ဒီမြောင်ထဲမှာ ဘယ်ပြန်မောင်းလို့ဖြစ်မှာလဲကွ ညနေစောင်းမှပဲ ပြန်မောင်းကြရမှာပေါ့"

"ဒီလိုဆိုရင် နွားနှစ်ကောင်ကို ဒီမြောင်ထဲမှာလွှတ်ပေးထားရင်မြက်တွေ ပေါပေါနဲ့ ဗိုက်တအားပြည့်ကြမှာပဲ အစ်ကိုရ"

"အင်းလေ - လွှတ်ပေးထားလိုက်ပေါ့၊ နွားတွေမှာ ချုလုံးတွေပါနေတာပဲ ပြန်မောင်းခါနီးမှာ ချုသံနားထောင်ပြီး လိုက်မောင်းနိုင်မှာပဲ"

ဝါးများတင်ပြီးကြလျှင် မွန်းတည့်ချိန်ရောက်လာ၍အသက်ဘက်ရှိမြောင်ထဲက ရေစမ်းတစ်ခုသို့ သွားကြကာ ရေစမ်းဘေးက ကျောက်တုံးများပေါ် ထိုင်ကြ၏။

"ကဲ - ဟော့၊ ငါတို့ရေစမ်းထဲမှာကိုယ်လက်သန့်စင်ကြပြီး ယူလာတဲ့ ထမင်းထုပ်ကို ဖြေစားကြရမယ်ဟေ့"

နှစ်ယောက်သား တောပိုင်တောင်ပိုင်တို့အား စားဦးစားဖျားတင်မြှောက်ပြီးလျှင် စားခဲ့ကြသည်။ နေက ပူလှသဖြင့် စမ်းရေအိုင်ဘေး ကျောက်တုံးများပေါ်တွင်လှဲကာအနားယူရင်းနေအေးချိန်ကို စောင့်ခဲ့ကြလေသည်။

မောကမော၊ ဗိုက်က လေးခဲ့ကြသဖြင့်နှစ်ယောက်သားမှာကျောက်တုံးကြီးများပေါ်တွင် တုံးလုံးလှဲနေကြရင်း၊ အိပ်ပျော်ခဲ့ကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်နာရီကျော်ကျော်ခန့် အိပ်ပျော်နေကြရာမှ စမ်းရေအိုင်ထဲမှ ရေသံကြား၍ ငြိမ်းမောင်နိုးလာကာ ရေအိုင်ဆီသို့ လှမ်းကြည့်ခဲ့သည်။

"ဟင် - လူတစ်ယောက် ကျောကြီးပေးပြီး စမ်းရေအိုင်ထဲကရေကို ငုံ့သောက်နေတာပါလား"

"ဩော် - ဒီလူလည်း တောထဲလာရင်း ရေငတ်တာနဲ့ ဒီစမ်းရေအိုင်ကရေကို တွေ့ပြီး သောက်နေတာထင်ပါရဲ့"

ညီဖြစ်သူ ငြိမ်းမောင်က ထိုရေငုံ့သောက်နေသူအား နောက်မှကြည့်နေကာ သူတို့လိုပဲ တောထဲသို့ တစ်ခုခု လာခုတ်သူဟု ထင်မှတ်ခဲ့လေသည်။ ကြည့်နေရင်းမှ ထိုသူလည်း ရေသောက်ပြီး၍မတ်တတ်ရပ်ကာ သူတို့လှဲနေသော ကျောက်တုံးများဘက်သို့လှည့်လာလေသည်။

"ဟာ"

"ဟင်"

"ဒီလူက ကိုယ်လုံးကြီးပဲရှိပြီးခေါင်းမရှိတဲ့လူကြီးပါလား၊ လည်ပင်းက ငုတ်တိုကြီးပဲ၊ဒါ - ဒါ - ခေါင်းမရှိတဲ့ခေါင်းပြတ်တစ္ဆေခြောက်တာပဲ ဖြစ်မယ်"

"အစ်ကိုကြီး - အစ်ကိုကြီး - ထ - ထ - ပါဗျ၊ မြန်မြန်"

"ဟင် - ဘာလဲ - ငါ့ညီရ"

"ဟိုရေမှာရှိတဲ့ လူကို ကြည့်လိုက်ပါဦးဗျ"

"ဟာ - ခေါင်းမပါတဲ့ခေါင်းပြတ်ကြီးပါလားဟ"

"ဟော - ဟော - ခေါင်းပြတ်တစ္ဆေကြီးက ကျွန်တော်တို့ကြည့်နေလို့ မြောင်အထက်ပိုင်းထဲ ဝင်သွားနေပြီ"

"ဟုတ်တယ်ဟေ့ - ဒီခေါင်းပြတ်တစ္ဆေကြီးဟာ မွန်းတည့် ချိန်လူခြေတိတ်ချိန်မှာ တို့ညီအစ်ကိုနှစ်ယောက်ကို ခြောက်ပြတာပဲကွ"

"အင်း - ဒါကြောင့် ဒီကျုတ်တောကို ဘယ်သူမှ ထင်းဝါးတွေ လာမခုတ်ခဲ့ကြတာကိုး"

"မင်းကြောက်နေလား ငါ့ညီ၊ ငါတို့က ညီအစ်ကိုနှစ်ယောက်ပဲကွာ၊ ဘာကြောက်ရမှာလဲ၊ နွားတွေကို အမြန်ရှာပြီး လှည်းကောက်ပြီးပြန်မောင်းကြမယ်ဟေ့"

ညီအစ်ကိုနှစ်ယောက်လည်း တေ တစ်လက်စီကိုင်ကာ နွားများကို ရှာ နားထောင်၍ လိုက်ရှာကြသည်။

"ဟော - အစ်ကို ဟိုရှေ့မှာ နွားရှေ ကိုတွေ့ပြီ"

"ဟာ - နွားတွေ ဗိုက်တွေ ကား တာပါလားဟ၊ မြက်ပေါပေါနဲ့ တ စားထားကြတယ် ထင်တယ်"

ထိုနွားနှစ်ကောင်အားလှည်းဆီသို့ အမြန်ပြန်မောင်းကာ လှည်းကောက်ပြီး ဘိုကျုတ်မြောင်တောမှ ပြန်ထွက်ခဲ့ကြတော့သည်။

"ဝါးတွေ ခုတ်တင်ထားပြီး အဆင်သင့်ဖြစ်နေလို့ တော်သေးတယ်ကွာ၊ ဒ်းမခုတ်ရှိန်မှာများ ခေါင်းပြတ်တစ္ဆေနဲ့ တွေ့ကြရင် ငါတို့ ဝါးမရဘဲ ပြန်မောင်းသွားကြရမှာကွ"

"ဟုတ်ပါ့အစ်ကိုရာ…ကျွန်တော်က ပြီး တွေ့စက ကျောကြီးပေးပြီး ရေငုံ့သောက်နေတာတွေ့လိုက်တော့ တောထဲကို တစ်ခုခု လာခုတ်တဲ့လူပဲ၊ ရေစမ်းမှာ ရေလာသောက်တာလို့ ထင်ခဲ့တာ ခုအဲ - တဖြည်းဖြည်း လှည့်လာတော့မှ ခေါင်းမပါတဲ့ ခေါင်းပြတ်တစ္ဆေကြီးဆိုတာ သိလိုက်ရတော့တာဗျ"

"အေးလေကွာ - ငါတို့က လူပြောသူပြောနဲ့ မယုံခဲ့ကြသူတွေပဲ၊ အခုတော့ ရှေ့တွေ့ဒူးတွေ့ကို ကိုယ်တိုင်တွေ့မြင်ကြရတော့တာပဲကွ"

"ကျွန်တော်တော့ ဒီကျုတ်မြောင်ထဲ ဆမည်နဲ့လိုက်အောင်တစ္ဆေခြောက်တယ် ဆိုတော့ အခုတော့ ကိုယ်တိုင်ကျအခြောက်ခံလိုက်ရလို့ယုံသွားပြီ - အစ်ကိုကြီးရေ"

ညနေ သုံးနာရီအချိန်ခန့်တွင် ရွာပြန်ရောက်လာခဲ့ကြသည်။

"ဟာ - ဝါးတွေက တယ်ကောင်းပါလား သားတို့ရာ"

"ကောင်းဆို - အို ကျုတ်မြောင်ထဲ ဝင်ခုတ်လာခဲ့ကြတာလေ"

"မင်းတို့ကွာ အခု သုံးနာရီမှာ ရွာပြန်ရောက်လာကြတယ်ဆိုတော့ နွားတွေကို နေပူကြီးသဲ ပြန်မောင်းလာကြတယ်ထင်တယ်"

"အစပထမကတော့ သားတို့က နေအေးမှ အေးအေးဆေးဆေးပြန်မောင်းလာကြမလို့ပဲအဖေရ၊ ကျွန်တော်တို့ကို ခေါင်းပြတ်တစ္ဆေ အခြောက်ခံရတာနဲ့ အမြန်ဆုံး လှည်းပြန်ကောက်ပြီး မောင်းလာခဲ့ကြရတာပဲဗျ"

"ဟာ - ဟုတ်လား၊ ဘယ်နားမှာ အခြောက်ခံကြရတာလဲကွ"

"ဟို ကျုတ်မြောင်ထဲက အထက်ဘက် ရေစမ်းမှာအဖေရ၊ သားတို့က ဝါးတွေခုတ်တင်ပြီးကြလို့ အဲဒီရေစမ်းအိုင်ဘေးက ကျောက်တုံးကြီးတွေပေါ်မှာ ထမင်းထုပ်ဖြေစားပြီး နေပူတာခဲ အိပ်ခဲ့ကြတာဗျ၊ အတော်ကြာတော့

www.burmeseclassic.com

ရေသံကြားတာနဲ့ ရေစမ်းအိုင်ဘက် ကြည့်မိတော့ ကျောက်ကြီးပေးထိုင်ပြီး ရေငုံသောက်နေတာ တွေ့ရတယ်။ သားတို့က သားတို့လိုပဲ တောထဲတစ်ခုခုလာခုတ်တဲ့လူတစ်ယောက် စမ်းရေအိုင်မှာ ရေလာသောက်တယ်လို့ထင်ခဲ့တာလေ၊ တဖြည်းဖြည်း သားတို့ဘက် လှည့်လာတော့မှ ခေါင်းမပါတဲ့ ကိုယ်လုံးတီးကို တွေ့လိုက်ရတော့တာပဲ။ သားလည်း အစ်ကိုကြီးကိုနှိုးပြီးကြည့်နေကြတုန်းမှာ မြောင်အထက်ဘက် တောထဲဝင်သွားတာကို တွေ့ရတော့တာပဲ အဖေရာ"

"အင်း - အင်း - အဖေက မင်းတို့ ညီအစ်ကို အဲဒီကျုတ်မြောင်လောက်အထိ သွားမခုတ်ဘဲ အနီးအနားတောထဲပဲ သွားခုတ်ကြမယ်ထင်ခဲ့တာကွ၊ အဲဒီကျုတ်မြောင်တောက အခြောက်ကြမ်းလို့ လူတွေရှောင်ကြတဲ့ မြောင်ပဲ သားတို့ရ"

"အဖေ - ဒီကျုတ်မြောင်တောက ဘာကြောင့် ဒီလောက် အခြောက်ကြမ်းရတာလဲဗျ"

"ဒီလိုကွ - ဟိုလွန်ခဲ့တဲ့ ဂျပန်ခေတ်မှာ ဂျပန်တွေက ရေစမ်းအိုင်လည်း ရှိပြီး တောလည်း ထူတာနဲ့ အဲဒီ ကျုတ်မြောင်ထဲမှာ ဂျပန်စစ်စခန်းဆောက်ခဲ့ကြတယ်ကွ၊ တစ်နေ့မှာတော့ တောင်ခြေက ရွာတစ်ရွာက လူတစ်စုဟာ တောထဲကို ထင်းတုံးဖြတ်ရအောင် ရှာကြရင်းနဲ့ ဂျပန်စစ်စခန်းကိုရောက်လာကြလို့ အဖမ်းခံခဲ့ကြရတယ်လေ၊ ဂျပန်တွေက သူတို့ လျှို့ဝှက်ဆောက်ထားတဲ့ စစ်စခန်းကို အဲဒီလူစုတွေ တွေ့သွားခဲ့ကြတော့ ပြန်လွှတ်မပေးတော့ဘဲ မပေါက်ကြားနိုင်အောင် နှုတ်ပိတ်လိုက်ကြတယ်၊ အဲဒီကို နှုတ်ပိတ်ရာမှာ သေနတ်နဲ့ ပစ်သတ်ရင် သေနတ်သံကြားမှာမို့ ဂျပန်ဓားရှည်နဲ့ လည်ပင်းကို ခုတ်သတ်ခဲ့ကြတာပဲကွ ပြီးတော့မှ အလောင်းတွေကို လက် ဖြတ်တဲ့အနေနဲ့ ဒီကျုတ်မြောင်တော မှာပဲ မြေမြှုပ်ခဲ့ကြတာကွ"

"ဟင် - သေသွားတဲ့လူတွေရဲ့ ချင်းတွေက လိုက်မရှာကြဘူးလား အဖေ"

"တောထဲကိုတော့ ဝင်ရှာကြ မယ့် ဒီကျုတ်မြောင်တောဘက် မရောက်ကြလို့ ရှာမတွေ့ကြဘူးတဲ့

"ဒါကြောင့်အဲဒီလိုခုတ်သတ်ခံ လူတွေဟာ မကျွတ်မလွှတ်ဖြစ်နေ ပြီး ခြောက်ခဲ့ကြတာပေါ့ကွာ"

"အဲဒီတောကဝါးတွေ၊ ထင်းလောင်စာပင်တွေတော့ တအားပေါတာပဲ - အဖေရ"

"ပေါပြီပေါ့ကွာ၊ လူတွေက ခြောက်တတ်လွန်းလို့ အဲဒီတောကိုရှောင်ကြပြီး တခြားတောတွေမှာပဲ ခုတ်ကြတာလေကွာ"

"သားတို့လည်း ထင်း၊ ဝါးတွေတောထဲ သွားခုတ်ကြမယ်ဆိုရင်တော့ အဲဒီကျုတ်မြောင်တောဘက်ကို မသွားကြနဲ့တော့ကွ"

"ဟာ - အဖေရာ - အဖေက အဲ တောဘက် သွားခုတ်ပါဆိုလို့လည် သားတို့ မသွားဝံ့တော့ပါဘူးအဖေရာ၊ တစ်ခါလေး ဝင်ခုတ်မိတာနဲ့တင် ခေါင်ပြတ်တစ္ဆေကြီး အခြောက်ခံခဲ့ကြရလို့ ခုချိန်အထိ မျက်စိထဲကကို မထွက်နိုင် အောင်ပါပဲ - အဖေရာ"

ထွေးအောင်နှင့် ငြိမ်းမောင်တို့ ညီ အစ်ကိုလည်း နောင်အခါတောထဲသွား ပါက ထိုကျုတ်မြောင်ကိုရှောင်ကွင်းသွား ကြမည်ဟု ဆုံးဖြတ်ခဲ့ကြလေတော့ သည်။

တင့်ထူး(ဧည့်သည်...

ဂမ္ဘီရလောကသားများတို့

ယားနာ

- ခံပင်၏အမြစ်ကို ရေ (သို့မဟုတ်) နမ်းဆီနှင့်ရော၍ သွေးလိမ်းပါ။
- ကျွန်းသီးကို ဆီနှင့် သွေးလိမ်းပါ။
- ကြွက်နပေါင်းမြစ်မှုန့်ကိုသကြားနှင့်စပ်၍သောက်ပေးပါ။
- အရေပြားပေါ်တွင် အဖုအပိမ့်များ ဖြစ်ပေါ်၍ ယားယံလာလျှင် ကောက်ရိုးနွယ်ကို ထုထောင်းပြီး အရက်ညှစ်၍ သုတ်လိမ်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




✦✦✦ ဝင်းခိုင် (မကွေး) ✦✦✦

"နင် - အသာနေစမ်း - မိန္မယ်၊ ငါ့ကို လာမတားနဲ့၊ အဲဒီဟာတွေ ဒီနေ့တော့ ငါ့အကြောင်းကို ကောင်းကောင်းသိစေရမယ်။ နင် အိမ်ကိုပြန်တော့"

လမ်းထဲက လူတချို့ထွက်ကြည့်ရာ လင်မယားရန်ဖြစ်သည်ထင်၍…

"ဘာဖြစ်ကြတာလဲဟင်"

"သင့်မြတ်အောင်နေမှပေါ့"

ဟု အမျိုးမျိုးဖျောင်းဖျပြောဆိုကြလေ၏။ သို့သော် - ကြည်မိုးအကြောင်း သူတို့သိနေပြီးသားမို့ ဒီထက်လည်း မပြောရဲကြပေ။

ကြည်မိုးတို့လင်မယားသည် ဆွဲရင်းရုန်းရင်းဖြင့်မန်ကျည်းပင်အောက်သို့ရောက်လာကြလေသည်။ မန်ကျည်းပင်အောက်ရောက်သည်နှင့် ကြည်မိုးသည် လက်ထဲတွင် ကိုင်ထားသော ဓားမဖြင့် တအားကုန်လွှဲ၍ အပင်ကြီးအား ခုတ်ထစ်နေတော့သည်။

"ငါ× ×မသားတွေ၊ မအေ× ×တွေ၊ နင်တို့က ဘာကောင်တွေလဲ၊ အားလုံး× × ×ပဲ"

"ဒုတ် - ဒုတ် - ဒုတ်"

"ကိုကြည်မိုးရယ် တော်ပါတော့၊ မလုပ်ကောင်းတာတွေ မလုပ်ပါနဲ့တော့"

ရပ်ကွက်ထဲမှ လူများက တစ်စတစ်စ များလာကြကာ ဝိုင်းအုံကြည့်ရှုနေကြတော့၏။ ကြည်မိုးကမရပ်၊ နှုတ်မှလည်း ဆဲဆိုတိုင်းထွာ၍ ကြမ်းရမ်းနေသည်။ ထိုစဉ်ဥက္ကဋ္ဌနှင့်အတူ ကြည်မိုး၏ယောက္ခမများ ရောက်လာကြသည်။ ဥက္ကဋ္ဌက -

"မင်း - အဲဒီလိုတော့မလုပ်သင့်ဘူးမောင်ကြည်မိုး၊ ရပ်ကွက်ထဲမှာကွာ၊ ဓားကြီးနဲ့ အပင်တွေကို လျှောက်ခုတ်နေတော့ ဆိုင်ရာပိုင်ရာတွေ မကျေနပ်ရင် ရပ်ကွက်ထိနိုက်လိမ့်မယ်၊ မလုပ်ပါနဲ့ကွာ"

"ကျွန်တော်ကစပြီး မစော်ကားပါဘူး - ဦးလေး၊ ကလေးနေမကောင်းလို့ ညတိုင်း မအိပ်ရတာ အတော်ကြာပြီ၊ ကျုပ်ကမယုံပေမဲ့မိန္မယ်ကဟိုမေးသည်မေးနဲ့မေးတော့ မာကြာ ဖမ်းစားတာတဲ့။ ဒါနဲ့ ခေါ်ပတောင်းမှာ ခေါ်စာထည့်ပြီး ဒီအပင်မှာပစ်ရမယ်ဆိုလို့ခေါ်စာလည်း ပစ်တယ်၊ ဒါနဲ့လည်း ကျုပ်ကလေးက ဧကာဧကာငိုတော့တာပဲ၊ ဘာမှမထူးဘူး၊ သူတို့နဲ့ ကျုပ်တို့မိသားစု ဘာရန်ငြိုးမှလည်း မရှိပါဘဲနဲ့၊ လသားအရွယ်ပဲ ရှိသေးတဲ့ ကျုပ်သားလေးကို ဘာလို့နှောင့်ယှက်ရတာလဲ၊ ကဲ - ပြော"

"ဟ - ဒါကတော့ ကလေးတိုင်း ဒီလိုပဲ၊ မာကြာနတ်ဖမ်းစားတာ မင်းသားတစ်ယောက်တည်းမှ မဟုတ်တာကွာ၊ ရှေးအစဉ်အလာကတည်းက ရှိနေပြီးသားလေ၊ မင်းတို့ငါတို့ အဘိုးအဘွားတွေလည်း ဒီလိုပဲ လုပ်ကိုင်လာကြတာပဲ"

ဦးမြင့်မောင်ကလည်း ဝင်ပြောလိုက်၏။ ကြည်မိုးက လက်မခံ၊ ထိုသို့ရှိနေစဉ် တစ်ယောက်စကား တစ်ယောက်နားဆိုသလိုတစ်ဖက်ရပ်ကွက်တွင်နေသော ကြည်မိုး၏ အမေနှင့်အစ်မများ ရောက်လာကြလေသည်။ ယောက္ခမ အမကြီးက…

"ဟဲ့ - နင် မဟုတ်တာတွေ လုပ်မနေနဲ့တော့၊ ဘယ့်နယ်တော် - အိမ်မှာကို ကောင်းကောင်းမနေရဘူး၊ ရန်ဖြစ်စရာရှားလို့ ပုဂ္ဂိုလ်တွေနဲ့တောင် ရန်ဖြစ်ရတယ်လို့ - ဟင်း"

"ခင်ဗျားကို ဘယ်သူက လာနိုင်းလို့လဲ၊ ကျုပ် ဘာသာဘာလုပ်လုပ် ခင်ဗျားတို့ ဝင်မပါနဲ့"





www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ - မပါလို့ရမလားဟဲ့၊ နင့်ကြောင့် ငါ့သမီးနဲ့ ငါ့မြေးတော့ အထိအခိုက် မခံနိုင်ဘူး၊ ပါရမှာပဲ”

ယောက္ခမအထီးကလည်း ...

“အေး - မင်းဒီပုံအတိုင်းသာ ဆက်လုပ်နေမယ်ဆိုရင် ငါ့သမီးနဲ့ ငါ့မြေးကို မင်းနဲ့ မထားနိုင်ဘူး၊ ငါတို့အိမ်ကိုပဲ ခေါ်ထားတော့မယ်”

“အံမယ် - ခင်ဗျားတို့ ခေါ်ချင်တိုင်းခေါ်ရအောင် ခင်ဗျားတို့က ဆိုင်ရုံပဲဆိုင်တာ၊ကျုပ်က ကာမပိုင်လင်ယောကျ်ားဗျ၊ ခေါ်ရိရင် ခေါ်ကြည့်စမ်း၊ သေသွားမယ်”

ဥက္ကဋ္ဌမနေသာတော့ပေ၊ ကြည်မိုးကမတ်တတ်ရပ်၍ ဓားတဝင့်ဝင့်ဖြစ်နေ၏၊ ကြာလျှင် ခက်ချေတော့မည်၊ လူဖြောင့်စိတ်တိုသမား၊ ကြည်မိုးကတကယ်လုပ်မည့်လူစား၊

“ကဲ - အားလုံး တော်ကြတော့၊ ခင်ဗျားတို့လည်း ပြန်ကြတော့၊ ကြည်မိုးမင်းလည်းစိတ်ကိုနည်းနည်းတော့လျှော့ကွာ၊ ဟုတ်ပြီလား၊ အများနဲ့သက်ဆိုင်တဲ့တချို့ကိစ္စတွေမှာ လူမှုရေးအရရော အစဉ်အလာရှိတဲ့ ထုံးစံအရရော နားလည်မှုထားပြီး လိုက်လျောညီထွေမှုဆိုတာတော့ ရှိရမှာပေါ့၊ ဒီလို အစွန်းရောက်တဲ့စိတ်တွေမထားတာပိုကောင်းလိမ့်မယ်၊ အားလုံးပဲ ကိုယ့်အိမ်ကို ပြန်ကြ”

ဤသို့နယ် ဥက္ကဋ္ဌမှ လူစုခွဲ၍ ရှင်းထုတ်လိုက်မှ ထိုနေ့ကကိစ္စသည် အေးချမ်းသွားခဲ့လေသည်၊

နံနက် မိုးလင်းချိန်နှင့် ညနေနေဝင်ချိန်တိုင်း မန်ကျည်းပင်ကြီး၏ ဘေးပတ်လည်မှာကား ထုံးစံအတိုင်း မီးခိုးငွေ့



ကြည်မိုး နောက်ကျောဘက်သို့
ခုန်ချလိုက်သံကို ကြားလိုက်ရ၍
လှည့်ကြည့်လိုက်ရာ အရပ် (၆) ပေခန့်
ရှိသော အမြှေးရောင်အရိပ်ကြီးတစ်ခု
ရပ်နေသည်ကို ရုတ်တရက်
တွေ့လိုက်ရလေသည်။
ကြည်မိုးကလည်း ခေသူမဟုတ်ပေ။
လက်ထဲမှ ဓားမကြီးကိုကိုင်၍
အသင့်အနေအထားဖြင့်
စိန်ခေါ်လိုက်သည် ...

တလူလူဖြင့် အမွှေးတိုင်၊ ဖယောင်းတိုင်တို့ကတော့ ပူဇော်သူ၊ ဆည်းကပ်သူတို့ကြောင့် ရှိမြဲရှိနေပေတော့သည်၊

—

ဒီနေ့ တနင်္လာနေ့ ရုံးဖွင့်ရက်ဖြစ်၍ သမဆိုင်သို့ ကြည်မိုး စောစီးစွာရောက်လာပြီး ဆိုင်တံခါးဖွင့်၍ သန့်ရှင်းရေးများ ပြုလုပ်နေလိုက်သည်၊ ကြည်မိုးသည် မြို့နယ် သမဆိုင်တွင် ခွဲတမ်းဝေသောအလုပ်ကို လုပ်ကိုင်ရသူဖြစ်လေသည်၊ နံနက် (၈) နာရီထိုးသည်နှင့် သမလူကြီးများ စုံညီစွာ ရောက်ရှိကြသလို ခွဲတမ်းယူရန်အတွက် လူအများလည်း တစ်ယောက်ပြီးတစ်ယောက် တိုးဝှေ့တန်းစီနေကြ၏၊

ကြည်မိုးက ဆန်ခွဲတမ်းဝေသည့်ဘက်တွင် ကိုင်တွယ်ရလေသည်၊ ထိုခေတ်အခါကသမဝါယမခေတ်ဖြစ်သည်နှင့်အညီ သမထုတ်ဈေးက အပြင်ဈေးနှုန်းထက် ထက်ဝက်မျှ ကွာခြားသဖြင့် သမဝါယမသည် လူထုအတွက် အလွန်ပင် အရေးပါလှပေသည်၊

အပြင်ဈေးနှုန်းက ဆန်တစ်ပြည်တစ်ကျပ်ခွဲ ကျပ်ဆိုလျှင် သမထုတ်ဈေးကပြား (၆၀) သာရှိပေ၏၊ ဈေးနှုန်းအဆမတန်ကွာခြားမှုကြောင့် သာမန်ဆင်းရဲသားလူတန်းစားတွင်မက လူလတ်တန်းစားများပင် သမဝါယကို မှီခိုအားကိုးနေကြရလေသည်၊



www.burmeseclassic.com

www.burmeseclassic.com

ညနေ (၄) နာရီဆိုင်ပိတ်ချိန်ရောက်တော့ သမ ဉက္ကဋ္ဌ ဦးမျိုးညွန့်က ကြည်မိုးအားခေါ်၍...

"မောင်ကြည်မိုးရေ"

"ဗျာ - ဆရာ"

"ဒီနေ့ည ငါ့အိမ်မှာ ဘုရားကိုးဆူရှိတယ်ကွ၊ တရားနာပရိသတ်ကို မုန့်ဟင်းခါးကျွေးမှာ၊ အဲဒါ မင်းက ပဲဟင်းအချက်ကောင်းတော့ကူညီစေချင်တယ် ဘယ်လိုလဲ"

"ရတယ်လေ - ဆရာ၊ ကျွန်တော်ချက်ပေးမှာပေါ့"

"အေး - ဒါဆိုရင်တော့ မင်းတစ်ခါတည်း လိုက်ခဲ့ပေတော့ကွာ၊ ပဲဟင်းကအခုကတည်းက ထည့်ချက်မှ အချိန်ကိုက်လောက်ကြမယ်မဟုတ်လား"

"အေး - ဒါဆိုရင်တော့ မင်းတစ်ခါတည်း လိုက်ခဲ့ပေတော့ကွာ၊ ပဲဟင်းကအခုကတည်းက ထည့်ချက်မှ အချိန်ကိုက်လောက်ကြမယ်မဟုတ်လား"

"ဟုတ်ပါတယ် - ဆရာ ဒီလိုလုပ်ပါလား၊ ကျွန်တော် အိမ်ကိုတော့ ခဏပြန်ပြီး အကြောင်းကြားရင်း ရေချိုးပြီးတာနဲ့ စက်ဘီးနဲ့ တန်းလာခဲ့ပါ့မယ်"

"အော် - အေးအေး အဲဒီလိုလည်း ကောင်းပါတယ်၊ လာဖြစ်အောင်တော့ လာခဲ့နော်"

"စိတ်ချပါဆရာ၊ ကျွန်တော် ဆက်ဆက်လာခဲ့ပါ့မယ်"

သို့ဖြင့် ကြည်မိုးသည် စက်ဘီးစီး၍ အိမ်သို့ ပြန်ခဲ့လေတော့သည်။ အိမ်ရောက်တော့ သူ့မိန်းမနွယ်နွယ်ကို အကျိုးအကြောင်းပြောပြကာ ရေမိုးချိုးလိုက်သည်၊ ထို့နောက် အဝတ်အစားအသင့်အတင့်ဝတ်၍ ဦးမျိုးညွန့်တို့ ရပ်ကွက်သို့ ထွက်ခဲ့လေတော့၏။

ဘုရားကိုးဆူကည (၉) နာရီ (၁၀) နာရီခန့်တွင် ပြီးသွား၏။ တရားနာပရိသတ်များကို အိမ်ရှင်မိသားစုမှ မုန့်ဟင်းခါးဖြင့် ဧည့်ခံကြလေသည်၊

"မုန့်ဟင်းခါးပဲ - ဟင်းကတော့ အလွန်ကောင်းဟေ့"

"ကောင်းမှာပေါ့ - ကြည်မိုးချက်ထားတာပဲကိုး"

ဟု အစရှိသဖြင့် ကြည်မိုးချက်သော ပဲဟင်းကို ချီးကျူးလေ၏။ ကျွေးမွေးဧည့်ခံမှုက ပြီးဆုံးသလို ပရိသတ်များလည်း ရှင်းလင်းသွားသောအခါ ဦးမျိုးညွန့်က ကြည်မိုးအား...

"ကျေးဇူးပဲ မောင်ကြည်မိုးရေ၊ ရော့ မင်းအတွက် မုန့်ဖိုး"



စကားအဆုံး ငွေတစ်ရာတန်တစ်ရွက် ထုတ်ပေးကာ ဆက်၍...

"ပဲဟင်းတွေရော၊ မုန့်ဖတ်တွေရော အများကြီးပိုသေးတယ်ကွ၊ မင်းအိမ် စားဖို့နဲ့ ရပ်ကွက်ထဲဝေလို့ရသလောက်ဝေဖို့ ယူသွားကွာနော် - ကြည်မိုး"

ဒီလိုနဲ့ ဦးမျိုးညွန့်အိမ်မှ ဟင်းရည်ထည့်ကိုင်းဆွဲချိုင့်ကြီးဖြင့် တစ်ဖက်မှ ဆွဲ၍ ကျန်လက်တစ်ဖက်က မုန့်ဖတ်ထည့်ထားသော လက်ဆွဲခြင်းကို ဆွဲ၍ ပြန်ခဲ့လေသည်၊ အချိန်ကားည (၁၁) နာရီပင် ကျော်လောက်ပေပြီ၊

ဦးမျိုးညွန့်တို့ရပ်ကွက်မှ မိမိနေထိုင်ရာသို့ကပ်ကျော်ပြည်လုံးချမ်းသာဘုရားကြီး၏အရှေ့ဘက်မုခ်ဝမှဝင်၍အနောက်ဘက်မုခ်ဝကိုဖြတ်လျှင် ခရီးက အလွန်နီးသောကြောင့် ကြည်မိုးသည် ဘုရားထဲသို့ ဝင်လိုက်၏။

"ဒီက ဖြတ်တာက မြန်လိမ့်မယ်၊ နို့မဟုတ်ရင် တစ်ကွေ့တစ်ပတ်ကြီးသွားနေရရင် မလွယ်ဘူး"

တစ်ကိုယ်တည်းတွေး၍ ခပ်သွက်သွက်ပင်လျှောက်လိုက်သည်၊ ထိုခေတ်အခါက ဘုရားတန်ဆောင်းများ၊ သာသနိကအဆောက်အအုံ များသည် အချိန်ပြည့်ဖွင့်ထား၍ ခရီးသွားဧည့်သည်များ တောင်းရမ်းစားသောက်သူ အခြေအနေ မဲ့များနှင့် ရှိနေတတ်ကြသည်မို့ ဘုရားကြီး၏ အချို့ဇရပ်တန်ဆောင်းထဲတွင် လူများအိပ်နေကြ၏။

ကြည်မိုးသည် ဘုရား၏ အနောက်မုခ်ဝသို့ထွက်လာသည်နှင့် မိမိနောက်မှ ကပ်၍လိုက်လာသောခြေသံကို ကြားလိုက်ရ၏။

လူတစ်ယောက်ဟုထင်၍ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်၊ မတွေ့၊ ဘာမှမတွေ့သဖြင့် ကြည်မိုးဆက်၍ လျှောက်လာသည်၊

"ရှပ် - ရှပ်"

ဟော - နောက်ကခြေသံ ကြားလိုက်ပြန်သည်၊ ကြည်မိုးရပ်၍ သေသေချာချာပင် ကြည့်လိုက်၏၊ မတွေ့ရပါ၊ ဘာမှမတွေ့ရသဖြင့်စိတ်ထဲတွင်အနည်းငယ် သံသယဝင်လာ၏၊ ငါ့ကိုတော့ စမ်းနေပြီဟု တွေးလိုက်ကာ...

"အေး - မင်းလိုက်ခဲ့ - ကြည်မိုး ဘာကောင်လည်းဆိုတာ မင်းသိချင်ရင် လိုက်သာလိုက်ခဲ့ဟေ့၊ အကြောင်းသိသွားရစေမယ်"

ထိုသို့ပြောပြီး ကြည်မိုးသည် ဆက်လျှောက်လာရာ မန်ကျည်းပင်ကြီးအနားသို့ ရောက်သောအခါ နောက်မှလိုက်



www.burmeseclassic.com

www.burmeseclassic.com

လာသော ခြေသံမှ ပျောက်သွားလေသည်။ ဒါကိုပင် ကြည်မိုးက ...

"ဘာလဲ - ဟော့ကောင် မင်းမလိုက်တော့ဘူးလား၊ မလိုက်ရဲရင်လည်း ဒီနားကသာ စောင့်နေ၊ ငါပြန်လာခဲ့မယ်"

ထိုသို့ပြောပြီး အိမ်သို့ရောက်သည်နှင့် ချိုင့်နှင့် လက်ဆွဲခြင်းကို ထားခဲ့ပြီး ဘောင်းဘီတိုကို လဲဝတ်၍ ...

"မနွယ် - အဲဒီမုန့်တွေကို တောင်ဘက်အိမ်က ငတိုးကို ပတ်ဝန်းကျင်လည်း ဝေလိုက်လို့ပြောလိုက်၊ ကျန်တာတော့ သူတို့လည်းစား၊ နင်လည်း စားချင်စား၊ ငါ အပြင်သွားလိုက်ဦးမယ်"

စကားအဆုံး ကြည်မိုးသည် ဓားမကိုယူ၍ ထွက်လာခဲ့လေသည်။ မနွယ်က ...

"တော်က အချိန်မရှိ ဓားကြီးနဲ့ ဘယ်သွားမလို့လဲ"

"ဆရာတို့အိမ်မှာ ထင်းခွဲပေးရဦးမှာ၊ စက်ဘီးကလည်း အဲဒီမှာ ကျန်ခဲ့တယ်၊ ငါသွားလိုက်ဦးမယ်၊ ကလေး သိပ်ရင်း အိပ်တော့"

စကားအဆုံးတွင် မန်ကျည်းပင်အောက်သို့ ထွက်လာခဲ့လေသည်၊ အပင်အောက်ရောက်သောအခါ ခါးထောက်၍ ...

"ကဲ - ငါ့နောက်က လိုက်လာတဲ့ကောင်၊ ထွက်ခဲ့ - ဘာအခုမှ ပုန်းနေတာလဲ၊ ကြည်မိုးတဲ့ကွ၊ ငါ × × မသားတွေ သတ္တိမရှိဘဲနဲ့ လာမစမ်းနဲ့"

အပင်ကြီး၏အောက်တွင် မည်းမှောင်နေ၏။ မီးရောင်ကလည်း မရှိသလို ကြယ်အလင်းရောင်လောက်သာ ရှိသောကြောင့် ကိုယ့်လည်ပင်းကို ကိုယ် မမြင်ရပေ။

"ထွီ - အလကားကောင်တွေ၊ မအေ × × တွေ၊ ငါ့လာစမ်းလို့ကတော့ မျိုးပြုတ်သွားမယ်မှတ်"

ကြည်မိုး စကားဆုံးရုံသာ ရှိလေသည်၊ သစ်ရွက်သစ်ကိုင်းများ လှုပ်သံကြားလိုက်ရပြီး ...

"ဖုတ် - ရှပ် - ရှပ်"

ကြည်မိုး နောက်ကျောဘက်သို့ ခုန်ချလိုက်သံကို ကြားလိုက်ရ၍ လှည့်ကြည့်လိုက်ရာ အရပ် (၆) ပေခန့်ရှိသော အဖြူရောင်အရိပ်ကြီးတစ်ခု ရပ်နေသည်ကို ရုတ်တရက် တွေ့လိုက်ရလေသည်။

. ကြည်မိုးကလည်း ခေသူမဟုတ်ပေ၊ လက်ထဲမှ ဓားမကြီးကို ကိုင်၍ အသင့်အနေအထားဖြင့် စိန်ခေါ်လိုက်သည်၊



"လာလေ - ရှေ့တိုးခဲ့၊ တိုးလာလို့ကတော့ အသေပဲ"

ဖြူဖြူရိပ်ကြီးဆီမှ အသံသြသြကြီးက ပီပီသသထွက်လာ၏။

"လက်နက်မပါကြေးရမလား"

ကြည်မိုးကလည်း ခေါင်းခါ၍ ဓားမကို လက်တွင် ဆ၍ ...

"ငါ ပါချင်ပါမှာပေါ့"

"လက်နက်ပါရင်တော့ မရတော့ဘူး၊ မင်းက ငကြောက်ပဲ"

သရဲ၏မခံချိမခံသာစကားကြောင့် ကြည်မိုး စိတ်ခုသွားကာ လက်ထဲတွင် ကိုင်ထားသောဓားကို ပစ်ချ၍ ...

"ဓားမပါလည်း မင်းလိုကောင်ကို အမှုန့်ချေပစ်လို့ရတယ်ကွ"

ဟုပြောကာ အရိပ်ဖြူကြီးဆီသို့ တစ်ဟုန်ထိုးပြေးဝင်ကာ နပန်းလုံးသတ်လေတော့၏။ အာဂမောင်ပင် ဖြစ်တော့သည်။

"ယား - ဖုန်း - ဖုန်း"

"× × × × × × × ×"

တစ္ဆေလားသရဲလား သန်ဘက်လားတော့ မသိပါ၊ ကြည်မိုးကတော့ လုံးဝအကြောက်အလန့်မရှိဘဲ ထိုးကြိတ်ထတ်ပုတ်နေတော့သည်၊

နပန်းပွဲက သူတစ်ပြန်ကိုယ်တစ်ပြန်ပင် ကြည်မိုးက လဲသွားလျှင်ပြန်ထ၍ ချပြန်သည်။ အချိန်ကြာလာသည်နှင့် အမျှ လက်ပန်းကျ၍ မောနေကြတော့သည်၊

သည်တွင် အရိပ်ဖြူကြီးက ...

"ဒီနေ့တော့ ဒီလောက်ပဲကွာ မင်းလည်း မောနေပြီ၊ ငါလည်း မောနေပြီ၊ နောက်နေ့မှ ဆက်ချမယ်၊ ရော့ - မင်းအတွက် ရွှေမန်ကျည်းသီးတောင့် တစ်ဆစ်"

ကြည်မိုး လှမ်းယူပြီးကြည့်လိုက်ရာ ညအမှောင်ထဲတွင် မသဲကွဲပေ၊

ကြည်မိုးသည် နဖူးမှချွေးများကို သုတ်ရင်း ...

"မင်းညွှာက ရွှေရော ဟုတ်ရဲ့လားကွ"

"တစ္ဆေက ဘယ်တော့မှ မညာဘူး၊ တစ်ပတ်တစ်ခါ မင်းနဲ့ငါ နပန်းလုံးမယ် မင်း လာမယ်မဟုတ်လား"

ကြည်မိုးက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"အေးလေ - မင်းအဖော်ရအောင်ငါ လာကစားမယ်၊ အား ကျွတ် ကျွတ်"

တစ္ဆေက ထပ်မံ၍ ...

"မင်းကို ငါ ရွှေမန်ကျည်းသီးတစ်ဆစ်ပေးတာ ဘယ်သူ့မှ မပြောနဲ့၊ မင်း ကတိပေးနိုင်လား"

"အေး - ငါဘယ်သူ့မှ မပြောဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်းပြီးရော-ငါသွားပြီ"

ဟုဆိုကာ မန်ကျည်းပင်ပေါ်သို့ တက်သွားလေတော့သည်။ သစ်ခက်လှုပ်သံများသာ ကြားလိုက်ရပြီး ဘာမှမမြင်ရတော့ပေ။ တစ္ဆေပျောက်ကွယ်သွားသည်နှင့် ကြည်မိုးသည်လည်း ဦးမျိုးညွန့်အိမ်သို့ စက်ဘီးသွားယူကာ အိမ်သို့ ပြန်ခဲ့လေတော့သည်။ အိမ်ရောက်သောအခါ (၁၂) နာရီပင် ထိုးပြီးနေပြီဖြစ်၍ မနွယ်က အိမ်တံခါးထဖွင့်ပေးရင်း...

"တော့်မှာလည်း သွားလိုက်တာ ဘယ်အချိန်ရှိနေပြီလဲ"

ကြည်မိုးသည် နွယ်နွယ်စကားကို ပြန်မဖြေဘဲ အိမ်ရာထဲသို့ တန်းဝင်ခဲ့ကာ...

"ငါ့ကိုခြေထောက်တွေလက်မောင်းတွေဆေးလိမ်းပေးစမ်းပါ၊ညောင်းကိုက်နေလို့၊ အင်း-ကျွတ်-ကျွတ်"

နွယ်နွယ်သည် ပရုပ်ဆီဘူးကိုယူ၍ ဆေးလိမ်းပေးနေ၏။ ကြည်မိုးက ခါးကြားတွင်လိပ်ထားသော တစ္ဆေပေးလိုက်သောအရာအား မီးရောင်အောက်တွင် သေချာကြည့်လိုက်သောအခါ မန်ကျည်းသီးတစ်ဆစ်ပုံစံရှိသော ရွှေအတုံးလေးကိုတွေ့လိုက်ရလေသည်။ ကြည်မိုးမှာအံ့ဩသွားမိ၏။

နွယ်နွယ်က ကြည်မိုးလက်ထဲမှ ရွှေတုံးကလေးကိုကြည့်၍...

"အဲဒါ ဘာလေးလဲ ယောက်ျား"

"လမ်းက ကောက်ရတာပါကွာ၊ မနက်ကျရင် တင်အောင်ထွန်းကိုခေါ်ပြီး စစ်ခိုင်းလိုက်၊ ကံကောင်းရင် ရွှေဖြစ်ချင်ဖြစ်နေမှာ ကြားလား"

"အင်းပါ"

ဟုဆိုကာ နွယ်နွယ်သည် ရွှေမန်ကျည်းသီးအဆစ်ကလေးကို ဘုရားကျောင်းဆောင်ပေါ်ရှိ ယွန်းခွက်ကလေးထဲသို့ထည့်ထားလိုက်လေတော့သည်။

━

ဤသို့ဖြင့် ကြည်မိုးသည် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို အမှုမဲ့အမှတ်မထားမိဘဲ ရုံးတက်ရုံးဆင်းကိုပုံမှန်အတိုင်း သွားလာမပျက် ရှိနေခဲ့ရာ သုံးရက်မြောက်ညတွင် မိမိနှင့် နပန်းလုံးခဲ့သောတစ္ဆေကို အိပ်မက်ထဲတွင် တွေ့ရလေသည်။ တစ္ဆေက (၇) ရက်ပြည့်လျှင် သူနှင့်နပန်းလုံးရန်သတိပေးပြောဆိုကာ ပျောက်သွားလေသည်။

နံနက်မိုးလင်းသောအခါ ညက အိပ်မက်ကြောင့် တစ္ဆေပေးလိုက်သော ပစ္စည်းအား သတိရကာ အလုပ်မသွားခင် ထမင်းကြမ်းစားရင်း...

"မနွယ်-မင်းကို ငါ ဟိုနေ့က ပေးထားတဲ့ဟာလေး စစ်ဆေးပြီးပြီလား"

နွယ်နွယ်က ခဏစဉ်းစားလိုက်ပြီး အမှတ်ရသွားဟန်ဖြင့်...

"အော် - မစစ်ရသေးဘူး၊ ကျုပ်လည်း မေ့နေလို့ ဈေးသွားရင်း ပန်းထိမ်မှာ ဝင်ပြီးကြည့်လိုက်မယ်လေ"

ကြည်မိုးသည် ဘာမှမပြောတော့ဘဲ စားသောက်ပြီးသည်နှင့် အလုပ်သို့ထွက်သွားလေတော့သည်။ ညနေအလုပ်ဆင်းတော့ ခါတိုင်းလိုပဲ ပုံမှန်အတိုင်းအိမ်သို့ တန်းပြန်လာခဲ့လေသည်။ အိမ်သို့ရောက်သည်နှင့် နွယ်နွယ်က ပြုံးရွှင်သောမျက်နှာဖြင့် အားရဝမ်းသာ ဆီးကြို၍...

"ယောက်ျားရေ ဟန်ကျတာပဲ"

ကြည်မိုးက မျက်မှောင်ကြုတ်၍...

"ဒီမိန်းမကလည်းအရင်းမရှိအဖျားမရှိနဲ့"

နွယ်နွယ်က "ဝမ်းသာလွန်းလို့ပါတော်" ဟုဆိုကာ ပိုက်ဆံအိတ်ကိုဖွင့်၍...

"ဒီမှာကြည့်စမ်း ယောက်ျား"

"ဟ - ငွေတွေအများကြီးပါလား၊ ဘယ်က ငွေတွေလဲ"

"တော်ပေးတဲ့ရွှေအတုံးလေးက ရွှေအစစ်တော့်၊ ကျုပ်တို့ကို သူတော်ကောင်းမလိုက်တာပဲ၊ တစ်ကျပ်သားအတိရှိတယ်။ အဲဒါ ကျုပ်ရောင်းလာခဲ့တာ ထောင့်ခြောက်ရာကြီးတောင်ရတယ်တော့်။ ဟီးဟီး-ကျုပ်ဖြင့် ဘယ်လိုပျော်မှန်းတောင် မသိပါဘူး"

နွယ်နွယ်ကတော့ ဘာမှမသိပါ။ ကြည်မိုးကတော့ သိလိုက်၏။ စိတ်ထဲတွင်...

"အင်း-တစ္ဆေကတော့ ကတိတည်သား၊ ငါ့ဘက်ကလည်း တည်မှ ဖြစ်မယ်"

ဟု စိတ်ထဲမှတွေးရင်း...

"အေး - အေး - ကံကောင်းလို့ ကောက်ရတာ၊ လူတွေကို လျှောက်ပြောမနေနဲ့ဦး"

"အင်းပါတော့် - မပြောပါဘူး"

ကြည်မိုး၏ အတွေးထဲမှာတော့ တစ်ပတ်ပြည့်ရန်သာ ဆုတောင်းနေမိသည်။ ဒါမှ တစ္ဆေနှင့်တွေ့လျှင် ကျေးဇူးတင်စကား ပြောရဦးမည်။

"မင်း ဆွမ်းလေးဘာလေးချက်ပြီး ဘုန်းကြီးကျောင်း သွားကပ်လှူဦး"

"အမလေး ကျုပ်က စိတ်ကူးပြီးသားပါ"

"ဒါဖြင့်လည်းပြီးရော - ငါ ရေချိုးလိုက်ဦးမယ်"





www.burmeseclassic.com

www.burmeseclassic.com

"ချိုး - ချိုး - ရေအပြည့် ခပ်ထားတယ်"

နွယ်နွယ်ကတော့ တစ်သက်နှင့်တစ်ကိုယ်တွင် မရဘူးသော ငွေကြေးကို ပိုင်ဆိုင်ရ၍ အပျော်ကြီးပျော်နေပါသည်။

သမဆိုင်တွင် ခွဲတမ်းဝေသော လူတစ်ယောက်အဖို့ တစ်နစ်ခန့် မသုံးဘဲ စုလျှင်တောင် အဲဒီလောက်ရဖို့ မလွယ်ပေ။

ကြည်မိုးကတော့ ထူးဆန်းသော မိမိ၏အဖြစ်အပျက်ကို အံ့ဩနေမိသည်။ နောက်တစ်ခါတစ္ဆေနှင့်တွေ့လျှင်တောင် ဒီလိုပဲ ပေးဦးမှာလားဟုတွေးရင်း...

---

ကြည်မိုးသည် သူလည်း လောကီသားပေမို့ လောဘစိတ်ကြောင့် ပင် တစ္ဆေနှင့် တစ်ပတ်တစ်ခါတွေ့၍ နပန်းလုံးတိုင်းချုပြီး ရွှေတစ်ဆစ်က တစ်ဆစ်ကို ရယူနေခဲ့လေသည်မှာ ဆယ်ကြိမ်ထက်မနည်း ရှိလေ၏။

တစ်နေ့တစ္ဆေနှင့်တွေ့သောညတွင် တစ္ဆေမှာ အခါတိုင်းလို နပန်းလုံးတိုင်း မဆော့တော့ဘဲ ငြိမ်ချက်သားကောင်းနေလေ၏။

ကြည်မိုးက ခါးတောင်းမြှောင်အောင်ကျိုက်၍...

"ဟော့ကောင် - လာလေကွာ ချမယ်လေ"

တစ္ဆေက စိတ်ပျက်သံဖြင့်...

"မချချင်ပါဘူးကွာ"

တစ္ဆေကမန်ကျည်းပင်ခြေရင်းတွင် ထိုင်၍မလှုပ်မယှက်ပင် ကြည်မိုးလည်း တစ္ဆေကို မခံချင်အောင် ဆွလေသည်။

"ဘာလဲ - မင်းက သတ္တိမရှိတော့ဘူးလား၊ လာစမ်းပါကွ - တစ်ပွဲလောက်နွဲလိုက်ကြရအောင်"

တစ္ဆေက မလှုပ်၊ ငုတ်တုတ်ပင်။ တစ္ဆေ၏ ထူးခြားမှုကြောင့် ကြည်မိုး လည်းလက်လျှော့ကာဘေးတွင်အသာ ဝင်ထိုင်ရင်း...

"မင်းဘာဖြစ်နေတာလဲ၊ အခါတိုင်း လိုလည်းမဟုတ်ဘူး။မင်းမှာအခက်အခဲ ရှိနေရင် ငါ့ကိုပြောလေ၊ ငါတတ်နိုင်တာ ဆိုရင် ကူညီပေးပါ့မယ်"

တစ္ဆေက ခြောက်ကပ်ကပ်လေသံ ဖြင့်...

"မင်း မကူညီနိုင်ပါဘူးကွာ"

"ပြောကြည့်စမ်းပါ၊ ငါကူညီနိုင်ရင် ကူညီမှာပေါ့"

တစ္ဆေက သက်ပြင်းချ၍...

"တကယ်တော့ငါက တစ္ဆေမဟုတ် ဘူးကွ"

"ဒါဆို ဘာလဲ၊ သရဲလား"

"သရဲလည်းမဟုတ်ဘူး၊ငါက သိုက်စောင့်ကွ"

ကြည်မိုး အံ့ဩသွားကာ...

"ဟေ - သိုက်စောင့် ဟုတ်လား၊ ဒါဆို မင်းတို့သိုက်က ဘယ်မှာလဲ"

"အစကတော့ ဒီဘုရားအနီးမှာပဲ အခုတော့ ငါတို့ ပြောင်းရတော့မယ်"

"အော် - မင်းတို့က ပြောင်းရတော့မှာကိုး၊ ဒါနဲ့ ဘယ်ကို ပြောင်းကြမှာလဲ"

"တော်တော်ဝေးတယ်ကွ၊ မင်းနဲ့ လည်းတွေ့ရမှာမဟုတ်တော့ဘူး။နောက်ပြီး ငါလည်း ဆုတောင်းမပြည့်တော့ ပါဘူးကွာ"

"မင်းက ဘာဆုတောင်းထားလို့လဲ"

"သာသနာပြုမယ့် မိန်းကလေး တစ်ယောက် သိုက်နန်းရှင်ကြီးက အရှာ ခိုင်းထားတာကွ၊ သူ့လက်ထဲကို ရတနာ တွေအပ်ပြီး သူတို့က ဘဝကူးတော့မှာ။ ဒါငါလည်းအခုထိရှာနေတာ မတွေ့ပါ ဘူးကွာ၊ ရတနာဆိုတာ ထိုက်မှရတာ ကိုး"

တစ္ဆေ၏စကားဆုံးတော့ ကြည်မိုး မျက်နှာတွင် ဝမ်းသာရိပ်များ ထင်ဟပ် လာပြီး တွေ့လိုက်သည်၊ ရတနာတွေ အပ်ဖို့ ထိုက်တန်တဲ့အမျိုးသမီးကို ရှာနေတာဆိုတော့ လောဘသားပီပီ အသိ တရားဖြင့် မဆင်ခြင်နိုင်တော့ဘဲ...

"ဒါများကွာ ဘာခက်တာမှတ်လို့၊ ငါရှာပေးနိုင်ပါတယ်၊ အဲ - မင်းတို့က ရတနာတွေအပ်မယ်လို့ဆိုတာ တကယ် လား"

"တကယ်ပေါ့ကွ၊မင်းမယုံဘူးလား၊ မယုံရင် ငါပြမယ် ကြည့်"

တစ္ဆေသည် ထိုသို့ပြောပြီး မန်ကျည်းပင် အခေါင်းပေါက်ထဲသို့ လက်နှိုက်၍ပြန်ထုတ်လိုက်သောအခါ တစ္ဆေ ၏လက်ထဲတွင် ရွှေထည်ပစ္စည်းမျိုးစုံကို တစ်ဆုပ်ကြီး ပါလာရလေသည်။

ကြည်မိုး၏ မျက်လုံးများ ဝင်းလက် သွားလေသည်။

"ဒါက နည်းနည်းပဲ ရှိသေးတာ၊ ရတနာတွေက လှည်းကိုးစီးတိုက်လို့ တောင် မကုန်နိုင်ဘူးကွ၊ ဒါတွေကို မြင် တိုင်း ယူလို့မရဘူး။ သာသနာပြုမယ့် မိန်းကလေးကို တွေ့မှ ပေးရမှာတွေပဲ"

တစ္ဆေက ရွှေများကို သစ်ခေါင်းထဲ ပြန်ထည့်လိုက်သောအခါ သစ်ခေါင်းမှာ သူ့အလိုလို နဂိုအသားအတိုင်း ပြန်ပိတ် သွားလေ၏။

ကြည်မိုးသည် ဆန္ဒစောစွာဖြင့်...





www.burmeseclassic.com

www.burmeseclassic.com

"သာသနာပြုတဲ့မိန်းမက ဘယ်သူမဆိုရတယ်မဟုတ်လား"

"အပျိုတော့ မရဘူး၊ သားယောက်ျားလေးမွေးထားတဲ့ စနေသမီးပဲရမယ်"

"ဒါဆိုရင်တော့ မင်း စိတ်ချပေတော့၊ ငါ သူ့ကို ခေါ်လာခဲ့မယ်"

ဟု အားရဝမ်းသာစွာ ပြောလိုက်၏။

"သူ့အိမ်က အုပ်ထိန်းသူက သဘောတူပါ့မလား"

ကြည်မိုးက ရင်ကိုကော့၍...

"အုပ်ထိန်းသူက ငါပဲကွ၊ ငါကျေနပ်တယ်လေ၊ ပြီးပြီပေါ့။ ဘယ်ကိုလာခဲ့ရမလဲပြော"

တစ္ဆေက ကြည်မိုးကို...

"မင်း ကတိတော့ မဖျက်နဲ့နော်"

"အေးပါ - စိတ်ချပါ ငါ ကတိပေးပါတယ်"

ကြည်မိုးစကားအဆုံးတွင် ရုတ်တရက်ဆိုသလို မန်ကျည်းပင်ကြီးတစ်ခုလုံး လှုပ်သွားလေတော့သည်။

"ဝုန်း - ဝေါ - ဝေါ"

မည်သည့်လေမျှ တိုက်နိုက်ခြင်းမရှိပါဘဲ ထူးဆန်းသောကြောင့် ကြည်မိုးသည် အနည်းငယ် ကြောင်သွားလေသည်။

တစ္ဆေက ထိုင်ရာမှထ၍ ကြည်မိုးအား...

"ဒါဆိုရင် မင်းပြန်တော့ ဒီနေ့ညစပြီး မင်းမိန်းမကို (၇) ရက်အတွင်း ငါတို့လာပြီး ခေါ်မယ်၊ ပစ္စည်းတွေလည်း အပ်မယ်၊ ကတိပျက်ရင် မင်း အပြစ်ဒဏ်ခံရမယ် ရော့၊ မင်းအတွက် ရွှေတစ်ဆစ်"

ဟု ပေးပြီး စကားအဆုံးတွင် မန်ကျည်းပင်ကြီးပေါ်သို့တက်၍ ပျောက်ကွယ်သွားလေတော့သည်။ ကြည်မိုးလည်း မိမိလက်ထဲမှ ရွှေလက်တစ်ဆစ်ကို ဆုပ်ကိုင်၍နောင်သိပ်မကြာခင်ရက်ပိုင်းတွင် ဒီထက်မက များပြားသောရွှေများကို ပိုင်ဆိုင်ရပြီး ချမ်းသာတော့မည်ဟုတွေးကာ အပျော်ကြီးနေမိတော့၏။

မိမိ၏ လောဘကြောင့် ဘာတွေဖြစ်လာဦးမည်ကို မသိနိုင်ဘဲ စိတ်ကူးတို့ဖြင့် ကျေနပ်နေမိသည်။ အော် - လောဘ - လောဘ ကြည်မိုးကိုလောဘက ဒုက္ခပေးတော့မည်ကို သူ မသိနိုင်ပါတကား။

---

ကြည်မိုးသည် အခါလည်အရွယ်သားလေးကို ရင်ခွင်ထဲသို့ထည့်၍ နို့တိုက်ရင်း၊ ကလေးကစားစရာအရုပ်များဖြင့် ထိန်းရင်း မိန္မယ်ဈေးအပြန်လာ

စောင့်မျှော်နေမိ၏။ ဒီနေ့က ရုံးပိတ်ရက်ဆိုတော့ ရုံးသွားစရာမလိုပေ။

နွယ်နွယ်က တော်တော်နှင့် ပြန်မလာ။ ကလေးက တအီအီနှင့်ငိုချင်လာသည်။ ကြာလာတော့ ဘယ်လိုမှထိန်းမရတော့ဘဲ အသံဖြုကြီးနှင့် ငိုချလေတော့သည်။

"ဝါး - ဝါး - အီး - အီး"

"ဟာ - ဒုက္ခပါပဲကွာ၊ ဘယ်လိုကြောင့်အဲဒီလောက်ကြီးငိုနေရတာလဲ၊ တိတ်တိတ်သားလေးအဖေထချော့ပေးမယ်"

ဟုဆိုကာ ကလေးကို ချီ၍ ထချော့နေ၏။ သို့သော် - ကလေးက မတိတ်ပေ။ ငိုမြဲတိုင်း ငိုနေ၏။

"တောက် - ဒီမိန်းမကလည်း ဈေးသွားတာ အဲဒီလောက်တောင် ကြာရတယ်လို့"

"ဝါး - ဝါး"

ကလေး၏ငိုသံကြောင့် ကြည်မိုးစိတ်ညစ်နေတော့၏။ သည်တွင် အိမ်ရှေ့တွင် သစ်ခေါက်ရောင်ဝတ်ဆင်၍ အညိုရောင်ပုဝါကို ခေါင်းပေါင်းလျက်လည်းပင်းတွင် ကြေးပုတီးကြီးဆွဲထားသော အသက် (၈၀) ကျော်ခန့်အဘိုးအိုတစ်ဦး ရောက်လာကာ အိမ်ရှေ့တွင် ရပ်နေ၏။ ထို့နောက် အဘိုးအိုက...

"အပဟမ်း"

အဘိုးအို၏ချောင်းဟန့်သံကြောင့် ကြည်မိုးသည် ကလေးကိုချီလျက် အိမ်ရှေ့သို့ ထွက်လာပြီး အဘိုးအိုကို ကြည့်၍...

"အဘ ကိစ္စရှိလို့လား"

တစ်ခါမျှ မမြင်ဘူးသောကြောင့် စူးစမ်းသလိုကြည့်ရင်း မေးလိုက်၏။ အရေးထဲကလေးကလည်း အငိုမတိတ်၊ အဘိုးအိုက အိမ်ထဲထိဝင်လာပြီး ထိုင်လိုက်သည်။

"အေး - ကိစ္စရယ်လို့တော့ မရှိပေဘူး၊ ရေသောက်ချင်တာနဲ့ ဝင်လာခဲ့တာ"

ရေတစ်ခွက်ခပ်ပေးလိုက်၏။

"ရော့ - အဘ ရေသောက်ပါဦး"

အဘိုးအိုသည် ကြည်မိုးခပ်ပေးသောရေကိုသောက်နေရင်းအိမ်အတွင်းသို့ မျက်လုံးဝေ့၍ကြည့်လိုက်သည်။

ကြည်မိုးကလည်း အဘိုးအိုအား အလွတ်မပေးဘဲ ထူးဆန်းနေသလို ခံစားရ၍ လိုက်၍ ကြည့်နေမိသည်။ သည်ကြားထဲ သားကလည်း တကုတ်မတတ်ပင် ငိုနေ၏။

အဘိုးအိုသည် သောက်ရေခွက်အတွင်းမှကျန်ထားသောရေဖြင့်ကလေးအား ဖြန်းလိုက်ပြီး နှုတ်မှတတွတ်တွတ်

www.burmeseclassic.com

လူလေးဟာ ဟိုးနှစ်ပေါင်း (၂၀၀၀) ကျော်က
မြို့စားကြီးရဲ့ သိုက်စောင့်တွေနဲ့တွေ့ပြီး
ရတနာပစ္စည်းကို လိုချင်တပ်မက်မိတာ
ကြောင့် နှုတ်ကတိတစ်ခု ပေးမိသွားခဲ့တယ်။
သူ့မိန်းမကို သိုက်က ရတနာတွေ
ဆက်ခံပြီး ထိန်းသိမ်းဖို့အတွက်
စကားလွန်သွားခဲ့တာကြောင့် မကြာခင်မှာပဲ
နွယ်နွယ်ခိုတဲ့ ဟောဒီသမီးကို
သူ့ယောက်ျားရဲ့ သဘောတူခွင့်ပြုချက်နဲ့
လာခေါ်ကြတော့မယ် ...

ရှုတ်ဆိုလိုက်ရာ အံ့ဩစရာကောင်း လောက်အောင်ပင် အဆက်မပြတ်ငိုနေသောကလေးမှာ နို့ထားသောစက်ကို ရပ်လိုက်သည့်ပမာ ချက်ချင်းပင် အငိုတိတ်သွားလေ၏။

ကြည်မိုး အံ့အားသင့်စွာကြည့်နေစဉ် ထိုအဘိုးအိုသည် ထရပ်လိုက်ပြီး ...

“ဇေယျမန္တိတ်ကျောင်းကို ဘယ်လိုသွားရမလဲကွဲ့”

“ဒီလမ်းအတိုင်း တည့်တည့်သွား ဘယ်ချိုးရင် ရောက်ပြီ - အဘ”

“အေး - သာဓု - သာဓု - သာဓု”

စကားအဆုံးတွင် အဘိုးသည် တရွေ့ရွေ့ဖြင့် ထွက်သွားလေတော့သည်၊ ညစ်နွမ်းဟောင်းစုတ်နေသော လွယ်အိတ်ကြီးကို လွယ်၍ ထွက်သွားသော အဘိုးအိုကိုကြည့်နေရင်း မိမိရင်ထဲတွင် တစ်စုစုကို ခံစားမိနေ၏။

နွယ်နွယ် ဈေးမှ ပြန်ရောက်လာသောအခါ ...

“ယောက်ျားရေ - ဒီနေ့တော့ ပြော ကို မပြောချင်တော့ပါဘူး”

ဟု အစချည်၍ လက်ဆွဲခြင်းကို ချကာ ...

“ဈေးထဲမှာ ကျုပ်ကို မိန်းမကြီး တစ်ယောက်က ဟိုဘဝက သူ့သမီးပါ ဆိုပြီး အမျိုးစပ်နေလို့တော့”

ကြည်မိုးသည် အသာပင် နား ထောင်၏၊ နွယ်နွယ်က တလေးကို လှမ်းချီရင်း နို့လှန်တိုက်ကာ ...

“မကြာခင် ကျုပ်ကို လာခေါ်မယ် တဲ့၊ လူကတော့ ချမ်းသာပုံပေါ်တ



တော့ လက်ဝတ်လက်စားကတော့ အပြည့်ပဲ၊ ကျုပ်တို့တော့ ကံကောင်းချင် လို့လား မသိဘူး၊ ဘဝဟောင်းက မိဘ ကတော့ အမွေပေးတော့မယ် ထင် တယ်”

ကြည်မိုးသည် စဉ်းစားသလိုဖြင့် ...

“ဘယ်ကလို့ ပြောသလဲ”

“အဲဒါတော့ ကျုပ်လည်း မမေး လိုက်မိဘူး”

“ဟူး - ဒီတစ်ပတ်အတွင်း တခြေ ကလည်း လာခေါ်မယ်လို့ပြောထားတာ၊ ရတနာတွေကရှေးမှာ၊ အခုတစ်ခါလည်း ဘယ်ကမှန်းမသိတဲ့ သူတွေနဲ့ လာပြီး တွေ့နေရတာ၊ အင်း - တစ်ခုခုတော့ ထူး ခြားနေပြီ၊ ဒါပေမဲ့ - ငါ့စိတ်ထဲမှာ ဘာလို့ များ လေးနေမိပါလိမ့်”

ဟု တွေးနေရင်း နှုတ်မှ ...

“အို - ဘာမှ တော့ မဖြစ် တန် ကောင်းပါဘူး”

နွယ်က နားမလည်ဖြင့် ...

“ဘာတွေ တွေးနေတာလဲ - ယောက်ျား၊ ဘာဖြစ်လို့လဲဟင်”

“အော် - ဘာမှ မဟုတ်ပါဘူး”

ထိုနေ့က ထူးဆန်းသောအဖြစ် အပျက်များကြောင့် ကြည်မိုးတစ် ယောက်သည် တစ်နေကုန် ဘယ်မှ မထွက်တော့ဘဲ အိမ်ထဲတွင် သား ကလေးထိန်းရင်း အချိန်ဖြုန်းနေမိ၏။ ညရောက်တော့လည်း တော်တော်ဖြင့် အိပ်မပျော်ပေ၊ ဟိုဟိုဒီဒီစဉ်းစားရင်း မေးခနဲ အိပ်ပျော်သွားရိုက် အိပ်မက်ထဲ တွင် တခြေရောက်လာပြီး ကြည်မိုးအား





www.burmeseclassic.com

www.burmeseclassic.com

ကြည့်၍ လက်ဟန်ခြေဟန်ဖြင့် ပြောဆိုနေ၏၊ ကြည်မိုးသည် တစ္ဆေပြောနေသော အဓိပ္ပာယ်ကို နားမလည်၍ "ဘာပြောသလဲ" ဟုမေးရာ အသံက ထွက်မလာပေ၊

တစ္ဆေသည် ကြည်မိုးကို ဘာမှမပြောတော့ဘဲ နွယ်နွယ်အား လက်ယပ်လှမ်းခေါ်လိုက်သည်၊ နွယ်နွယ်က သနပ်ခါးအဖွေးသားနှင့် ဆံပင်ဖားလျားချ၍ ဝတ်စုံအသစ်ဝတ်ထား၏၊ ထို့နောက် တစ္ဆေအနီးသို့ လျှောက်သွားလေသည်၊

နွယ်နွယ်ကိုကြည့်ရသည်မှာမိမိကို အလေးမထားဘဲ မိတ်ဟောင်းဆွေဟောင်းနှင့် တွေ့နေသလိုပင် နွယ်နွယ်နှင့် တစ္ဆေတို့ ရယ်ရယ်မောမောဖြင့် စကားလက်ဆုံကြနေကြ၏၊ ကြည်မိုးက လေသံမာမာဖြင့် ...

"နင် - ဘာလုပ်နေတာလဲ အခုလာခဲ့"

ဟု လှမ်းခေါ်လိုက်၏၊ သို့သော် - နွယ်နွယ်သည် ကြည်မိုးအား လှည့်၍ပင်မကြည့်ဘဲ တစ္ဆေနှင့်သာ ရယ်မောပြောဆိုနေကြသည်၊ ခဏကြာတော့ အမျိုးသမီးကြီးတစ်ယောက် ရောက်လာပြီး နွယ်နွယ်အား ဖြူဖွေးသောပန်းပွင့်များဖြင့် ကြိုပက်လာပြီး လက်ကိုဆွဲ၍ အိမ်အပြင်သို့ ထွက်သွားလေတော့သည်၊

ကြည်မိုးသည် ထိတ်လန့်သွားရကာ နွယ်နွယ်အား လှမ်းဆွဲကာ ...

"မိနွယ် - နင် ဘယ်ကိုသွားမလို့လဲ - မသွားရဘူး - မသွားရဘူး"

နွယ်နွယ်သည် ကြည်မိုးအား စိတ်မကောင်း၍ ညှိုးငယ်သောမျက်နှာဖြင့် လှမ်းကြည့်လိုက်ပြီး ...

"ကိုကြည်မိုး - တော်ပဲ သဘောတူ ခွင့်ပြုပြီး ကတိပေးလိုက်တာလေ၊ ကျွ[illegible] သွားရတော့မယ်"

"မဟုတ်ဘူး - မဟုတ်ဘူး - ငါ မသိ[illegible] လို့ ပြောလိုက်မိတာပါ၊ နင်မရှိလို့ မဖြစ်[illegible] ဘူး၊ မသွားပါနဲ့ - မသွားပါနဲ့ - ဟာ [illegible] မိနွယ် - မိနွယ်"

ကျယ်လောင်စွာဖြင့် နှုတ်မှ အသံ[illegible] ထွက်သွားကာ ကြည်မိုးတစ်ယောက် အိပ်ရာမှလန့်၍ နိုးလာခဲ့သည်၊ ချွေး[illegible] တို့ကလည်း ရွှဲနစ်နေ၏၊ မိမိ၏ဘေးသို့ ငဲ့ကြည့်လိုက်သောအခါ မိနွယ်မှ[illegible] တုတ်တုတ်မျှမလှုပ်ဘဲ ကလေးကို ရင်[illegible] ခွင်ထဲ၌ သိပ်ထားလျက် အိပ်နေသည်[illegible] အိပ်မက်ဆိုးမက်၍ စိတ်တွေ [illegible] ယောက်ယက်ခတ်ပြီး ချောက်ချား[illegible] သည်၊ တစ္ဆေအား ကတိပေးခဲ့မိသော မိမိကိုယ်မိမိလည်း နောင်တရလို့မဆုံးရှိနေတော့သည်၊ ကြည်မိုး မအိပ်ရဲတော့ပါ၊ မိုးကလည်း လင်းခါနီးပြီဖြစ်၍ သားအမိနှစ်ဦးဘေးတွင် မီးထွန်း၍ ထိုင်နေလိုက်တော့သည်၊

နားထဲတွင် တစ္ဆေ၏ "မင်းကတိဖျက်ရင် ပြစ်ဒဏ်ခံရမှာနော်" ဟူသော စကားသံတို့ကို ပဲ့တင်ထပ်မျှ ကြားနေရသည်၊ ကြောက်ရွံ့စိတ်ဖြင့် မြန်မြန်မိုးလင်းပါစေဟုသာ ဆုတောင်းနေမိတော့သည်၊

---

နံနက်မိုးလင်းသောအခါ နွယ်နွယ် ဈေးသွားခါနီးတွင် ကြည်မိုးက ...

"မိနွယ် - နင့်ကို ငါမှာစရာ ရှိတယ် သေချာနားထောင်"

"ဘာမှာမလို့လဲ - ယောက်ျား၊ စားချင်တာရှိရင် မှာလိုက်လေ"

"အဲဒါ မဟုတ်ပါဘူး၊ ငါမှာချင်တာ နင်ဈေးသွားတဲ့အခါ ကိုယ်မသိတဲ့သူတွေနဲ့ စကားမပြောနဲ့နော်၊ နောက်ပြီး လိုက်လည်း မသွားရဘူး၊ ကြားလား၊ ဈေးဝယ်ပြီး အိမ်ကိုပဲ တန်းပြန်လာခဲ့"

နွယ်နွယ်က ကြည်မိုးကို အထူးအဆန်းသဖွယ်ကြည့်၍ ...

"အမလေးတော် - ကျုပ်ကလေး မဟုတ်ပါဘူး - ဘာများလဲလို့ - ကဲ - သွားမယ်"

နွယ်နွယ်သည် ထိုသို့ပြောပြီး နောက်ဈေးခြင်းကိုဆွဲ၍ထွက်သွားလေ၏၊ ကြည်မိုးက အိမ်ရှေ့ထိ လိုက်လာပြီး ...

"မြန်မြန်ပြန်ခဲ့နော် - ကလေးငိုနေမှာစိုးလို့"

ဟု ထပ်မံ၍ အော်လိုက်ပါသည်၊ ထို့နောက် တံမြက်စည်းကိုယူ၍ အိမ်ဝိုင်းအနှံ့ပင်အမှိုက်လှဲနေလိုက်၏၊ သည်တွင် အနောက်ဘက် ခြံစည်းရိုးနားတွင် မြွေနှစ်ကောင်ကို ခေါင်းထောင်လျက် လှမ်းတွေ့လိုက်ရသောကြောင့် လန့်၍နောက်သို့ ခုန်ဆုတ်လိုက်ကာ ကြည့်နေမိ၏၊

"ရှူး - ရှူး"

မြွေနှစ်ကောင်မှာ နာမှုတ်သံပြင်းပြင်းဖြင့် တရှူးရှူးမှုတ်ကာ ကြည်မိုးအား ငြိမ်သက်စွာ ကြည့်နေကြသည်၊ ကြည်မိုးလည်း မှင်တက်စွာပင် ကြည့်နေရင်းမှ လက်ထဲတွင်ကိုင်ထားသော တံမြက်စည်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလေသည်၊ အတန်ကြာအောင် ငြိမ်သက်စွာရှိနေသော မြွေနှစ်ကောင်သည်



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကို ဖြည်းညင်းစွာချ၍ ခြံစည်းရိုးအပေါက်မှ ထွက်သွားလေတော့သည်။

ကြည်မိုးလည်း ထိုအခါမှပင် သက်ပြင်းချနိုင်တော့သည်၊ ဘယ်တုံးကမှ မတွေ့ဘူးသော မြွေကြီးနှစ်ကောင်မှာ ဘယ်လိုရောက်လာကြသလဲဟုစဉ်းစားနေမိ၏၊ အကောင်ကလည်း လူကြီးလက်မောင်းလုံးခန့် ရှိသည်၊ အနက်ရောင်အပေါ်တွင် အဝါပြောက်များပါရှိပြီး အရှည်မှာ (၆) ပေခန့်ရှိမည် ထင်၏။

အမှိုက်လှည်းပြီး၍အိမ်ပေါ်သို့တက်မည်အပြုတွင် လှေကားခြေရင်း၌ ကြီးမားသော မြွေကြီးတစ်ကောင်ကို ထပ်မံ၍တွေ့လိုက်ရသောကြောင့် ကြည်မိုးမှာ မျက်လုံးပြူး၍သွားရလေသည်၊

ဘုရား – ဘုရား – ငါ့အိမ်ထဲမှာ ဘယ်ကမြွေတွေရောက်နေပါလိမ့်၊ ဒုက္ခပါပဲ၊ ကလေးကလည်းအပေါ်မှာအိပ်နေဆဲ၊ မြွေကြီးသာ အိမ်ပေါ်တက်သွားလိုက်ရင်…

ကြည်မိုးမှာ ဆောက်တည်ရာမရ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏၊ မြွေကြီးက လှေကားရင်းတွင် ခေါင်းထောင်လျက် ငြိမ်နေ၏၊

ထိုစဉ် နွယ်နွယ်သည် ဈေးမှပြန်ရောက်လာပြီး အိမ်ရှေ့တံခါးဖွင့်၍ ဝင်လာလေသည်၊ ကြည်မိုးသည်လည်း နွယ်နွယ်အား တွေ့သည်နှင့် အလန့်တကြားဖြင့် …

“မိနွယ် – ရှေ့ကို မတိုးနဲ့၊ မလာနဲ့၊ မလာနဲ့ ရှေ့မှာ မြွေကြီး”

ကြည်မိုး၏ အော်သံကြောင့် နွယ်နွယ်မှာ သတိထားမိသွားကာ မြွေကြီးအား တွေ့မြင်လိုက်ရ၍ ကြောက်သွားကာ …

“အမလေး – မြွေကြီး – အကြီးကြီးပဲတော့်၊ လုပ်ပါဦး ကိုကြည်မိုးရယ်၊ ကျုပ်ကျုပ် ကြောက်တယ်တော့”

ကြည်မိုးသည် လက်ထဲမှ တံမြက်စည်းဖြင့် အဝေးမှနေ၍ …

“ဟိတ် – ရှူး – ရှူး – သွား – သွား – သွားလေ”

ဟု လှမ်း၍ ခြောက်လှန့်လေ၏၊ သို့သော် – မြွေကြီးက ထွက်မသွားသည့်အပြင် ခေါင်းကြီးကိုယမ်း၍ တရှူးရှူးဖြင့် နာမှုတ်နေလေသည်၊

လင်မယားနှစ်ယောက် သားမှာ ကယ်ပါယူပါ တစာစာဖြင့် အော်ဟစ်၍ အကူအညီတောင်းသဖြင့် အိမ်နီးချင်းများ ထွက်လာကြလေသည်၊ သို့သော်လည်း မြွေကြီးကို မြင်လိုက်ရသည်နှင့် မည်သူမှ အနားမကပ်ရဲကြချေ၊

“ဟာ – နည်းတဲ့ အကောင်ကြီး မဟုတ်ပါလား၊ ဘယ်လိုရောက်လာပါလိမ့်”

“ဟုတ်ပါ့ဗျာ – တို့အနီးအနားမှာ တစ်ခါမှ ဒီလိုမြွေကြီးမျိုး မတွေ့ဖူးပါဘူး”

လူအများမှာ ဝိုင်းအုံကြည့်ရှုနေရုံမှလွဲ၍ မည်သူမှ အနားမကပ်ရဲကြချေ၊ ထိုစဉ် ဩဇာသံပါသောအသံဖြင့် အော်ငေါက်သံကို ကြားလိုက်ရ၏၊

“ဟိတ် – ကိုယ့်နေရာကိုယ်သွားစမ်း”

ဟု ပြောလိုက်သောအသံမှာ ဟိန်းထွက်လာကာ သစ်ခေါက်ရောင်ဝတ် အဘိုးအိုတစ်ဦးသည် အိမ်ဝိုင်းထဲသို့ ဝင်လာလေသည်၊ အဘိုးအိုဝင်လာသည်နှင့် မြွေကြီးမှာ ချက်ချင်းဆိုသလို ဦးခေါင်းနိမ့်ချ၍ခြံအနောက်ဘက်မှတစ်ဆင့် အိမ်နောက်ဖေးချုံတောထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားလေတော့သည်၊ ထူးဆန်းလှ၍ လူအများမှာ အံ့ဩစွာ ရှိနေကြ၏၊

ကြည်မိုးသည် အဘိုးအိုကို တွေ့သည်နှင့် မှတ်မိသွားရကာ …

“မနေ့ကလာတဲ့ အဘပဲ၊ အဘ အိမ်ပေါ်ကို ကြွပါဦးခင်ဗျာ”

သို့ဖြင့် အဘိုးအိုသည် အိမ်ပေါ်သို့ တက်၍ ထိုင်လိုက်သည်၊ ကြည်မိုးတို့ လင်မယားနှင့် အိမ်နီးချင်းများလည်း အဘိုးအို၏ဘေးတွင် ဝင်ထိုင်လိုက်ကြလေ၏၊

“ကျေးဇူးတင်လိုက်တာ – အဘရယ်၊ အဘသာမကယ်ရင် သမီးတို့တော့ ဒုက္ခရောက်မှာ”

“ဒါက ဒုက္ခမဟုတ်သေးပါဘူး၊ တကယ့်ဒုက္ခအစစ်ကို သမီးတို့ ခံစားကြရဦးမှာကွဲ့”

“ရှင် – ဘာ – ဘာဖြစ်လို့လဲဟင် အဘ”

အဘိုးအိုသည် ကြည်မိုးကို ကြည့်လိုက်သည်၊ ကြည်မိုးက မျက်နှာလွှဲ၍ ခေါင်းငုံ့နေလိုက်၏၊ အဘိုးအိုက သက်ပြင်းချ၍ …

“ဟင် – စကားတစ်ခွန်း၊ ကတိတစ်လုံးကို လွယ်လွယ်မပြောသင့် သလို လွယ်လွယ်လေး ကတိမပေးရဘူးကွဲ့၊ ကြမ်းကျွံရင် နုတ်လို့ရပေမယ့် စကားကျွံရင် နုတ်လို့မရနိုင်ဘူး”

အဘိုးအို၏ စကားအဓိပ္ပာယ်ကို ကြည်မိုးမှလွဲ၍ မည်သူမှ နားမလည်ကြပေ၊ သည့်တွင် ကြည်မိုးသည် အဘိုးအို၏ ခြေအစုံကို ဦးတိုက်၍ ရှိုက်ကြီးတငင် ငိုကြွေးကာ …





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်မှားပါတယ်အဘိုးရယ်၊ ဟီးဟီး – ကျွန်တော်တို့ကို ကယ်ပါဦး၊ အဘိုးရယ် ကျွန်တော်တို့မိသားစုကို ကယ်ပါဦးနော်၊ ကျွန်တော် ဘာပဲလုပ်ရလုပ်ရပါ လုပ်ပါ့မယ် – ဟီး"

ငိုရှိုက်ပြောနေသော ယောက်ျားဖြစ်သူကိုကြည့်၍ နွယ်နွယ်မှာ အံ့ဩစွာဖြင့် ကြည့်ရင်း အသံတုန်တုန်ယင်ယင်ဖြင့် ...

"ကိုကြည်မိုး – တော် ဘာတွေလုပ်ထားပြန်တာလဲ၊ ကျုပ် – ကျုပ်ကိုလည်း ပြောပါဦး"

ကြည်မိုးသည်ကား ဘာမှမပြောနိုင်တော့ဘဲ ငိုရှိုက်သာ နေလေသည်။ အဘိုးအိုသည် တည်ငြိမ်အေးဆေးသော အသံဖြင့် ...

"မန်ကျည်းပင်ကြီးက ပုဂ္ဂိုလ်ထူးကြီးက ငါ့ကို အမိန့်ပေးလို့ မင်းတို့ကို ကယ်ဖို့လာခဲ့တာပဲကွယ့်။ ဒါပေမဲ့ – မင်းရဲ့လောဘစိတ်ကြောင့် မပြောသင့်မပြောထိုက်တဲ့စကားကို မဆင်ခြင်ဘဲ ပြောလိုက်တဲ့အတွက် ထိုက်သင့်တဲ့အပြစ်ကိုတော့ မင်းခံရမှာပဲ လူလေး"

အားလုံးမှာငြိမ်သက်စွာနားထောင်နေကြလေသည်။ အဘိုးအိုကပင်ဆက်၍ –

"လူလေးတို့ရဲ့အသက်ကိုတော့ကယ်လို့ရပါတယ်။ ဒါပေမဲ့ – ပေးဆပ်မှုကတော့ သိပ်ကို ကြီးမားလိမ့်မယ်။ လူလေးဟာ ဟိုးနှစ်ပေါင်း (၂၀၀၀) ကျော်က မြို့စားကြီးရဲ့သိုက်စောင့်တွေနဲ့တွေ့ပြီး ရတနာပစ္စည်းကို လိုချင်တပ်မက်မိတာကြောင့် နှုတ်ကတိတစ်ခုပေးမိသွားခဲ့တယ်။ သူ့မိန်းမကို သိုက်က ရတနာတွေ ဆက်ခံပြီး ထိန်းသိမ်းဖို့အတွက် စကားလွန်သွားခဲ့တာကြောင့် မကြာခင်မှာပဲ နွယ်နွယ်ဆိုတဲ့ ဟောဒီသမီးကို သူ့ယောက်ျားရဲ့သဘောတူ ခွင့်ပြုချက်နဲ့ လာခေါ်ကြတော့မယ်၊ မြွေတွေကို တွေ့ရတာကတော့ ရှေ့ပြေးနိမိတ်ပေါ့ကွယ်။ ဒီတော့ အားလုံးအသက်ရှင်ဖို့အတွက် အဘက သိုက်ကြိုးဖြတ်ပေးမယ်။ မောင်ကြည်မိုးကတော့ ပြစ်ဒဏ်ခံတဲ့အနေနဲ့ ဘွက်ဘွက်ဆိုအောင် ရူးသွားလိမ့်မယ်ကွဲ့၊ မင်းတို့ ဘယ်လိုသဘောရလဲ"

ကြည်မိုးသည်အဘိုးကိုလက်အုပ်ချီ၍ ငိုရင်းမှပင် ...

"ကျွန်တော့်မိန်းမနဲ့ကလေးကိုသာ အသက်ရှင်အောင် လုပ်ပေးပါအဘရယ်၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် ကျေနပ်ပါတယ် – ဟီး – ဟီး"

"အမလေး – ကိုကြည်မိုးရယ် ဒုက္ခတွေတော့ ရောက်ကုန်ပါပေါ့လား၊ အဟင့် – ဟင့်"

ကြည်မိုးတို့လင်မယားအဖြစ်ကို တွေ့မြင်နေရသောသူများမှာ စိတ်မကောင်းဖြစ်ကြရလေသည်။

"ကဲ – သိုက်ကြိုးဖြတ်ဖို့အတွက် ကန်တော့ပွဲ ပြင်ရမယ်။ ပန်းအဖြူနဲ့ ပေါက်ပေါက်၊ နွားနို့၊ ပရိတ်ချည်တို့ လိုအပ်တယ်"

"ရ – ရပါစေမယ် – အဘိုး၊ အဘိုးလိုအပ်တာတွေကို ကျွန်တော် စီစဉ်ပေးပါ့မယ်။ ကျွန်တော့်မိသားစု အသက်ရှင်ပြီး အန္တရာယ်ကင်းရင်ပြီးတာပါပဲ"

ကြည်မိုးသည်ကား ထိုစကားကို မနည်းအားယူ၍ ပြောလိုက်ရ၏။ ရင်ထဲတွင်တစ်စို့နေပြီးနောင်တတွေသာရနေမိတော့သည်။

"မိနွယ် – ကလေးကိုသေချာစောင့်ရှောက်ပါဟာ၊ အသိပညာ၊ အတတ်ပညာရှိအောင်သွန်သင်ဆုံးမပါ၊ ငါ – နင့်အပေါ်မှာ မကောင်းခဲ့တာတွေကို ခွင့်လွှတ်ပေးပါနော်"

"ဟုတ်ကဲ့ပါတော် – စိတ်ချပါ၊ ကျုပ်တော် မှာတာတွေကို သေချာမှတ်ပါ့မယ်"

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် ပွေ့ဖက်၍ငိုနေကြစဉ် နှစ်ဖက်မိဘများလည်း ရောက်လာကြကာ ပြောကြဆိုကြငိုကြဖြင့် သောကတွေပင်လယ်ဝေနေကြလေသည်။ ကြည်မိုး၏ ဘဝတွင် ထိုနေ့က မိနွယ်အား ပြောဆိုသောစကားများမှာ အကောင်းပကတိစိတ်ဖြင့် နောက်ဆုံးပြောခဲ့သော စကားများသာ ဖြစ်ခဲ့သည်ကို သိမသွားနိုင်တော့ပါတကား...။

—

"ဟေး – ဟေး"

"မုန့်စားမလား ကြည်မိုးကြီး ကပြလေ၊ မုန့်ကျွေးမယ်"

"တူ – နယ် – တယ်နယ် – တိန်ဖြောင်"

အရူးကြီးနောက်မှ ကလေးများက အော်ဟစ်၍ နောက်ပြောင်ပြောဆိုကာ ရယ်မောနေကြသည်မှာ လမ်းပေါ်တွင် စည်ကားနေတော့၏။

ဘွက်ဘွက်ဆိုအောင် ရူးနေသော ကြည်မိုးကြီးမှာစကားတစ်ခွန်းမျှမဆိုဘဲ ကလေးတွေက မုန့်ကျွေး၍ အကနိုင်းလျှင် ကသည်၊ သနား၍ထမင်းကျွေးသူရှိလျှင် တောင်းစား၏။ ရန်မမူတတ်ပေ၊ ထမင်းစားလျှင်လည်း ဇေယျာမန္တိတ်ဘုန်းကြီးကျောင်းသို့သွား၍တောင်းစား





www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ဆရာတော်က ကြည်မိုးကြီး အတွက် စားဖို့နှင့် အိပ်ဖို့နေရာကို အမြဲ အဆင်သင့် စီစဉ်ပေးထားလေသည်။ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းဆို သည်ကို လုံးဝ မမှတ်မိတော့ပေ။

တစ်ခါတစ်ရံ မန်ကျည်းပင်ကြီး အောက် သို့ သွား၍ ထိုင်နေပြီး တစ် ယောက်ထဲ အသံတိတ်ခြေဟန်လက် ဟန်ဖြင့် စကားတွေ ပြောနေတတ်၏။

တစ်ခါတလေ တစ်ယောက်တည်း ငိုနေတတ်လေသည်။

မိသားစုမှ ချော့၍ အိမ်ကို ခေါ်ထား သော်လည်း တစ်မိနစ်တောင် မနေပါ။ အော်ဟစ်ပြီး ထွက်ပြေးသွားတတ်လေ သည်။

အရူးမို့ ခွေးတွေက ဝိုင်းကိုက်နေ လျှင်လည်း အံကြိတ်၍ ငြိမ်ခံနေသည်။ အမြင်မတော်သောသူများမှ ခွေးများကို ခြောက်လွှတ်၍ သူ့အား ဆေးထည့် ဆေးကုပေးကြရလေ၏။

တကယ်တော့ ကြည်မိုးသည် လောဘစိတ်ကို မထိန်းနိုင်ဘဲ မပတ် သက်သင့်သော ပရလောကနှင့်ပတ် သက်ပြီး နှတ်မစောင့်ထိန်းမှုကြောင့် ယခုကဲ့သို့ ဝဋ်ကြွေးပေးဆပ်ခဲ့ရခြင်းပင် ဖြစ်၏။ /


မြန်မာစကားပုံတွင် "လက်ကြောင့် ကြေ၊ နှုတ်ကြောင့်သေ" ဆိုသောစကား ကြားဖူးပါသည်။ မမြင်အပ်သော ပုဂ္ဂိုလ် ထူးများနှင့် တွေ့ဆုံကြစဉ် အထူးသတိ ထား၍ အနေအထိုင် အပြောအဆို ဆင် ခြင်သင့်ပါသည်။

နှုတ်မစောင့်ထိန်း၍ အရူးဘဝသို့ ရောက်သွားရပြီးဒုက္ခတွေခံစားပေးဆပ် နေရသောကြည်မိုးသည် (၅) နှစ်ခန့် အထိ အရူးဘဝဖြင့် ရပ်တည်ရင်း သူ ဆဲဆိုကြိမ်းဝါးခဲ့သော မန်ကျည်းပင်ကြီး အောက်တွင် သူ့ဘဝ အဆုံးသတ်သွား ခဲ့ရလေတော့သည်။

ဤအဖြစ်အပျက်အား ပြောပြ သော အငြိမ်းစားကျောင်းဆရာ (ဆရာ ဦးကျော်စိန်) ကို ကျေးဇူးအထူးတင် လျက်....။ လွန်ခဲ့သော အနှစ် (၂၀) ကျော် မှ အဖြစ်အပျက်ကို တင်ပြလိုက်ရပါ သည်။

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ ...





www.burmeseclassic.com

www.burmeseclassic.com

# သူကြီး ဦးအောင်မြတ်

✦✦✦ မောင်မြင့်မား (ဘိုကလေး) ✦✦✦

လွန်ခဲ့သောနှစ်ပေါင်း (၆၀)ကျော်ခန့်က အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်၊ သူကြီးဦးအောင်မြတ်ဟုဆိုလျှင် နယ်တစ်ဝိုက်တွင် မသိသူ ခပ်ရှားရှားဖြစ်သည်၊ အုပ်ချုပ်မှု ကောင်းသည်၊ ဆက်ဆံရေးကောင်းသည်၊ ဘာသာတရား ရှိသေကိုင်းရှိုင်းသည်၊ သတ္တိလည်း ရှိသည်၊ ဓားပြကို အရှင်ရအောင် လက်ရဖမ်းပေးသောကြောင့် နယ်ပိုင်၏ နှစ်လုံးပြူးသေနတ် ချီးမြှင့်ခံရသူဖြစ်သည်၊

ပြောရေးဆိုရေးတွင် တိကျသည်၊ ပြတ်သားသည်၊ စကားပြောရာတွင် တိုတိုတောင်းတောင်း ပြောတတ်သော်လည်း စိတ်ထားဖြောင့်မတ် တည်ကြည်သူ ဖြစ်သည်၊ ဦးအောင်မြတ်ကို တစ်ရွာလုံးက ချစ်ကြောက်ရိုသေကြသည်၊ အလှူအတန်းနှင့်ပတ်သက်၍လည်း သဒ္ဓါတရား ထက်သန်သူဖြစ်သည်၊

ရွာအတွက် ဘုန်းကြီးကျောင်းပြုပြင်ခြင်း၊ သိမ်ဆောက်ခြင်း၊ ရေကန်တူးခြင်း၊ ဆွမ်းစားဆောင် တိုးချဲ့ပြုပြင်ခြင်းတို့တွင်လည်း မိမိကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု၍ ငွေကြေးအတွက်လည်း အကုန်အကျခံ စိုက်ထုတ်ကာ ဆောင်ရွက်သူဖြစ်သည်၊

ထို့ကြောင့် ဦးအောင်မြတ်သည် နယ်တစ်ဝိုက်တွင် ဩဇာတိက္ကမကြီးသူ တစ်ယောက်ဆိုလျှင် လွန်အံ့မထင်၊

တစ်ရက်တွင်ဖြစ်သည်၊ ဦးအောင်မြတ်၏အိမ်တွင် ဆွမ်းခံကြွသော ကိုယ်တော်က ပိုလျှံသော ဆွမ်းဟင်းများကို သယ်ရန် ကျောင်းသားကလေး တစ်ယောက်ကိုခေါ်လာသည်၊ ကျောင်းသားက (၆) နှစ်၊ (၇) နှစ်အရွယ်လောက်သာ ရှိသေးသည်၊ ဦးအောင်မြတ်က -

"ကိုယ်တော် - ကျောင်းသားက ငယ်လှချည်လား၊ အရင်ပါလာတဲ့ ကျောင်းသားက ဘယ်ရောက် သွားလို့လဲ"

"ကျောင်းသားက မြို့မှာ တန်းကျောင်းထားမယ်ဆိုပြီး သူ့မိဘတွေက ပြန်ခေါ်သွားလို့ မရှိတော့ဘူး၊ အခု ဒီကျောင်းသားကတော့ ဦးပဉ္ဇင်း အညာကို ကြွရင်း ဒကာတစ်ယောက်အိမ်မှာ ယင်းဆင်းရဲရဲနဲ့ နေနေတာတွေ့လို့ ခေါ်လာတာ၊ ကလေးက မိဘတွေ တစ်ယောက်မှ မရှိတော့ဘူး၊ သူ့ပုန်အသတ်ခံရလို့ ဆုံးသွားကြပြီ၊ ဦးပဉ္ဇင်းနဲ့သိတဲ့ ဒကာကလည်း မိသားစုကများ၊ သူတို့ဟောင် ထမင်းနပ်မှန်အောင် မနည်းကြိုးကြံစားနေရတော့ ကောင်းကောင်းမွန်မွန် ဘယ်နေရမှာလဲ၊ အဲဒါနဲ့ ဦးပဉ္ဇင်းလည်း သနားလို့ ခေါ်လာတာ၊ ဦးပဉ္ဇင်းကျောင်းမှာလည်း ကျောင်းသားက မရှိတော့ ဖြစ်သွားတာပေါ့"

"ကိုယ်တော့်ကျောင်းသားက ငယ်လွန်းပါတယ်"

ဦးအောင်မြတ်က ကလေးကိုအကဲခတ်သည်၊ ကလေးက ရုပ်ရည်သန့်ပြန့်သည်၊ အသားမဖြူမညိုနှင့် သွက်လက်ချက်ချာပုံရသည်၊

"သား - မင်းနာမည် ဘယ်လိုခေါ်သလဲ"

"အောင်ဖြိုးပါ"

"မင်း မိဘတွေက"

"သေသွားတာ ကြာပါပြီ"

"မင်းမှာ ညီအစ်ကို မောင်နှမတွေကော ရှိလား"

"တစ်ယောက်မှ မရှိပါဘူး"

ဦးအောင်မြတ်က စဉ်းစားသည်၊ သူ့မိသားစုတွင် ဇနီးနှင့်သမီးနှစ်ယောက် အပါအဝင် လေးယောက်သာ ရှိသည်၊ အရေးကိစ္စပေါ်လို့ ခိုင်းစရာယောကျ်ားလေးက မရှိ၊ မိမိမှာက သမီးနှစ်ယောက်ကလည်း ရှိနေတော့ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်ဖို့ရာ ယောကျ်ားကလေးတစ်ယောက်လောက်တော့ ရှိသင့်သည်ဟု စိတ်ကူးမိနေတာ ကြာပြီ၊ အခုတော့ အဆင်သင့်ဖြစ်သွားသည်၊

ဦးပဉ္ဇင်းနှင့် တိုင်ပင်ပြီး မောင်အောင်ဖြိုးကို အပြီးပိုင်မွေးစားမည်၊ ဦးပဉ္ဇင်းအတွက်လည်း ရွာထဲက ကျောင်း





www.burmeseclassic.com

www.burmeseclassic.com

သားကြီးကြီးတစ်ယောက် ရှာပေးလိုက်လျှင် အဆင်ပြေသွားမည်။ ထို့ကြောင့်...

“ဦးပဥ္စင်း တပည့်တော် စိတ်ကူး တစ်ခုရလို့ အကြံပေးပါရစေ”

“ပြောလေ – ဒကာရဲ့”

“ဦးပဥ္စင်းမှာလည်း ဒီကျောင်းသားငယ်ငယ်ကလေး နဲ့ ကူဖော်လောင်ဖက် မရတဲ့အပြင် သူ့အတွက်တောင် စောင့်ရှောက်ဖို့တာဝန်ကြီးနေဦးမယ်။ တပည့်တော်တို့မှာလည်း အိမ်မှာက မိန်းမသားတွေချည်းပဲရှိတော့ ကူဖော်လောင်ဖက် ယောကျ်ားကလေးတစ်ယောက်တော့ လိုပါတယ်။ အဲဒါကြောင့် ဦးပဥ္စင်းအတွက် ကျောင်းသားကြီးကြီးတစ်ယောက် တပည့်တော် ရှာပေးပါ့မယ်၊ မောင်အောင်ဖြိုးကိုတော့ တပည့်တော် အပြီးအပိုင် မွေးစားပါရစေ”

“ဟေ”

“ဘာဖြစ်လို့လဲ – ဘုရား”

“ဘာမှမဖြစ်ဘူး – ဒကာ”

အဲဒီလိုပြောလိုက်တော့ ဦးပဥ္စင်း သိပ်ဝမ်းသာသွားတယ်။ ဦးပဥ္စင်းလည်း သူ့ကို သနားလို့သာ ခေါ်လာတာ၊ ငယ်သေးတော့ သူ့ဝေယျာဝစ္စက ဦးပဥ္စင်းအတွက်အနှောင့်အယှက်ဖြစ်နေတယ်။ သင့်တော်မယ့် ဒကာတစ်ယောက်က မွေးစားရင်တောင်ဦးပဥ္စင်းကပေးဖို့စိတ် ကူးထားတာ၊ ဒကာကြီးလိုလူမျိုးက မွေ စားမယ်ဆိုတော့ ဦးပဥ္စင်းက ဘာပြေ စရာ့လိုတော့လဲ။

“ကဲ – အောင်ဖြိုး – မင်း ကြားတယ မဟုတ်လား၊ မနက်ဖြန်ကစပြီး မင် ဒီဒကာကြီး ဦးအောင်မြတ်အိမ်မှာ လ နေတော့၊ ကျောင်းမှာလို ဘုန်းကြ ဝေယျာဝစ္စတွေ လုပ်ပေးစရာလည် မလိုတော့ဘူး။ ဦးအောင်မြတ်အိ ရောက်ရင်တော့ မင်း လွတ်လွတ်လ လပ် ဆော့ပေါ့ကွာ၊ နေမယ်မဟုတ် လား”

“နေပါ့မယ် – ဘုရား”

ဤသို့ဖြင့် မိဘမဲ့ကလေး မော အောင်ဖြိုးတစ်ယောက် ဦးအောင်မြ အိမ်ကို ရောက်လာခဲ့သည်။ ဦးအော မြတ်က သားသမီးရင်းနှင့်မခြား ပြ စောင့်ရှောက်သည်။ ဦးအောင်မြတ် သမီးနှစ်ယောက်ကလည်းမောင်အငယ ဆုံးကလေးတစ်ယောက် ကောက် သလို ချစ်ကြသည်။

—

မောင်အောင်ဖြိုး (၁၅) နှစ်သ အရွယ်လောက်တွင် ဦးအောင်မြတ် ဇနီးက လေဖြတ်ရောဂါဖြင့် ဆုံးသ သည်။ ဇနီးဆုံးသွားပြီး နောက်ပိုင်း ဦးအောင်မြတ်လည်း တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ဝိပဿနာဆွေးနွေးခြင်း တို့ဖြင့်သာ နေ့စဉ် အချိန်ကို ကုန်လွန်စေခဲ့သည်။ မောင်အောင်ဖြိုးကို ဦးအောင်မြတ် သမီးနှစ်ယောက်က မြို့ကျောင်းတွင် သွားနေရန် တိုက်တွန်းသော်လည်း မောင်အောင်ဖြိုးက ကျေးဇူးရှင်ဦးအောင်မြတ်ကို ကျေးဇူးဆပ်ချင်လို့ ဘာသာရေးအလုပ်ကိုနောက်ဆံမတင်းရအောင် လုပ်ပါစေ၊ အိမ်ကိစ္စ၊ လယ်ကိစ္စကို မိမိက ဦးဆောင်လုပ်ပေးပါမည်ဆိုသောကြောင့် ထိုစကားကို ကြားရသော ဦးအောင်မြတ်ပင် ကျိတ်၍ မျက်ရည်ကျရသည်၊

သားသမီးရင်းမဟုတ်သော်လည်း မိမိက သားသမီးရင်းလို ချစ်သည့်အပြင် ထိုကလေးကပင် မိမိကို မိဘရင်းသဖွယ် တုံ့ပြန်သောကြောင့် မျက်ရည်ကျရခြင်း ဖြစ်သည်။ မောင်အောင်ဖြိုး (၁၈) နှစ် အရွယ်လောက်တွင် ဦးအောင်မြတ်၏ သမီးကြီးက အိမ်ထောင်ကျကာ အတူပင် နေထိုင်ကြသည်။ ဝိုင်းလုပ်ဝိုင်းစား ဖြစ်သည်။ ဦးအောင်မြတ်ကတော့ ရပ်ရေး၊ ရွာရေး၊ ဘာသာရေးကိစ္စများနှင့်ပင် အချိန်ကို အသုံးချနေသူဖြစ်သည်။

အိမ်၏ စားဝတ်နေရေးကိစ္စများကို မောင်အောင်ဖြိုးနှင့် ဦးအောင်မြတ်၏ သမက်ဖြစ်သူတို့က ဦးဆောင်ကာ လုပ်ကိုင်နေသောကြောင့် ဦးအောင်မြတ်က လှည့်ကြည့်စရာမလိုပေ၊ ထိုကဲ့သို့ လှည့်ကြည့်စရာမလိုသောကြောင့်ပင် အိမ်ကိစ္စ လျစ်လျူရှုထား၍ မောင်အောင်ဖြိုး တစ်ယောက် အရွယ်ကလည်း ရောက်လာ၊ အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်းများလည်းရှိလာသောကြောင့် အတော့မြင်အတတ်သင်ဆိုသလို မြည်စမ်းရင်းကနေ အရက်သောက်တတ်လာသည်။

—

ထို့အတူ လောင်းကစားဝါသနာပါသောမိတ်ဆွေသူငယ်ချင်းများနှင့်ပေါင်းမိရင်း လောင်းကစားလေးကလည်းဖက်လာသည်။ ဦးအောင်မြတ်က ဘုန်းကြီးကျောင်းတွင် ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ရင်း ဓမ္မမိတ်ဆွေများက မောင်အောင်ဖြိုးအကြောင်းကို စောင်းပါးရိပ်ခြည် ပြောကြသည်၊ ဦးအောင်မြတ်က မယုံ၊ ခဏခဏပြောပါများလာသောအခါ အကဲခတ်လေ့လာလိုက်တော့ မောင်အောင်ဖြိုး အရက်သောက်တတ်နေကြောင်း သိရှိသွားသည်။

ဦးအောင်မြတ်က လိမ္မာပါးနပ်စွာနှင့် မောင်အောင်ဖြိုး အရက်သောက်တတ်နေကြောင်းကို ဖျောင်းဖျပြောထား





www.burmeseclassic.com

www.burmeseclassic.com



သည်၊ အရက်၏ မကောင်းကျိုးများကို ရှင်းပြသည်၊ မောင်အောင်ဖြိုးက ရိုသေစွာနှင့် ခေါင်းတော့ညိတ်သည်။ ကွယ်ရာတွင်တော့ သူ လုပ်ချင်သလိုလုပ်သည်၊

ဦးအောင်မြတ်မသိသော နောက်တစ်ချက်က မောင်အောင်ဖြိုးတွင် လုယယ်တို့သဘာဝ ရည်းစားသန်ရှိနေခြင်းပင်ဖြစ်သည်၊ မောင်အောင်ဖြိုးရည်းစားကရွာလယ်ပိုင်းက အရက်သွားသောက်နေကျအရက်ဆိုင်ပိုင်ရှင် ဦးဒီပိုး၏သမီးဖြစ် သည်။ အရက် လာသောက် ရင်း မစွန်းရင်းကလည်း ရှိ၊ ကန်စွန်းခင်းကလည်း ငြိကြခြင်းဖြစ်သည်၊

မောင်အောင်ဖြိုး ရည်စားကောင်မလေးက မောင်အောင်ဖြိုးအလျှင် အရက်လာသောက်သောအခြားလူငယ်များနှင့်လည်း အပျော်တွဲကာ ရည်းစားများသူဖြစ်သည်၊ မောင်အောင်ဖြိုးနှင့် တွေ့သောအခါ ဦးအောင်မြတ်၏ အကြောင်းကို တစ်ရွာလုံးက သိသည့် အပြင်ဦးအောင်မြတ်ကစီးပွားရေးအဆင်ပြေသည်၊ ယင်းအတွက် မောင်အောင်ဖြိုးထံမှ ချူစားချင်သောကြောင့် မောင်အောင်ဖြိုးနှင့် တွဲပြနေခြင်းဖြစ်သည်၊

ရည်စားကိစ္စအတွက်မောင်အောင်ဖြိုးမှာ ငွေတော်တော်ရှာရသည်၊ ဦးအောင်မြတ်၏ သမီးအငယ်ထံမှ နည်းမျိုးစုံနှင့် လိမ်တောင်းသည်၊ သမီးငယ်ကလည်းမောင်အောင်ဖြိုးကိုမောင်လေးအရင်းတစ်ယောက်လိုချစ်သောကြောင့် ရှာကြံပေးသည်၊

မောင်အောင်ဖြိုးက အသောက်အစားကိစ္စရော၊ လောင်းကစားကိစ္စရော၊ ရည်စားကိစ္စရော ငွေအမြဲလိုနေ



ကျယ်လောင်သော တောက်ခတ်
သံကြီးတစ်ချက်ကို နောက်ဘက်ဆီမှ
သူ့နောက်မှ တက်လိုက်လာသော
မည်းမည်းအကောင်ကြီး။ မောင်အောင်ဖြိုး
ကြက်သီး ဖြန်းခနဲထသွားကာ
ခေါင်းကြီးက ပုတ်လောက်ကြီးသွားသလို
ခံစားလိုက်ရပြီး နောက်မှ ဆောင့်ဆွဲလိုက်
သောအရှိန်ကြောင့် အောက်ကို
တလိမ့်ကောက်ကွေး ကျသွားတော့သည် ...

သောကြောင့် ဦးအောင်မြတ်၏ သမီးအငယ်ကိုပဲ အမြဲအပူကပ်နေသောကြောင့်ကြာတော့ သူလည်း မတတ်နိုင်တော့ပေ။ ထိုအခါ မောင်အောင်ဖြိုးက လယ်ထဲမှစပါးများခိုးရောင်းသည်။ ကြာတော့ ဦးအောင်မြတ် သိသွားသည်၊

တစ်ရက် ဦးအောင်မြတ် ဘုန်းကြီးကျောင်းမှ ပြန်လာရင်း ဦးဒီပိုးဆိုင်တွင် အရက်သောက်နေသော မောင်အောင်ဖြိုးနှင့် ပက်ပင်းတိုးတော့သည်၊ စပါးခိုးရောင်းသည့်ကိစ္စနှင့်ပတ်သက်၍လည်း ဦးအောင်မြတ်က တော်တော်စိတ်မကောင်းဖြစ်နေသောကြောင့်ဆိုင်တွင်းမှာပင် တော်တော်ဆူပစ်လိုက်သည်၊ အရက်လာသောက်သူများလည်း ဦးအောင်မြတ်ကိုကြောက်၍ ထွက်ပြေးကုန်ကြတော့သည်၊

မောင်အောင်ဖြိုးက ဘာမှပြန်မပြော၊ ငြိမ်၍နားထောင်နေသည်၊ သို့သော်တော်တော်တော့ ရှက်သွားသည်၊ ဘာဖြစ်လို့လည်းဆိုတော့ ဦးဒီပိုးသမီးသူ့ရည်းစားရှေ့မှာ အပြောခံရသောကြောင့်ခေါင်းမဖော်နိုင်အောင်ရှက်သွားခြင်းဖြစ်သည်၊

ထိုနေ့မှစ၍ ဦးအောင်မြတ်ကို မတွေ့အောင် ရှောင်သည်၊ တွေ့လျှင် ဒေါသပေါက်ကွဲမည်၊ ဦးအောင်မြတ်က အိမ်မှာရှိနေလျှင် သူက လယ်ထဲဆင်းသွားသည်၊ အိမ်အောက်မှာ ရှိနေလျှင် သူက အိမ်ပေါ်တက်နေသည်၊ မောင်အောင်ဖြိုးက အဖြိုးအတေးကြီးသည်၊ သူ့မှာ မိဘမဲ့ဖြစ်နေသောကြောင့် အနုလို

www.burmeseclassic.com

အပြောခံရတာပဲဟု သူထင်သည်။ အဓိက နာကြည်းသောအချက်က သူ့အကြောင်းကိုသိသွားသောသူ့ရည်းစား ကောင်မလေးက သူ့ကို အဆက်ဖြတ်လိုက်ခြင်းဖြစ်သည်။

မောင်အောင်ဖြိုးက ဆုံးဖြတ်ချက်တစ်ခုကို အတော်ကြာအောင် စဉ်းစားပြီးမှ ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။ အခွင့်အရေးရသော တစ်နေ့နေ့တွင်ဦးအောင်မြတ်ကို သတ်ရန်ဖြစ်သည်။

—

ထိုနေ့ကား မကြာမီ ရောက်လာပါသည်။ အခြားရွာတစ်ရွာမှ အလှူတစ်ခုလာဖိတ်သောကြောင့် မောင်အောင်ဖြိုး သွားရန်ဖြစ်သည်။ ထိုကဲ့သို့ သွားသောရက်တွင် ဦးအောင်မြတ်၏ သမီးအကြီးနှင့်သမက်ကလည်းအတော်လှမ်းသော မြို့တစ်မြို့ရှိ သမက်၏ မိဘများထံသို့ အလည်သွားနေချိန်၊ အချိန်ကောင်းဖြစ်သည်။ အိမ်ကြီးတစ်လုံးထဲတွင် ဦးအောင်မြတ်နှင့် သမီးငယ်နှစ်ယောက်တည်းသာ ရှိသည်။

မောင်အောင်ဖြိုးက အကြံရှိသည့်အတိုင်းနောက်နေ့အလှူအတွက်ယနေ့ကတည်းက ထိုရွာကိုထွက်လာခဲ့သည်။ အလှူအိမ်တွင် အသိမိတ်ဆွေများကို တစ်ယောက်ပြီးတစ်ယောက် လိုက်နှုတ်ဆက်ကာ ထမင်းစားသည်။ ထမင်းစားပြီး မကွာပ်ထဲမှ ဆိုင်းဝိုင်းကြီးရှိရာသို့ လျှောက်လာကာဆိုင်းနားထောင်သည်။ နားထောင်နေရင်း တွေ့သမျှ အသိမိတ်ဆွေများကို နှုတ်ဆက်သည်။

(၁၀) နာရီကျော်ကျော်လောက်တွင် ဆိုင်းဝိုင်းထဲမှ မသိမသာ ထွက်လာခဲ့သည်။ တစ်ရွာနှင့်တစ်ရွာ သွားလာနေကျမို့ မိုးချုပ်နေသော်လည်း မောင်အောင်ဖြိုးတစ်ယောက် လယ်ကွင်းများကန်သင်းများကိုဖြတ်ကာ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ (၂)နာရီသာသာလောက် လျှောက်လာပြီးနောက် ရွာထိပ်ကိုအရောက်တွင် ဝါးရုံပ်တစ်ခုမှာဝင်ထိုင်လိုက်၍လွယ်အိတ်ထဲမှ အသင့်ပါလာသောအရက်ပုလင်းကို ထုတ်လိုက်ကာ ရဲဆေးတင်လိုက်သည်။

ဆိုင်မှာဝင်သောက်လျှင် လူမြင်နိုင်သည်။ ပုလင်းထဲမှ တစ်ဝက်ကုန်အောင်သောက်လိုက်ပြီး သွေးပူသွားသည်နှင့် ရွာထဲကိုဝင်လာခဲ့သည်။ ဦးအောင်မြတ်အိမ်နားသို့ ရောက်ချိန်တွင် ညဥ့် (၁) နာရီထိုးခါနီးဖြစ်သည်။ မောင်အောင်ဖြိုးသည် လက်ကျန်တစ်ဝက်ထဲမှ နှစ်ငုံလောက် ထပ်မော့လိုက်ကာ အနောက်ဘက်မှ ခြံစည်းရိုးကို ကျော်ဝင်လိုက်သည်။

ကျော်ဝင်လိုက်ချိန်တွင် လူကိုလေဟပ်သလို အေးခနဲဖြစ်သွားပြီး နောက်ကနေ တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သလို တုန့်ခနဲဖြစ်သွားသည်။

နောက်ကိုလှည့်ကြည့်တော့လည်း ဘာမှမတွေ့။ မူးနေလို့ပဲလား။ စိတ်ကထင်လို့ပဲလားဟုတွေးကာ ခြံဝိုင်းထဲမှ သစ်ပင်ပန်းပင်များကို ရှောင်ကာ လျှောက်လာခဲ့သည်။ သို့သော် - မိမိ၏နောက်မှ ခြေသံလိုလို ကြားသောကြောင့်ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ဘာမှမတွေ့။ ဆက်လျှောက်ရန်အလှည့်တွင် ပခုံးကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်သလို ခံစားလိုက်ရပြန်သည်။

သေချာသည်။ စိတ်ထဲက ထင်တာမဖြစ်နိုင်။ မူးနေရအောင်ကလည်း သူသည် ဒီလိုအရက်မျိုးကိုအေးအေးဆေးဆေး နှစ်လုံးလောက်ကုန်အောင် သောက်နိုင်သောကြောင့် ဖြစ်သည်။ တစ်စုံတစ်ယောက်က သူ့ကို ဆောင့်ဆွဲမှန်း သိလိုက်သည်။

ဦးအောင်မြတ်အိမ်မှာ မောင်အောင်ဖြိုးနေလာတာ (၁၀)နှစ်ကျော်ပြီ။ ခြံဝိုင်းထဲမှာ သရဲ၊ တစ္ဆေရှိတယ်ဆိုတာ တစ်ခါဖူးမျှမကြားဘူးခဲ့။ မြင်လည်းမမြင်ဖူးခဲ့။

အခု မိမိကို နှစ်ကြိမ်တိုင်တိုင် ဆောင့်ဆွဲတာ ဘယ်သူလဲ၊ လူကိုတော့ မတွေ့။ ဒါဆိုရင် သရဲ၊ တစ္ဆေတစ်ခုခုဖြစ်မည်ဟု မောင်အောင်ဖြိုး သဘောပေါက်သည်။ သူက ကြောက်တတ်သူမဟုတ်၊ ထို့ကြောင့် မိမိအကြံအစည်အတိုင်း နောက်ဖေးလှေကားမှတက်ရန် နောက်ဖေးဘက်သို့ ပတ်လာခဲ့သည်။ နှစ်ထပ်သစ်သားအိမ်ဖြစ်၍အပေါ်ထပ်ခေါင်းရင်းဘက်တွင်ဦးအောင်မြတ် အိပ်၍ ခြေရင်းဘက်တွင် သမီးငယ်အိပ်သည်။

အိမ်၏ အခြေအနေကို အလွတ်ရနေသူဖြစ်၍ နောက်ဖေးလှေကား ခြေရင်းသို့အရောက်တွင် နောက်မှနေ၍ ဆောင့်ဆွဲသလို ခံစားလိုက်ရပြန်သည်။

"တောက်"

ဒီတစ်ခါတော့ မောင်အောင်ဖြိုးက လှည့်မကြည့်တော့ဘဲတောက်တစ်ချက်ခေါက်လိုက်ကာ လှေကားအတိုင်း တက်လာခဲ့သည်။ ထိုအခါ ...

"တောက်"



www.burmeseclassic.com

www.burmeseclassic.com

ကျယ်လောင်သော တောက်ခတ်သံကြီးတစ်ချက်ကို နောက်ဘက်ဆီမှ ကြားလိုက်ရသည်၊ သူ့နောက်မှ တက်လိုက်လာသော မည်းမည်းအကောင်ကြီး၊ မောင်အောင်ဖြိုးကြက်သီးဖြန်းခနဲထသွားတာ ခေါင်းကြီးက ပုတ်လောက်ကြီးသွားသလိုခံစားလိုက်ရပြီးနောက်မှ ဆောင့်ဆွဲလိုက်သောအရှိန်ကြောင့် အောက်ကို တလိမ့်ကောက်ကွေး ကျသွားတော့သည်။

"အား"

အောက်ရောက်သည်ကိုပင် မသိလိုက်၊ မျက်လုံးထဲတွင် မှောင်အတိကျသွားတော့သည်။

ပြန်သတိရလာချိန်တွင် အနားမှာ ဦးအောင်မြတ်နှင့် သမီးငယ်တို့ မှန်အိမ်တစ်လုံးကိုင်ကာရပ်နေသည်။ဘေးတွင်လည်း ရွာသားသုံးလေးယောက်ကဝိုင်းလျက်၊ အိမ်ပေါ်ကို ရောက်နေခြင်းဖြစ်သည်၊ မောင်အောင်ဖြိုးက တဆတ်ဆတ်တုန်နေသည်၊ ဦးအောင်မြတ်က ...

"မောင်အောင်ဖြိုး - မင်း ဘာဖြစ်တာလဲ"

"ကျွန်တော်မှားပါတယ်အဖေရယ်။ ကျေးမွေးပြုစုစောင့်ရှောက်လာတာကို သတိမရဘဲ အမှားကြီးကို ကျူးလွန်မိ တော့မလို့"

"မင်း ဘာတွေမှားနေလဲ၊ ညနေ က မင်း ဟိုဘက်ရွာက အလှူကို သွာ တာမဟုတ်လား။ အခု ဘာဖြစ်လို့ ဒီကို ပြန်ရောက်နေရတာလဲ"

မောင်အောင်ဖြိုးက သူကြံစည် ထားသောအကြံအစည်နှင့်ဖြစ်ကြောင် ကုန်စင်ကို ပြန်ပြောပြလိုက်သည်၊ ဦ အောင်မြတ်က ခေါင်းတညိတ်ညိတ်န နားထောင်သည်။

"သား - မောင်အောင်ဖြိုး မင်းက ငယ်ငယ်ကတည်းက ဦးပဥ္စင်းဆီကတ ဆင့် မွေးစားလာခဲ့ရပေမယ့် တို့မိသား ဟာ မင်းအပေါ်မှာ အမျိုးရင်းချာလ သဘောထားတာ မင်းအသိပဲ၊ ငယ်ငယ် လေးကတည်းက မင်းကိုအရိပ်တကြည ကြည့်နဲ့ကြည့်လာတာ။ မင်းဟာ ရိုးသာ ကြိုးစားလို့ အဖေရဲ့သားလို့တောင် ဂ ကြားထဲမှာ ဂုဏ်ယူပြီးပြောခဲ့တာ မင် အသိပဲ။ ဒါပေမဲ့ - ကြီးလာမှ လူပေါ်င်းမှာ ပြီး မင်းမလုပ်သင့်တာတွေ လုပ် တယ်၊

အဖေက အသက်ကြီးလာတေ ဘာသာရေးဘက်လှည့်နေတော့မင်း ဂရုမစိုက်မိဘူး။ဂရုမစိုက်မိတာကလည

ငယ်ငယ်ကတည်းကမင်းအကြောင်းကို သိနေလို့ ဒီလိုမျိုး ဖြစ်မယ်လို့လည်း အဖေက မထင်မိဘူး၊ မင်းကို ဆုံးမတာကလည်း မင်းလုပ်ခဲ့တဲ့ အပြုအမူတွေကို ရင်ထဲက မချိလို့ ကောင်းစေချင်တဲ့ စေတနာနဲ့ ဆုံးမတာပါ - သားရယ်၊ အဖေ့မှာ သားကိုဘယ်လောက်အားကိုးသလဲဆိုရင် အချိန်ကျရင် သားနဲ့သမီးငယ်နဲ့ တောင် လက်ထပ်ပေးဖို့ စိတ်ကူးထားပြီးသားပါ၊ သားလည်း ကိုယ့်အမှားကို အခုလိုအမှားမှန်းအသိတရားရလာတာ အဖေ ဝမ်းသာပါတယ် - သားရယ်"

ရွာသားများလည်း ပြန်သွားကြပြီဖြစ်၍ မောင်အောင်ဖြိုးက သူသိချင်နေသော သူ့နောက်ကနေဆောင့်ဆောင့်ဆွဲနေသည့် မည်းမည်းအကောင်ကြီးအကြောင်းကို မေးလိုက်သည်။

"သားမောင်အောင်ဖြိုး သားလည်း အဖေတို့ဆီမှာ နေနေတာ ကြာလှပြီပဲ။ ဒီခြံဝိုင်းထဲမှာ ဒါမျိုးရှိတယ်ဆိုတာ ဘယ်နခါကြုံဖူးလို့လဲ၊ မြင်ရောမြင်ဖူးလို့လား။ ဘုရားရှိခိုးမေတ္တာပို့၊ အမျှအတန်းဝေနေတာ ကြာပြီပဲ။ အဲဒီအပြင် အဖေ အမြဲတမ်း ရွတ်ဆိုနေကျ ဂါထာတစ်ပုဒ်ရှိတယ်၊ ဒီဂါထာကိုတော့ နေ့စဉ်ရွတ်နေကျအပြင် အားတိုင်း၊ သတိရတိုင်း ထုံမွှမ်းနေအောင်ရွတ်တယ်၊ အဲဒီဂါထာကြောင့် အန္တရာယ်ကြီးကြီးမားမား မကြုံတွေ့တဲ့အပြင် အခက်အခဲ ကြုံလာရင်လည်း မမြင်ရ မတွေ့ရတဲ့ပုဂ္ဂိုလ်တွေက အဖေ့ကို စောင့်ရှောက်တယ်လို့ အဖေ ယူဆတယ်၊ ညစဉ် အိပ်ခါနီးတိုင်းလည်း ကိုးခေါက်အမြဲရွတ်တယ်၊ အိပ်ရာထလည်း ရွတ်တယ်၊ သားလည်း ငယ်သေးတော့ တစ်သက်လုံး ဆောင်ထားဖို့ အဖေ ရွတ်ပြမယ်၊ သားလိုက်ရေးပေတော့၊

ဇိနံ ဝန္ဒတ္တ ဂေါတမ

ဇိနံ ဝန္ဒမ ဂေါတမ

ဝိဇ္ဇာ စရဏ သမ္ပန္န

ဂုဒ္ဓံ ဝန္ဒာမ ဂေါတမံ၊

ဒီဂါထာကို ရလာတဲ့အကြောင်းကတော့ ဇာတ်လမ်းကလေးရှိတယ်၊ အခုတော့ ညဉ့်နက်ပါပြီ၊ မနက်မှပဲ ပြောကြရအောင်၊ ကဲ - အိပ်ကြတော့"



www.burmeseclassic.com

www.burmeseclassic.com



# အသက်ဝင်လာသော ဘီလူး

✦✦✦ ဝသုန်ဟိန်းထက် ✦✦✦

"ချက် - ချက် - ချက် - ချက်"

တိုင်ကပ်နာရီမှ စည်းချက်ကျကျ ထွက်ပေါ်နေသော အသံကို ပီပီသသ ကြားနေရသည်အထိ ညက တိတ်ဆိတ်လွန်းလှ၏။ လပြည့်ကျော် သုံးရက်သာရှိသေး၍ လရောင်ရျိုမြမြ၏ ခော်ငွေသွေး ရောင်က မြေပြင်အပေါ် ဖြန်းပက်ဖြာကျနေလေသည်။

"ဒေါင် - ဒေါင်"

သံချောင်းခေါက်သံနှစ်ချက်ထွက်ပေါ်လာသည်အထိ "ဦးဘမောင်" တစ်ယောက် အိပ်မပျော်သေးပါ။ နံဘေးမှာတော့ ဇနီးဖြစ်သူ "ဒေါ်တင်တင်ကြီး" ကို နှစ်ခြိုက်စွာ အိပ်မောကျနေသည်ကို တွေ့ရ၏။ သားသမီးသုံးယောက်မှာမူ အိမ်အောက်ထပ်တွင် အိပ်ကြသည်။ ထို့အတူ ထမင်းချက် ဒေါ်နီကြီး၊ အိမ်ဖော်မလေး သူဇာ၊ ကားမောင်းသမားဖြစ်သူ ကိုတင်ဝင်းတို့ကလည်း အိမ်အောက်ထပ်တွင် အိပ်ကြပါသည်။

တကယ်တော့ ဤ "ကေလာသစံအိမ်ကြီး" သို့ ဦးဘမောင်တို့မိသားစု ပြောင်းလာသည်မှာ နှစ်ရက်သာရှိသေးသည်။ အငြိမ်းစားဝန်ထောက် ဦးဘမောင်သည် ဤအိမ်ကြီးနှင့် ခြံကြီးကို စိုက်ပျိုးရေးလုပ်ရန် မျက်စိကျပြီး ဝယ်ယူခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

ထို့ပြင် ပေါက်ဈေးထက် ဈေးသက်သက်သာသာရ၍လည်း သဘောကျစွာ ဝယ်ယူခဲ့ခြင်း ဖြစ်သည်။

မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသူတွေလည်း ဖြစ်၊ ဝန်ထောက်ဘဝမှာ စုဆောင်းခဲ့တာတွေလည်းရှိတော့ အခုလိုအငြိမ်းစားဘဝမှာ ဤလိုနေရာမျိုးက ဦးဘမောင်တို့အတွက် အသင့်လျော်ဆုံး မဟုတ်ပါလား။ စိုက်ပျိုးရေးသာမက မွေးမြူရေးကိုလည်း တစ်နိုင်တစ်ပိုင် လုပ်နိုင်မည်။ မိမိဝါသနာပါသော စာရေးခြင်း၊ ပန်းချီဆွဲခြင်းကိုလည်း၊ လုပ်ကိုင်နိုင်သော နေရာကောင်းတစ်ခုပင် ဖြစ်ပါ၏။

သို့သော် ပထမညမှာပင် ထူးဆန်းအံ့ဩဖွယ်တို့ကို ဦးဘမောင် တွေ့ကြုံခဲ့ရသည်။ နိုင်နိုင်လုံလုံ၊ တိတိကျကျ မသေချာသေး၍တစ်ကြောင်း၊ အိမ်သားများ ကြောက်ရွံ့ထိတ်လန့်မည်ကို မလိုလား၍တစ်ကြောင်းကြောင့် ဘယ်သူ့ကိုမှ ထုတ်ဖော်မပြောဖြစ်ဘဲ ရင့်နှတ်ပိတ် မျိုသိပ်နေခဲ့သည်။

ယခု ဒုတိယညသို့ ရောက်ခဲ့ပြီး ညနစ်နာရီထိုးပြီကိုလည်း သံချောင်းခေါက်သံအရ သိလိုက်ရသည်။ တစ်အိမ်သားလုံး နှစ်ခြိုက်စွာ အိပ်မောကျနေကြပြီဖြစ်သော်ငြား ဦးဘမောင် တစ်ယောက်ကတော့ အိပ်စက်မပျော်နိုင် ဖြစ်နေရ၏။

"အူ - ဝူး - ဝူး - ဝူး"

ဆွဲဆွဲငင်ငင် ပေါ်ထွက်လာသော ခွေးအူသံ ...

ဦးဘမောင်က စိတ်ထဲမှ ကျိန်ဆဲနေမိသည်။

"တောက် - ခွေးစုတ်တွေက တစ်မျှောင့်"

ခွေးအူသံတွေက ရပ်နားသွားခြင်း မရှိ၊ ဆက်တိုက်ဆိုသလို ထွက်ပေါ်နေသည်။

"အူ - ဝူး - ဝူး - အူး"

"ဂီး - ဂစ်"

ခွေးအူသံနှင့်အတူ လင်ကောင်ပိုးဟုခေါ်သည့် ငှက်ဆိုးထိုးသံကိုလည်း တစ်ဆက်တည်း ကြားလိုက်ရသည်။

"တောက် - ကြက်သရေမရှိတဲ့ အကောင်တွေ"

အိပ်မပျော်ရသည့်အထဲ အမင်္ဂလာအသံများကြောင့် ဦးဘမောင် ဒေါသထွက်နေရသည်။ ထိုစဉ်မှာပင် အိမ်မျက်နှာကြက်နေရာမှ လှုပ်ရှားလာသော အရာတစ်ခု၊

မည်းမည်းသဏ္ဍာန်ကြီးတစ်ခု၊ ဘာမှန်းတော့ အတိအကျမရှိ၊ လရောင်ဝိုးတဝါးမို့ မြင်ကွင်းက မပီပြင်။

ထိုဖြစ်ရပ်မျိုးကို မနေ့ညကလည်း ဦးဘမောင် တွေ့ခဲ့ရပြီး ဖြစ်သည်။ ထိုမည်းမည်းကြီးသည် တဖြည်းဖြည်းနှင့် လူတစ်ရပ်လောက်ရှိသည်ဟု ထိတ်လန့်စရာ တွေ့လိုက်ရသည်။ မျက်နှာကျက်မှ နေ၍ ကျွန်းတိုင်လုံးကြီးတစ်လျှောက် ထိုအရာက လျှောဆင်းလာသည်။

အမှောင်ထဲမှာဆိုပေမယ့် ထိုအကောင်ကြီးသည် လူဝံတစ်ကောင်၊ မျောက်ဝံတစ်ကောင်နှင့် များစွာတူလှ၏။ ကုန်းကုန်းကွကွ ဟန်ပန်အမူအရာမှာလည်း လူသားနှင့်မတူ။ ထိုမည်းမည်းအကောင်ကြီးသည် ဦးဘမောင်တို့ ခြင်ထောင်နံဘေးတွင် လာရပ်လေသည်၊

"ဘုရား - ဘုရား - ဘာ - ဘာကြီးပါလိမ့်"

ဦးဘမောင်မှာ အသံပင်မထွက်ရဲဘဲကြက်သေသေနေမိသည်၊ အော်ဟစ်ရန်လည်း သတိမရ။ အာစေးထည့်ထားသလို ဖြစ်နေပြီး ချွေးစေများက တစ်ကိုယ်လုံး စို့ရွှဲနေရပြီ။ ဘီလူးစီးခံရသလို လှုပ်ရှားလို့လည်း မရ။

"ဟင်း - ဟင်း - ဟင်း - တောက်"

ထိုအကောင်ကြီးသည် ခါးတောက်ရပ်နေရင်းမှ "တောက်" တစ်ချက်ခေါက်လိုက်သည်။ မိမိတို့ဇနီးမောင်နှံကိုမကြေမနပ်ဖြင့် ငုံ့ကြည့်နေသော ထိုမည်းမည်းအကောင်ကြီးကားအခုလိုအချိန်မတော်သန်းခေါင်ကျော်ကာလ၌ထိတ်လန့်ဖွယ်ရာအတိ၊

ဇင်း၏ သက်ပြင်းမှုတ်သံကြီးကလည်း ကြက်သီးထဖွယ် ကောင်းလှသည်။ မျက်လုံးအစုံသည် နီရဲတောက်ပလျက်ရှိပေရာ အမှောင်ထဲမှာ အထင်အရှား ဖြစ်နေ၏၊ အတန်ကြာအောင် ငုံ့ကြည့်နေပြီးမှ ထိုအကောင်ကြီးသည် ခြေသံပြင်းပြင်းနင်းကာ အိမ်အောက်ထပ်သို့ လှေကားမှ ဆင်းသွားသည်ကို အတိုင်းသား ကြားနေရသည်၊

အံ့ဩစရာကောင်းတာက မိမိမှ တစ်ပါး အခြားမည်သူမျှ နိုးသိကြဟန်မတူ၊ "တဒုန်းဒုန်း" ခြေသံကျယ်ကြီးကိုလည်း မည်သူမျှ ကြားကြဟန်မတူချေ၊

"ဘုရား - ဘုရား၊ ကလေးတွေဆီ သွားရင်တော့ ဒုက္ခပါပဲ"

သားသမီးတွေအတွက် စိတ်ပူပန်စွာဖြင့် လူးလိမ့်ထရန် ကြိုးစားသည်၊ မရ၊ သူ့တစ်ကိုယ်လုံးက ခဲဆွဲထားသလို လေးလံနေပြီး လှုပ်ရှား၍မရ၊ မျက်စိက


www.burmeseclassic.com

www.burmeseclassic.com

ဆယ်မိနစ်ခန့်အကြာတွင် အမိုးပေါ်မှ
"တဒုန်းဒုန်း-တဒိုင်းဒိုင်း" အသံများ
ကြားလာရသည်။ ထို့မှသာမက
"တဟင်းဟင်း" ညည်းသံကြီးကိုလည်း
အသည်းအူတုန်ဖွယ် ကြားလိုက်ရသည်။
တောက်ခနဲ တောက်ခေါက်သံကြီး
ထွက်ပေါ်လာချိန်မှာတော့
အားလုံးနေစရာပင် မရှိတော့။
တစ်ယောက်နှင့်တစ်ယောက် အသားချင်း
ထိကပ်ထားကြတော့သည် ...

မြင်နေရသည်၊ နားက ကြားနေရသည်၊ ပါးစပ်က ဟစ်အော်၍မရ၊ ခန္ဓာကိုယ်က လှုပ်၍မရ၊ ထို့ကြောင့် ဘုရားကိုသာ အလီလီတ,ရင်း အောက်ထပ်မှ ဘာ အသံကြားမလဲလို့ ရင်တထိတ်ထိတ် ဖြင့် နားစွင့်နေမိသည်၊

သို့သော် မည်သည့်ထူးခြားအသံမှ မကြားရ။ အထိတ်တလန့် အော်ဟစ်သံလည်းမကြားရပါ။ ဆယ်မိနစ်ခန့်အကြာတွင် လှေကားမှပြန်တက်လာသော ခြေသံလေးလေးကြီးကို ကြားလိုက်ရပြန်သည်၊

"တဒုန်းဒုန်း" ခြေနင်းသံကြီးနှင့် အတူမည်းမည်းအကောင်ကြီးက အပေါ်ထပ်သို့ ပြန်တက်လာပြန်သည်၊ သူ့ခြေလှမ်းတစ်ချက်တိုင်းမှာ သိမ့်ခနဲ - သိမ့် ခနဲလှုပ်ခါသွားသည်ဟု ဦးဘမောင်ထင်သည်၊

သို့သော် အဘယ်ကြောင့်အိမ်သား များက မနိုးကြလေသနည်း၊ အဘယ် ကြောင့် ထိုအသံကို မကြားကြလေ သနည်း၊ ဦးဘမောင် မတွေးတတ်တော့ ပါ၊

ထိုအကောင်ကြီးသည် ကျွန်းတိုင် ကြီးမှတစ်ဆင့် အပေါ်မျက်နှာကြက်သို့ ပြန်တက်သွားပါသည်၊ တက်သွားသည် ဟုဆိုရာတွင်လည်း လူတွေ၊ မျောက်တွေ လိုကုတ်ဆွဲတက်ခြင်းမျိုးမဟုတ်၊ လျှော ခနဲ အသာလေး တက်သွားခြင်း ဖြစ် သည်၊

ထို အခါကျမှ ဦးဘမောင် တစ် ယောက်လှုပ်ရှားနိုင်လာသည်၊ ချွေးစေ





ဝိုရွှဲနေသည့်ကြားမှ ခေါက်ခနဲထထိုင်၍ ဇနီးဖြစ်သူကိုကြည့်တော့ သူ့မှာ ဘာမှ သိပုံမရ၊ နှစ်ခြိုက်စွာ အိပ်မောကျနေဆဲ ဖြစ်သည်၊

ခုတင်ပေါ်မှဆင်း၍ လက်နှိပ်ဓာတ် မီးဖြင့် မျက်နှာကြက်ကို ထိုးကြည့်သည်၊ မျက်နှာကြက်တွင် မည်သည့်အပေါက်မှ မတွေ့ပါ၊ ထူးခြားမှု တစ်စုံတစ်ရာလည်း မမြင်ပါ၊

"အိပ်မက်လေများလား" ဟု ထင် မယောင်ထင်မှား ဖြစ်မိသော်လည်း အိပ် မက် မဟုတ်မှန်း ဦးဘမောင် အသေ အချာ သိနေသည်၊ ထင်ထင်ရှားရှား ပီပီ သသ မြင်ရကြားရသည်များက ဦးဘ မောင်အတွက် အကောင်းဆုံးသက်သေ များဖြစ်နေပါသည်၊

ဒုတိယမြောက်ညတွင်လည်း ချမ်း သာစွာအိပ်စက်ခွင့် ပျောက်ဆုံးခဲ့ရချေပြီ တကား၊

—

တတိယနေ့မှာတော့ ထူးခြားမှုက ပိုကြီးထွားလာခဲ့သည်၊

ထိုနေ့က ဦးဘမောင်သည် မျိုးစေ့ များဝယ်ရန် လေးမိုင်ခန့်ဝေးသောမြို့ပေါ် သို့သွားရောက်ခဲ့သည်၊ ပြန်ရောက်တော့ မှောင်စပျိုးနေလေပြီ၊ ထူးခြားတာက အိမ်သူအိမ်သားများအားလုံးလိုလို အောက်ထပ်ဧည့်ခန်းတွင် စုပြုံနေသည် ကို တွေ့လိုက်ရသည်၊

"ဟင် - ဘာတွေများ ဝိုင်းဖွဲ့စကား ကောင်းနေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ့အမေးကို အိမ်သားများက မည်သူမျှမဖြေကြဘဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်၊ တူညီမှုတစ်ခုက အားလုံး၏မျက် နှာတွင် ကြောက်လန့်စိုးရွံ့မှုများ ဖုံးလွှမ်းထင်ဟပ်နေခြင်းပင် ဖြစ်သည်။

"ဘာတွေဖြစ်နေကြတာလဲ - ပြောကြစမ်းပါဦး"

လေသံကျယ်ကျယ်၊ လေသံမာမာ မေးလိုက်တော့မှ ဇနီးဖြစ်သူ ဒေါ်တင်တင်ကြီးက သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း အခုလိုဖြေ၏။

"ဟူး - ဘယ်က ဘယ်လို စပြောရမှန်းတောင် မသိပါဘူးရှင်၊ ယုံနိုင်စရာတောင်မရှိဘူး၊ ညစာအတွက် ချက်ထားတဲ့ ဟင်းတွေလည်း ကုန်ပြီရှင်"

"ဟေး - ဘယ် - ဘယ်သူစားသွားတာလဲ"

"မသိဘူး - ဘာမှမသိတော့ဘူး၊ အမဲသားဟင်းတစ်အိုးလုံး ကုန်ပြီ၊ အိမ်သားတွေ ဘယ်သူမှ မစားရသေးတာတော့ အသေအချာပဲ၊ ပြီးတော့ သောက်ရေအိုးတွေ၊ အိုးခွက်ပန်းကန်တွေလည်း ပစ်ခွဲထားတယ်"

ဇနီးသည်၏ စကားကြောင့် ဦးဘမောင် မျက်လုံးပြူးသွားရသည်၊

"ဟော - ဒါဖြင့် သူနိုးဝင်တာလာ
သူနိုးဝင်သွားတယ်လို့ ဆိုချင်တာလား
"ရှင့် တပည့် - မောင်တင်ဝင်း
ကျောကုန်းကိုပဲ ကြည့်တော့"

ဇနီးသည်၏ ခပ်ဆန်းဆန်းစကား
ကြောင့် ဦးဘမောင် ကြောင်အမ်းအမ်
ဖြစ်သွားရသည်၊ဒရိုင်ဘာကိုတင်ဝင်းက
အင်္ကျီကို လှန်ပြသည်၊ သူ့ကျောကုန်
တွင် လက်ဝါးရာကြီးတစ်ခု နီရဲနေပြီး
လောင်ဒဏ်ရာကဲ့သို့ဖြစ်နေသော လက်
ဝါးရာကြီးကိုကြည့်ရင်း ဦးဘမောင် တု
လှုပ်သွားရသည်၊

"ဒါ - ဘယ်လို ဘယ်လိုဖြစ်ရတာလဲ
တင်ဝင်း၊ ဘယ်သူ လုပ်သွားတာလဲကွ"

ကိုတင်ဝင်းက ...

"ညက အိပ်မက်ထဲမှာ ဘီလူးကြီ
တစ်ကောင်နဲ့ ပြိုင်ချခဲ့ရတယ် - ဆရာ
ဒီဘီလူးကြီးက ဒီအိမ်မှာ နေတာတဲ့
ကျွန်တော်တို့ကို ဒီမှာမနေဖို့ လာပြော
တာ၊အကြောင်းမသိသေးတဲ့သူစိမ်းတွေ
မို့ ဒီလောက် သည်းခံနေတာတဲ့၊ ကျွန်
တော်လည်း ပြန်ခံချတော့ အခု ဆရာ
မြင်ရတဲ့အတိုင်းပါပဲ၊ အိပ်မက်လို့တော
ပြောရခက်ခက်ပဲ" ဟု ပြော၏။

အံ့ဩစရာ၊ မယုံနိုင်စရာပ
တည်း၊



"နို့ - ဒါနဲ့ မင်း အခု ဘယ်လိုဝေဒနာမျိုး ခံစားနေရသေးတုံး"

"ဆိုးဆိုးရွားရွားတော့ မဖြစ်ပါဘူး ဆရာ၊ စပ်ဖျဉ်းဖျဉ်းနဲ့ ပူပူကြီး ဖြစ်နေတာတစ်ခုပဲ"

"ရှိသေးတယ် - ကိုဘမောင်၊ ကျွန်မ ညနေက ဘုရားသောက်တော်ရေကပ်ပြီး ပရိတ်ရွတ်မယ်လုပ်တုန်း တောက်ခေါက်သံကြီးကို အနီးကပ် ကြားလိုက်ရတယ်၊ ကျွန်မဖြင့် ကြောက်လိုက်တာရှင်၊ လှည့်ပတ်ကြည့်တော့လည်း ဘယ်သူမှ မရှိဘူး၊ ဒါပေမဲ့ - အနားမှာ တစ်ယောက်ယောက်ရှိနေသလိုလေဟပ်ခံရသလို ခံစားနေရတယ်၊ ဒါနဲ့ အပေါ်ထပ်ကို မတက်ရဲတော့ဘူး၊ ရှင်ပြန်မလာခင်က အပေါ်ထပ်မှာ တဒုန်းဒုန်းနဲ့ လျှောက်နေတဲ့ ခြေသံကြီးကို ကျွန်မတို့အားလုံး ကြားကြရတယ်"

"ဟုတ်တယ် - ဆရာ၊ ကျွန်မဖြင့် ကြောက်လိုက်တာ"

ထမင်းချက် ဒေါ်နီကြီးကလည်း တုန်လှုပ်စွာဖြင့် ဝင်ပြောသည်၊ အခုတော့ အိမ်သားအားလုံး အထိတ်တလန့်ဖြစ်နေရချေပြီ၊ ထိုအခြေအနေရောက်မှတော့ ဘာမှဖုံးကွယ်ထား၍မလိုတော့၊ အရင်ညတွေက တွေ့ခဲ့ရသော မည်းမည်းအကောင်ကြီးအကြောင်းကို ခရေစေ့တွင်းကျ ရှင်းပြလိုက်တော့သည်။

"ဟယ် - အမယ်လေးတော်၊ဒီလိုဆို မနေရဲပါဘူး၊ ကြောက်စရာကြီး၊ ကလေးတွေလည်း ရှိသေးတယ်၊ ဒီအတိုင်းဆို ခက်ရချေရဲ့၊ မနေဘူး၊ ပြန်ရောင်းမယ်၊ ဒီအိမ်ကို ပြန်ရောင်းမယ်၊ ဒါထက် အခု ညက ဘယ်မှာ အိပ်ကြမှာတုန်း၊ ဒီအတိုင်းဆို ဘယ်သူမှ မအိပ်ဝံ့ကြတော့ဘူး"

ဒေါ်တင်တင်ကြီး၏ စကားက အားလုံး၏ စကား၊ အားလုံး၏ ဆန္ဒဆိုတာ ဦးဘမောင် သိလိုက်သည်၊ နာရီကို ကြည့်လိုက်တော့ ညနေ ခြောက်နာရီခွဲနေပြီ၊ အချိန်သိပ်မရှိတော့၊

"ကဲ - ဒီလိုလုပ်ကြ၊ ဒီညတော့ ဝမ်းရောင်းတွေ့ ဘုန်းကြီးကျောင်းမှာ သွားအိပ်ကြတော့၊ အိမ်ကိုသော့ခတ်ပြီး ထားခဲ့မယ်၊ ဆရာတော်နှင့်လည်း ဒကာရင်း၊ ဆရာရင်းတွေဆိုတော့ အားနာစရာမလိုဘူး၊ ဒီကိစ္စကိုတော့ ဆရာကောင်းသမားကောင်းနဲ့ရှာပြီး လုပ်ကြမှ ဖြစ်မယ်"

ထိုညက တစ်အိမ်လုံး ဘုန်းကြီးကျောင်းသို့ ပြောင်းရွှေ့အိပ်ကြသည်၊ အိမ်ကြီး၏ ရာဇဝင်ကို စုံစမ်းကြည့်သော်လည်း အထွေအထူးမရှိခဲ့၊ အရင်ကဆို



www.burmeseclassic.com

www.burmeseclassic.com

သို့ ခြောက်သည်၊ လှန့်သည်ဟု မကြားဘူး၊ ဆိုးဆိုးရွားရွား ဖြစ်ရပ်လည်း မရှိခဲ့ဟု သိကြရသည်။ ထို့ကြောင့် စဉ်းစားရ ပိုခက်ကုန်၏။

ရပ်ကွက်လူကြီး သူမများနှင့် တိုင်ပင်ပြီး အကျိုးအကြောင်း ပြောပြသည်။ သူတို့ဆီကလည်း အထွေအထူးမသိရ။

"အိမ်း - ကြားရတာ အဆန်းပါလားဟေ့။ မင်းတို့ အရင်က အိမ်ပိုင်ရှင်တွေ နေသွားတာ နှစ်ပေါင်းမှ မနည်းဘဲ၊ ဘာအသံမှ မကြားရဘူး။ ဘယ့်နှယ် - မင်းတို့ လက်ထက်ကျမှ ဒီလိုအဖြစ်အဆန်းတွေ ကြုံရတာလဲ။ အံ့သြစရာပဲ"

"ဟုတ်ပ - ကောလာသံစံအိမ်က သရဲခြောက်တယ် ဆိုတာ တစ်ခါမှ မကြားဖူးပါဘူး။ အခုကျမှ သရဲက ဘယ်က ဘယ်လို ပေါ်လာတာလဲ"

ကျေးရွာလူကြီးတွေလည်း စဉ်းစားမရ ဖြစ်ကုန်ကြသည်။ ဤသို့ အတိတ်ဆိုး၊ ရာဇဝင်ဆိုး မရှိပါလျက်နဲ့ မိမိတို့ လက်ထက်ကျမှ အဘယ့်ကြောင့် ထိုသို့ ဖြစ်လာရလေသနည်း။ ပြန်ရောင်းမယ် ဆိုပေမဲ့ ချက်ချင်းရောင်းထွက်သည် မဟုတ်။

ထို့ကြောင့် ယခုလက်ရှိ ပြဿနာကို ဖြေရှင်းအဖြေထုတ်ရန် ဦးဘမောင် ဆုံးဖြတ်လိုက်သည်။ အိမ်သားများကို ဘုန်းကြီးကျောင်းတွင်ပင် ယာယီထားရှိစေသည်၊ ဆေးဆရာကြီး ဦးထွန်း၏ လမ်းညွှန်ပြောပြမှုကြောင့် ဦးဘမောင်သည် "ကိုသုည" ထံ ရောက်သွားခဲ့ပါသည်။

တကယ်တော့ ကိုသုညသည် အသက်သုံးဆယ်စွန်းစွန်းသာ ရှိသေးသော လူငယ်ဖြစ်သည်၊ သို့သော် သူ၏ သမထ စရဏအစွမ်းကား လျှော့တွက်၍မရ၊ တောတောင် ဘုရားအဆူဆူတွင် အဓိဋ္ဌာန်အလီလီဝင်ရင်းစရဏစွမ်းအား တွေ ဖြည့်ကျင့်နေသူ ဖြစ်သည်။

လူက ငယ်ရွယ်သော်လည်း ပါရမီကမငယ်။ လူက နုသော်လည်း ဘုန်းကံက မနု၊ ထို့ပြင် စိတ်ကောင်း စေတနာကောင်း ရှိသူလည်း ဖြစ်ရကား ကိုသုည၏ သတင်းမှာ အကောင်းသတင်းချည်း ပျံ့လွင့်နေလေသည်။

ကိုသုညက ဦးဘမောင် ပြောပြသောကိစ္စကို အသေအချာ စုံစမ်းပြီး တတ်စွမ်းသမျှ ကူညီပါ့မည်ဟု ကတိပေးသည်၊ နံနက်ကိုးနာရီတွင် ထိုအိမ်သို့ အရောက်လာခဲ့မည်ဆို၍ ဝမ်းသာအားရ တက်သွားရသည်။

မနက် (၉:၀၀) နာရီအတိ၊



ကိုသုညသည် အုန်း၊ ငှက်ပျောပွဲ ...ား အမွှေးနံ့သာများ ပက်ဖျန်း၍ ဘုရား ...ကျောင်းဆောင်၌ ဖယောင်းတိုင်ကြီးကိုးတိုင်၊ အမွှေးနံ့သာတိုင် ကိုးတိုင်ကို ထွန်းညှိပူဇော်လိုက်သည်၊ ထို့နောက် ကြွေပန်းကန်ပြားတစ်ချပ်တောင်း၍ ၎င်းလွယ်အိတ်ထဲမှ ရွှေရောင်ဖယောင်းတိုင်ကြီးတစ်တိုင် ထုတ်ယူလိုက်၏။ နှစ်...ယက်မပတ်လည်ခန့်ရှိသည့် အင်းပြား...တစ်ချပ်ကိုလည်း ၎င်း၏ ပါးစပ်နားကပ်...က တတွတ်တွတ်နှင့် မန်းမှုတ်နေပြန်...သည်၊

"အဲဒါ - အင်းကို အသက်သွင်းနေ...ဟာဗျ"

အိမ်ပေါ်တွင် စုရုံးရောက်ရှိနေကြ...သော မိသားစုများနှင့် ရွာခံလူများကို ...ကလသားခေါင်းက လေသံတိုးတိုးဖြင့် ...ှင်းပြ၏။ ကောလာသစ်အိမ်ကြီးသည် ...စ်ရွာလုံးအတွက် စိတ်ဝင်စားဖွယ်ရာ ...ဖြစ်၍ နေလေပြီ။

ကိုသုညသည် မန်းမှုတ်ပြီးသော ...်းအင်းချပ်ပေါ်တွင်ရွှေရောင်ဖယောင်း ...ိုင်ကြီးကို မီးထွန်းညှိ လိုက်သည်၊ ...ဂူဖြင့် ထုတ်ထားသော အဝါရောင် ...ယးမှုန့်တချို့ကိုလည်း ဖယောင်းတိုင် ...က်လည်၌ဖြူးချနေသည်ကိုတွေ့လိုက်ရ၏။

"ကဲ - ဦးဘမြင့်နဲ့ အိမ်သားတွေ ဒီမှာရှိနေတဲ့ လူတွေအားလုံး နားထောင်ပါ၊ ကျုပ် အခု ပုတီးစိပ်မယ်၊ အဖြေတစ်ခု သိချင်လို့ စိပ်တာ၊ ဒီအတောအတွင်းမှာ ခင်ဗျားတို့အားလုံး ဒီဘုရားခန်းထဲမှာပဲ နေပါ၊ အပြင်ကို ခြေတစ်လှမ်းမှ မထွက်ပါနဲ့၊ အခုကစပြီး အဝင်၊ အထွက် မလုပ်ကြနဲ့တော့၊ ဒီအခန်းကို ကျုပ်က စည်းသုံးတန် ချထားတယ်၊ ဘာမှလည်း စိတ်မပူကြနဲ့၊ ကြောက်လည်း မကြောက်နဲ့၊ ဘာတွေမြင်မြင်၊ ဘာတွေဖြစ်ဖြစ် ဒီအခန်းထဲက မထွက်ကြနဲ့၊ အမွှေးတိုင်တော့ မပြတ်ထွန်းထား၊ ပွဲက နည်းနည်းတော့ ကြမ်းလိမ့်မယ်"

မှာစရာရှိသည်များ မှာကြားပြီးနောက် ကိုသုညသည် မှတ်မိစုံမိုတ်ကာ ပုတီးကို တချောက်ချောက်နှင့် စိပ်လေတော့၏၊ အမွှေးတိုင်ရနံ့များမှာ တစ်ခန်းလုံး သင်းပျံ့ထုံလွှမ်းနေတော့သည်၊ အားလုံးမှာ ရင်တထိတ်ထိတ်ဖြင့် ငြိမ်သက်စွာ ရှိနေကြသည်၊

ဆယ်မိနစ်ခန့်အကြာတွင် အမိုးပေါ်မှ "တဒုန်းဒုန်း - တဒိုင်းဒိုင်း" အသံများ ကြားလာရသည်၊ ထိုမျှသာမက "တဟောင်းဟောင်း"ညည်းသံကြီးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

အသည်းအူတုန်ဖွယ် ကြားလိုက်ရသည်။ တောက်ခနဲ တောက်ခေါက်သံကြီး ထွက်ပေါ်လာချိန်မှာတော့ အားလုံးနေစရာပင် မရှိတော့။ တစ်ယောက်နှင့်တစ်ယောက် အသားချင်း ထိကပ်ထားကြတော့သည်။

"ဒုန်း - ဒုန်း - ဒိုင်း - ဂလွမ်း"

"တောက် - ဟင်း - ဟင်း - ဟင်း - တောက်"

အသံတွေက ပို၍ကျယ်လာခဲ့သည်။ သို့သော် - ကိုသုညကား ပုတီးစိပ်မပျက်၊ ဝုန်း - ဒိုင်းအသံများက အခုပဲ အိမ်ကြီးပြိုတော့မလိုလို ....။

ထိုစဉ်ကိုသုညသည် ပုတီးစိပ်ခြင်းကို ရပ်လိုက်၏။ ပိတ်ထားသော မျက်စိအစုံလည်း ပွင့်လာခဲ့သည်၊ ထို့နောက် အောင်မြင်ခန့်ညားသော အသံဖြင့် ခပ်ကျယ်ကျယ်ပြောလိုက်၏။

"အသင် - ဒေဝယက္ခ၊ ဤအိမ်နှင့်ခြံသည် သင့်နေရာမဟုတ်၊ သင်နှင့်မအပ်စပ်၊ ဤအိမ်သားများကိုလည်းမည်သည့်ပယောဂနှင့်မျှ နှောင့်ယှက်ခွင့် မပြု၊ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးသို့လည်း သစ္စာပြု၍ သင်၏ဘုံဗိမာန်အတွက် နေစရာ တောင်းခံပေးပြီးဖြစ်သည်၊ ထို့ကြောင့် ယခုပင်လျှင် ဤအိမ် ဤခြံမှ

အမြန်ဖယ်ခွာပါ၊ ငါ၏ အမိန့်မဟုတ် အထက်ထွက်ရပ်ပေါက် ဆရာတော် ဘုရား၏ အမိန့်"

ဟု ကြွေးကြော်အမိန့် ပြန်လိုက် လေသည်၊

အမိန့်သံဆုံးပြီး သိပ်မကြာခင်ပင် "ဝုန်း" ခနဲအသံကြီးနှင့်အတူမီးခိုးလုံးကြီး တစ်လုံးက ဝေါခနဲ ခြံအပြင်ကို ရွေ့လျား ထွက်ခွာပျောက်ကွယ်သွားလေသည်။

"ကဲ - ဦးဘမြင့်၊ ဦးဘမြင့်တို့ ဒီအိမ် ကိုဝယ်တော့မိသားစုတွေပြောင်းမလာ ခင် လက်သမားတွေခေါ်ပြီး ပြုပြင်ပေ တယ်မဟုတ်လား"

"ဟုတ် - ဟုတ်ပါတယ် - ကိုသုည အကြီးအကျယ်ပြင်တာ မဟုတ်ပါဘူး မျက်နှာကြက်တွေ ကွာကျနေတာ ပြန်ရိုက်နိုင်းတယ်၊ ဆွေးနေတဲ့ ဆ တန်း တချို့ကို လဲတယ် ဒီလောက်ပါပဲ ကိုသုည"

"အင်း - ဟုတ်ပြီ၊ ဒီတုန်းက လက် သမားအဖွဲ့ထဲမှာ အသားဖြူဖြူ၊ နာ ပေါ်ပေါ်လူငယ်တစ်ယောက်ပါလိမ့်မယ် ဒီလူငယ်က ပန်းချီပန်းပုလည်း ဝါသ ပါတော့ ဘာရယ်တော့ မဟုတ် ဘူ အပျင်းပြေသဘောနဲ့ ဆင့်တန်းပေါ် ထိုင်ရင်း ဘီလူးရုပ်လေးတစ်ရုပ် ထု

တယ်၊ သူ မသိလိုက်တာက ဒီအချိန်မှာ ဘီလူးနက္ခတ်နဲ့ စန်းယှဉ်ပြီး ထုလိုက်တော့ တိုက်ဆိုင်ပြီး ဘီလူးရုပ်က အသက်ဝင်သွားတာပါပဲ၊ ခမျာ ပေါ့တီးပေါ့ဆနဲ့ အရုပ်ကို မျက်နှာကြက်ပေါ်မှာ ထားခဲ့မိတယ်၊ ဒီကောင်ကြီးက ညဘက်မှာ သောင်းကျန်းတော့တာပါပဲ"

"ဒါ - ဒါဖြင့် ညဘက်မှာ မျက်နှာကြက်ပေါ်က ဆင်းဆင်းလာတာ အဲဒီ ဘီလူးပေါ့"

"ဟုတ်တာပေါ့ဗျာ"

"ဘုရား - ဘုရား"

"အမယ်လေးတော့ - ကိုသုညနဲ့ အတွေ့မြန်လို့သာပေါ့၊ ကြောက်စရာကြီး"

"ကြောက်စရာကောင်းသလို မှတ်သားဂရုပြုစရာလည်း ကောင်းပါတယ်ဗျာ"

ဦးဘမြင့်က ကာလသားတစ်ယောက်ကိုတက်ကြည့်ခိုင်းရာ ကိုသုည

ပြောသလိုပင် ဘီလူးရုပ်သေးသေးတစ်ရုပ်ကို တွေ့လိုက်ရသည်။

"ကဲ - အားလုံးမြင်တဲ့အတိုင်းပဲ၊ အခုတော့ ရှင်းသွားပါပြီ၊ သူ့ဘဝ သူ့နေရာမှန်ကို ပြန်ရောက်သွားပြီ၊ စိတ်ချလက်ချသာနေတော့၊ နောက်ထပ် ဘာ အနှောင့်အယှက်မှ မရှိတော့ဘူး"

"ကျေးဇူးကြီးပါပေတယ် - ကိုသုညရယ်"

အမှုမဲ့၊ အမှတ်မဲ့ ပြုလိုက်သော ကိစ္စလေးတစ်ခုက မထင်မှတ်လောက်အောင် အနှောင့်အယှက်ကြီး ဖြစ်ခဲ့ရသည်ကို ပြောမယုံ ကြုံဖူးမှသိ ဆိုသလိုဖြစ်ခဲ့ရ၏။ ဦးဘမြင့်တို့အတွက်တော့ ကလောသစ်အိမ်မှ အသက်ဝင်လာသော ဘီလူးဖြစ်ရပ်ကို ကိုယ်တွေ့နှင့်ယှဉ်၍ အံ့သြစွဲထင်ဖွယ် ဖြစ်ရပ်ဆန်းတစ်ခုအဖြစ် အမြဲအမှတ်ရနေတော့မည်မှာ အသေအချာပင် ဖြစ်ပါတော့၏သတည်း။

ဝသုန်ဟိန်းဆက်



www.burmeseclassic.com

www.burmeseclassic.com




# ဝိညာဉ် လူသတ်ကောင်

✦✦✦ ကောင်းသော် ✦✦✦

ကျော်စွာ သေဆုံးရခြင်းမှာ လူသတ်ခံရခြင်းဖြစ်သည်၊ လူသတ်မှုဖြစ်ပါက သေဆုံးသူရှိသလို လူသတ်သမားလည်း ရှိရမည်။ ကျော်စွာအား သတ်သူကို တစ်ရွာလုံးက သိကြသော်လည်း လူသတ်တရားခံကို အပြစ်ပေးအရေးယူ၍ မရခြင်းအတွက် အားလုံးစိတ်မကောင်းဖြစ်ရသည်။ လူသတ်တရားခံကိုသိပါလျက် ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ အပြစ်ပေးခြင်းမလုပ်ခြင်းအတွက် တစ်ရွာလုံး စိတ်ပျက်ဒေါသထွက်နေကြရသည်။ ထိုလူသတ်မှုသည် သာမန်လူသတ်မှုမျိုးမဟုတ်ဘဲ ဂမ္ဘီရလူသတ်မှုဖြစ်နေကြောင်း အံ့သြဖွယ် တွေ့ရှိရပါသည်။

—

ကျော်စွာသည် ချောင်ပင်သာရွာသားစစ်စစ် ဖြစ်သည်၊ မိရိုးဖလာလယ်သမားမျိုးရိုးဖြစ်၍ ကျော်စွာ အရွယ်ရောက်လာသောအခါ လယ်သမားတစ်ဦးဖြစ်လာခဲ့သည်။ ကျော်စွာသည် ငယ်စဉ်ကပင် ကျန်းမာသန်စွမ်းသူဖြစ်၍ အခြားသူများထက် အပင်ပန်းခံနိုင်ကာ အလုပ်လုပ်နိုင်သူ ဖြစ်သည်၊ တစ်နေ့ချောင်ပင်သာမှာဦးကျောင်းသို့ရှမ်းဆရာကြီးဦးစိုင်း ဆိုသူရောက်လာသည်၊ ဆရာတော်က ရွာထဲရှိ

www.burmeseclassic.com

လူငယ်လူရွယ်များ ကိုယ်ခံပညာ တတ်စေရန် ဦးစိုင်းအား သိုင်းပညာ သင်ကြားပေးရန် တောင်းဆိုသည်။ ဦးစိုင်းကလည်း သိုင်းပညာသင်ပေးရန် သဘောတူသဖြင့် ပညာသင် လို သူများကို စုဆောင်းပါသည်၊ ကျော်စွာမှာ သိုင်းပညာကို လိုလိုလားလားသင်ယူလိုသဖြင့် ဝင်ရောက်သင်ယူခဲ့သည်။ ကျန်းမာတောင့်တင်းပြီး ပညာကို လိုလား၍ အထူးကြိုးစားသင်ယူသဖြင့် ကျော်စွာမှာ အခြားသူများထက် ထူးချွန်ခဲ့သည်၊ ဆရာစိုင်းကိုယ်တိုင် ကျော်စွာကို သဘောကျနေပါသည်၊

ကျော်စွာသည် ရုပ်ရည်သန့်ပြန့်ပြီး ခွန်အားဗလနှင့် ပြည့်စုံသည်သာမက ဆက်ဆံရေးကောင်းသဖြင့် ရွာသားတိုင်းက လေးစားခြင်းခံရသူဖြစ်သည်၊ သူ၏ ဇာတိရွာ ညောင်ပင်သာအပြင် ပိတောက်ကုန်းရွာနှင့် ကွေ့မရွာသားနှင့်လည်း ခင်မင်နေ၍ ကျော်စွာတွင် ရန်သူမရှိဟု ပြောနိုင်သော်လည်း ကွေ့မရွာသား အုံ့မောင်ကမူ ကျော်စွာကို လုံးဝကြည့်မရဘဲ ထာဝရရန်သူအဖြစ် သတ်မှတ်ထားခဲ့သည်၊ ကျော်စွာကို တွေ့ရာသချိုင်းဓားမဆိုင်းဘဲ တွေ့ရာနေရာတွင် ရန်စလေ့ရှိခဲ့သည်။ အုံ့မောင်မှာမြို့တက်ပြီး မြန်မာ့လက်ဝှေ့ပညာကို သင်တန်းတက်သူပီပီ ရွာသားတိုင်း လက်သီးနှင့် အနိုင်ယူခဲ့သူဖြစ်သည်၊ ကျော်စွာ့ကို ရန်စပြီး ရန်ပွဲဖြစ်အောင် ဖန်တီးလေ့ရှိပါသည်၊ ရန်ဖြစ်၍ ထိုးကြိတ်ပြီဆိုလျှင် အုံ့မောင်က အသာစီးရ၍ ကျော်စွာချည်းခံရလေ့ ရှိပါသည်၊

ညောင်ပင်သာ၏အနောက်တွင် နွေမိုးစီးဆင်းနေသည့် ယမားချောင်းကြီးရှိသည်။ ထိုချောင်းဘေးတွင် ညောင်ပင်သာရွာ၊ ပိတောက်ကုန်းရွာနှင့် ကွေ့မရွာတို့ ရှိကြသည်၊ ညောင်ပင်သာရွာမှ ပိတောက်ကုန်းရွာသို့ နှစ်မိုင်၊ ပိတောက်ကုန်းမှ ကွေ့မသို့ နှစ်မိုင် ဝေးပါသည်၊ ပိတောက်ကုန်းရွာသည် မြို့နယ်ခွဲအဆင့်ရှိသဖြင့် စည်ကားသောရွာဖြစ်ပါသည်၊ ညောင်ပင်သာနှင့် ကွေ့မရွာရှိ ရွာသူရွာသားတိုင်း ပိတောက်ကုန်းတွင် ဈေးဝယ်ကြရသည်၊ ထိုပိတောက်ကုန်းရွာတွင် တောမှာမွေးသော်လည်း တောနှင့်မတန်အောင် လှပသော ကွမ်းတောင်ကိုင်မပိုင်းစိန်ဆိုသူ ရှိသည်၊ ရွာသုံးရွာက လူပျိုတိုင်း မပိုင်းစိန်အားရရန် နည်းမျိုးစုံဖြင့်ကြိုးစားခဲ့ကြသည်၊ ထိုကြိုးစားသူများအနက် ညောင်ပင်သာရွာသား ကျော်စွာနှင့် ကွေ့မရွာသား အုံ့မောင်တို့မှာ အထင်ရှားဆုံးဖြစ်သည်၊ မပိုင်းစိန်က သူကိုယ်တိုင် ကျော်စွာ့ကို ရွေးချယ်လိုက်ခဲ့သဖြင့် အုံ့မောင်အတွက် ကျော်စွာသည် သူ၏ရန်သူနံပါတ်တစ်ဖြစ်လာရတော့သည်၊ ကျော်စွာနှင့်မပိုင်းစိန်အိမ်ထောင်ကျပြီး သားတစ်ယောက်ရသည်အထိ အုံ့မောင်မှာ အခဲမကျေနိုင်ပဲ ကျော်စွာ့ကို ရန်ရှာတုန်းပင် ရှိခဲ့သည်။ ထို့ကြောင့်ပင်ကျော်စွာက ဆရာစိုင်းထံတွင် ကိုယ်ခံပညာ သင်ယူခဲ့ခြင်းဖြစ်သည်၊

အုံ့မောင်သည် လက်ဝှေ့ပညာအားကိုးနှင့် မိုက်နေသူဖြစ်သည်၊ အုံ့မောင်ရမ်းကားမှန်းသိ၍ သူနှင့် မပတ်သက်အောင် ရှောင်နေကြရသည်၊ အုံ့မောင်၏ အကျင့်ဆိုးတစ်ခုမှာ လက်စားချေခြင်းဖြစ်သည်၊ သူ့အပေါ်အနိုင်ယူသွားသူကို လက်စားချေရမှ ကျေနပ်သူဖြစ်သည်၊ သူနှင့် ရင်ဆိုင်ရသူက မေ့မေ့ပျောက်ပျောက်သဘောထားသော်လည်း သူက လက်စားချေရန် အပြင်းအထန်ကြိုးစားလေ့ရှိသည်၊ တစ်ခါက ပိတောက်ကုန်းရွာသားတစ်ဦးက သူ့ကိုဆဲရေးတိုင်းထွာသဖြင့် ထိုလူကို သတိပေးစကား ပြောလိုက်သည်၊

"ဒီကောင် ငါ့ကို စော်ကားသွားတယ်။ ဒီကောင့်ကို ငါပါးရိုက်ပြမယ်၊ သူ့ပါးကိုရိုက်ရမှ ငါကျေနပ်မယ်၊ သတိသာထားပေတော့"

အုံ့မောင်မှာ ပြောသည့်အတိုင်း လုပ်တတ်သဖြင့် ထိုလူမှာလည်း အုံ့မောင်ကိုမတွေ့အောင်ရှောင်နေခဲ့သည်။ ရွာသုံးရွာသာရှိသဖြင့် သူ ကြာကြာ ရှောင်ခွင့်မရှိပါ။ တစ်နေ့ မင်္ဂလာဆောင် အခမ်းအနားတစ်ခုတွင် ရင်ဆိုင်တွေ့ကြသည်၊

"ဟေ့ကောင် – ငါအကြွေးရစရာရှိလို့ မင်းကို လိုက်ရှာနေခဲ့တာ မင်း အခုအကြွေးဆပ်ရမယ်။ ဒီနေ့ မင်းပါးကို ငါ မရိုက်လိုက်နိုင်ရင် ငါဟာ အပြောနဲ့မညီတဲ့ကောင် ဖြစ်သွားမှာပေ့ါ။ ကဲကွာ ..."

ပြောပြောဆိုဆို အုံ့မောင်က ထိုလူကို လူပုံအလယ်တွင် ပါးရိုက်လိုက်သည်၊ မင်္ဂလာဆောင်တွင် ရတ်ရတ်သဲသဲ ဖြစ်သွားသော်လည်း အုံ့မောင်က ကျေနပ်စွာဖြင့် ခပ်တည်တည်ပြန်ထွက်သွားပါသည်။

တစ်ခါကလည်း ကြက်ပွဲတစ်ခုတွင် အုံ့မောင်၏ညီကိုပိတောက်ကုန်းရွာသားဖြစ်သူ ရွှေခဲက စိတ်ဆိုးပြီး ဓားနှင့်ထိုးလိုက်သည်၊ ထိုအချိန် အုံ့မောင်ရောက်လာသဖြင့် ရွှေခဲ ထိတ်ထိတ်ပျာပျာဖြစ်သွားပါသည်၊ အုံ့မောင်က ချက်ချင်းဘာမှမလုပ်ဘဲ ရွှေခဲကို ကြိမ်းဝါးသွားခဲ့သည်၊

www.burmeseclassic.com



"ဟေ့ကောင် - ရွှေခဲ၊ မင်း ငါ့ညီကို ဓားနဲ့ထိုးသလို မင်းကို တစ်နေ့ ငါ ဓားနဲ့ ပြန်ထိုးမယ်ဆိုတာ မင်းမြဲမြဲမှတ်သွားပါ။ အလှည့်ကျရင် မနွဲ့စတမ်းပေါ့ကွာ။ ဓားနဲ့ ပြန်ထိုးရမှ ငါ ကျေနပ်မယ်"

အံ့မောင်၏ စကားမဆုံးမီ ရွှေခဲ ထွက်ပြေးခဲ့သည်။ ထိုနေ့မှစ၍ အံ့မောင်ကို မတွေ့အောင် ရှောင်နေခဲ့သည်။ အံ့မောင်က ပြောသည့်အတိုင်း လုပ်တတ်သူဖြစ်၍ သူ့ကို တွေ့အောင်ရှာနေမည်ကို သိသဖြင့် မတွေ့အောင်ရှောင်နေခဲ့သည်။ သုံးလခန့်သာ ရှောင်နိုင်သော်လည်း မမျှော်ဘဲ တစ်နေ့ တွေ့ခဲ့ကြရသည်။ ပိတောက်ကုန်းရွာ ဘုန်းကြီးတရားပွဲတစ်ခုတွင် ဖြစ်သည်။ ဘုန်းကြီးတရားပွဲဖြစ်၍ ရွာလုံးကျွတ်ရောက်လာသဖြင့် အလွန်စည်ကားချိန်ဖြစ်သည်။ ဘုန်းကြီးတရားပွဲဖြစ်၍ ရွာလုံးကျွတ်ရောက်လာသဖြင့် အလွန်စည်ကားချိန်ဖြစ်သည်။ တရားဟောချိန်ရောက်မှ ဆရာတော်က ကားဖြင့် ကြွလာသည်။ ဆရာတော် ကြွလာသည်နှင့် အားလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ အားလုံးက ဘုန်းကြီးကို အာရုံစိုက်၍ ကြည့်နေကြသလို အံ့မောင်က ဘုန်းကြီးကိုကြည့်နေစဉ် ဘုန်းကြီးကို တွဲ၍ခေါ်လာသူမှာ ရွှေခဲဖြစ်ကြောင်း မြင်လိုက်ရသည်။ ရွှေခဲသည် ဘုန်းကြီးကို ပလ္လင်ပေါ်အထိ ပို့ပြီးပြန်ထွက်ခဲ့သည်။ ရွှေခဲထွက်လာစဉ် ရုတ်တရက်လည်ကုပ်အကျီစကိုဆွဲကိုင်ခြင်း ခံလိုက်ရသဖြင့် ထိတ်လန့်ပြီး လွတ်အောင် ရုန်းလိုက်သည်။



အံ့မောင်၏အသံကို ကျော်စွာသာမက ပတ်ဝန်းကျင်ရှိ လူအားလုံး ကြားလိုက်ရသည်။ ကျော်စွာ အနိုင်ရ၍ ဝမ်းသာမှု မဆုံးခင် ကျော်စွာ့အတွက် စိုးရိမ်စရာက ပေါ်လာသည်။ အံ့မောင်အပြောကို ကြားရတိုင်း ကြောက်ကြသည်။ အံ့မောင်သည် ပြောသည့်အတိုင်း လုပ်တတ်သည်ကို သိထားကြသဖြင့် ကျော်စွာအတွက် စိတ်မကောင်းဖြစ်ရသည် ...

"ငါ အံ့မောင်ပါ - ရွှေခဲရ၊ မကြောက်ပါနဲ့၊ မင်းကို အသေမသတ်ပါဘူး၊ ငါ့ညီ ခံရသလောက်ပဲ မင်းခံရမှာပါ၊ အေးအေးဆေးဆေးလိုက်ခဲ့ပါ၊ ထွက်ပြေးဖို့ ကြိုးစားရင်တော့ မင်း အသက်ကို ငါ တာဝန်မယူဘူးနော်"

ရွှေခဲမှာ ပိုမိုကြောက်ပြီး အံ့မောင်ကို တောင်းပန်နေပါသည်။

"မလုပ်ပါနဲ့ - ကိုအံ့မောင်၊ ဘာမှ မလုပ်နဲ့ဗျာ၊ တောင်းပန်ပါတယ်"

"လာစမ်းပါ - အေးအေးဆေးဆေး လိုက်ခဲ့ပါ၊ မင်းကို မသတ်ပါဘူး"

အံ့မောင်အတင်းဆွဲခေါ်သွားသဖြင့် ရွှေခဲမှာ ရုန်းကန်ရင်း ပါသွားပါသည်၊ အမှောင်ရိပ်သို့ ဆွဲခေါ်သွားပြီး အသင့်ပါလာသော ဓားဖြင့် ရွှေခဲကို ထိုးလိုက်သည်။

"ကယ်ကြပါဦး၊ ကျွန်တော့်ကို - ကိုအံ့မောင် ဓားနဲ့ထိုးပါတယ်"

ရွှေခဲက အသံကုန်အော်လိုက်သဖြင့် လူများဝိုင်းလာပါသည်။ အံ့မောင်သည် နေရာက ထွက်မပြေးခင် ရွှေခဲကို ကျေနပ်အောင် ပြောလိုက်သည်။

"အံ့မောင်ဆိုတဲ့ကောင်က ဘယ်တော့မှ မတရားမလုပ်ဘူး၊ မင်းကို အသေသတ်လို့ရပေမယ့် ငါမသတ်ဘူး။ ငါ့ညီကို မင်းလုပ်သလောက် လက်စားချေရုံပါ၊ မင်းမှတ်ထား၊ လက်စားချေတာတောင် အတိုင်းအတာ တိတိကျကျပဲ အပိုမလုပ်ဘူး"

လူများ ဝိုင်းအုံရောက်လာသောအခါ အံ့မောင် မရှိတော့ပါ။ အံ့မောင်၏

www.burmeseclassic.com

လက်ချက်ဆိုသည်ကိုအားလုံးနားလည်လိုက်ကြသည်။ ရွှေခဲ၏အမေနှင့်ညီများရောက်လာပြီး ဆေးခန်းသို့သယ်ဆောင်သွားကြပါသည်။

အံ့မောင်မှာ ထိုသို့သောလူဖြစ်သည်၊ အံ့မောင်ကို မည်သူမှ အဖက်လုပ်၍မဆက်ဆံချင်ကြပါ။ ဖြစ်နိုင်လျှင် အံ့မောင်နှင့် မတွေ့အောင်ရှောင်နေတတ်ကြသည်၊ ပိတောက်ကုန်းရွာ တပေါင်းလဘုရားပွဲသည် စည်ကားလှသည်။ အထူးသဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့ပွဲသည် အစည်ကားဆုံးဖြစ်သည်၊ အံ့မောင်မှာ ပထမအောင်လံကို သုံးနှစ်ဆက်တိုက်သိမ်းပိုက်နိုင်ခဲ့သည်၊ နောက်ပိုင်းနှစ်များတွင် အံ့မောင်ကို ယှဉ်ဝံ့သူမရှိသဖြင့် အံ့မောင် လက်ဝှေ့မထိုးဘဲ အနားယူနေရသည်၊

ယခုနှစ်ဘုရားပွဲသည် ယခင်နှစ်များကထက် ပို၍စည်ကားတော့မည်ဟု စိန်ခေါ်သူ ပေါ်ထွက်လာခဲ့သည်။ အံ့မောင်ကို စိန်ခေါ်သူမှာ ကျော်စွာဖြစ်နေသဖြင့် လူများ ပိုမိုစိတ်ဝင်စားနေကြခြင်းဖြစ်သည်၊ အံ့မောင်ကိုယှဉ်ရဲသူကို အများက သိလိုနေကြပါသည်၊

"အံ့မောင်ကိုယှဉ်မယ့်လူက ဘယ်သူများဖြစ်မလဲ"

"ညောင်ပင်သာရွာ ကျော်စွာပါ"

"ကျော်စွာတော့ သနားပါတယ်၊ မင်းတို့က ကျော်စွာကို မတားကြဘူးလား"

"တားပါတယ်ဗျာ - ကျော်စွာက သူ့ကိုယ်သူ ယုံတယ်၊ အံ့မောင်ကို လက်စားချေချင်လို့ စနစ်တကျ လေ့ကျင့်ထားလို့ သူ့အတွက် စိတ်မပူဖို့ ပြောပါတယ်"

"ကြိုးဝိုင်းထဲမှာ ထိုးရမှာဆိုတော့ ကျော်စွာ မလွယ်ဘူးထင်တယ်၊ မခံချင်စိတ်တစ်ခုအတွက်တော့ မိုက်ရူးရဲမလုပ်သင့်ပါဘူးကွာ"

"အငြိုးအတေးတွေနဲ့ လက်စားချေကြမှာမို့ ဒီပွဲက ကောင်းမှာပါ"

"လက်ရည်တူဆိုရင် ဘာပြောရှိမလဲကွာ၊ အံ့မောင်က ပြိုင်ဘက်မရှိတဲ့လူဆိုတော့ တစ်ဖက်သတ်ဖြစ်ပြီး ကျော်စွာအတွက် ပူလို့ပါ"

"တွေ့တဲ့လူတိုင်းက ကျော်စွာကို အားပေးမယ့်လူချည်းပါပဲ"

ကျော်စွာ၏ အကျိုးကို လိုလားသူတိုင်းက ကျော်စွာအတွက် စိတ်ပူနေကြသည်၊ ညောင်ပင်သာနှင့် ပိတောက်ကုန်းရွာသားများက ကျော်စွာကို ရာနှုန်းပြည့်အားပေးကြမည်ဖြစ်ပြီး ကွေ့မရွာသားများထဲမှလည်း ကျော်စွာကို အားပေးမည့် လူများစွာရှိနေကြောင်း ကြားသိရသည်။ ကျော်စွာကို လိုလားသူတိုင်းက လက်ဝှေ့ပွဲတွင် မပြိုင်ရန် တားဆီးနေကြသော်လည်း ကျော့်စွာ့ကို စိတ်ချယုံကြည်စွာ အားပေးနေသူမှာ သိုင်းဆရာ ဆရာကြီးစိုင်းပင်ဖြစ်သည်၊

"မင်းရဲ့ လေ့ကျင့်မှု၊ ကြိုးစားမှု၊ ဖွဲ့လုံ့လက အကောင်းဆုံးအခြေအနေမှာ ရှိနေပြီဖြစ်လို့ မင်းမရှုံးစေရဘူး"

ဆရာစိုင်းက ကျော်စွာ့ကို အားပေးရုံသာမက ကိုယ်တိုင်လိုက်မည်ဆို၍ ကျော်စွာ အားတက်လျက်ရှိပါသည်၊ တပေါင်းလပြည့်နေ့တွင် အဖြေပေါ်တော့မည်ဖြစ်ပါသည်၊

တပေါင်းလပြည့်နေ့...။

အများမျှော်လင့်နေကြသော တပေါင်းလပြည့်နေ့သို့ ရောက်ခဲ့ပြီ။ လက်ဝှေ့ပွဲများကို ညဘက်တွင်သာ ကျင်းပလေ့ရှိခဲ့သော်လည်း ယခုကဲ့သို့ ထူးခြားသောစိန်ခေါ်ပွဲကြီးကိုလူများများ ကြည့်ခွင့်ရအောင် နံနက်ရှစ်နာရီတွင် ကျင်းပမည်ဖြစ်သည်၊ ရပ်နီးရပ်ဝေးမှ လက်ဝှေ့ပွဲသို့ လာရောက်သူများမှာ အထူးစည်ကားနေပါသည်၊ မြေပေါ်မှာ ကျောင်းဆောင်များပေါ်မှာ၊ ဇရပ်ပေါ်မှာ၊ လူများ ပြည့်လျှံနေသည်သာမက သစ်ပင်များပေါ်တွင်လည်း များစွာရှိနေပါသည်၊ လက်ဝှေ့ပွဲ စတင်သည်နှင့် မျိုးဆက်သစ်လူငယ်လေးများသုံးတွဲဖြင့် ပွဲကို စလိုက်သည်၊ ဆိုင်းဝိုင်းကလည်း ဗိန်းမောင်းသံတီးပေးသဖြင့် ပွဲကြည့်သူများပင် စိတ်တက်ကြွလျက် ရှိနေကြပါသည်၊ တွဲဆိုင်းသုံးတွဲပြီးသည်နှင့် စိန်ခေါ်ပွဲကြီးစတင်ပါတော့သည်၊ လက်ဝှေ့သမားနှစ်ဦးလုံးစင်ပေါ်တွင်နေရာယူပြီးဖြစ်နေသည်၊ ဒိုင်က အချက်ပေးလိုက်သည်နှင့် ပြိုင်ပွဲ စတင်ပါတော့သည်၊

ပွဲစလိုက်သည်နှင့် အံ့မောင်မှာပြိုင်ဘက်မရှိ ချန်ပီယံပီပီ ကျော်စွာ့ကို စိစိညက်ညက်ကြေအောင် ထိုးသတ်တော့မည့်အသွင်နှင့် ကြမ်းတမ်းစွာ ပြိုင်ပွဲကို စတင်လိုက်သည်၊ အံ့မောင်က ဘီလူးကြိမ်းကြိမ်းပြီး အတင်းဝင် အတင်းထိုးနေသော်လည်း ကျော်စွာက ဘာမှပြန်မလုပ်ဘဲ အံ့မောင်၏ ခြေထောက်အစုံကို ငုံ့ကြည့်လျက် အံ့မောင် လှုပ်သည်နှင့်ခြေတစ်လှမ်းဆုတ်ကာ ကပ်၍ရှောင်နေခဲ့သည်၊ အံ့မောင်က ဘယ်ဝိုက်ညာဝိုက်လက်သီးအစုံ၊ ဘယ်ဒူးညာဒူးအစုံ သုံး၍အတင်းတိုက်ခိုက်နေသော်လည်း ကျော်စွာမှာ ခေါင်းအေးအေးနှင့်ပြန်ထိုးခြင်းမပြုဘဲ ရှောင်တိမ်းနေသည်ကိုသာ မြင်ကြရသည်၊ ယခုအချိန်အထိ ကျော်စွာကို ထိမိခြင်းမရှိသေးသဖြင့် အံ့မောင်



www.burmeseclassic.com

www.burmeseclassic.com

မှာ ဒေါသကြီးလျက် ကျော်စွာကို ပူးကပ်ချုပ်ကိုင်ရန် ကြိုးစားသော်လည်း ကျော်စွာက အပူးမခံဘဲ ရှောင်နိုင်ခဲ့ပါသည်။ ပထမအချီပြီးခါနီး စက္ကန့်ပိုင်းအလိုတွင် အံ့မောင်ညာလက်သီးဖြင့်ပွဲသိမ်းအောင် အားကုန်ထိုးလိုက်ရာ ကျော်စွာက လွတ်ရုံသာ ကပ်၍ရှောင်လိုက်သည်။ အရှိန်လွန်ပြီး ထိလိုက်သဖြင့် အံ့မောင် ရုတ်တရက် လဲကျသွားပါသည်။ ပြန်မထနိုင်သဖြင့် ဒိုင်က အမှတ်စဉ် ရေတွက်ရာ ရှစ်သို့ရောက်မှ လူးလဲထလိုက်နိုင်သည်။

"ကျော်စွာကွ၊ ကျော်စွာ – ဆက်ထိုးပါ"

ပရိသတ်ကြီးက တစ်ခဲနက် အော်ဟစ်အားပေးကြသည်။ ပထမအချီ ပြီးသွားပြီဖြစ်၍ လက်ဝှေ့သမားနှစ်ဦးသတ်မှတ်နေရာ ပြန်၍ကုသမှုခံယူကြသည်။ ဒုတိယအချီစတင်ပါသည်။ ဒုတိယအချီမှာ ပထမအချီနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ပွဲစသည်နှင့် ကျော်စွာက အတင်းဝင်အတင်းထိုးသည်။ အားပါသောလက်သီးများဖြင့် အဆက်မပြတ် ထိုးလိုက်ရာ အံ့မောင်၏ ကိုယ်ပေါ်တွင် နေရာအနှံ့ လက်သီးချက် ပေါင်းများစွာကို ကာကွယ်နိုင်စွမ်းမရှိတော့ဘဲ အံ့မောင်၏ မျက်နှာတစ်ခွင်လုံးမြင်မကောင်းအောင် ဖူးယောင်လျက်ရှိပြီး မျက်စိနှင့် နှာခေါင်းမှ သွေးများ ယိုစီးလျက်ရှိနေပါသည်။ ပရိသတ်များ၏ အော်ဟစ်သံများ ဟိန်းပြီးထွက်လာသည်။

"ကျော်စွာကွ – ကျော်စွာ – မရပ်နဲ့ ဆက်ထိုး"

အံ့မောင် လဲကျသွားစဉ် ဒိုင်လူကြီးက အံ့မောင်ကို ဆက်မထိုးဘဲ အရှုံးပေးရန် ပြောသော်လည်း အံ့မောင်က လက်မခံဘဲ ဆက်ထိုးမည်ဟု ကုန်းထလာသည်။

"ဆက်ထိုးမယ်၊ ကျော်စွာကို နိုင်ရမယ်"

ပွဲပြန်စသည်နှင့် ကျော်စွာကသာ အသာစီးဖြင့် ထိုးနိုင်သည်။ အံ့မောင်မှာ ကျော်စွာနှင့် လက်သီးချင်း နိုင်ပုံမပေါ်သဖြင့် ပုံစံပြောင်းပြီး ကျော်စွာ့ကို ချုပ်ရန် ပြင်ဆင်ပါတော့သည်။ အံ့မောင်သည် ပြိုင်ဘက်ကို ချုပ်ကိုင်ပြီး ကိုင်ပေါက်ခြင်းဖြင့် အနိုင်ယူနေကျ ဖြစ်သည်။ ယခုလည်း သူ၏အပိုင်နိုင်ဆုံးတိုက်ကွက်ကို ကြိုးစားနေသည်။ ကိုင်ပေါက်၍ အကျမတော့က ပြိုင်ဘက်ဇက်ကျိုးနိုင်သည့် တိုက်ကွက်ဖြစ်သည်။ ပရိသတ်များက ကျော်စွာကို အော်ဟစ်၍ သတိပေးကြသည်။

"ကျော်စွာ အပူးမခံနဲ့"

သို့သော် ကျော်စွာသည် ရှန်းကန်ခြင်းမပြုဘဲ လျှော့ပေးလိုက်သဖြင့် အံ့မောင်က ကျော့်စွာကို ချုပ်ကိုင်လိုက်ပြီး လေထဲတွင် မြှောက်လိုက်သည်။ ပရိသတ်မှာ ကျော်စွာအတွက် အထူးစိတ်ပူလှုပ်ရှားနေကြသည်။ ကျော်စွာ့ကို အော်ဟစ်သတိပေးကြသည်။

"ကျော်စွာ သတိထားပါ"

အံ့မောင်က ကျော်စွာကို ပိုင်နိုင်စွာ ချုပ်ကိုင်ကာ လေထဲမြှောက်ပြီး အောက်သို့အရှိန်ပြင်းစွာပစ်ပေါက်ချလိုက်သည်။ ပရိသတ်များမှာ ကျော်စွာဘဝအတွက် မတွေးရဲလောက်အောင်ဖြစ်ပြီး ပြိုင်တူ အော်လိုက်ကြသည်။

"ဟာ – ကျော်စွာတော့ သွားပြီ"

အခြေအနေမှာ အများထင်သလို ဖြစ်မလာဘဲ ကျော်စွာက မတ်တတ်ရပ်ကျနေပြီး ဟန်မပျက်လက်ပိုက်ကြည့်နေသည်ကို တွေ့ရပြီး အံ့မောင်မှာ စင်ပေါ်တွင် အခန့်သားသတိလစ်လျက်ရှိနေပါသည်။ ကျော်စွာ့ကို အောက်သို့ ပစ်ချလိုက်သည်နှင့် ကျော်စွာက တံတောင်နစ်ဖက်က အံ့မောင်၏ ခေါင်းကို ထုချလိုက်ခြင်း ဖြစ်သည်။

"ကျော်စွာကွ – ကျော်စွာ"

ပရိသတ်များ တစ်ခဲနက် အော်ဟစ်အားပေးသံများ ဘဝင်အထိ ရောက်သွားသည်ထင်ရသည်။ အံ့မောင်ကို ဆေးအဖွဲ့က ကုသပေးနေချိန် ဒိုင်က ကျော်စွာကို အနိုင်ပေးလိုက်သဖြင့် ကျော်စွာ လက်ဝှေ့ရေး ပြလျက်ရှိပါသည်။ အံ့မောင်သတိရချိန် ကျော်စွာကို တံခွန်စိုက်ဆုပေးနေချိန် ဖြစ်သည်။ အံ့မောင်မှာ အံကို တင်းတင်းကြိတ်၍ ကျော်စွာကို ကြည့်နေသည်။ ကျော်စွာက လက်ဝှေ့ထုံးတမ်းအရ အံ့မောင်ကို သွားရောက်နှုတ်ဆက်ရာတွင် အံ့မောင်က ဒေါသဖြင့် အော်ပြောလိုက်ပါသည်။

"ကျော်စွာ – မင်းကို ငါ ဒီနေ့သတ်မယ်၊ ဒီနေ့နော် – ဒီနေ့"

အံ့မောင်၏အသံကို ကျော်စွာသာမက ပတ်ဝန်းကျင်ရှိ လူအားလုံး ကြားလိုက်ရသည်။ ကျော်စွာ အနိုင်ရ၍ ဝမ်းသာမှုမဆုံးခင် ကျော်စွာ့အတွက် စိုးရိမ်စရာက ပေါ်လာသည်။ အံ့မောင်အပြောကို ကြားရတိုင်း ကြောက်ကြသည်။ အံ့မောင်သည် ပြောသည့်အတိုင်း လုပ်တတ်သည်ကို သိထားကြသဖြင့် ကျော်စွာအတွက် စိတ်မကောင်းဖြစ်ရသည်။ ပြိုင်ပွဲပြီးသည်နှင့် အံ့မောင်မှာလည်း ကွေ့မရွာသားများနှင့်အတူ ရွာသို့ ပြန်ခဲ့ကြသည်၊ ကျော်စွာတို့အဖွဲ့၏ ကာလသားခေါင်းဆောင်က ကျော်စွာ





www.burmeseclassic.com

www.burmeseclassic.com

အတွက် အောင်ပွဲခံသည့်အနေနှင့် အားလုံးကို သူ့အိမ်တွင် နေ့လယ်စာ စီစဉ်သဖြင့် အားလုံးကိုသာမောင်၏အိမ်တွင် စုဝေးလျက်ရှိကြသည်။

"ကျော်စွာအတွက် တစ်ရွာလုံး ဂုဏ်ယူဝမ်းသာနေကြတယ်။ ဒါပေမဲ့ - အုံ့မောင်ရဲ့ရန်စကရှိနေတော့ ကျော်စွာ ဒီည မင်း အိမ်မပြန်နဲ့၊ ငါ့အိမ်မှာပဲ အိပ်ရမယ်၊ အိမ်ပြန်ရင်လည်း ပိုင်းစိန်က ပိတောက်ကုန်းမှာရှိနေတာပဲ၊ ဘုရားပွဲများမှ ပြန်လာတော့မှာ"

"ရပါတယ် - ကိုသာမောင်ရယ်၊ ကျွန်တော့် အတွက် စိတ်ပူပေးလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော် မကြောက်တတ်ပါဘူး။ အိမ်မှာ အိပ်ရဲပါတယ်"

ကျော်စွာ၏ စကားကြောင့် တင်ဦးက ဝင်ပြောလိုက်သည်၊

"ဟုတ်တယ် - ကျော်စွာ၊ မင်း အိမ်ပြန် မအိပ်သင့်ဘူး၊ အုံ့မောင်က ပြောတဲ့အတိုင်းလုပ်တဲ့ကောင်၊ မင်းအတွက် ငါလည်း စိတ်မချဘူး၊ မင်း ဒီမှာပဲအိပ်ပါ၊ ငါတို့အားလုံး မင်းကိုစောင့်ရှောက်ရင်း ဒီမှာပဲ အိပ်ကြမယ်"

"အေး - ကောင်းတယ်၊ ဘယ်သူမှ မပြန်နဲ့၊ ညစာပါ ငါကျွေးမယ်၊ တစ်ခါတစ်ရံ ဆုံရတာ ပျော်စရာကောင်းပါတယ်၊ တစ်ဦးက အိမ်ပြန်ပြီး မယ်ဒလင်ယူခဲ့၊ ဒီည ပျော်ပျော်ပါးပါး အောင်ပွဲခံကြတာပေါ့"

ကိုသာမောင်၏စကားကို အားလုံး သဘောတူလိုက်ကြသည်၊ မကြာမီ တင်ဦးက မယ်ဒလင်ယူလာသဖြင့် တစ်ယောက်တစ်ယောက် သီချင်းဆိုရင်း ပျော်နေကြပါသည်။ ညနေစောင်းမှ အိမ်ပြန်ရေချိုး အဝတ်အစားလဲရန် ပြန်ကြရင်း ခဏလူစုခွဲကြသည်။ ကျော်စွာ ပြန်ခါနီးတွင် ကိုသာမောင်က စိတ်မချ၍ ထပ်၍မှာလိုက်ပါသည်၊

"ကျော်စွာ - ရေချိုးပြီးမြန်မြန်ပြန်ခဲ့နော်၊ မင်းအိမ်က အစွန်မှာဖြစ်နေလို့ ငါ စိတ်ပူတယ်"

"ဟုတ်ကဲ့ - အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်"

ကျော်စွာသည် ကိုသာမောင်ကို နှုတ်ဆက်၍ ပြန်ခဲ့သည်၊ အိမ်သို့ပြန်ရောက်သည်နှင့် မပိုင်းစိန်မရှိ၍ ရှင်းလင်းသူမရှိဘဲ တစ်အိမ်လုံး ရှုပ်ပွနေသဖြင့် သန့်ရှင်းရေး လုပ်ရသေးသည်၊ သန့်ရှင်း၍ မပြီးနိုင်သဖြင့် နေဝင်စပြုနေပြီဖြစ်၍ လုပ်လက်စအလုပ်ကိုရပ်ကာ ရေချိုးရန် ရေတွင်းဆီသို့ လာခဲ့သည်။ ရေတွင်းနှုတ်ခမ်းမှာ မြေပြင်နှင့်တညီတည်းရှိပြီး အောက်ခြေတွင် အုတ်စီထားသည့် အုတ်ရေတွင်းဖြစ်သည်။ မောင်းတက်နှင့် ရေတွင်းထဲက ရေကိုငင်၍ ချိုးရသည်။ ရေတစ်ပုံးကိုငင်၍ လောင်းကာချိုးပြီး နောက်တစ်ပုံးရေငင်နေစဉ် ကျော်စွာ ရုတ်တရက် ရေတွင်းထဲသို့ ကျသွားပါသည်၊ ထိုအချိန် လယ်တောမှ ပြန်လာသော ကိုသာအေးက ရေတွင်းဆီမှ "ဝုန်း" ဟူသော အသံကြီးကို ကြားလိုက်ရ၍ ရေတွင်းကို ငုံ့ကြည့်လိုက်ရာ ကျော်စွာ ရေတွင်းထဲကျနေကြောင်း တွေ့ရ၍ ရုတ်တရက် လန့်သွားပါသည်၊ ကျော်စွာ၏ခေါင်းတွင် ဒဏ်ရာရပြီး ခေါင်းမှထွက်သောသွေးများဖြင့် ရေတွင်းထဲက ရေများ နီရဲနေသည်ကို တွေ့ရသည်၊ ကျော်စွာမှာ ရေမနစ်စေရန် ခေါင်းကိုဖော်ထားသဖြင့် ကိုသာအေးက ကျော်စွာကြားလောက်အောင်ပြောပြီး အားပေးလိုက်ရသည်၊

"ကျော်စွာ - ခဏလေးစောင့်နော်၊ တို့ - မင်းကို အပေါ်ရောက်အောင် ဆွဲတင်ပေးမယ်"

ကိုသာအေးသည် ကိုသာမောင်၏ အိမ်သို့ ပြေးခဲ့သည်၊

"ကျော်စွာ - ရေချိုးရင်း ရေတွင်းထဲ ကျနေတယ်၊ ဝိုင်းကယ်မှဖြစ်မယ်"

ကိုသာမောင်သည် အိမ်သို့ရောက်နှင့်နေသော လူငယ်များနှင့် ရေတွင်းဆီသို့ အမြန်ပြေးခဲ့ကြသည်၊ ကျော်စွာမှာ ရေမနစ်စေရန် ခေါင်းကိုကြိုးစား၍ဖော်ထားပုံရသည်၊ ကိုသာမောင်က ကျော်စွာ့ကို အမြန်ဆုံးကယ်တင်ရန် သူငယ်ချင်းများကို ပြောရသည်၊

"ထန်းသမားအိမ်က ရင်းထောင်သွားယူခဲ့ကွာ၊ နောက်ပြီး ကြိုးကောင်းကောင်းရှာခဲ့၊ ငါကျော်စွာ့ကိုစောင့်ကြည့်နေမယ်"

လှေကားရှာမည့်လူများထွက်သွားသည်နှင့် ကိုသာမောင်က ရေတွင်းထဲ ငုံ့ကြည့်ပြီး ကျော်စွာ့ကို အားပေးရသည်၊

"ကျော်စွာ အားတင်းထားနော်၊ လှေကားရောက်လာရင် မင်းကို ကယ်မယ်"

"အားတင်းလို့ မရတော့ဘူး"

ကျော်စွာ၏လေသံမှာ ပျော့နေသည်၊ တိုးတိုးလေသာ ပြောနိုင်တော့သည်၊

"မင်းမသေစေရဘူး - ကျော်စွာ၊ တို့ မင်းကို ကယ်မယ်"

ကျော်စွာက ကြိုးစားပြီးပြောပြန်သည်၊ လေသံမှာ တိုးလွန်းလှသည်၊

"အုံ့မောင် တွန်းချတာ"

ကျော်စွာသည် ထိုစကားငါးလုံးကို ပြောပြီး ဇက်ကျိုးသွားပါသည်၊ မောင်း





www.burmeseclassic.com

www.burmeseclassic.com

ထားသည့်အားများကို လျှော့ချလိုက်သည်နှင့် ကျော်စွာ ရေထဲသို့ မြုပ်သွားပါတော့သည်။

"ကျော်စွာ သတိထားပါ"

ကိုသာမောင်က အော်ပြောသော်လည်း ကျော်စွာ ပြန်ပေါ်မလာတော့ပါ။

မကြာမီ ထန်းတက်သည့် ရင်းထောင်နှစ်နံ့ထမ်း၍ သူငယ်ချင်းများပြန်ရောက်လာခဲ့ကြသည်။ ရင်းထောင်ကို ရေတွင်းထဲသို့ချကာ လူငယ်သုံးဦးက ရေထဲဆင်း၍ ကျော်စွာ့ကို ခက်ခက်ခဲခဲ အပေါ်သို့ရောက်အောင်တင်ခဲ့ကြသည်။ အပေါ်သို့ရောက်သည့်အခါ ကျော်စွာ အသက်ပါမလာတော့ပါ။

"ရေတွင်းအုတ်နဲ့ရိုက်မိပြီးဦးခေါင်းခွဲကွဲတာ"

"သူမသေခင် သူကို အံ့မောင်ရေတွင်းထဲ တွန်းချတဲ့အကြောင်း ပြောချင်လို့ အသက်မသေအောင် အားတင်းထားပုံရတယ်"

ကိုသာမောင်က ကျော်စွာပြောသည့်စကားများကို ပြန်ပြောပြလိုက်သည်။

"ဒါဆို ကျော်စွာ့ကို အံ့မောင်က ရေတွင်းထဲ တွန်းချတာ သေချာတာပေါ့"

"သေချာပေမယ့် မျက်မြင်သက်သေ မရှိဘူးဖြစ်နေတယ်"

"မျက်မြင် သက် သေမရှိ ပေမဲ့ ရဲစခန်းမှာ တိုင်ချက်ဖွင့်ရမယ်"

"ဟုတ်တယ် - လက်ထပ်ပွဲမှာ အံ့မောင်က ကျော်စွာကို ဒီနေ့သတ်မယ်လို့ ပြောလိုက်တာ အားလုံးကြားတာပဲ၊ အံ့ မောင် ကို ဖမ်းပြီးစစ် လိုက် ရင် အထောက်အထားတစ်ခုခုရမှာ သေချာတယ်"

"လာပါ - အားလုံးရဲစခန်းကို သွားကြမယ်"

သူငယ်ချင်းများ တစ်ယောက်တစ်မျိုးပြောနေကြသော်လည်း ရဲစခန်းသို့သွားကြရန် သဘောတူသဖြင့် ကိုသာမောင်ခေါင်းဆောင်၍ ကာလသားတစ်သိုက် ပိတောက်ကုန်းရဲစခန်းကို ထွက်ခဲ့ကြသည်။

ရဲစခန်းသို့ရောက်သည့်အခါ စခန်းမှူးကို အသင့်တွေ့ရသဖြင့် ကျော်စွာ သေဆုံးမှုတွင် အံ့မောင် လူသတ်တရားခံဖြစ်ကြောင်းပြောပြပြီး တိုင်ချက်ဖွင့်ရန် တင်ပြလိုက်သည်။ စခန်းမှူးက ကိုသာမောင်ပြောပြသည်ကို အစအဆုံးနားထောင်ပြီးမှ ပြန်လည်မေးမြန်းခဲ့ပါသည်။

"ကိုကျော်စွာသေဆုံးတာ ဘယ်အချိန်ပါလဲ - ခင်ဗျား"

"ညနေခြောက်နာရီခွဲခန့်မှာပါ"

"အံ့မောင်က ဘယ်အချိန်လာပြီး တွန်းချတာလဲ"

"အံ့မောင် တွန်းချတာနဲ့ ကျော်စွာ မကြာခင်သေတာဆိုတော့ ခြောက်နာရီ နေ့ပါပဲ"

"ဒါဆို အံ့မောင် လုံးဝမဖြစ်နိုင်ဘူး"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ မနက်က လက်ထပ်ပွဲမှာ အံ့မောင်က သူ ကျော်စွာကို ဒီနေ့သတ်မယ်လို့ပြော လိုက်တာ၊ အားလုံးကြားလိုက်တာပဲ၊ ကျော်စွာကိုယ်တိုင်ကလည်း သေခါနီး ဆဲဆဲ သူ့ကို အံ့မောင်က ရေတွင်းထဲ တွန်းချတယ်လို့ ပြောတာပဲ"

"မနက်က အံ့မောင်ပြောတာကို ကျုပ်ကိုယ်တိုင် ကြားခဲ့ပါတယ်"

"ဒါဆို အံ့မောင်သတ်တာ သေချာနေပြီပဲ၊ အံ့မောင်ကို ဖမ်းပေးပါ"

"အံ့မောင်ကို ဖမ်းလို့မရဘူး၊ ဥပဒေကြောင်းအရ အရေးယူလို့မရနိုင်ပါဘူး"

"လူသတ်တရားခံကို သိနေတာပဲ၊ ဘာကြောင့် အရေးယူလို့မရရမှာလဲ"

"ဟုတ်ကဲ့ - အားလုံးရှင်းအောင် ပြောရရင် အံ့မောင်ဟာ မနက်က လက်ထပ်ပွဲကအပြန် ကွေ့မအရက်ဆိုင်ကို ဝင်တယ်။ အရက်အလွန်အကျွံသောက်ပြီး ဆိုင်ရှင်တရုတ်ကြီးကို ပုလင်းနဲ့ရိုက်လို့ အလုပ်သမားတစ်ဦးက အံ့မောင်ကို ဓားနဲ့ထိုးတာ အံ့မောင် (၁၂) နာရီတိတိမှာ သေပါတယ်။ ညနေ ခြောက်နာရီမှာ ကိုကျော်စွာကို ရေတွင်းထဲတွန်းချတယ် ဆိုတော့ အသက်ရှင်တဲ့လူသား အံ့မောင် မဖြစ်နိုင်တော့ပါဘူး။ ကွယ်လွန်ပြီး ဝိညာဉ် အံ့မောင်ပဲ ဖြစ်တော့မှာပါ။ ကျွန်တော်တို့စခန်းက လူသားစစ်စစ်ကိုသာ အရေးယူခွင့် ရှိပါတယ်။ ဝိညာဉ်ကို အရေးယူဖို့ ဥပဒေမှာ မရှိသေးလို့ ဝမ်းနည်းပါတယ်"

စခန်းမှူး၏ စကားကြောင့် ကိုသာမောင်တို့အဖွဲ့ အံ့သြသွားကြပါသည်။

ဂမ္ဘီရလောကသည် ဆန်းကြယ်သည်ဆိုသော်လည်း လက်တွေ့ကြုံလိုက်ရသောအခါ မယုံကြည်နိုင်လောက်အောင် ဖြစ်ရသည်။ အံ့မောင်သည် သူ့စကားအရ ပြောသည့်အတိုင်း ဖြစ်အောင်ကျော်စွာ့ကိုသတ်လိုက်သည်မှာ အမှန်ဖြစ်သည်။ သူအသက်ရှင်စဉ် သတ်ခွင့်မရလိုက်၍ ဝိညာဉ်ဘဝရောက်မှ သတ်လိုက်ခြင်းပါတကား။ ဂမ္ဘီရလောကတွင် ဝိညာဉ်လူသတ်ကောင် အဖြစ် မှတ်တမ်းဝင်ခဲ့ပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရိပ်နှလုံးသား
တံခါးဖွင့်တတ်ပြီလား

ဖြိုးသိတာ
( ရွှေဂုံရိပ်မွန် )

# မေတ္တာရိပ်နှလုံးသား တံခါးဖွင့်တတ်ပြီလား

✦✦✦ ဖြိုးသိတာ (ရွှေဂုံရိပ်မွန်) ✦✦✦

ဟိုတလောတုန်းကပေါ့၊ ငယ်သူငယ်ချင်းတစ်ယောက်က သန်လျင်မြို့က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ အလှူလုပ်တယ်။

"နင်ရော - သိပြီးပြီလား"

လို့ သူက မေးပါတယ်။

"ဘာအကြောင်းလဲ"

လို့မေးတော့ သူက ပြန်ပြောပါတယ်။

"မသိသေးဘူးလား"

ဆိုပြီး အံ့အားသင့်တဲ့ပုံစံမျိုးနဲ့ပေါ့၊ ဒီလိုကွယ် ...

အလုပ်ကလည်းများတော့ ဘုန်းကြီးကျောင်းရောက်တာနောက်ကျနေပြီ၊ အဲဒီနေ့က လူတွေလည်း အများကြီး ပဲ၊ ဧည့်သည်တွေကလည်း အများကြီးဆိုတော့ လူတွေစုံအောင် မနှုတ်ဆက် နိုင်ဘူးလေ၊ အလုပ်တွေကလည်းများနေတော့ ကိုယ်နဲ့ ရင်းနှီးတဲ့ အပေါင်းအသင်း၊ မိတ်ဆွေတွေလောက်ပဲ နှုတ်ဆက်ဖြစ်ပါတယ်၊ ပထမဦးဆုံး ဘုန်းကြီးကျောင်းကို ရောက်ရောက်ချင်း မြတ်စွာဘုရားကို ဦးတိုက်ရှိခိုးတယ်၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်လှည့်လိုက်တော့ အပေါ်ကနေ
လူပုံသဏ္ဌာန် အဝတ်ဖြူ အရှည်ကြီးတစ်စ
ရုတ်တရက် တွဲလောင်းကျလာပါလေရော။
အဲဒီအချိန်မှာ ကြောက်လွန်းလို့ ရင်တွေ
ကလည်း တုန်နေတယ်။ အသက်ရှူသံ
မှားလောက်အောင်ပဲ ဖြစ်နေတော့
ဘာဆက်လုပ်ရမှန်းလည်း မသိဘူး။
တခြားသူတွေကို အော်ခေါ်ဖို့
ကျပြန်တော့လည်း အဝေးကြီးမှာ ...

ပြီးတော့ ဆရာတော်ဘုရားကို ဦးချတယ်၊ စိတ် အာရုံပြုပြီး ဘုရားစာရွတ်ဖတ်တယ်။ ငါးပါးသီလခံယူတယ်။ ကိုယ်ပြုလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို ဘဝတစ်ပါးသို့ ကူးပြောင်းသွားတဲ့သူတွေရယ်၊ မကျွတ်မလွတ်သေးတဲ့သူတွေရယ်၊ အမြန်လမ်းကြောင်းပေါ် ရောက်နေတဲ့သူတွေ၊ အရေးပေါ်ကားများ၊ ဆေးရုံ ဆေးခန်းများတွင် ဆေးတက်ရောက်ကုသနေတဲ့သူတွေ၊ အရေးပေါ်အခန်းမှာ ခွဲစိတ်ကုသနေတဲ့လူနာတွေအားလုံးကိုပေါ့ အမျှတမ်းဝေပါတယ်။ မေတ္တာပို့တယ်။

—

သံဃာတော်တွေကို ဝါဆိုသင်္ကန်း၊ ပရိယာကွ (၈) ပါး၊ ဒွိစုံ လှူဒါန်းပါတယ်၊ အားလုံးပြီးတာနဲ့ပဲ နေ့ဆွမ်းဆက်ကပ်ပါတယ်၊ အသားဟင်း၊ အရွက်ကြော်၊ ဟင်းချို၊ တို့စရာနဲ့ ငါးပိရည်၊ ငံပြာရည်ကြော်၊ အစုံအလင်ပေါ့။ ဆွမ်းစားပြီးတာနဲ့အရှုံပွဲပါအသင့်ဘုဉ်းပေးနိုင်အောင်လို့ ပြင်ဆင်ပြီးသားပေါ့လေ၊ သံဃာတော်တွေ ဆွမ်းစားနေချိန်ဆိုတော့ ဇည့်သည်တွေနဲ့ အိမ်သားတွေက တစ်ဖက်မှာ ဟိုအကြောင်း၊ ဒီအကြောင်း ပြောကြရယ်ကြ၊ မောကြပေါ့။ သောင်းပြောင်း၊ ထွေလာ ပြောကြတာပေါ့လေ၊ တချို့ကျတော့ အလုပ်ကိစ္စအကြောင်း၊ တချို့တွေကျပြန်တော့လည်း အိမ်ကိစ္စအခြေအနေပေါ့။

စီးပွားရေး မပြေလည်တဲ့ သူတွေကျပြန်တော့လည်း စိတ်ဖြေသိမ့်ပေး





ရတာပေါ့လေ၊ တချို့သူတွေကတော့ သားသမီးအကြောင်းတွေပေါ့၊ ကလေးတွေ အလှည့် ရောက် တော့ ဂိမ်းအကြောင်းပေါ့။ ဒီခေတ်မှာတော့ COC ပေါ့၊ တိုးတက်ပြောင်းလဲနေတဲ့ ခေတ်ကြီးကိုရောက်တော့ အင်တာနက်တွေနဲ့ ရိုတ်ဆက်ကြတာပေါ့နော်၊ အိမ်ကလူတွေ၊ အကြီးအကဲတွေပြောတော့ ကလေးတွေ စာမလုပ်ဘဲနဲ့ ဂိမ်းဆော့နေလို့ ပြောဆိုဆုံးမနေရတာနဲ့ ဖပ်ဖပ်ကို မောနေတာပဲ၊ အားလပ်ချိန်လေးတောင် မရှိပါလား၊ တစ်နေကုန် အိမ်အလုပ်တွေနဲ့ ပိနေတာပဲ၊ မျက်လုံးနှစ်လုံး ပိတ်ချိန်ကျမှပဲ နားရတော့တယ်၊

လူကြီးမိဘပြောစကားနားထောင်တဲ့ ကလေးတွေကတော့ မိဘအုပ်ထိန်းသူက လူတကာရှေ့မှာ ချီးမွမ်းပြောဆိုတာခံရတာပေါ့။ မိဘစကားနားမထောင်၊ ဘုကန့်လန့်လုပ်နေတတ်တဲ့ သူတွေ "ပြန်မပြော နားမထောင်" ဆိုတဲ့ကလေးတွေကတော့ မိဘတွေ မျက်နှာမရဘူးပေါ့၊ စကားပုံ တစ်ခုလို မျိုးပေါ့နော်၊ "သားသမီးမကောင်း မိဘခေါင်း" ဆိုတာလေ၊ တစ်ခဏလေးအတွင်းမှာတော့ မိသားစုထဲက ကောင်လေးတစ်ယောက်က အပေါ့သွားချင်တယ်ဆိုပြီး လျှောက်သွားနေရင်းနဲ့ အိမ်သာ နားမရောက်ခင်မှာပဲ ရုတ်တရက် အပေါ်ကို မော့ကြည့်လိုက်တော့ လေ့ကားထစ်နားမှာ "အရိပ်လိုလို" လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့တယ်ဆိုပြီး လန့်ဖျပ်သွားတယ်၊ ဘေးနားကပါတဲ့ အစ်ကိုလုပ်သူကလည်း ...

"မရှိပါဘူး - ဘယ်မှာလဲ"

"မတွေ့ပါဘူး"

"နေ့ခင်းကြောင်တောင်ကြီး - ဘာဖြစ်နေတာလဲ"

"လျှောက်တွေးမနေနဲ့"

"အိမ်သာသွားမှာ မုတ်လား၊ မြန်မြန်သွား" ဆိုပြီး အော်ငေါက်လိုက်ပါတယ်၊ အဲဒီအချိန်မှာ ကလေးက ကြောက်ကြောက်နဲ့ဆိုတော့သွားရခက်၊ အောင့်ထားရခက်နဲ့ စဉ်းစားနေတဲ့ အတွင်းမှာပဲ အစ်ကိုလုပ်သူက ...

"မြန်မြန်သွားလေ၊ ဘာလုပ်နေမှန်းမသိဘူး"

"ပြီးပြီလား၊ ပြီးရင်သွားကြမယ်"

ပြန်ရောက်တော့ အဖေဖြစ်သူကို ပြောပြကြတာပေါ့၊ အဖေလုပ်တဲ့ သူကလည်း ဇရတ်သုတ်ခ မဟုတ်ကဟုတ်ကတွေ လာပြီးလျှောက်ပြောနေတယ်ဆိုပြီး မယုံဘူးလေ၊ အဲဒါနဲ့ ဘေးက ထိုင်နေတဲ့ အစ်မတစ်ယောက်က သူ လိုက်ကြည့်ပေးမယ်ဆိုပြီး လိုက်လာပါတယ်၊ စောစောက ဖြစ်တဲ့နေရာ မရောက်ခင်လေးမှာပဲ ပခုံးကို မမြင်ရတဲ့ တစ်စုံတစ်ယောက်ကလက်နဲ့ပုတ်လိုက်တာ ခံစားရတယ်၊

အဲဒီအချိန်မှာ သူ့တစ်ကိုယ်လုံး ရင်ထဲမှာ ဖြန်းခနဲဖြစ်သွားပြီး ရေခဲတုံးလိုပဲ အေးစက်သွားပါတယ်၊ ကျောက်ရုပ်တွေလိုမျိုးပဲမလှုပ်တော့ပါဘူး၊ သတိလစ်သွားပါတယ်၊ ကောင်ကလေးကတော့ ကြောက်အားလန့်အားနဲ့ အော်ငိုပါလေရော၊ ကလေးငိုသံကြားတော့ လူကြီးတွေက အပြေးအလွှား ရောက်လာကြပါတယ်၊ သူနဲ့ပါလာတဲ့ အစ်မက ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရော ...

"ဘာဖြစ်တာလဲ" လို့ မေးတော့မှ ကောင်လေးက ပြောပြပါတယ်၊ ပထမတစ်ခေါက်က သူ ရေအိမ်သာသွားတုန်းက အိမ်နောက်ဖေးအပေါက်ဝကနေ အရိပ်လိုလို လူတစ်ယောက်ကို တွေ့တယ်၊ ဆံပင်ကလည်း အရှည်ကြီးပဲ၊ ဖားလျားကြီးနဲ့လေ၊ ကြောက်စရာကြီးပဲ၊ သား အရမ်းကြောက်တာပဲ၊ မျက်မှောင်ကြီးကျုံ့ပြီး စိုက်ကြည့်နေတာဆိုတော့ တွေ့တွေ့ချင်း ဘယ်သူပဲဖြစ်ဖြစ် ကြောက်အားလန့်အားနဲ့ အားငယ်စိတ်၊ သိမ်ငယ်စိတ်ကတော့ အနည်းနဲ့အများ ဝင်လာမှာ သဘာဝပါပဲလေ၊

ဘယ်ဘဝက သူ တစ်ပါးကို မကောင်းကြံထားခဲ့လို့လား၊ သူတစ်ပါးအပေါ် ပြစ်မှုကျူးလွန်ထားခဲ့လို့ပဲလား မသိတော့ပါဘူး၊ လူတွေ အများကြီးထဲမှာမှ မိသားစုတစ်စုထဲကပဲ ဖြစ်နေတာ တွေ့ရတာပဲလေ၊ တခြားသူတွေတောင် မတွေ့ရတာလေ၊ အလှူအတန်းမလုပ်ဘဲနေတဲ့သူရယ်၊ ကုသိုလ်ကောင်းမှုမပြုတဲ့သူရယ်၊ ကျွေးမွေးပြုစုစောင့်ရှောက်ပေးတဲ့ မိဘနှစ်ပါးကို စော်ကားတဲ့သူရယ် အစရှိသဖြင့်ပေါ့၊ မိဘနှစ်ပါးကိုစော်ကားတဲ့သူကတော့ ပိုပြီးကံကြီးထိုက်ကြမှာပါ၊

အဲဒီလိုလူမျိုးတွေကသာ ကံဆိုးမိုးမှောင်ကျကြတာ နေမှာပေါ့နော်၊ ဝိညာဉ်၊ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပရလောကသားတွေဆိုတာ တကယ်ရှိတာပါ၊ ရုပ်ရှင်တို့၊ စာအုပ်တို့မှာမှ မဟုတ်ဘဲ အပြင်မှာလည်း တကယ်ရှိတာပါ၊ လက်တွေ့ဘဝမှာလည်း မြင်နိုင်ပါတယ်၊ ဘုရားဟောလည်း ရှိတာပဲလေ၊ တချို့လူကြီးသူမတွေက ပြောတယ်၊ လမ်းသွားရင်း၊ ခရီးသွားရင်း၊ လေ့စီးရင်း၊ သင်္ဘောစီးရင်း၊ ကားစီးရင်းနဲ့ ပါးစပ်ကနေ ပေါက်ပန်းလေးဆယ်လျှောက်မပြောကောင်းဘူး၊ စောင့်ရှောက်ပေးနေတဲ့ ကိုယ်စောင့်နတ်၊ မမြင်ရ၊ မတွေ့ရတဲ့ ပုဂ္ဂိုလ်တွေ ငြိငြင်တတ်တယ်၊ လူ့စည်း၊ ဘီလူးစည်း ဆိုတာ ရှိတယ်၊

—

အစအနောက်သန်တာကလည်း မကောင်းပါဘူး၊ ကြိုက်တဲ့ သူရှိသလို၊ မကြိုက် မနှစ်သက်တဲ့သူလည်း ရှိမှာပါ၊ ကိုယ့်အတွက်ကတော့ အပျော်ဆိုပြီး သူတစ်ပါးထိခိုက်အောင် မစမနောက်သင့်ပါဘူး၊ဟိုတစ်နေ့ကလည်း ရွာတိတ်သူငယ်လေးတစ်စု ငါးယောက်၊ ခြောက်ယောက်ခုနစ်ယောက် ရှိမှာပေါ့၊ ကျောင်းမှာ အလုပ်လုပ်ပေးဖို့ဆိုပြီး ရောက်လာကြပါတယ်၊ မနက်ပိုင်းက ရောက်လာတာဆိုတော့ ဟိုလုပ်၊ ဒီလုပ်နဲ့ နေ့လယ်ပိုင်း ရောက်သွားရောပေါ့၊ ကျောင်းက ဆရာတစ်ယောက်က ...

"မင်းတို့ ခဏနားကြဦး၊ ပြီးရင် ထမင်းစားကြတော့အစာစားချိန်နောက်ကျရင် အစာအိမ်ရောဂါ ရလိမ့်မယ်၊ အလုပ်ကို နားနားပြီးမှလုပ်၊ ဆက်တိုက်မလုပ်ပါနဲ့ကွာ"

လို့ ပြောပြီး လှည့်ထွက်သွားပါတယ်၊ ရွာတိတ်လေးတွေလည်း နေ့လယ်စာ စားပြီး ခဏတစ်ဖြုတ် အနား





www.burmeseclassic.com

www.burmeseclassic.com

ယူပါတယ်။ အစာစားပြီးတော့ ဗိုက်လေးတာနဲ့ပဲတစ်ရေးလောက်မှေးလိုက်ကြတာပေါ့။ အိပ်လို့ပျော်ရုံပဲ ရှိသေးတယ်။ ရုတ်တရက် အိပ်မက်ထဲမှာ ဘွားခနဲ ပေါ်လာတော့တာပဲ။ ချောချောလှလှ ကောင်မလေးတစ်ယောက်ပေါ့။ အဝတ်ဖြူဝမ်းဆက်လေးနဲ့ အရမ်းချစ်ဖို့ကောင်းတာပဲ။ ဘယ်ကလာတာလဲပေါ့။

"တစ်ယောက်တည်းလား၊ အဖော်မရှိရင် သူတို့နဲ့အတူတူ လာနေလို့ရတယ်လေ၊ ကျွန်တော့်အစ်ကိုတွေလည်းရှိတော့ မပျင်းရဘူးပေါ့၊ အကူအညီလိုရင်လည်း ပြောပါ၊ ကူညီလို့ရတာရှိရင် ကူညီပါ့မယ်၊ ဟိုအကြောင်းမေးရင်း ပြောရင်း ဆိုရင်း ရယ်မောရင်းပေါ့။ အဆင်ပြေနေတဲ့ပုံစံပါပဲ။ အပြုံးပန်းပွင့်နေတာမျိုးပေါ့။

ဒုတိယ ချာတိတ်လေးကျတော့ တစ်ရေးနိုးထလာတာပေါ့။ အိပ်ချင်မူးတူး နဲ့ဆိုတော့ ဘာမှမသိဘူး ဖြစ်နေတယ်။ မျက်စိမှိတ်ပြီးလျှောက်သွားရင်းနဲ့ သစ်ပင်ကြီးအောက်လည်းရောက်ရော သူ့အနားကနေ လူတစ်ယောက် ဖြတ်လျှောက်သွားသလို ခံစားရင်းမှ ရုတ်တရက် မျက်စိဖွင့်ကြည့်လိုက်တော့...

"ဘာမှမတွေ့ပါလား၊ ဒါတစ်ယောက်ယောက် မမြင်ရတဲ့ တစ်ယောက်ပဲ၊ ဘယ်သူ ငါ့အနားကနေ ဖြတ်သွားတာလဲ၊ ငါအခု ဘယ်ရောက်နေတာလဲ"

ဆိုပြီး တစ်ဖက်လှည့်လိုက်တော့ အပေါ်ကနေ လူပုံသဏ္ဍာန် အဝတ်ဖြူအရှည်ကြီးတစ်စ ရုတ်တရက် တွဲလောင်းကျလာပါလေရော၊ အဲဒီအချိန်မှာ ကြောက်လွန်းလို့ ရင်တွေကလည်း တထိတ်ထိတ်တုန်နေတယ်။ အသက်ရှူသံများလောက်အောင်ပဲ ဖြစ်နေတော့ ဘာ ဆက်လုပ်ရမှန်းလည်း မသိဘူး။ တခြားသူတွေကို အော်ခေါ်ဖို့ ကျပြန်တော့လည်း အဝေးကြီးမှာ။ ကြားရမှာ မဟုတ်ဘူး၊ ငါဘယ်လိုလုပ်ရင် ကောင်းမလဲ၊ မျက်စိမှိတ်ထားပြန်ရင်လည်း တွဲလောင်းကြီး ပြန်မြင်ရမှာလား။ ရှေ့ကို ဆက်မတိုးရဲတော့ပါ၊ နောက်ကို ပြန်လှည့် ပြေးရတော့တာပေါ့၊ တစ်ချိုးတည်း လစ်ပြီပေါ့။ ခလုတ်ထိမှ အမိတဆို သလို ကြောက်စရာတွေနဲ့တွေ့မှ အမေရေ - ကယ်ပါဦးတဲ့လား။

—

တတိယချာတိတ်လေးကတော့ ငယ်ငယ်လေးကတည်းက အစနောက်သန်ပါတယ်၊ သူကစနောက်တိုင်းမှာရှေ့နောက်မကြည့်ဘဲစတတ်၊ နောက်တတ်ပါတယ်။ သူ့ကြောင့် စိတ်ဆိုးပြီး ငိုရတဲ့သူတွေလည်း ရှိပါတယ်။ သူ့ကြောင့် အဆူခံရပြီးတော့ အရိုက်ခံရတဲ့ သူလည်း ရှိပါတယ်။ သူကတော့ နေ့လယ်နေ့ခင်း မအိပ်တတ်ပါဘူး။ အမှောင်ကိုတော့ ကြောက်ပါတယ်၊ အမှောင်ထဲမှာ တစ်ယောက်တည်း သွားရမှာကို အကြောက်ဆုံးပါ။ လမ်းသွားရင်လည်း အဖော်ပါမှ သွားတတ်ပါတယ်။ အုပ်စုလိုက် လျှောက်သွားလည်ပြီး ပျော်ပါးရတာကို အကြိုက်ဆုံးပါ၊ ငယ်သေးပေမယ့်လည်း ကျောင်းနေတဲ့အရွယ်မှာ အပေါင်းအသင်း များရာကနေ အသောက်အစား၊ အပျော်ပါးမက်တဲ့သူ ဖြစ်နေပါတယ်၊

အိမ်က လူကြီးတွေ မသိပါ။ မိဘတွေက အဝေးမှာနေတဲ့သူဖြစ်နေလို့သူ့အတွက်အမှားအမှန်၊ အကောင်းအဆိုး၊ လုပ်သင့် မလုပ်သင့် သွန်သင်ဆုံးမပေးမယ့်သူ မရှိပါ။ တစ်ဖွတ်ထိုး လုပ်တယ်၊ ခွဲခြားသိမြင်နိုင်စွမ်း မရှိဘူး၊ ပြောရင်မမှတ်ဘူး၊ လုပ်ချင်တာ လုပ်တယ်၊ တေလေကြမ်းပိုး ဖြစ်နေတာပေါ့၊ ဟိုကြည့်ဒီကြည့်ရင်းနဲ့လျှောက်သွားနေရာကနေ ရေတွင်းကြီးတစ်တွင်းနားလည်းရောက်ရော အောက်ကို ငုံ့ကြည့်တာပေါ့။ အထဲမှာ မှောင်မည်းနေတာပဲ၊ အဲဒါနဲ့ လက်ဆော့တဲ့သူဆိုတော့အနားကခဲလုံးလေးတွေကောက်၊ သစ်ကိုင်းလေးတွေယူပြီး အထဲကိုပစ်ထည့်တော့တာပေါ့။ အဲဒီလိုနေရင်း ဆော့ရင်းနဲ့ ကြာလာတော့ ပျင်းလာတာပေါ့၊ ခြေထောက်တွေလည်း ညောင်းလာပြီလေ၊ တစ်ခဏလေးတော့ ထိုင်ဦးမှပဲဆိုပြီး ရေတွင်းဟောင်းဘေးနားမှာ ထိုင်ချလိုက်ပါတယ်။ မကြည့်မိဘူးလေ၊ အောက်မှာက ခါချဉ်အုံ ရှိနေတယ်၊

ရုတ်တရက် ရောက်လာတဲ့ ခါချဉ်အုံပါ။ စောစောက မရှိဘူးလေ၊ ခါချဉ်အကိုက်ခံရတော့တာပေါ့၊ တော်တော်လေး အကိုက်ခံခဲ့ရတဲ့ပုံပါပဲ၊ ဆေးခန်းကို တန်းပြေးရတော့တာပေါ့၊ ခါချဉ်ကိုက်ခံရတဲ့အရှိန်နဲ့ ဆေးထိုး၊ ဆေးစားရတော့တာပါပဲ၊ "သူတစ်ပါး မကောင်းကြံ ကိုယ့်ဘေးရန်သင့်" ဆိုသလို၊ ဒီတစ်ခါ သူပြန်ခံရတာဆိုတော့ နောက်ဆို သူတစ်ပါးကို ထိခိုက်အောင် မစမနောက်တော့ဘူးပေါ့၊ လက်တွေ့ခံလိုက်ရပြီလေ၊ ငရဲမှာအပ ဝဋ်မှာအမြဲ ခေါင်းစဉ်လိုပေါ့နော်။

—



www.burmeseclassic.com

www.burmeseclassic.com

စတုဗ္ဗ ချာတိတ်လေးကတော့ သရဲကား၊ ဝိဉာဉ်ကားတို့၊ လူသတ်ခန်းလိုမျိုး၊ သွေးစုပ်ဖုတ်ကောင်လိုမျိုးဇာတ်လမ်းအကြောင်းတွေ အကြိုက်ပါ။ နေ့တိုင်းလိုလို ကြည့်ဖြစ်ပါတယ်။ သူက လူတစ်မျိုးပါ။ ရုပ်ရှင်ဇာတ်လမ်းတွဲတွေ၊ သတ်ခန်း၊ဖြတ်ခန်းတို့လိုမျိုး၊ ဒုစရိုက်လိုကားမျိုး၊ဇာတ်လမ်းထဲမှာပါသလိုအပြင်မှာလည်း တစ်ခါတလေ သရုပ်ဆောင်ပြရတာကိုစွဲလမ်းနှစ်သက်သူပါ။ အမိုက်မှောင်ကို ပိုသဘောကျပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မှောင်မည်းနေတဲ့ အချိန်မှာ ကိုယ်တိုင် သရုပ်ဆောင်ပြရတာ ရှာန်ဝင်ဖို့ ကောင်းတယ်။ ပိုပီပြင်တယ်ဆိုပြီး ပြောပါတယ်။

တစ်နေ့တော့ ဝါသနာအရ လေ့ကျင့်သရုပ်ဆောင်ရော သူ လုပ်ပြနေတဲ့ အချိန်အတွင်းမှာပဲ လေတစ်ချက် တိုက်ပါတယ်။ လေက တော်တော်ပြင်းတယ်။ တံခါးတွေဝုန်းခနဲဆိုပြီးဖြစ်သွားပါတယ်။ ဒီအချိန်မှာ အရိပ်မည်းမည်းကြီးနဲ့ လူတစ်ယောက် ထွက်ပေါ်လာပါတယ်။

"မင်း ခေါ်လို့ ငါ လာတာကွ"

ဆိုပြီး ပြန်ပြောပါတယ်။

"ကျွန်တော် မခေါ်ပါဘူး"

လို့ ပြန်ဖြေတော့ အရိပ်မည်းကြီးက ...

"ဒါဆို မင်းက ငါ့ကို လှောင်ပြောင်တာလား၊ ကျီစားတာလား"

လို့ ပြန်မေးပါတယ်။ ကျွန်တော် မဟုတ်ပါဘူးဆိုပြီး ပြန်ဖြေတော့ အရိပ်မည်းကြီးက ...

မင်း ငါ့ကို စိတ်ဆိုးအောင် လုပ်တယ်။ မင်းကို ငါ အလွတ်မပေးဘူး။ မင်းစောင့်ကြည့်ဆိုပြီး ပြောပြီးတာနဲ့ပဲ ရုတ်တရက်ပျောက်သွားပါလေရော။ တစ်ချိန်တည်းမှာပဲလေပြင်းတွေတဝေါဝေါတိုက်ပါလေရော။ ဒီတစ်ခေါက်က ပထမတစ်ခေါက်ထက်ပိုဆိုးတော့တာပဲ။ တံခါးတွေကို ချက် ချထားတာတောင်မှ တဒုန်းဒုန်းနဲ့ အသံကျယ်ကြီး ထွက်ပေါ်လာတယ်။ ဝုန်းခနဲ အသံနဲ့အတူ မှန်ကွဲသံတွေရောပဲပေါ့။ ကြမ်းပြင်မှာလည်း သွေးတွေ အိုင်ထွန်းနေတာပဲ။ သွေးလမ်းကြောင်းအတိုင်းလျှောက်သွားရင်းနဲ့အခန်းတစ်ခုထဲရောက်တော့ အိမ်မှာမွေးထားတဲ့ သစ္စာစောင့် ခွေးလေးပေါ့။ သူ့သခင်အတွက်နဲ့ အသက်ပေးသွားရရှာတယ်။ အသက်ချင်း အစားထိုးသွားတာပါ။

သူလည်း တွေ့တွေ့ချင်း မျက်ရည်တွေ သူ့အလိုလို စီးကျလာပြီး ခွေးလေးရှေ့မှာ ဒူးထောက်လိုက်ပါတယ်။

ညအိပ်တော့ အိပ်မက် မက်မြန်ရော။ ခွေးလေးကိုအာရုံပြုပြီးကောင်းရာမွန်ရာဘုံဘဝ ရောက်ပါစေလို့ပေါ့။

"မင်းက ငါ့အသက်ကို ကယ်လိုက်တာ။ ငါ မင်းကို တောင်းပန်ပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်။ နောက်ဘဝရောက်ရင် ငါ မင်းအပေါ်မှာ ပြန်ကျေးဇူးဆပ်ပါ့မယ်"

လို့ ပြောရင်း တောင်းပန်နေရင်းက ခွေးလေးလည်း ရုတ်တရက် ပျောက်ကွယ်သွားပါတော့တယ်။ အဲဒီနောက်ပိုင်း ခွေးလေးအတွက် အလှူလုပ်၊ အမျှတမ်းဝေပေးပါတယ်။ သူ့ကတိလည်း ပေးလိုက်ပါတယ်။ နောက်ဆို ဘာဇာတ်လမ်းမှ မကြည့်တော့ပါဘူး။ သတ်ဖြတ်ခန်း၊ ဒုစရိုက်ခန်းတွေလည်း မကြည့်တော့ပါဘူး။ အမှောင်ထဲမှာလည်း ဘာဆိုဘာမှ မလုပ်တော့ပါဘူးဆိုပြီး ခွေးလေးကို ကတိပေးခဲ့ပါတယ်။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာဖြစ်မယ်။ "ဘဝမှာ အရာအားလုံး ဆုံးရှုံးခဲ့ရင်တောင် ဖြူစင်သန့်ရှင်းတဲ့ ကိုယ့်စိတ်ကောင်းလေးကိုတော့ ဆုံးရှုံးမခံပါနှင့်" လို့ ဆိုရမှာပါပဲ။ စိတ်ကောင်းရှိခြင်းဟာနောက်ထပ်မွန်မြတ်တဲ့ဘဝကောင်းများစွာကို ဖန်တီးပေးနိုင်တဲ့အတွက်ကြောင့်ပါ။

သင့်ဘဝတစ်လျှောက်လုံးကြုံတွေ့ခဲ့ရတဲ့ ပြဿနာတိုင်းဟာ သင့်ဘဝရဲ့ ဆရာတွေပါပဲ။ ဘယ်ပြဿနာမဆို သင့်ကို အနည်းနဲ့အများ အသိပညာတွေ ပေးသွားတာပဲ မဟုတ်လား။ ဘဝတစ်လျှောက်လုံးမှာသင်ဟာတတ်သိသူကြီးဖြစ်ဖို့ထက် သိတတ်သူဖြစ်ဖို့ရာ အရင်ကြိုးစားရမယ်ဆိုတာ နှလုံးသားတံခါးဖွင့်ထားတတ်ဖို့လည်း မမေ့ပါနှင့်။

ဦးသိတာ (ရွှေဝံ့ကိုပ်မှန်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြန်မာ့တပ်မတော်နှင့် မြန်မာပြည် ဖြောက်ပိုင်းက တစ္ဆေတက်လမ်းများ

✦✦✦ လှမြန်မာ ✦✦✦

**ခေါင်းမာတဲ့ ခလရ (...) တပ်ရင်းမှူး**

ဒီအဖြစ်အပျက်လေးတွေက လွန်ခဲ့ တဲ့ (၃)နှစ်အတွင်းက ကချင်ပြည်နယ်မှာ သောင်းကျန်းသူနဲ့ နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ခဲ့ရတဲ့ တပ်ရင်းတစ်ခုက စစ်ဗိုလ်ဆရာဝန်လေးရဲ့ မှတ်တမ်းပါ။ တကယ့်ဖြစ်ရပ်မှန်လေးပါ။ သူတို့တပ်ရင်း ပုသိမ်ကြီး [သခင်မတောင်ခြေ ခလရ (...)] မိခင်တပ်ရင်းကနေ ရှေ့တန်းထွက်မယ်လုပ်တော့ ဆရာကြီး တစ်ယောက်က တော်တော်လေး ရောင်းဆိုးနေပါတယ်။ တပ်ကြပ်ကြီးဆေးအဆင့်က ရှေ့တန်းလိုက်နိုင်လောက်အောင် မရှိပါဘူး။ ဒါနဲ့ ဆရာဝန်လေးက တပ်ရင်းမှူးကို တင်ပြတော့ လက်မခံပါဘူး။ တပ်ရင်းမှူးကလည်း နာမည်ကြီးပါ။ သူ့အဖေက နိုင်ငံတော်ကပေးတဲ့ သူရဲကောင်းဘွဲ့တံဆိပ်တစ်ခုရတဲ့အထိ တိုင်းပြည်အတွက် အသက်ပေးတိုက်ခဲ့သူပါ။ သူ့အဖေက ဗိုလ်ကြီးဘဝနဲ့ နာမည်ကြီးတိုက်ပွဲတစ်ခုမှာ အသက်ပေးလှူခဲ့လို့ ဗိုလ်သင်တန်းစတက်ကတည်းက သူ့ကို ကာကွယ်ရေးဦးစီးချုပ်ကအစ မျက်နှာသာပေးလို့ တပ်ရင်းမှူးဖြစ်တဲ့ အထိ ခေါင်းကခပ်မာမာပါ။ အခုလည်း ဆရာကြီးကို ဒီလောက်နဲ့ နောက်တန်းမှာ မထားခဲ့နိုင်ဘူးဆိုပြီး ငြင်းပါတယ်၊ ဆရာဝန်လေးလည်း မတတ်နိုင်ဘဲ ဆရာကြီးကို ခေါ်လာခဲ့ရတယ်။ သောင်းကျန်းသူနွင်ထဲမှာ တိုက်ပွဲတွေဖြစ်၊ နယ်မြေရှင်းလင်းရေးတွေလုပ်နဲ့ (၁)လလောက်ကြာလာတော့ ဆရာကြီးက တော်တော်လေး ရောင်းဆိုးလာပါတယ်။ သူ့အခြေအနေ သူသိတဲ့ ဆရာကြီးက ...

"ဗိုလ်ကြီး - ကျွန်တော် ရပါဦး မလား" လို့ တဖွဖွမေးပါတယ်၊ ဆရာဝန်လေးလည်း စိတ်မကောင်းဘူးပေါ့၊ ဒါပေမဲ့ - ပင်ပန်းတဲ့ဒဏ်တွေနဲ့ ဆရာကြီး ဆုံးသွားရှာပါတယ်။ ဆရာကြီးအလောင်းကို ထုံးစံအတိုင်း သဂြိုဟ်၊ ဖြစ်စဉ်ကို ရေးလုပ်ရတာပေါ့ (တပ်ရင်းမှူး မထိနိုက်အောင်တော့ ဖော့ရေးရတာပေါ့လေ)၊ တပ်ရင်းမှူးကလည်း အဲဒီတော့မှ သူ့အမှုပတ်မှာ စိုးရိမ်နေပါတယ်။ ပြဿနာက အဲလောက်နဲ့ မပြီးပါဘူး။ ဆုံးတဲ့ညမှာပဲ ဆရာဝန်လေးအိပ်တဲ့ အိပ်ရာဘေးမှာ တပ်ရင်းမှူး နာမည်ရေရွတ်ပြီး ...

"ဒီကောင်ငါ့ကိုသတ်တာ၊ ဒီကောင် ငါ့ကိုသတ်တာ"

ဆိုပြီး ဆရာကြီးက လာလာအော်နေပါတယ်၊ ဆရာဝန်လေးလည်း တတ်နိုင်သလောက် ဘုရားစာတွေ ရွတ်မပြန်ပျောက်သွားပါတယ်၊ ဒီလိုနဲ့ မနက်လင်းတော့ တပ်ရင်းမှူးလည်း မျက်နှာမကောင်းပါဘူး။ သူ့လည်း လာခြောက်တယ်လို့ ဆိုပါတယ်၊ ဒါနဲ့ပဲ သူတို့ အဲဒီနေရာကနေ ရွှေ့ရတော့ ဆရာကြီးအတွက် အမှုတွေ ဘာတွေပေးပြီး ထွက်ခဲ့ကြပါတယ်၊ တစ်ညတော့ သူတို့တောတွင်းတစ်နေရာမှာ စခန်းချနေကြပါတယ်။ မေးခနဲ အိပ်ပျော်နေတုန်း ...

ဆရာဝန်လေးကို တစ်စုံတစ်ယောက်က လာနှိုးနေပါတယ်၊ သူ မျက်စိဖွင့်ကြည့်လိုက်တော့ သေသွားတဲ့ ဆရာကြီးပါ။ တော်တော်လေးပိန်ချုံးနေပါတယ်၊ ဆရာကြီးတစ္ဆေက ...

"ဗိုလ်ကြီး - ထ - ထ - အရှေ့ဘက်ကင်းလျှော့တဲ့နေရာက ရန်သူကောင်တွေ တက်လာနေပြီ"

ဆိုပြီး ပြောပါတယ်၊ ဆရာဝန်လေးလည်း ဘာမှမကြောက်အားတော့ပဲ ချက်ချင်း တပ်ရင်းမှူးကိုနှိုးပြီး အဆင်သင့်စောင့်နေလိုက်ကြပါတယ်။ မကြာပါဘူး၊ အမှောင်ထဲကနေ အသံမကြားအောင် ဖြည်းဖြည်းချင်းတက်လာနေတဲ့ ရန်သူလက်နက်ကိုင်တွေရဲ့ မည်းမည်းအရိပ်တွေ တွေ့ရတော့တာပါပဲ၊ အဲဒီတိုက်ပွဲမှာလက်နက်ကိုင်တွေကအလစ်အငိုက် အပိုင်တက်လာတာပါပဲ၊





www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ - တချွေ ဆရာကြီးကောင်းမှုနဲ့ သူတို့တက်လာ တဲ့ လက်နက်ကိုင်တွေကို အပီအပြင် ချေမှုန်းနိုင်ခဲ့ပါတယ်၊ ဒါပေမဲ့ - တပ်သား (၃)ယောက်တော့ ဒဏ်ရာရသွားပါတယ်၊ ညတွင်းချင်းပဲ သူတို့ ဒဏ်ရာရနေတဲ့ စစ်သား(၃) ယောက်ကို ထမ်းစင်နဲ့တင်ပြီး ရှေ့တန်းဌာနချုပ်ကို ပြန်ခဲ့ကြပါတယ်၊ (၂)ရက်ခရီးပါ။ ဒဏ်ရာရတဲ့သူတွေကလည်း အခြေအနေကောင်းပါတယ်၊

အဲဒီမှာပဲ ပြဿနာတစ်ခု တက်တော့တာပါပဲ၊ သူတို့ကချင်ရွာလေးတစ်ရွာနားကို ရောက်လာပါတယ်၊ သာမန်ရွာလေးပါ။ ဒါပေမဲ့ - အဲဒီရွာက နာမည်တော့ ကြီးပါတယ်၊ ဘာလို့လဲဆိုတော့ လက်နက်ကိုင်ဖြစ်ဖြစ်၊ မြန်မာ့တပ်မတော်ကဖြစ်ဖြစ် ဒဏ်ရာရနေတဲ့ သူတွေနဲ့ ရွာနားမှာစခန်းချရင်ဒဏ်ရာရတဲ့ သူ တွေ က မနက် မရောက် ပါဘူး၊ အလောင်းပဲ ကျန်ခဲ့တယ်လို့ နာမည်ကြီးတဲ့ရွာပါ၊ စုန်းရွာလို့လည်း ခေါ်ပါတယ်၊ ရွာသားတွေကတော့ ဖော်ဖော်ရွေရွေပါပဲ၊ ဒါပေမဲ့ - ညမှောင်လာတော့မတတ်နိုင်တော့ပဲ စခန်းချရပါတော့တယ်၊ သတိနဲ့ကင်းသေချာချပြီး သတိနဲ့တော့ နေရတာပေါ့၊ တပ်စုတစ်စုကတော့ ရွာထဲ ရေနဲ့ စားစရာ သွားရှာပါတယ်၊

ဆရာ ဝန်လေးလည်း စိတ်မချတာနဲ့ တပ်စိတ် တစ်စိတ်နဲ့အတူ လူနာ(၃) ယောက်ဘေးမှာ စောင့်နေပါတယ်၊ ညမှေးခနဲ အိပ်ပျော်သွားတာနဲ့ လူနာသုံးယောက်ရဲ့ရှူးရှူးဝါးဝါး အော်သံတွေကြား

တစ်ညနေတော့ ကုန်းတန်းဘက်
ကင်းစခန်းက ရဲဘော်တွေရဲ့ လှုပ်လှုပ်ရှရှ
အသံတွေကြားလို့ သွားကြည့်တော့
လူတစ်ယောက် ကုန်းတန်းကြီးပေါ်
လမ်းလျှောက်နေပါတယ်။ ထူးခြားတာက
တဖြည်းဖြည်းကြည့်နေရင်း အဲဒီလူက
အရပ်ကြီး ရှည်လာတာပါ။ ဘယ်လောက်
အထိ ရှည်လာသလဲဆိုရင် ပုံမှန်ထက်
(၃)ဆ (၁၆)ပေလောက် ရှိပါတယ် ...

ရလို့ကြည့်တော့ မည်းမည်းအကောင်ကြီးတွေက ဒဏ်ရာရနေတဲ့ စစ်သား (၃)ယောက်ကို အတင်းအဓမ္မဝင်ဆွဲပြီး ရှက်ဖျင်တဲ အပြင်ကို ဆွဲထုတ်နေပါတယ်၊ အနားမှာ ရှိတဲ့ သူတွေလည်း စစ်သားတွေကိုဝိုင်းဆွဲသူကဆွဲနဲ့ တော်တော်လေးကို ရှုပ် ယှက်ခတ်သွားပါတယ်၊ လူတွေ နိုးလာတော့ မည်းမည်းအကောင်တွေလည်း တောထဲကို ထွက်ပြေးသွားကြပါတယ်၊ ထူးဆန်းတာက သူတို့ အဲဒီမည်းမည်း အကောင်တွေကို ထိကိုင်လို့မရတာပါပဲ၊ ဒဏ်ရာရနေတဲ့ ရဲဘော်လေးတွေကို အကြောက်ပြေအောင် စကားပြောအိပ်ဆေးထိုးပေးပြီး စခန်းတစ်ခုလုံး ဘယ်သူမှမအိပ်ရဲတော့ပါဘူး၊ မနက်လင်းတော့ သူတို့ရွာကိုဖြတ်ပြီး ရှေ့ဆက်တော့ ရွာသားတွေကတော့ပုံမှန်ပါပဲ၊ ဒီလိုနဲ့ပဲ သူတို့မြစ်ကြီးနားမြို့နားက ရှေ့တန်းဌာနချုပ်ကို ပြန်ရောက်လာခဲ့ကြပါတော့တယ်၊

## တပ်ရင်းထဲက ကလေးတွေကို
## ဖမ်းစားတဲ့သရဲမ

ဆရာဝန်လေးတို့တပ်ရင်း၊ မြစ်ကြီးနားကို ပြန်ရောက်ပြီး မကြာမီမှာပဲ တပ်ရင်းက ထုတ်နုတ်တပ်ခွဲတစ်ခုနဲ့အတူ ဆရာဝန်လေးလည်း ရထားလမ်းပိုင်းတစ်ခု လုံခြုံရေးအတွက် တာဝန်ကျရာနေရာကို ထွက်ခွာလာရပါတယ်၊ အဲဒီရထားလမ်းပိုင်းဘေးနားလေးက သူတို့ရဲ့ယာယီစခန်းဘေးမှာ ကုန်းတန်းကြီးတစ်ခု ရှိပါတယ်၊ တော်တော်လေး ရှည်





www.burmeseclassic.com

www.burmeseclassic.com

ပါတယ်၊ ညနေ နေဝင်ရီတရောဆိုကင်းထွက်နေတဲ့အဖွဲ့တွေကလွဲရင် စခန်းမှာကျန်တဲ့သူတွေအတွက်တော့ အိမ်ကိုလွမ်းသူလွမ်း၊ ထမင်းချက်သူချက်နဲ့ ပျင်းစရာ တော်တော်လေး ကောင်းပါတယ်၊ တစ်ညနေတော့ ကုန်းတန်းဘက် ကင်းစခန်းက ရဲဘော်တွေရဲ့ လှုပ်လှုပ်ရှရှအသံတွေကြားလို့ သွားကြည့်တော့ လူတစ်ယောက် ကုန်းတန်းကြီးပေါ် လမ်းလျှောက်နေပါတယ်၊ ထူးခြားတာကတဖြည်းဖြည်းကြည့်နေရင်း အဲဒီလူကအရပ်ကြီးရှည်လာတာပါ၊ ဘယ်လောက်အထိ ရှည်လာသလဲဆိုရင် ပုံမှန်ထက်(၃)ဆ (၁၆)ပေလောက် ရှိပါတယ်၊ ရဲဘော်တွေလည်း ပစ်ချင်တာ လက်ယားနေတာ မနည်းကို တားထားရပါတယ်၊ ခပ်ဝေးဝေးရောက်တော့ ပျောက်သွားပါတယ်၊ သူတို့ အဲဒီနေရာမှာနောက်တပ်ခွဲတစ်ခုလာမလဲခင် တစ်လလောက် တာဝန်ကျခဲ့တဲ့အတွင်း အဲဒီတစ္ဆေလူကြီးကို(၆)ခါလောက်မြင်ခဲ့ရပါတယ်၊ မြင်ရတာကလည်း ပုံမှန်အချိန်ညနေ(၆)နာရီခွဲ ဝန်းကျင်ပါပဲ၊ သူတို့ကလည်း ရန်မပြုသလို အဲဒီတစ္ဆေကြီးကလည်း သူ့လမ်း သူသွားနေတာပါပဲ၊

ဒီလိုနဲ့ ဆရာဝန်လေးတို့ တပ်ရင်းပုသိမ်ကြီး (မန္တလေး) သခင်မတောင်ခြေက မိခင်တပ်ရင်းကို ပြန်ဝင်လာကြပါတယ်၊ ကျဆုံး(၆)ဦးတော့ရှိခဲ့ပါတယ်၊ ကျဆုံးသူတွေရဲ့ မိသားစုတွေအတွက်တော့ စိတ်မကောင်းစရာပါပဲ၊ ဆရာဝန်လေးလည်း သူ့တပ်ရင်းဆေးခန်းကိုယာယီတာဝန်ယူထားတဲ့ဆေးတပ်ကြပ်ကြီးဆီက ပြန်လွှဲယူပြီး ထူးခြားဖြစ်စဉ်မေးတော့ မွေးကင်းစကလေး သေတာရှိနေတယ်လို့ ဆိုပါတယ်၊

ကလေးကမွေးတုန်းကအကောင်းချက်ကြီးတွေ ဘာတွေဖြတ်ပြီးမှ ရုတ်တရက် သေသွားတာ (၂)လောင်း ရှိပြီဖြစ်ကြောင်း သိရပါတယ်၊ မဖျားပဲ ရုတ်တရက် အသက်ရှူရပ် သေတယ်လို့ဆိုပါတယ်၊ ဆရာဝန်လေးလည်း မှတ်တမ်းတွေယူပြီးတခြားကိစ္စတွေနဲ့မေ့မေ့ပျောက်ပျောက်ဖြစ်သွားပါတယ်၊ တစ်ညသူ့အရာရှိလူပျိုဆောင်မှာအိပ်နေတုန်းအဘွားအိုတစ်ယောက်ကိုသူ အိပ်မက်ထဲမှာ တွေ့ပါတယ်၊ အမေမြလို့ ခေါ်ပါတယ်၊ သူနဲ့ ခင်ပါတယ်၊ တပ်ရင်းကတပ်ကြပ် တစ်ယောက် ရဲ့ အမေပါ၊ အရာရှိတွေရဲ့ အဝတ်တွေကို လာပေးနဲ့ လျှော်ဖွပ်ပေးပါတယ်၊ နေမကောင်းရင် တပ်ရင်းဆေးခန်း လာနေကြမို့ ခင်ပါတယ်၊ အမေမြမှာနလုံးရောဂါရှိပါတယ်၊ တပ်ရင်းဆေးခန်းက ဆေးတွေကမကောင်းလို့ မန္တလေးကနေ ဆေးတွေမှာပြီး ဆရာဝန်လေးက အိတ်စိုက်ကုပေးနေလို့ မြေးအဘွားလို ခင်နေတာပါ၊ အိပ်မက်ထဲမှာ အမေမြက ...

"ဗိုလ်ကြီး – သခင်မတောင်ခြေက သရဲမကြီးက တပ်ရင်းထဲက ကလေးတွေကို စားဖို့ ချောင်းနေတယ်၊ အစက ကလေးအချင်းမြှုပ်ထားတာတွေ စားရာကနေ အစုမရောင့်ရဲတော့ပဲ ကလေးတွေကိုပါ စားနေပါတယ်"

လို့ပြောပါတယ်၊ မနက်နိုးလာတော့ စစ်ဗိုလ်လေးလည်း ထူးဆန်းတယ်ဆိုပြီး သူ့ဆေးခန်းက မိခင်တပ်ရင်းမှာ ကျန်ခဲ့တဲ့ ဆရာကြီးကို အမေမြရောလို့ မေးတော့ ...

"ဗိုလ်ကြီးတို့ရှေ့တန်းထွက်သွားပြီး (၂)လလောက်နေတော့ မောတယ်၊ မောတယ်ဆိုတာနဲ့ ပုသိမ်ကြီးဆေးရုံကို ပို့တာ ဆေးရုံမှာပဲ ဆုံးသွားတယ်"

လို့ ဆိုပါတယ်၊ သူလည်း သူမရှိလို့ ဖြစ်ရတယ်ဆိုပြီး စိတ်မကောင်းပေမယ့် ကလေးတွေ သေတာကိုတော့ စိတ်ထဲမသက်သာတော့ပါဘူး၊ ဒီလိုနဲ့တစ်ညတော့ အိပ်မက်တစ်ခု မက်ပါတယ်၊ အမေမြပါပဲ၊ သူက မနက်မိုးမလင်းခင် ရဲဘော်လေးတစ်ယောက်ရဲ့ မိန်းမ မွေးမယ့်အကြောင်း၊ အဲဒီကလေးမွေးမှာကို သခင်မတောင်ခြေက သရဲမကြီးလည်းသိကြောင်းနဲ့ သတိထားဖို့ လာအသိပေးတာဖြစ်ကြောင်း ပြောပါတယ်၊ သူလန့်ပြီးနိုးတာလား၊ ဘာမှန်းမသိခင် သူ့အခန်းတံခါး လာခေါက်သံ ကြားရပါတယ်၊ တံခါးဖွင့်ကြည့်တော့ ဆေးတပ်အကူရဲဘော်လေးပါ၊ မခင်စန်း(တပ်ရင်းရဲဘော်တစ်ယောက်ရဲ့ ဇနီးနာမည်ပါ) မွေးတော့မှာမို့ လာခေါ်တာဖြစ်ကြောင်း ပြောပါတယ်၊ သူလည်း အမေမြ ပြောတာနဲ့တိုက်ဆိုင်နေလို့ထိတ်ခနဲဖြစ်သွားပေမဲ့ ဆေးခန်းကို လိုက်ခဲ့ပါတယ်၊

သားဖွားခန်းက ဆေးခန်းဘေးမှာပါ၊ တပ်ရင်းသားဖွားဆရာမလည်း ရောက်နေပါပြီ၊ ဆရာဝန်လေးလည်း Pressureတွေဘာတွေတိုင်းပြီးဆရာမကိုမေးတော့ ရေမွှာမပေါက်သေးဘူးလို့ ပြောပါတယ်၊ သူလည်း တစ်ခု သတိရတာနဲ့ ရဲဘော်နှစ်ယောက်ကို သခင်မ

www.burmeseclassic.com

တောင်ခြေအနီး တောင်ပေါ်ကျောင်းက ဦးဇင်းနှစ်ပါးကို သွားပင့်နိုင်းလိုက်ပါတယ်။ မကြာပါဘူး၊ ခွေးတွေ အူသံတွေ စီစီညံညံနဲ့ပဲ ကလေးကို မွေးလာပါတယ်။ ကလေးကို သန့်ရှင်းရေးလုပ်ပြီး ဖြတ်ထားတဲ့အချင်းကို သွားမြှုပ်နိုင်းလိုက်ပါတယ်။ ထူးဆန်းတာက အချင်းထည့်ထားတဲ့၊ အဝတ်နဲ့ထုပ်ထားတဲ့ အထုပ်ကို ဘယ်ကမှန်းမသိတဲ့ခွေးနက်ကြီးက ရဲဘော်လေးလက်ထဲကနေ အတင်းဆွဲလုပြီး ပြေးတာပါပဲ။ ဆရာဝန်လေးလည်းမဟန်မှန်းသိတာနဲ့ မသန့်တဲ့ သားဖွား ခန်းနေရာကနေ ရှေ့ဖို့ကြံစည်နေတုန်း ဒုတပ်ရင်းမှူးကတော်ကလည်း ရောက် လာပါတယ်။ ဆရာဝန်လေးက သူ မသက်ာတဲ့ အခြေအနေကို ရှင်းပြလိုက်တော့ ဒုရင်းမှူးကတော်က သူ့အိမ်ခေါ်ခဲ့ဆိုလို့ လူနာရော၊ ကလေးရောကို ဒုတပ်ရင်းမှူးအိမ်ကို ရွှေ့ပါတယ်။

ဒုရင်းမှူးကတော့ နေပြည်တော်ရောက်နေလို့ အိမ်မှာ ကလေးတွေနဲ့ ဒုရင်းမှူးကတော်ရဲ့အမေပဲ ရှိပါတယ်၊ ဒုရင်းမှူးကတော်က ဒီကိစ္စတွေမှာ တီးခေါက်မိရှိလို့ ပြောရတာတော့ လက်ပေါက်မကတ်ပါဘူး။ မွေးလူနာကိုတော့ သွေးတက်မှာစိုးလို့အမှန်အတိုင်းမပြောဘဲ သားဖွားခန်းနေရာက သက်သောင့်သက်သာမရှိလို့ရွှေ့ထားတာလို့ပဲကြည့်ကောင်းဇအောင် ပြောလိုက်ရပါတယ်။ အဲဒီအချိန်မှာပဲ ဘုန်းကြီးပင့်လာတဲ့ ရဲဘော်တွေ ပြန်ရောက်လာပါတယ်။ ဘုန်းကြီးတွေကိုလည်း အကျိုးအကြောင်း လျှောက်ထားတော့ ပရိတ်ရွတ်ပေးကြပါတယ်။ အဲဒီအချိန်မှာပဲ အိမ်အပြင်မှာရှိနေတဲ့ ရဲဘော်တစ်ဦးရဲ့ သမီးလေးကို တစ်စုံတစ်ယောက်က အပမိပြီး ဝင်ပူးပါတော့တယ်၊ သူက အသံသြသြကြီးနဲ့ ...

"သခင်မတောင်ခြေမှာနေတဲ့ သရဲမဖြစ်ကြောင်း၊ ပထမတုန်းကတော့ ကလေးအချင်းတွေ၊ လူတွေ စွန့်ပစ်တာတွေ စားပေမယ့် စားရတာမဝလို့ မွေးခါစကလေးတွေကို အသက်နုတ်ပြီး လာမြှုပ်တဲ့ သချိုင်းကနေ ပြန်ဖော်စားသောက်နေကြောင်း၊ အခု ကလေးကိုလည်းစားချင်ကြောင်း" ဝင်ပြောပါတော့တယ်။ လူတွေလည်း ကြောက်ပေမယ့် ဒုရင်းမှူးမိန်းမကို ကြောက်လို့ မရှုညံရဲပါဘူး၊ အဲဒီအချိန်မှာပဲ ထူးထူးဆန်းဆန်းဖြစ်စဉ်တစ်ခု ဖြစ်သွားခဲ့ပါတယ်။ သရဲမရဲ့ဆိုးဆိုးဝါးဝါးအော်သံတစ်ချက် ထွက်လာပြီး မွှေးရနံ့တွေ စူးစူးဝါးဝါး ရလာပါတယ်၊ အဲဒါနဲ့ တစ်ပြိုင်နက် ဝင်ပူးခံထားရတဲ့ကလေးမလည်း ပြန်သတိရလာပါတော့တယ်၊ ထူးခြားတာက သရဲမကလုံးဝ နောက်ထပ်နှောင့်ယှက်ခြင်း မရှိတော့တာပါပဲ၊ မနက်လည်း လင်းလာ ကလေးနဲ့ မိခင်လေး ကျန်းမာနေတာနဲ့ တစ်လှည့်စီစောင့်ဖို့ ရဲဘော်မိန်းမတွေက တာဝန်ယူကြပါတယ်၊ ဘုန်းကြီးတွေလည်း ကျောင်းပြန်ပို့တဲ့သူက ပို့ပေါ့၊ ဆရာဝန်လေးလည်း ပင်ပန်းလို့ ရိပ်သာပြန်အိပ်တော့ အိပ်မက်ထဲကို အမေမြရောက်လာပါတယ်၊ အမေမြက ...

"သူ့စိတ်ပူလို့တောင်တော်သခင်မကို သွားပင့်ကြောင်း၊ သခင်မက အဲဒီသရဲမကို အခု တောင်အောက်မဆင်းရဆိုပြီး သူ့ဗဘားမှာ အပြစ်ပေးထားကြောင်း"

ဆိုပါတယ်၊ ပြီးတော့ - တပ်ရင်းရဲ့ အနောက်ဘက် သခင်မတောင်ခြေဘက်ခြမ်းမှာ တောင်တော်သခင်မ အတွက် နတ်ကွန်းအသေးလေး ဆောက်ပေးဖို့လည်း ပြောပါတယ်၊ နောက်နောင်လည်း ကလေးမွေးပြီးတိုင်း အချင်းတိုင်တွေကို မြေမမြှုပ်ဘဲ ဒီးရှို့ပစ်ဖို့ သတိပေးခဲ့ပါတယ်၊ သူ့လိုပဲ ့တပ်ရင်းမှူးမိန်းမကိုလည်း အမေမြက အိပ်မက်ပေးခဲ့ပါတယ်၊

နောက်ပိုင်းတော့ တပ်ရင်းမှူးကို တင်ပြပြီး သခင်မတောင်ဘက်ခြမ်း တပ်ရင်းအနောက်ဘက်မှာ နတ်ကွန်းတစ်ခု ဆောက်လုပ်ခဲ့ကြပါတယ်၊ ကလေးမွေးတာနဲ့ အချင်းတိုင်တွေ အညစ်အကြေးတွေကိုလည်း မီးရှို့ဖျက်ဆီးစေခဲ့ပါတယ်၊

ရှေ့တန်းမှာ ပင်ပန်းပြီး ပြန်ရောက်လာတဲ့ ဆရာဝန်လေးလည်း မနားရပဲ သရဲမ နောက်ထပ်ကလေးတွေကို ဖမ်းမစားနိုင်အောင် စီစဥ်ဆောင်ရွက်ရင်း မြစ်ကြီးနားမြို့ရှိ တပ်မတော်စစ်ဆေးရုံသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ပေးပို့သော အမိန့်စာကို လက်ခံရရှိခဲ့ပါတော့တယ်၊ စစ်ဗိုလ်လေးလည်း သူနဲ့ မြစ်ကြီးနားရဲ့အကျိုးပေးပုံကိုတွေးမိရင်း ပြုံးလိုက်လေတော့ပါတယ်။

—

ချောက်ချားဖွယ်ဖြစ်ရပ်ဆန်း

မြစ်ကြီးနားတပ်မတော်ဆေးရုံက လူမသိတဲ့ဇာတ်လမ်း (သို့မဟုတ်) တစ္ဆေရဲ့ကိုယ်ဝန်ကို လူမိန်းမက ဆောင်နိုင်ပါသလား။





www.burmeseclassic.com

www.burmeseclassic.com

ပြောင်းရွှေ့မိန့်နဲ့ ပြောင်းလာခဲ့ရပေမယ့် ဆရာဝန်လေးအတွက် မြစ်ကြီးနားမြို့ဆိုတာ မစိမ်းလို့ အစစအဆင်ပြေခဲ့ပါတယ်။ ဆရာဝန်ကြီးတွေ ရှိတာကြောင့် သူ့ရဲ့MScဝင်ခွင့်အတွက်လည်း Senior ဆရာဝန်ကြီးတွေဆီက စာမေးလို့ရတော့ ပိုပြီးအဆင်ပြေပါတယ်။ ဒီလိုနဲ့ နေလာရင်း တစ်နေ့တော့ ဆေးရုံမှာ မွေးလူနာ လာစောင့်နေတဲ့ လူတစ်ဦးနဲ့ အမှတ်မထင် စကားပြောမိရာကနေ ခင်မင်သွားခဲ့ပါတယ်။ သူက မွေးလူနာရဲ့ ယောကျ်ားပါ။

အဲဒီလူ့ရဲ့ နာမည်က ဇော်တူးလို့ ခေါ်ပါတယ်။ စစ်ဆေးရုံကို အပြင်လူ တက်ချင်တိုင်း တက်လို့မရပါဘူး။ ဒါပေမဲ့ – နယ်တွေမှာတော့ ခင်ရာမင်ရာတွေနဲ့ ဇော်တူးတို့လို အပြင်လူတွေ လာရောက်တက်ကြတာလည်း ရှိပါတယ်။ ဇော်တူးရဲ့ မိန်းမက ဗိုက်နာနေပါပြီ။ မိုးမလင်းခင် မွေးမယ်လို့ သားဖွားမီးယပ် ဆရာဝန်ကြီးဒုဗိုလ်မှူးကြီး (...) က ပြောထားပါတယ်။ ဒါပေမဲ့ – ဇော်တူးရဲ့ပုံစံက ပျော်တဲ့ပုံ မရှိပါဘူး။ ဒါနဲ့ – ဆရာဝန်လေးလည်း စိတ်ဝင်စားလို့ မေးကြည့်တော့ ဇော်တူးက သူ့ရဲ့အဖြစ်အပျက်ကို စိတ်ဓာတ်ကျနေတဲ့ လေသံကြီးနဲ့ ပြောပြခဲ့ပါတယ်။ အောက်ဖော်ပြပါအကြောင်းအရာတွေကတော့ ဇော်တူးရဲ့ ပြောပြချက်တွေကိုစာဖတ်သူတို့အဆင်ပြေပြေ ဖတ်လို့ရအောင် ဆီလျော်အောင် ပြန်ရေးထားတာပါ။

"ကျွန်တော့်မိန်းမမှာ ကိုယ်ဝန်ရှိနေပြီဆိုတော့ ပျော်မဆုံး မော်မဆုံးပေါ့ဗျာ။ ကျွန်တော်တို့ အိမ်ထောင်သက် (၆) နှစ်မှာ ကလေးတစ်ယောက်မှ မထွန်းကားခဲ့တော့ ကလေးလိုချင်လွန်းလို့ ရှိစုမဲ့စု ငွေလေးနဲ့ မြစ်ကြီးနားဆေးရုံမှာ ဆေးသွားစစ်တော့လည်း ဆရာဝန်ကြီးက ကျွန်တော့်ကို ကလေးမရနိုင်ဘူးဆိုတဲ့ ဆေးစစ်ချက်အဖြေကို ပြောပြပါတယ်။ မြစ်ကြီးနားနဲ့ ကျွန်တော်တို့နေတဲ့ ရွာလေးက မိုင် (၂၀) လောက် ဝေးပါတယ်။ ဒါပေမဲ့ – ကလေးလိုချင်လွန်းလို့ ဆေးသွားစစ်ခဲ့တာပါ။ ကျွန်တော့်ကြောင့် ကလေးမရနိုင်ဘူးဆိုတော့ ကျွန်တော်လည်း မခံချင်စိတ်၊ ယောကျ်ားတစ်ယောက်အနေနဲ့ ကလေးမရနိုင်ဘူးဆိုတဲ့ အသိစိတ်ကြောင့် ရှက်စိတ်တွေဖြစ်ပေါ်လာပေမယ့် ကိုယ့်ချွတ်ယွင်းချက်နဲ့ ကိုယ်မို့ မပြောသာခဲ့ပါဘူး။

တစ်နေ့တော့ ကျွန်တော့်မိန်းမ L ဆိုင်းပန်မှာ ကိုယ်ဝန်ရနေပြီဆိုပြီး ကျွန်တော်တို့ရွာထဲက ဝမ်းဆွဲသည် အမေကြီးကပြောတော့ ကျွန်တော့်မှာ ပျော်မဆုံး မော်မဆုံးပေါ့။ စပါးပေါ်လို့ ငွေစလေးရှင်ရင် မိန်းမကို မြစ်ကြီးနားဆေးရုံ တက်ပြရင်း ကျွန်တော့်ကို ကလေးမရနိုင်ဘူးလို့ ပြောထားတဲ့ ဆေးရုံကို ပိုးစိုးပက်စက် ပြောလိုက်ဦးမယ်လို့လည်း တေးမှတ်ထားပါတယ်။ ဒါပေမဲ့ – အဲဒီအပျော်လေးတွေကြာရှည်မခံခဲ့ပါဘူးဗျာ။ အဲဒီနေ့က လယ်ထဲက အပြန် အိမ်ရောက်တော့ ကိုယ်ဝန်နှစ်လနဲ့ မိန်းမကိုကြည့်ရတာ ရေမိုးချိုးပြီး ကျွန်တော့်မျက်လုံးထဲမှာ အရမ်းကို လှနေပါတယ်။ ကျွန်တော်ပြန်လာတော့ မိန်းမက ပြုံးပြီး ကြည့်နေပါတယ်။ ကျွန်တော်လည်း စိတ်မထိန်းနိုင်တော့ပဲ အိပ်ခန်းထဲ ဝင်မယ်လုပ်တော့ မိန်းမက –

"ရှင် – အခုတလော ဘယ်လိုဖြစ်နေတာလဲ။ နေ့လယ်ပိုင်းလည်း လယ်ထဲကနေပြန်လာပြီး ဆက်ဆံနေတယ်။ နေ့မရှောင်၊ ညမရှောင်ပါလား။ ကျွန်မမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတာ မမေ့နဲ့ဦး" လို့ပြောတော့ ကျွန်တော်လည်း အံ့ဩသွားပါတယ်။

"ဒါနေ့လယ်ဘက်ပြန်မလာပါဘူး"

လို့ ကျွန်တော်ကပြောတော့ လူလည်ကြီးဆိုတဲ့ အကြည့်နဲ့ ပြန်ကြည့်နေပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ဇဝေဇဝါနဲ့ စိတ်ထဲကတော့ မသင်္ကာတော့ပါဘူး။ နောက်နေ့မနက်ပိုင်းတော့ လယ်ထဲမှာ လုပ်စရာလေးတွေ အမြန်လက်စသတ်ပြီး အိမ်အမြန်ပြန်ခဲ့ပါတယ်။ အိမ်ဝရောက်တော့ ကျွန်တော်တို့ အိပ်ခန်းထဲမှာ မိန်းမနဲ့ လူတစ်ယောက်ရဲ့အသံတွေ ကြားရပါတယ်။ ဒါနဲ့ – ကျွန်တော်လည်း ဘာမှမပြောမနေတော့ပဲ နံရံပေါ်ကဓားကို ဆွဲယူပြီး အခန်းတံခါးကို ဆောင့်ကန်ပြီး အခန်းထဲကို အတင်းဝင်သွားလိုက်ပါတယ်။ ကျွန်တော်ဝင်လာတဲ့ အသံကြောင့် ခုတင်ပေါ်က သူတို့နှစ်ဦးက ကျွန်တော့်ကို လှမ်းကြည့်နေပါတယ်။ အဲဒီမှာပဲ တစ်သက်နဲ့တစ်ကိုယ် တခြားသူ့ကို ပြောရင်တောင် မယုံနိုင်လောက်တဲ့ အဖြစ်အပျက်ကို မြင်တွေ့လိုက်ရပါတော့တယ်။ အဲဒါကတော့ ခုတင်ပေါ်မှာ ကျွန်တော့်မိန်းမနဲ့ အိပ်နေတဲ့ သူ့ရဲ့ ရုပ်က ကျွန်တော်နဲ့ ခွဲမရအောင် တူနေတာပါပဲ။ ကျွန်တော်လည်း အံ့အားသင့်ပြီး လက်ထဲကဓားနဲ့ ခုတ်ဖို့တောင် သတိမရတော့ဘဲ ကြောင်ပြီးရပ်နေမိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ခုတင်ပေါ်ကလူက ထွက်ပြေးပါတော့တယ်။ ကျွန်တော်လည်း သတိဝင်လာပြီး သူ့နောက်ကနေ ပြေးလိုက်တော့တာပေါ့။ အဲဒီမှာပဲ ရှေ့ကလူက ပြေးနေရင်း ကျွန်တော့်ဘက်ကို လှည့်ကြည့်လိုက်ပါတယ်။ မျက်နှာကြီးက ကျောဘက်ရောက်သွားအောင် ခေါင်းကို တစ်ပတ်လည်ပြီးကြည့်တာပါ။ သူကြည့်ပုံက ကျွန်တော်သာ သတ္တိနည်းတဲ့ သူဆို ချက်ချင်းလန့်သေလောက်ပါတယ်။ မျက်နှာကလည်း စောစောကမြင်ရသလို ကျွန်တော့်မျက်နှာ မဟုတ်တော့ပါဘူး။ အသားမည်းချိတ်နေတဲ့လူတစ်ယောက်ပုံပါ။ ထူးခြားတာက ငေါထွက်နေတဲ့ သူ့ရဲ့အစွယ်တွေပါ။ ကျွန်တော်လည်း ဆက်မလိုက်ရဲတော့လို့ ခြေလှမ်းတွေကို ရပ်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ အဲဒီအကောင်ဆီက ...

"ဟား - ဟား - ဟား - ဟား" နဲ့ မသတီစရာ ရယ်သံကြီး ထွက်လာပြီး မျက်စိရှေ့ကနေ ချက်ချင်းပျောက်သွားပါတယ်။ ကျွန်တော်လည်း ဒါတွေ ခြောက်တာပဲဆိုပြီး အိမ်ပြန်လာတော့ မိန်းမက ကြောင်တောင်တောင် ဖြစ်နေပါတယ်။ တစ်ကိုယ်လုံးလည်း တုန်ရီနေပါတယ်။ ကျွန်တော်လည်း ဒါတွေ ခြောက်တာမို့ အပြစ်မယူကြောင်း အား ပေးနှစ်သိမ့်ပြီးအိမ်မှာဆက်မနေရဲတာနဲ့ ရှိတာလေးတွေယူပြီး လင်မယားနှစ် ယောက် မြစ်ကြီးနားမြို့တာပ်မတော်စစ် ဆေးရုံမှာ ဆေးတပ်သားအဖြစ် အမှု ထမ်းနေတဲ့ ညီလေးဆီမှာ သွားနေကြ

အဲဒီညနေ နေဝင်ရီတရောမှာပဲ ရွာလယ်
လမ်းမမှာ ခွေးအူသံတွေ စီစီညံထွက်
ပေါ်လာနေတုန်းမှာပဲ လူနာက တစ်ချက်
ခေါက်ခနဲဖြစ်ပြီး ဇက်ကျိုးကျသွားပါတယ်။
တစ်အိမ်လုံးရဲ့ ငိုသံတွေ ထွက်လာပါတယ်။
လူနာသေပြီဆိုပြီးတော့ပေါ့။ အဲဒီမှာ
မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခု
ရုတ်တရက် ဖြစ်ပေါ်လာခဲ့တယ်။ အဲဒါ
ကတော့ လူနာဆီက ရေတောင်းသံပါ။
အားလုံးက အံ့သြမင်းသာသွားကြပါတယ် ...

ပါတယ်။ စိတ်ထဲကလည်း မိန်းမဗိုက် ထဲက ကိုယ်ဝန်က ငါနဲ့ရတဲ့ကိုယ်ဝန်ပဲ ဖြစ်မှာပါလို့ အားပေးနှစ်သိမ့်ပြီး နေခဲ့ပါတယ်။

"ဒါပေမဲ့ - ဆရာလေးရယ် - အခု မိန်းမမွေးတော့မယ့်အချိန်ကပ်လာတော့ကြောက်နေမိတယ်။ ဘာမှမဖြစ်ဘဲ ရှောရှောရှုရှု မွေးနိုင်ပါ့မလား။ ဘာထူးဆန်းတာတွေ ဖြစ်မလည်းလို့လည်း တွေးပူနေမိတယ်ဗျာ"

ဖော်တူးရဲ့ရှည်လျားတဲ့ စကားသံ အဆုံးတစ်ချိန်လုံးငြိမ်ပြီးနားထောင်နေတဲ့ ဆရာဝန်လေးလည်း အံ့သြတွေဝေသွားရပါတယ်။ ခပ်လှမ်းလှမ်းခုတင်ပေါ်မှာ ဗိုက်နာပြီး ညည်းနေတဲ့ ဖော်တူးရဲ့ အမျိုးသမီးကို လှမ်းကြည့်တော့ သာမန်ဗိုက်ကြီးသည်တစ်ဦး ဗိုက်နာနေပုံပါပဲ။

ဒါနဲ့ ဆရာဝန်လေးလည်း ဒီလူစိတ်မှ မှန်ရဲ့လားလို့ တွေးမိပေမယ့် ဖော်တူးစိတ်သက်သာရာရစေဖို့ ...

"ကိုဖော်တူးအနေနဲ့ သိပ်စိတ်မပူပါနဲ့ဗျာ၊ တစ္ဆေနဲ့ကိုယ်ဝန်မရနိုင်လောက်ပါဘူး။ ကိုယ်ဝန်ဆိုတာ လူသားချင်းသာ ရနိုင်တာပါ။ တစ္ဆေက အခွေ့လေဗျာ၊ ကျွန်တော်လည်း ဒီည သားဖွားမီးယပ်ဆောင်မှာ Night Duty ဝင်ရမှာမို့ ခင်ဗျားနဲ့ အတူရှိနေမှာပါ။ God Bless To You ကိုဖော်တူး"

ဖော်တူးက ခရစ်ယာန်မို့ ဆရာဝန်လေးလည်း ဘုရားသခင်ကောင်းချီးပေးပါစေလို့ ဆုတောင်းပေးပြီး တာဝန်ရှိရာ ထွက်လာခဲ့ပါတယ်၊ တာဝန်တွေနဲ့မို့





www.burmeseclassic.com

www.burmeseclassic.com

ဖော်တူးကိစ္စကို တစ်ညလုံး မေ့နေခဲ့ပါတယ်။

မနက်(၅)နာရီလောက်မှာတော့ သားဖွားခန်းဘက်က လှုပ်လှုပ်ရှားရှား အသံတွေ ကြားလို့ ပြေးကြည့်တော့ တာဝန်ကျဆရာဝန်တွေ၊ Brotherတွေ မျက်စိမျက်နှာပျက်နေကြပါတယ်။ သားဖွားမီးယပ်ဆရာဝန်ကြီး ဒုဗိုလ်မှူးကြီး (...)ရဲ့ မျက်နှာမှာလည်း မယုံကြည်အံ့အားသင့်မှုတွေ အထင်းသားပေါ်လွင်နေပါတယ်။ ဒါနဲ့ တစ်ပတ်စဉ်ထဲ ဆင်းလာပြီး သားဖွားခန်းမှာ တာဝန်ကျနေတဲ့ ဆရာဝန်တစ်ယောက်ကို မေးကြည့်တော့ မွေးလူနာက လူနဲ့ လုံးဝမတူပဲ အသားမည်းတူးချိတ်နေပြီး အစွယ်တွေ ငေါထွက်နေတဲ့ ကလေးကို မွေးခဲ့ကြောင်း၊ ဒါပေမဲ့ – ကလေးက အသက်ပါမလာကြောင်း၊ ကလေးအမေလည်း ဆုံးပါးသွားကြောင်း ပြောပြပါတယ်။ ဆရာဝန်လေးလည်း ဖော်တူးပြောတာတွေကို ယုံရမလိုဖြစ်ပြီး အားပေးဖို့သွားတော့ ဖော်တူးက မျက်ရည်တွေ စီးကျနေတဲ့ကြားကနေ ကျွန်တော်ပြောတာတွေ ယုံပြီမဟုတ်လားဆိုတဲ့အကြည့်နဲ့ ကြည့်ပြီး အမှောင်ထဲကို ပြေးထွက်သွားပါတော့တယ်။

ဖော်တူးကို အဲဒီနေ့ကစပြီး ဘယ်သူမှမတွေ့ကြတော့ပါဘူး။ သူ့ဘဝလေးကို ဖျက်ဆီးတဲ့ တစ္ဆေကို သွားရှာနေမလားတော့ မပြောတတ်ပါဘူး။

ဒါနဲ့ – ဆရာဝန်ကြီးအမိန့်နဲ့ကလေးအလောင်းကိုညတွင်းချင်းမီးသဂြိုဟ်ပြီး အမိန့်အတိုင်းလူအများမကြောက်လန့်စေဖို့ ဒီအကြောင်းကို မပေါက်ကြားအောင် ထိန်းသိမ်းထားလိုက်ကြပါတော့တယ်။

ဆရာဝန်လေးကတော့ သူနဲ့ ပရလောကသားတွေရောက်လေရာအရပ်မှာ ရေစက်ဆုံတတ်ပုံကိုတွေးပြီး ရှေ့မှာကြုံရမယ့်ပရလောကသားတွေနဲ့ ရင်ဆိုင်ဖို့သတ္တိကို မွေးထားလိုက်ပါတော့တယ်။

–

**မဆုတ်တမ်း ခံစစ်ကုန်းထိပ်တံတားက မြန်မာ့တပ်မတော်သား တစ္ဆေသူရဲကောင်းများ**

ဆရာဝန်လေးလည်း မြစ်ကြီးနားတပ်မတော်ဆေးရုံမှာ တာဝန်ထမ်းဆောင်တာ (၆)လလောက် ရှိခဲ့ပါပြီ။ အဲဒီအချိန်မှာပဲ မြစ်ကြီးနားကနေ မိုင်အနည်းငယ်ဝေးတဲ့ မြန်မာ့တပ်မတော်ရဲ့ အရေးကြီးတဲ့ မဆုတ်တမ်းခံစစ်ကုန်းတစ်ခုက စစ်သည်တွေထဲမှာ ရန်သူနဲ့ထိတွေ့မှုဖြစ်လို့ ဒဏ်ရာရသူတွေ၊ ရာသီဥတု ကြမ်းတမ်းလို့ ဖျားနာနေသူတွေ များပြားနေပါတယ်။ တိုက်ပွဲကလည်း မကြာခဏဖြစ်လို့ အရေးကြီးလူနာတွေကို နောက်တန်း ဆေးရုံမပို့ခင် အသက်မဆုံးရအောင် ကုသပေးဖို့ ဆေးတပ်ဖွဲ့တစ်ခုကိုဖွဲ့စည်းပြီး စေလွှတ်ရာမှာ ဆရာဝန်လေးလည်း အခြားဆရာဝန်(၅)ဦး၊ Brother (၇)ဦး နဲ့ အတူပါဝင်ခဲ့ရပါတယ်။

မိုးတွေတဖြောက်ဖြောက်ကျနေတဲ့ ဂူလိုင်လကြီးမှာ မိုးအေးအေးထဲ ရှေ့ကလုံခြုံရေးယူဖို့ တပ်ခွဲတစ်ခုပါတဲ့ Faw ကားတစ်စီး၊ နောက်ဆုံးမှာရိက္ခာ၊ လက်နက်တွေနဲ့ တပ်စုတစ်စုကို တင်လာတဲ့ Faw ကားတစ်စီး။ အလယ်ကနေ ဆရာဝန်လေးတို့ ဆေးတပ်ဖွဲ့ကတော့ လိုအပ်တဲ့ဆေးဝါးတွေနဲ့အတူ Unimog ကားတစ်စီးနဲ့အတူ မဆုတ်တမ်း ခံစစ်ကုန်းဆီကိုချီတက်ခဲ့ကြပါတော့တယ်။ ရန်သူက မကြာခဏ သွေးတိုးစမ်းလာတိုက်စစ်ဆင်တတ်တဲ့ ခွင်မို့ သတိထားပြီး ခပ်မြန်မြန်ပဲ မောင်းလာခဲ့ကြပါတယ်။ ဒါပေမဲ့ – ခံစစ်ကုန်းကို ကားသုံးစီးလုံး ချောချောမောမောပဲ ရောက်ရှိခဲ့ကြပါတယ်။ အဲဒီခံတပ်က အထင်ကရမို့ စစ်ကြောင်းမှူး Major အဆင့်ရှိသူတစ်ဦးက အုပ်ချုပ်နေပြီး စစ်သည် (၈၀)ခန့်နဲ့ အနိုင်အမာ ခြေကုပ်ယူထားတဲ့ကုန်းပါ။ စခန်းအထိုင် ဆေးတပ်ကြပ်ကြီးတစ်ဦးတော့ရှိပါတယ်။ ဒီနေရာမှာ ခံတပ်တည်နေပုံကိုပြောပြချင်ပါသေးတယ်။ မဆုတ်တမ်းခံစစ်ကုန်းက ဖပိုင်း(၂)ပိုင်း ရှိပါတယ်။ ခံတပ်ကနီးကပ်စွာတည်ရှိနေတဲ့ တောင်နှစ်လုံးရဲ့ဟိုဘက်ထိပ်၊ ဒီဘက်ထိပ်နှစ်ဖက်မှာတည်ရှိပြီး အလယ်မှာ အပေါ့စားဝန်တင်ယာဉ်တွေ ဖြတ်ကူးနိုင်တဲ့ တံတားတစ်စင်းရှိပါတယ်၊ အရှေ့ပိုင်းခံတပ်နဲ့ ပင်မခံတပ်လို့ ခွဲထားပါတယ်၊ အရှေ့ပိုင်းခံတပ်မှာတော့ ဗိုလ်ကြီးအဆင့်ရှိသူတစ်ဦးရဲ့ ကွပ်ကဲမှုနဲ့ စစ်သည် (၂၅)ယောက်ခန့်က ဘန်ကာတွေနဲ့ ကတုတ်ကျင်းတွေထဲမှာ အနိုင်အမာနေရာယူထားပါတယ်။ ပင်မခံတပ်ကို သိမ်းယူဖို့က တံတားရဲ့ဟိုဘက်ကမ်းက အဲဒီဘန်ကာတွေ၊ ကတုတ်ကျင်းတွေကို သိမ်းယူပြီး တံတားကို ကူးလာနိုင်မှဖြစ်မှာပါ၊ ရန်သူက မကြာ

www.burmeseclassic.com

ခဏ လာတိုက်နေတာကလည်း အဲဒီ အရှေ့ပိုင်းက ကတုတ်ကျင်းတွေ၊ ဘန်ကာတွေကိုပါ။ တံတားရဲ့ဒီဘက်ပင်မ စံတပ်ကုန်းမှာတော့ အေးအေးဆေးဆေးပါပဲ။

ဆရာဝန်လေးတို့ အဖွဲ့လည်း ရောက်ပြီး (၄)ရက်လောက်က ကုသရေးနဲ့ ဆေးအဆင့်မမီတော့အောင် ကျန်းမာရေးချို့တဲ့နေတဲ့ စစ်သည်တွေကို မြစ်ကြီးနားစစ်ဆေးရုံ ပို့ဆောင်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်ရင်း အလုပ်တွေ ရှုပ်နေကြပါတယ်။

မကြာခင်မှာပဲအခြေအနေအားလုံး ပုံမှန်ပြန်ဖြစ်သွားပြီမို့ ဆရာဝန်တစ်ဦးနဲ့ Brother တစ်ယောက်သာ နေခဲ့ပြီးကျန်တဲ့သူတွေ မူလတာဝန်ထမ်းဆောင်ရာ မြစ်ကြီးနားတပ်မတော်ဆေးရုံကို ပြန်ခဲ့ဖို့ အမိန့်ရပါတယ်။ နေခဲ့ရမယ့်ထဲမှာ ဆရာဝန်လေး မပါပါဘူး။ မနက်ဖြန်မနက်စောစောပြန်ရတော့မယ်ဆိုတော့ မပြန်ခင်ညနေစောင်းလောက်မှာဆရာဝန်လေးလည်း အေးအေးဆေးဆေး စံတပ်တံတားထိပ် ဘန်ကာနားကနေ ကချင်ပြည်နယ်တောင်တန်းမည်းမည်း ညို့ညို့ကြီးတွေကို ငေးရင်း ...

"တပ်တော်ဦးဆီ မျှော်လိုက်ပြန်တော့ ××× ရဲတံခွန်တွေ လေကစားကြွားတလူလူဝေ ××× ခြော် - ဒို့တပ်ဦးဆီ မျှော်လိုက်ပြန်တော့ တံခွန်တွေ အလံတွေ ရဲမာန်ပွားလောက်ပေ ×××"

ဆရာဝန်လေးလည်း အရမ်းကို လှပတဲ့ ကချင်တောင်တန်းကြီးတွေရဲ့ ဖမ်းစားမှုကြောင့် သီချင်းလေးကိုညည်းရင်း ဘန်ကာထဲမှာ ရဲဘော်တွေရှိမှန်း သတိရသွားပြီး ရုတ်ရုတ်နဲ့ ဆက်မဆိုတော့ဘဲ ဘန်ကာထဲက ရဲဘော်လေးတွေနဲ့ သွားစကားပြောနေလိုက်ပါတယ်။ အဓိက,ကတော့ ထုံးစံအတိုင်း စခန်းကုန်းမှာ ရောက်နေတာ ဘယ်လောက်ကြာပြီလည်းနဲ့ ရဲဘော်လေးတွေရဲ့မိသားစုအကြောင်းပါ။ ဆရာဝန်လေးကမေး၊ ရဲဘော်တွေက အဖြေသက်သက်ပါပဲ။ ဘယ်လောက်ကြာအောင် စကားကောင်းနေတယ် မသိဘူး၊ တော်တော်လေး မှောင်သွားပါတယ်။ နာရီကိုကြည့်တော့ ည(၇)နာရီခွဲတော့မှာပါ။

တောထဲတောင်ထဲမှာ မိုးလေးကလည်းညို့နေတော့စခန်းကုန်းတစ်ခုလုံး ပိန်းပိတ်အောင် မှောင်နေပါပြီ။

"ငါလည်း မနက်ဖြန် စောစောပြန်ရမှာမို့ စခန်းတာဝန်ခံဗိုလ်မှူး (...) ကို သွားနှုတ်ဆက်ဦးမှ" လို့တွေးပြီးဘန်ကာထဲကနေ ထွက်ဖို့လုပ်နေတုန်း ...

"ဂူး - ဝေါ - ဝေါ" ဆိုတဲ့ အသံကြီးတွေ မှောင်နဲ့မည်းမည်း တံတားပေါ်ကနေ ကြားလိုက်ရပါတယ်။

သေသေချာချာ နားထောင်ကြည့်တော့ ကားတွေ တံတားကို ဖြတ်လာတဲ့ အသံတွေ၊ လူသံတွေကို ကြားနေရပါတယ်။ ဘာသံတွေပါလိမ့်လို့ တွေးနေတုန်း ဘန်ကာထဲက ရဲဘော်တွေနဲ့ ဟိုဘက်တံတားထိပ်က ရဲဘော်တွေရဲ့ ဝါယာလက်ကနေ စကားပြောနေတဲ့ အသံတွေ ထွက်လာပါတယ်။

"ဘာမှမဟုတ်ဘူး - ထုံးစံအတိုင်းပဲ" ဆိုတဲ့အသံတွေလည်း ကြားနေရပါတယ်။ အဲဒီအချိန်မှာပဲ ညကင်းမှူးတာဝန်ကျဗိုလ်ကြီးတစ်ယောက်လည်း ရောက်လာပါတယ်။ သူကလည်း ထုံးစံအတိုင်းပဲလားဆိုပြီး တခြားကင်းတွေ စစ်ဖို့အေးအေးဆေးဆေးထွက်ခွာသွားပါတယ်။ အသံတွေ တိတ်သွားတော့ ဆရာဝန်လေးလည်း ဘာပါလိမ့်ဆိုပြီး မနေနိုင်တာနဲ့ ဘန်ကာထဲက ရဲဘော်တွေကို ...

"ကားတွေ ဒီဘက် လာနေတဲ့ အသံတွေ၊ တံတားပေါ်က မောင်းလာတဲ့ အသံတွေ ကြားနေရဲ့သားနဲ့ ဘယ်ရောက်သွားတာတုံး" လို့မေးတော့ သူတို့က ...

"ဗိုလ်ကြီးက အခုမှ ဒီစံတပ်ကို ခဏလာတော့ ဘယ်သိပါ့မလဲ။ အရင်က ဒီစံတပ်က လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့စံတပ်ကုန်းပါ။ အခုမြင်နေရတဲ့တံတားက ပဲ့တားအသစ်။ လွန်ခဲ့တဲ့ (၂)နှစ်က အခု ကျွန်တော်တို့ စံတပ်နေရာမှာ လက်နက်ကိုင်သောင်းကျန်းသူတွေက မဆုတ်တမ်း ခံစစ်ထိုးထားတာ။ ကျွန်တော်တို့တပ်တွေလည်း တံတားကို လူတွေနဲ့ အတင်းဖျက်သိမ်းတာ မနည်းဘူးသေတယ်။ ဒီဘက်ကို တပ်မတော်ကလက်နက်ကြီးပစ်ကူတွေနဲ့ (၂)ရက် လောက် တံတားကိုဖြတ်ပြီး နေ့ည အတင်းတက်လုံးတော့ သောင်းကျန်းသူတွေလည်းမခံနိုင်ဘဲ ဆုတ်ပြေးကြရတယ်။ ကျွန်တော်တို့ဘက်က အရေးတကြီး ဒဏ်ရာရထားသူတွေကို တင်ဖို့ ကားတွေလည်း တံတားကို ကူးလာရော လက်နက်ကိုင်သောင်းကျန်းသူက သူတို့မဆုတ်ခင် ထောင်ထားခဲ့တဲ့





www.burmeseclassic.com

www.burmeseclassic.com

မိုင်းတွေနဲ့ တံတားကို ချိုးလိုက်တော့တာပဲ၊ ကားနှစ်စီး ချောက်ထဲ ကျသွားတယ်၊ ခြေလျင်ကဗိုလ်ကြီးနှစ်ယောက်၊ ဆေးတပ်က ဗိုလ်ကြီး သုံးယောက်နဲ့ Brother တွေ၊ ရဲဘော်တွေအားလုံး (၂၂)ယောက် တစ်ခါထဲ ကျဆုံးသွားတယ်၊ နောက်မှ ကျွန်တော်တို့ဘက်က တံတားကိုအသစ်ပြန်ဆောက်ပြီး ခံတပ်ကိုလည်း ပိုပြီးစနစ်တကျခိုင်မာအောင် ပြန်ဆောက်ထားတာ၊ ပတ်ပတ်လည်မှာလည်း တိုက်ကင်းတွေ၊ စစ်ကြောင်းတွေအထပ်ထပ် ချထားတယ်၊ ဒါပေမဲ့ - တစ်ခါတလေဆို ဟိုဘက်တပ်ခွဲနေရာကနေ ကားတွေ ဒီဘက်ကို ဖြတ်လာနေတဲ့အသံတွေကတော့ မကြာခဏ ကြားနေရတာပဲ၊ တစ်ခါတလေ ချောက်ထဲက "အား" လို့ အော်တဲ့ အသံတွေလည်း မကြာခဏ ကြားနေရတယ် - ဗိုလ်ကြီး" လို့ ရှင်းပြပါတယ်၊

ဆရာဝန်လေးလည်း ချောက်ထဲကို လှမ်းကြည့်တော့ မည်းမှောင်ပြီး ဘာမှ မမြင်ရပါဘူး၊ ဒါပေမဲ့ - ဒီချောက်ထဲမှာ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်ပေးလှူသွားတဲ့ ရဲဘော်ရဲဘက်တွေ၊ သူနဲ့ ဘဝတူ ဆရာဝန်တွေရှိတယ် ဆိုတာ သိလို့ မကြောက်တော့ဘဲ အလေးပြုလိုက်ပါတယ်၊ သေသော်လည်း တိုင်းပြည်နဲ့ လူမျိုးအတွက်ဆိုတဲ့ စိတ်အစဉ်နဲ့ တာဝန်ထမ်းဆောင်နေဆဲဖြစ်တဲ့ တစ္ဆေ ရဲဘော်တွေအတွက်လည်း စိတ်ထဲက အမျှပေးဝေ အလေးပြုလိုက်ပြီး ဆရာဝန်လေးလည်း ထိုနေရာမှ ထွက်ခွာခဲ့လေတော့တယ်၊

---

ဆရာဝန်ဆေးကုရမှာလား၊
သြဇာရှက်ခင်းရမှာလား

ဆရာဝန်လေးလည်း ခံတပ်ကနေ ပြန်လာပြီး မြစ်ကြီးနားတပ်မတော်ဆေးရုံမှာ မူလတာဝန်ကို ဆက်လက်ထမ်းဆောင်ရင်း အချိန်တွေက ကုန်မှန်းမသိ ကုန်လာခဲ့ပါတယ်၊ တစ်နေ့တော့ ကချင်ပြည်နယ်ထဲက ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ကင်းကွာနေတဲ့ ကျေးရွာတွေကို လက်တွေ့ကွင်းဆင်း စောင့်ရှောက်မှုပေးဖို့ အဖွဲ့တွေ ဖွဲ့စည်းရာမှာ ဆရာဝန်လေးလည်း ပါဝင်ခဲ့ရပြန်ပါတယ်၊ ကျေးရွာအလိုက် အကျယ်အဝန်း၊ လူဦးရေ၊ ဘာသာစကား၊ လူနာတွေရဲ့အခြေအနေအပေါ် မူတည်ပြီး (၁)ရက်၊ (၂)ရက်နဲ့ ထားခဲ့လို့ရတဲ့ရွာတွေရှိသလို၊ အချို့ရွာတွေမှာဆို (၁)ပတ်၊ (၁၀)ရက်လောက်ကြာနေတတ်ပါတယ်၊ ဒီလိုနဲ့ ဆရာဝန်လေးတို့အဖွဲ့လည်း ရွာစဉ်အလိုက် ကုသလာရင်း မူလွန်ဆိုတဲ့ ကျေးရွာလေးကို ရောက်ရှိလာခဲ့ကြပါတော့တယ်၊ ရွာလေးက မြို့နဲ့ အလှမ်းဝေးလို့ တော်တော်လေး ခေါင်ပါတယ်၊ ဆရာဝန်လေးတို့လည်း ရောက်ရောက်ချင်း အရေးပေါ်ကုသပေးရမယ့်လူနာ၊ ရေရှည်ဆွဲကုရမယ့်လူနာ၊ ဆေးရုံတက်ဖို့ လိုအပ်နေတဲ့ လူနာ စသဖြင့် လူနာအုပ်စုတွေခွဲပြီး ကုသပေးရင်း အလုပ်တွေ ရှုပ်နေကြပါတယ်၊

အဲဒီအချိန်မှာပဲ ရွာထဲမှာ အပြင်းဖျားနေတဲ့လူတစ်ယောက် ရှိနေတယ်ဆိုတာကို သိခဲ့ရပါတယ်၊ ဆရာဝန်တွေလည်း ရှိနေတာကို ဘာလို့လာမခေါ်တာလည်းလို့တွေးရင်း ဆရာဝန်လေးလည်း ရွာသားတစ်ယောက်နဲ့အတူ လူနာရဲ့အိမ်ကို ထွက်လာခဲ့ပါတယ်၊ လူနာရဲ့အိမ်မှာ လူတွေ ဝိုင်းအုံနေကြပါတယ်၊ လူနာက ဖျာလေးပေါ်မှာ မှိန်းနေပါတယ်၊ တိုးညှင်းတဲ့ အသက်ရှူသံတော့ ထွက်ပေါ်နေပါတယ်၊ ဆရာဝန်လေးလည်း လူနာကို စမ်းသပ်ကြည့်တော့ရေခဲတုံးလို တစ်ကိုယ်လုံး အေးစက်နေပါတယ်၊ ဆရာဝန်လေးလည်း -

"လူနာ အသက်မှ ရှိသေးရဲ့လား"

ဆိုပြီး မသင်္ကာတာနဲ့ ထပ်မံစမ်းသပ်တော့လည်း သွေးခုန်နှုန်းက ထူးထူးခြားခြား နှေးနေတာကလွဲရင် အသက်လည်း ရှူနေပြီး မသေသေးပါဘူး၊ သူငယ်အိမ်ကိုကြည့်တော့ ကျယ်နေပါတယ်၊ ဆရာဝန်လေးလည်း အသက်ရှူပြီး မသေသေးတဲ့လူနာက လူသေတစ်ယောက်လို တစ်ကိုယ်လုံး အေးစက်နေပြီး သူငယ်အိမ်လည်း ကျယ်နေတော့ တော်တော်လေး အံ့သြပြီးမယုံနိုင်အောင် ဖြစ်သွားခဲ့ရပါတယ်၊ ကိုယ်ခန္ဓာက တောင့်တင်းပြီးတော့ မနေပါဘူး၊ အဲဒီအချိန်မှာပဲ ဘေးနားက အမျိုးသမီးကြီးတစ်ဦးက ...

"ဆရာလေးကို ကျွန်မပြောရင် ယုံမလား၊ သူ သေဆုံးသွားတာ (၂)နှစ်တောင် ရှိပါပြီ"

"ဗျာ - မဖြစ်နိုင်တာဗျာ၊ အခု ဘာဖြစ်နေတာလဲ၊ သေသေချာချာ မပြောနိုင်သေးတာ မှန်ပါတယ်၊ အကယ်၍ လူနာက သေဆုံးနေခဲ့ပြီဆိုရင်တောင် တစ်ရက်မပြည့်သေးပါဘူး"

အမျိုးသမီးလည်း သက်ပြင်းရှည်ကြီးကို ချပြီး ...



www.burmeseclassic.com

www.burmeseclassic.com

"ဆရာလေး မယုံဘူးဆိုရင် ကျွန်မပြောတာလေးကို နားထောင်ကြည့်ပါရှင်"

ဆရာဝန် လေးလည်း ထိုအမျိုးသမီးရဲ့အပြောကို စိတ်ဝင်တစားနဲ့ နားထောင်ရင်း နစ်မြောသွားခဲ့ရပါတော့တယ်။

လူနာရဲ့နာမည်က မှတ်နီလို့ခေါ်ပါတယ် - ဆရာ၊ သူ့ရဲ့ဘယ်ဘက်လက်ဖျံပေးမှာ အမှတ်အနီကြီးတစ်ခု ရှိလို့ပါ။ သူက ကျွန်မရဲ့(၂)နှစ်လောက်ပျောက်နေတဲ့ လင်ယောကျ်ားပါ။

အဖြစ်အပျက်တွေရဲ့အစကတော့ လွန်ခဲ့တဲ့(၂)နှစ်လောက်က မိုးကောင်းအနီး မှန်လယ် ဆိုတဲ့ရွာလေးမှာ စခဲ့တာပေါ့။

မှတ်နီတစ်ယောက် ငှက်ဖျားထပြီး အသက်ငင်နေပါတယ်။ နေ့မကူးခင် သေမယ်ဆိုတာ ရှင်းပြစရာမလိုပဲ လူနာရဲ့ပုံပန်းသဏ္ဍာန်က ဖော်ပြနေပါတယ်။ လူနာရဲ့ ဆွေမျိုးတွေလည်း မျက်ရည်တရွှဲရွှဲပေါ့။ အဲဒီညနေနေဝင်ရီတရောမှာပဲ ရွာလယ်လမ်းမမှာ ခွေးအူသံတွေ စီစီညံထက် ပေါ်လာနေတုန်းမှာပဲ လူနာက တစ်ချက် ခေါက်ခနဲဖြစ်ပြီး ဇက်ကျိုးကျသွားပါတယ်။ တစ်အိမ်လုံးရဲ့ငိုသံတွေ ထွက်လာပါတယ်။ လူနာသေပြီဆိုပြီးတော့ပေါ့။ အဲဒီမှာ မမျှော်လင့်တဲ့ အဖြစ်အပျက်တစ်ခု ရုတ်တရက်ဖြစ်ပေါ်လာခဲ့တယ်။ အဲဒါကတော့ လူနာဆီက ရေတောင်းသံပါ။ အားလုံးက အံ့သြဝမ်းသာသွားကြပါတယ်။ လူနာက မသေပဲ တစ်စတစ်စပြန်နေကောင်းလာခဲ့တယ်။ ဒါပေမဲ့ - ဒါကို သွေးရိုးသားရိုးမဟုတ်ဘူးဆိုပြီး သိတဲ့လူတွေကတော့ ရွာထဲက ရှေ့မီနောက်မီလူကြီးတွေပါပဲ။ လူနာက ညဆို အစာတွေထစားခြင်း၊ နေ့ဆို အိပ်ရာထဲ ခွေနေခြင်းတို့ကြောင့် လူနာအိပ်တဲ့ ဖျာအောက်နဲ့ ခေါင်းအုံးအောက်ကို သြဇာရွက်ထည့်ဖို့ လုပ်ကြပါတယ်။ သြဇာရွက်ထည့်လိုက်ရင် ဖုတ်က ထွက်သွားပြီး အသေကောင်ပဲကျန်ခဲ့တယ်လို့ အစဉ်အဆက် မှတ်သားထားခဲ့ကြလို့ပါ။

ဒါပေမဲ့ - သြဇာရွက်ထည့်မယ့်ညမှာပဲ လူနာက ထွက်ပြေးသွားခဲ့ပါတယ်။ အသေကောင်ထဲ ဝင်နေတဲ့ ဖုတ်ဝိညာဉ်က သိသွားပြီး အသေကောင်ရဲ့ ခန္ဓာကိုယ်ကိုယူပြီး ထွက်ပြေးသွားတာပါ။ အဲဒီကစပြီး ဘယ်လိုရှာဖွေစုံစမ်းသော်လည်း သေသူရဲ့ခန္ဓာကိုယ်ကို ရှာမတွေ့တော့ပါဘူး။ ဒီလိုနဲ့ (၂)နှစ်ဆိုတဲ့ အချိန်က ကုန်လွန်သွားခဲ့ပါတယ်။ အဲဒီရွာက လူတွေလည်း ဒီအဖြစ်အပျက်လေးကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့တယ်၊ မမေ့နိုင်တာကတော့ ကျွန်မပါပဲ၊ ကိုယ့်ယောကျ်ားဆိုတော့ သေလည်း အလောင်းကို ကောင်းကောင်းမွန်မွန်လေး သဂြိုဟ်ပေးချင်တာပေါ့၊ ဖုတ်ဘဝနဲ့ လျှောက်သွားနေတာကို မလိုလားပါဘူး။

ဒီလိုနဲ့ တစ်နေ့တော့ ကျွန်မတို့ရွာက ရွာသားတစ်ယောက်က နယ်လှည့်ကုန်ကူးရင်း ဒီမှုလွန် ဆိုတဲ့ရွာလေးကို ရောက်လာခဲ့ပါတယ်။ သူက အသိရွာခံနဲ့အတူ ရွာထိပ်ခေါင်ရည်ဆိုင်မှာ သွားသောက်တော့ ထူးဆန်းပြီး သူ့မျက်စိသူမယုံနိုင်တဲ့မြင်ကွင်းတစ်ခုကို တွေ့မြင်ခဲ့ရတယ်၊ အဲဒါကတော့ ခေါင်ရည်ဆိုင်ပိုင်ရှင်က သူတို့ရွာက ပျောက်သွားတဲ့ ဖုတ်ကောင်လို့ ပြောနေကြတဲ့ ကျွန်မယောကျ်ား ကိုမှတ်နီ ဖြစ်နေတာပါပဲ၊ သူလည်း အရမ်းအံ့သြသွားပြီး ရွာခံတွေကိုမေးကြည့်တော့ဒီလူကလွန်ခဲ့တဲ့ (၂) နှစ်လောက်က ရောက်လာဖြစ်ကြောင်း၊ သူ ဘယ်ကလာလည်း မည်သူမှမသိကြောင်း၊ ရောက်စက ရွာပြင်သချိုင်းနားမှာ တဲထိုး၍နေကြောင်း၊ နောက်ရွာစွန်က ခေါင်ရည်ဆိုင်ပိုင် ဆိုင်ရှင်သမီးနဲ့ အိမ်ထောင်ကျလျက်ရှိကြောင်း၊ အကြမ်းပတမ်းလည်း အလွန်ခံကြောင်း၊ သူ့မိန်းမက အစထဲက ခေါင်ရည်ရောင်းတာဖြစ်ကြောင်း ပြောပြပါတယ်၊ ဒါနဲ့ သူလည်း ဒီလူက လူမဟုတ်ပဲ ဖုတ်ကောင်တစ်ကောင်ဖြစ်ကြောင်းကို အကြောင်းစုံ ရှင်းပြပေမယ့် ရွာသားတွေက လက်မခံကြပါဘူး။ ဒါနဲ့ သူလည်း ရွာကိုပြန်လာပြီး ကျွန်မတို့ကို အကြောင်းကြားတာနဲ့ ကျွန်မတို့လည်း ချက်ချင်းပဲ မှုလွန်ရွာကို လိုက်လာကြတာပါ၊ ကျွန်မတို့ရွာရောက်တယ်လည်း ကြားရော ဖုတ်ကောင်က မူယာမာယာတွေများပြီး အတွေ့မခံဘဲ အိပ်ရာထဲမှာ နေမကောင်းချင်ယောင်ဆောင်ရင်းကနေ အခုလိုဖြစ်နေတာပါပဲ၊ တကယ်တော့ အခုအိပ်ရာထဲမှာ လဲပြီး သေမလိုဖြစ်နေတာ ဖုတ်ကောင်ဝင်ပူးနေတဲ့ ကျွန်မယောကျ်ား ကိုမှတ်နီ ပါရှင်"

သူမရဲ့စကားသံအဆုံး ဆရာဝန်လေးလည်း တော်တော်အံ့သြသွားပါ၏





www.burmeseclassic.com

www.burmeseclassic.com

တယ်။ လူနာကိုကြည့်တော့လည်းလုံးဝ နားမလည်နိုင်တဲ့အခြေအနေမို့ဘာပြောရမှန်းမသိဖြစ်နေပါတယ်။ အဲဒီအချိန်မှာ ပဲပိန်လိုခြောက်သွေ့နေတဲ့အသားအရေနဲ့ လူနာရဲ့လက်ရှိမိန်းမဆိုသူက မျက်ရည်တွေ စီးကျရင်းနဲ့ ...

"သူ့မှာ ထူးခြားချက်တွေ ရှိတယ်ဆိုတာ ကျွန်မ သိခဲ့တာ ကြာပါပြီ။ အခုအခြေအနေမှတော့ဒီကအစ်မတွေပြောတဲ့အတိုင်းဩဇာရှက်သာ ခင်းကြည့်ကြပါတော့။ ကျွန်မ ခွင့်ပြုပါတယ်"

ကာယကံရှင်ရဲ့ခွင့်ပြုချက်ကြောင့် ရွာသားအချို့လည်း ဩဇာရွက်ခူးဖို့ ထွက်သွားကြပါတယ်။ ဆရာဝန်လေးလည်း အပြင်ကို လှမ်းကြည့်မှ ညနေထဲက ယာယီဆေးကုသဆောင်ထဲကနေ ထွက်လာတာ၊ မှောင်တောင်နေပြီဆိုတာကို သတိထားလိုက်မိပါတယ်။ ရွာသားတွေဩဇာရွက်ခူးဖို့ထွက်သွားတာနဲ့တစ်ပြိုင်နက် လူနာက စတင်လူးလွန့်လာပါတယ်။ အဲဒီအချိန်မှာပဲရုတ်တရက်မျက်လုံးကပွင့်လာခဲ့တယ်။ စောစောကသူငယ်အိမ်ကျယ်နေတဲ့မျက်လုံးနှစ်လုံးက အခုတော့ နီရဲနေပြီး ပါးစပ်ကနေသွားရည်တွေ စီးကျနေပါတယ်။

ခဏနေတော့ ခြေတွေ လက်တွေကောက်ကွေးလာပြီး ထထိုင်ပါတော့တယ်။ ဆရာဝန်လေးလည်းအခြေအနေမဟန်မှန်းသိတာနဲ့ -

"မထနိုင်အောင် ဝိုင်းချုပ်ထားကြ"လို့ ဆော်ဩပြီး သူကိုယ်တိုင် ကောက်ကွေးနေတဲ့ လက်နှစ်ဖက်ကို ဝင်ချုပ်ပါတယ်။ ဒါပေမဲ့ - ဘေးက ရွာသားတွေကြောက်ကြောက်လန့်လန့်နဲ့ ကြောင်ပြီးကြည့်နေလို့ဖုတ်ကောင်က ဆရာဝန်လေးကို ဆောင့်တွန်းပြီး ရုန်းထွက်သွားပါတယ်။ ပြီးတော့ အိမ်ပေါ်ကနေ ဆင်းသွားတဲ့မြင်ကွင်းကြောင့်ကြောက်တတ်တဲ့အမျိုးသမီးတွေရဲ့ငယ်သံပါအောင် အော်သံတွေ၊ ယောကျ်ားသားတွေရဲ့အံ့ဩလို့ နှုတ်က ထွက်လာသံတွေနဲ့ ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားပါတယ်။

ဖုတ်ကောင်က ပက်လက်အနေအထားကို လက်ရော၊ ခြေရော ကွေးကောက်နေအောင်၊ ရယ်သံအမျိုးမျိုးပေးပြီး အိမ်ပေါ်ကနေ ဆင်းပြေးသွားတာပါ။ အရမ်းမြန်ပြီးတစ်ခါမှမမြင်ဘူးတဲ့မြင်ကွင်းမို့ ဘယ်သူမှ ဖမ်းချုပ်ဖို့မတတ်နိုင်ကြတော့ပါဘူး။ အဲဒါက ဖုတ်ကောင်ကို ရွာသားတွေ နောက်ဆုံးတွေ့လိုက်ရတာပါပဲ။ ဖုတ်ကောင်က တောထဲကို ဝင်ရောက်ပျောက်ကွယ်သွားခဲ့ပါတယ်။ နောက်နေ့မနက်လင်းတော့ ရွာလူကြီးတွေ ဦးဆောင်ပြီး သတ္တိကောင်းတဲ့ ရွာသားအချို့နဲ့အတူ (၃)ရက်တိုင် တောနင်းရှာဖွေခဲ့ပေမယ့် ဖုတ်ကောင်ကို မတွေ့ရတော့ပါဘူး။ မကြာခင် ဆရာဝန်လေးတို့ ဆေးတပ်ဖွဲ့လည်း အဲဒီမှုလွန်ရွာလေးကနေ အခြားရွာကိုဆေးကုသဖို့ ထွက် ခွာလာခဲ့ရပါတယ်။

ဆရာဝန်လေးကတော့ အဲဒီဖုတ်ကောင်ကို တစ်နေ့နေ့မှာ ပြန်ရှာတွေ့ဖြစ်ခဲ့ရင် အကြောင်းကြားပေးပါ့မယ်လို့ မှုလွန်ရွာသားတွေကို ပြောကြားနှုတ်ဆက်ရင်းမပြီးသေးတဲ့တိုင်းပြည်တာဝန်တွေကို ဆက်လက်ထမ်းဆောင်ဖို့ သူ့ရဲ့ဆေးတပ်ဖွဲ့နဲ့အတူ ချီတက်ခဲ့ကြပါတော့တယ်။

လှမြန့်မာ

**ဂမ္ဘီရလောကဆေးမြီးတို**

**ရောင်ရမ်းနာ** - ဝပါးလင်ကိုထုထောင်း၍အဝတ်ဖြင့်ထုပ်ပြီး ကျပ်ထုပ် ထိုးပေးပါ။

**လေငန်း(ရွှဲ့စောင်း)** - ခွေးလေးယားအစေ့ကို အချွဲချွတ်၊ နွားနို့နှင့် ကျိုသောက်ပါ။

**ရင်ဘတ်နာ** - သဘော်ရွက်ပြုတ်ရည်နွေးနွေးတွင် ထန်းလျက်ခတ်၍သောက်ပါ။

**လေငန်းရောဂါ** - ရှားစောင်းလက်ပပ်၏ငါးဆ ဆင်တုံးမနွယ်စာမှုန့်ထည့်၍ ပျားရည် နှင့် ကြိတ်၍စားပါ။

**လေဆေး** - နံရိုးကြားတွင်ထိုးသောလေမျိုးအတွက်ကင်မွန်းသီးမီးဖုတ်၊ စမုန်နက်၊ ဆင်သမနွယ်၊ ဆား ဆတူရောစပ်၍ တိုက်ပါ။



www.burmeseclassic.com



# သေကံမရောက် သက်မပျောက်




သန်လျှင် မောင်ကျော်ခဲ

"သမီးရေ - ညော့်သည်လာတယ်မော့၊ ညော့်သည်လာတယ်"

"ဟာ - မစန်းကြည်လာတယ်၊ အစ်မရေ - လာ - လာ - ဘာတွေပါလဲဟင်"

နံနက်စောစော ကျွန်တော်တို့ သားအဖတွေ အိမ်ရှေ့ရောက်နေသော ရွာမှလာသည့်ညီမကိုတွေ့၍ တစ်ယောက်တစ်မျိုး ပြောဆိုသံများပင် ဖြစ်သည်။

အချိန်မှာ မနက် (၇) နာရီမထိုးသေးပေ။ မြို့ကိုလာမည်ဆိုလျှင် မနက် (၄) နာရီ အိပ်ရာမထ၍ပြင်ဆင်ရသည်။ (၅) နာရီထိုးသည်နှင့် ကားဟွန်းတီးသံကြားရသည်။ တစ်ခါတလေ မြို့ရောက်လျှင် အိမ်သားများကို ပြန်နှိုးရသေးသည်။

"မဖြူရယ် - စားစရာတွေ ပါပါတယ်၊ ခြင်းလာမဆွဲဘဲ အော်နေတယ်"

ကျွန်တော့်ညီမ မစန်းကြည်က သူ့တူမကို ပြောရင်း ခြင်းတောင်းဆွဲ၍ အိမ်ထဲဝင်လာသည်။ ပါလာသည့် တောထွက်အသီးအနှံ၊ အသားများထုတ်၍ သမီးကြီးကို ပေးလိုက်သည်။ သမီးကြီးက တချို့ချက်ရန် တချို့နောက်နေ့အတွက် ရေခဲသေတ္တာထဲ ထည့်၍ သိမ်းနေသည်။

www.burmeseclassic.com

သမီးငယ်ကတော့ ရွာမှ ဆွေမျိုးများ မာကြောင်း၊ သာကြောင်း မေး၍နေသည်။

“ဟဲ့ - သမီး - သူ မပြန်သေးပါဘူး၊ နောက်မှမေး၊ ခုအဆာပြေစားဖို့တစ်ခုခုလုပ်၊ အစောကြီးလာရတာ ဆာနေမှာပေါ့”

“ဟုတ် - အမေ - သမီး စီစဉ်လိုက်မယ်”

စကားဆုံးသည်နှင့် သမီး နောက်ဖေးသို့ ဝင်သွားသည်။ ကျွန်တော်တို့ မောင်နှမနှစ်ယောက် စကားလက်ဆုံပြောမကုန် ဖြစ်နေသည်။

“ဌါညီမ - ထမင်းမြိန်ရဲ့လား”

“မြိန်ပါတယ် - အစ်ကို၊ ကျွန်မအချိုအငန်နဲ့ဆီများတာကိုရှောင်ရတယ်လေ”

“ဒါပေါ့ - ညီမရယ်၊ နေရမယ့်သက်တမ်းအတွင်းမှာ အစားအသောက် အနေအထိုင် ဆင်ခြင်နေမယ်ဆိုရင် သက်တမ်းစေ့နေရတာပေါ့။ ခုခေတ်က ရောဂါတွေက ဆန်းလည်းဆန်း၊ များလည်းများတယ်ဟ”

“ဟုတ်တယ် - အစ်ကို၊ ခု - ညီမလည်း ဆေးခန်းလာတာ၊ ဆရာဝန်ချိန်းလို့ ဒီနေ့မှ ရောဂါအဖြေသိမယ်”

“ရောဂါသိ ဆေးရှိပါတယ်။ ဆေးပညာ ထွန်းကားနေတာလေ၊ ဆေးကုဖို့ ငွေရှိဖို့သာ အဓိကရေးကြီးတယ်”

“ဟုတ်ပ - အစ်ကိုရေ၊ ရွာမလောက်ဘဲ တစ်ခါတည်း အပြတ်ကုခဲ့လို့ အစ်ကို့ညီက မှာလိုက်တယ်”

“ဟုတ်တာပေါ့၊ ဒါနဲ့ - နေစမ်းပါဦး မနေ့ညက တဲတားမှာ ဆိုင်ကယ်မှောက်လို့ တစ်ယောက်က ဆေးရုံအရောက် အသက်မပါဘူး။ နောက်တစ်ယောက်ကလည်း အခြေအနေ မကောင်းဘူးကြားတယ်။ နင် မသိဘူးလား”

ကျွန်တော်က ကြားထားသည့် သတင်းကိုမေးလျှင် ညီမ ကျွန်တော့်မျက်နှာကို ကြည့်၍ အံ့ အားသင့်နေသည်။ တစ်အောင့်ကြာမှ ...

“အစ်ကို - ဘယ်က ကြားခဲ့တာလဲ၊ တကယ်သေသွားတာလား၊ ဘယ်ရွာကလဲဟင်”

“ဟာ - နင့်မေးခွန်းတွေများလှချည်လားဟ၊ ငါ ကွမ်းခြံကုန်းသွားရင်း ရွာကလူနဲ့တွေ့လို့ သိလာတာ၊ တို့ရွာကတော့ မဟုတ်ဘူး၊ ကွင်းတဲဘက်ကပဲ နာမည်တော့ ပြောတယ်၊ ငါစဉ်းစားလို့မရဘူး။ သူက နာမည်ပါ ပြောတာ - ဟေ”

“ဒါဆို - ဟုတ်ပါပြီ၊ ကျိန်းသေကို မှန်နေတယ် - အစ်ကိုရ”

မစန်းကြည် ဘာတွေမှန်မှန်းမသိ၊ အားရပါးရ ပြောနေသည်။

“ကဲ - မှန်တဲ့အကြောင်း ရှင်းပြစမ်းပါဦး”

“အစ်ကို ကလည်း ခုဖြစ်နေတဲ့ တဲတားပြီးအောင် လူတစ်ယောက်ခေါ်ပြီးမှ တဲတားပြီးမယ်လို့ပြောနေတာ။ လူတစ်ယောက်ခေါ်မယ်ဆိုတာ ခုတော့ တကယ်ခေါ်သွားပြီပေါ့၊ ဒါဆို သူတို့ပြောတဲ့အတိုင်း တဲတားဆောက်လို့ ရသွားတာပေါ့”

“တဲတားက ဘာဖြစ်လို့လဲ”

“တဲတားတိုင်တစ်တိုင် စိုက်လို့ မရသေးဘူးလို့ ပြောကြတယ်။ ခုတော့ တဲတားကတော့ အောင်မြင်သွားပြီ၊ အသက်တစ်ချောင်းကတော့ စတေးလိုက်ရပြီလေ”

မစန်းကြည် သူကြားသမျှ သိသမျှကို ကျွန်တော့်အား ပြောပြနေသည်၊ သူ့စကားမကုန်သေးတာကို ကျွန်တော် တွက်မိသည်။ ဒါကြောင့် ကျွန်တော် မစန်းကြည်ကို ...

“စန်းကြည် နင့်စကား မဆုံးသေးဘူး၊ လူတစ်ယောက်ခေါ်ပြီးမှ တဲတားပြီးမယ်လို့နင့်ဘယ်သူပြောလည်းဟုတ်ကောဟုတ်ရဲ့လားဟာ”

“အစ်ကို ယုံတာ၊ မယုံတာတော့ ကျွန်မမသိဘူး။ အစ်ကိုက ရွာနဲ့အဆက်ပြတ်နေလို့ပါ။ ဒီသံတဲတားနဲ့ပတ်သက်ပြီး အဖြစ်က ပြောရမယ်ဆိုရင် အစ်ကို ကျွန်မပြောနေတုန်း ဖြတ်မမေးနဲ့နော်၊ ဒီလို - ဒီလို - အစ်ကိုရေ”

မစန်းကြည် ပြောပြသည့် အကြောင်းများကိုစာဖတ်သူများအဆင်ပြေရန် ပြန်လည်ရေးထားပါသည်။

(စာရေးသူ)

သံတဲတားသည် သက်တမ်းအတော်ရှည်နေပြီ။ ယခင် အင်္ဂလိပ်ခေတ်က ဆောက်လုပ်ထားသော တဲတားဖြစ်တယ်။ တောချောင်းကိုဖြတ်၍တောင်နှင့်မြောက် ဆောက်လုပ်ထားတာပါ။ ထိုတဲတားမရှိလျှင် ယခင်က သန်လျင်၊ ရှုံးသပြေကန် ကားလမ်းသွားရန် မလွယ်ပေ။ ထိုတဲတားကြောင့် ယခုအချိန် သန်လျင် - ဖားကူးဝင်အနီးအထိ ကားလမ်းပေါက်၍ သွားလာရသည်မှာ များစွာ အဆင်ပြေတယ်လေ။

သံပေါင်၊ သံဘင့်များ၊ သံတိုင်များနှင့် ခိုင်ခံ့စွာ ဆောက်လုပ်ထားပေမယ့်





www.burmeseclassic.com

www.burmeseclassic.com

မွေးနီ အပမှီတာ ဖြစ်မယ်ကွ၊
သူနေပုံက မပြောကောင်း မဆိုကောင်း
မသာကြိုးချည်ထားတဲ့ပုံကွ။
အေး - တံတားတောင်ဘက်က
မန်ကျည်းချိုပင်ကများ လုပ်လိုက်သလား
မသိဘူး။ ဒီနားမှာ ဟိုအရင်တုန်းက
ကုလားတစ်ယောက် အသတ်ခံရတာလေ။
နောက်ပြီး ပြောသံကြားနေတာက တံတားက
လူတစ်ယောက်ပေးရမယ်ဆို ဟုတ်လား
သိရင် ပြောစမ်းပါ …

နှစ်ကြာလာသည်နှင့်အမျှ ပျက်စီးသည်များကို ပြုပြင်ခဲ့ရာ ယခုအကြိမ် တတိယအကြိမ်ဖြစ်တယ်။ ယခုလည်း သံပေါင်ကွန်ကရစ်တံတား ပြန်လည်ပြုပြင်ချိန်ဖြစ်တယ်။ (၈၀)ရာနိုင်နှုန်းခန့် ပြီးစီးနေပြီ၊ အဲဒီအချိန်မှာ အလုပ်သမားမိသားစုမှ ရှစ်နှစ်အရွယ် ကလေးငယ်အား တစ်ညနေ့ မှုးသလို ကပ်သလိုဖြစ်ရာ အနားရှိလူကြီးများက မေးရာ …

"အေး - အားလုံး သတိထားကြ၊ လူတစ်ယောက်ခေါ်ပြီးမှ တံတားပြီးမှာ၊ လူတစ်ယောက် ခေါ်ရမယ်"

သည်လိုသံများ ကြားခဲ့ကြတယ်၊ ဝင်ပူးသည့် ကလေးရဲ့အဖေကလည်း ကောင်းကောင်းနေမကောင်းတော့၊ ကလေးအမေက တွေးပြီး စိတ်ပူလို့ အလုပ်မလုပ်တော့ဘဲ မိသားစု အိမ်ပြန်သွားကြတယ်၊ သည့်အသံ "လူတစ်ယောက် ခေါ်မည်ဆိုသည့်" စကား ပတ်ဝန်းကျင်ကို ပြန့်သွားတယ်။

ပတ်ဝန်းကျင်မှ ကြားသိသူများက မိမိတို့အိမ်သားများကို ညဥ့်နက်အောင် မနေဖို့ သတိပေးတဲ့ အဆင့် ဖြစ်လာတယ်။ အဲဒီသတင်းထွက်ပြီးမကြာခင်မှာ မြင်းဘုရားကွင်းက ထော်လာဂျီနဲ့ စပါး သွားကြိတ်တယ်၊ အခေါက်ခေါက် အခါခါစပါးပို့လိုက်၊ ဆန်ပြန်သယ်လိုက်နဲ့ ဝမ်းရေးအတွက် အလုပ်လုပ်နေကြရတာ၊ ထော်လာဂျီယာဉ်မောင်းက မွေးနီ၊ လူကောင်က သေးသေး ပိန်ပိန်၊ ဒါပေမဲ့ စက်မောင်းက အတော်ကျွမ်းတာ၊ သူ့ အရပ်နဲ့သူ့ဖာတ်ဆိုသလို ကွင်းလမ်းနဲ့



ဝန်အပြည့်၊ မြင်သည့်သူက အသည်းယားစရာ၊ သူမွေးနီကတော့အပြုံးမပျက် ထော်လာဂျီမောင်းလျက် မွေးနီထော်လာဂျီ လမ်းပျက်တာ၊ မှောက်တာ၊ ရာဇဝင်မရှိ မွေးနီတို့က ပန်းပန်လျက်ပဲလေ။

သည်နေ့ မွေးနီ စပါးတိုက်ပြီး ဆန်စက်ပို့စရာ စပါးများ၍ သူငယ်ချင်းနှစ်ယောက်ကို အဖော်ခေါ်ထားတယ်၊ အောင်ပုနဲ့သောင်းလှကမွေးနီအချစ်ဆုံး သူငယ်ချင်းတွေ၊ ကျောင်းနေဖက်၊ နွားကျောင်းဖက်၊ ကစားဖက်တွေ။ အလုပ်အားလျှင် တတွဲတွဲ အမြဲနေကျသည့်သူတွေ။ ခု - ဦးသန်းဖော်၏ စပါး (၂၀၀) ဆန်စက်ကို ပို့ရမယ်လေ၊ သူ့ထော်လာဂျီက တစ်ခေါက်မှ စပါး (၂၅)တင်းဆိုတော့(၈)ခေါက် မောင်းရမယ်၊ မနက်ပိုင်း (၄)ခေါက်မောင်း၍ ထမင်းစားပြီး နားကြတယ်၊ ညနေပိုင်းနောက်ဆုံးတစ်ခေါက် မောင်းရိုးပျို့စအချိန် …

"သောင်းလှ - ကိုင်ထားနော်၊ ငါ အောက်လမ်းဆင်းတော့မှာ"

နောက်ကို မွေးနီ လှမ်းပြောတယ်၊ သောင်းလှကလည်း …

"အေး - ကိုင်ထားမယ်၊ဖြည်းဖြည်း ဆင်းနော်၊ ဒီတစ်ခေါက် ဝိတ်များတယ်"

"အေးပါ - ရွှေယောက်ဖကြီးရာ၊ မွေးနီတို့က ကျွမ်းပြီးသားပါ၊ အေးဆေးပဲ"

မွေးနီ နောက်ကို လည်း ပြော၊ အောက်လမ်းဆင်းကို ဂီယာချိန်းလိုက်

www.burmeseclassic.com

တယ်၊ မွှေးနီ ရှေ့ကိုကြည့်တယ်။ ဖြူဖြူ ဖောင်တွေ အရိပ်လိုလို၊ တကယ်လိုလို ထော်လာဂျီမီးကလည်း သိပ်မလင်း၊ ဒီကြားထဲ မြောက်လေက တစ်ချက်ဝေ့ အလိုက်မှာ ဖြူဖွေးနေ ဒီတစ်ခါအေးတာကတစ်မျိုးကြီး၊ သည်တစ်ခေါက်ပြီးလျှင် နားရမည်ဖြစ်၍ စိတ်ကို စုစည်းကာ ဂီယာပြောင်း "လေဘာ"ကို ဖြည်းဖြည်းနင်း၊ တစ်ဖက်က ဟန်းဘရိတ်ဆွဲကာ ဆင်းလိုက်တယ်၊ အံ့ဩစရာ - ထော်လာဂျီကို ဆွဲလှုပ်လိုက်သလို ခါထွက်သွားတယ်၊ ပို၍သတိထား၍အဆင်းကို မောင်းနေတယ်၊ စက်က (၃၅)ဒီဂရီလောက် စောင်းနေတယ်၊ အဆင်းလမ်းရောက်လျှင်အခြေအနေမကောင်းတော့ပါ၊ စက်မှောက်ဖို့အခြေအနေကများနေတယ်၊ ဖြောင့်လွှတ်လိုက်လျှင် ဘေးမြောင်းထဲကျမယ့် ဆွဲတင်လမ်းတည်လျှင်စက်မှောက်သွားမယ့်မွှေးနီသူငယ်ချင်းတွေကို သတိပေးလိုက်တယ်၊

"ဟော့ကောင် - အောင်ဘုနဲ့သောင်းလှ၊ မင်းတို့စက်ပေါ်ကခုန်ချတော့ အခြေအနေမကောင်းဘူး စက်မှောက်တော့မယ်"

"ဟာ - မွှေးနီ၊ မင်းလည်းခုန်ချတော့ စက်အောက်ပိသွားမယ်၊ အောင်ပု - ဟော့ကောင် ခုန်ချတော့လေကွာ၊ ငါက နောက်ကလွှတ်တယ်"

"သောဖီးလှ - ငါခုန်ချလို့မရဘူးကွ၊ ထလို့ကို မရတာ"

ထိုအခါ သောင်းလှက မွှေးနီအား ...

"မွှေးနီ - မြန်မြန်ခုန်ချ၊ စက်စောင်းလာပြီကွ၊ မှောက်တော့မယ်"

နောက်မှသောင်းလှအော်သံကြားရတယ်၊ မွှေးနီနဲ့ အောင်ပု ဘယ်လိုမှ ခုန်ချလို့မရ၊ သူတို့အပေါ်မှ တစ်စုံတစ်ခု ဖိထားသလို ခံစားရတယ်၊ နောက်က စပါးအချိန်များ၍ ဘယ်လိုမှ ထိန်းမရဘဲ ထော်လာဂျီအရှေ့ဘက်သို့ မှောက်သွားတော့တယ်၊

---

စပါးအိတ်များအောက် ပိနေသော မွှေးနီ၊ အောင်ပုတို့ကို စက်မှောက်နေတုန်းက သောင်းလှ အနီးအနားတဲများမှ လူများကို လိုက်ခေါ်ထား၍ လူအားနဲ့ စပါးအိတ်များဖယ်၍ မွှေးနီနှင့် အောင်ပုတို့ကို အပြင်သို့ ဆွဲထုတ်လိုက်တယ်၊ လူအားနဲ့ ထော်လာဂျီကို ပြန်လှန်၍ လမ်းပေါ်ဆွဲတင်ကာ စပါးအိတ်များကို ဝိုင်းသယ်ကြတယ်၊ အောင်ပုနဲ့ မွှေးနီလည်း ဘာမှုမဖြစ်သလိုအများနှင့်အတူ စပါးအိတ်များကို ဝိုင်းသယ်ကြတယ်၊ စပါးအိတ်များ သယ်ပြီးလျှင် အောင်ပု အမောဖြေနေပြီး မွှေးနီ မတ်တတ်မှ လဲကျသွားတော့တယ်၊ လှုပ်၍မရ ခေါ်၍မရဖြစ်နေတယ်၊

ထူးဆန်းတာက ပက်လက်အနေအထား၊ ခြေနစ်ဖက်ပူးကပ်နေတယ်၊ လက်နစ်ဖက်၊ လက်ဖဝါးချင်းယှက်ထားသည်၊ ခွာ၍မရတော့ပါ၊ နောက်ဆုံး သူ့ထော်လာဂျီနှင့်ပင် သန်းဖော် မောင်း၍ ဆေးရုံသို့ ပို့ကြတယ်၊

ဆေးရုံရောက်လျှင် ဆရာဝန်များက စမ်းသပ်ပြီး ဆေးထိုးပေးတယ်၊ အသက်က မှန်မှန်ရှူနေတယ်၊ ဒါပေမဲ့ ခေါ်၍မထူး၊ လှုပ်လျှင် တောင့်တောင့်ကြီး ဖြစ်နေတယ်၊ ခက်တာက ခြေထောက်ပူးနှင့် လက်ယှက်ကို ခွာ၍မရ၊ ဖြေ၍မရချင်းပင်၊ ကိုယ်ကိုစမ်းကြည့်တော့ ကိုယ်ငွေ့လေးလည်း နွေးတေးတေး ရှိတယ်၊ ခက်သည်က ခေါ်၍မရ၊ ခွာ၍မရခြင်းပင်၊

မွှေးနီကို ဆေးရုံလိုက်ပို့သူများထဲမှ ဘကြီးပုက ...

"မွှေးနီ အပမှီတာ ဖြစ်မယ်ကွ၊ သူနေပုံက မပြောကောင်း မဆိုကောင်း မသာကြိုးချည်ထားတဲ့ပုံကွ၊ အေး - တံတားတောင်ဘက်က မန်ကျည်းချုံပင်ကများ လုပ်လိုက်လားမသိဘူး၊ ဒီနားမှာ ဟိုအရင်တုန်းက ကုလားတစ်ယောက် အသတ်ခံရတာလေ၊ နောက်ပြီးပြောသံကြားနေတာက တံတားက လူတစ်ယောက်ပေးရမယ်ဆို ဟုတ်လား သိရင်ပြောစမ်းပါ"

ဘကြီးပုစကားဆုံးလျှင် ကိုတုတ်က ...

"တစ်ပတ်လောက်ရှိပြီ၊ ပြောသံကြားတာပဲ၊ စကားပဲ ကားတာလား၊ တကယ်ပဲလားဆိုတာတော့ မသိဘူး - ဘကြီး၊ ဟိုနားလည်း ဒီအသံ - လူစုလည်း ဒီအသံကြားနေရတာလေ၊ ခု - မွှေးနီဖြစ်တော့ ဘာပြောရမှန်းတောင် မသိပါဘူးဗျာ"

"အေး - ဒီည စောင့်ကြည့်တာပေါ့၊ မင်းတို့တွေ ပြန်ကြ၊ ငါနဲ့ မောင်လှ နေခဲ့မယ်၊ မင်းတို့မနက်စောစောပြန်လာကြ၊ ထမင်းပါချက်ခဲ့နော်၊ ဝယ်စားရင် တယ်မဟန်ဘူးကွ"

"ဟုတ်ကဲ့ပါ - ဘကြီးပု၊ ဒါဆို ကျွန်တော်တို့ သွားမယ်၊ အဘမှာတာ အကုန်လုံး လုပ်ခဲ့မယ်၊ ရော့ - ကျွန်တော့်သဘက်ယူထား၊ အဘ - အေးမှာစိုးလို့"



www.burmeseclassic.com

www.burmeseclassic.com

"သွား - သွား - စက်ကို ဖြည်းဖြည်းမောင်းသွား၊ လမ်းမှာ အခဘောက်အစား မလုပ်နဲ့နော်၊ သွားကြ - သွားကြ"

ဘကြီးပု စကားဆုံးလျှင် အခန်းတွင်းမှ ထွက်သွားကြတယ်။ ဘကြီးပုလည်း ခုတင်ဘေးထိုင်၍ ဘုရားစာရွတ်၍နေတော့တယ်။

ဘကြီးပု မေးခနဲဖြစ်ရာမှ လန့်နိုးသွားတယ်။ ကုတင်ပေါ်မှ မွှေးနီသည် လုံးဝမလှုပ်၊ လက်လည်း ဖြေမရ၊ ခြေလည်း ယှက်လျက်၊ ဘကြီးပု ကိုယ်ငွေ့စမ်းကြည့်လိုက်တယ်။ နွေးနွေးလေး နှာခေါင်းဝ လက်ကပ်ကြည့်တယ်၊ ညင်သာစွာ လေတိုးလျက်၊ ဒါပေမဲ့ခေါ်၍မရ၊ မွှေးနီလိပ်ပြာ အပျော်လွန်နေပြီလားမသိ၊ ဟိုတွေးသည်တွေးနဲ့ ဘကြီးပု အချိန်ကြာသွားတယ်၊ နောက်မှ ခြေသံကြား၍လှည့်ကြည့်လိုက်ရာ ရွာမှလူငယ်လေး (၂)ယောက် ထမင်းချိုင့်ဆွဲ၍ ရောက်လာတယ်၊

"ဟ - စောလှချည်လားကွ"

"မစောပါဘူး - ဘကြီးပုရာ ခု (၇) နာရီ ခွဲပြီလေ၊ မွှေးနီ အခြေအနေရော ဟင်"

"အေး - မင်းတို့မြင်တဲ့အတိုင်းပဲ၊ ခေါ်မရလှုပ်မရအသက်တော့ရှုနေသေးတယ်"

သန်းဇော်တို့ ဘကြီးပု ထမင်းစားနေခိုက် မွှေးနီကိုအနီးကပ် (၂)ယောက်သား ကြည့်နေကြတယ်၊ လက်ကလေး ကိုင်၍ ခွာလိုက် လုံးဝမရ၊ နှစ်ယောက်အားကုန်ဆွဲရင်လည်း မွှေးနီ ဒုက္ခရောက်မှာစိုး၍ ခြေထောက်တွေမ,ကြည့်လည်းမ,၍မရ၊ အကြံအိုက်နေကြတယ်။ ဘကြီးပု ထမင်းစား၍ပြီးလျှင် ခုတင်နားလာ၍ မွှေးနီမျက်နှာအား ကြည့်လိုက်ရာ မျက်ခုံးလေးများ လှုပ်၍လှုပ်၍ လာတယ်၊ ခန္ဓာကိုယ်လည်း အနည်းငယ်လှုပ်လာတယ်၊ သန်းဇော် ပထမတော့ လန့်သွားတယ်၊ နောက်တော့ - ဝမ်းသာပြီး -

"ဘကြီးပု - မွှေးနီ သတိရလာပြီ၊ ဟော - တဖြည်းဖြည်းလှုပ်လာပြီ၊ မျက်စိလှုပ်လာပြီ၊ ပါးစပ်လည်း လှုပ်လာပြီ၊ ဘကြီးပု ဟုတ်တယ် - မဟုတ်လား"

"အေး - ဟုတ်ပသန်းဇော်ရေ၊ မွှေးနီ - မွှေးနီ လူလေး သတိရလာပြီလား"

ဘကြီးပု ပါးစပ်မှလည်းပြော၊ လက်ကလည်း ကိုင်လိုက်ရော၊ စောစောက နှစ်ယောက်ဆွဲဖြုတ်၍မရသည့် လက်နှစ်ဖက် ချက်ချင်းကွာသွားပြီး တစ်ဆက်တည်းခြေနှစ်ဖက်ပါခွာပြီးမြန်လိုက်တာ၊ ခြေဆင်းထိုင်လျက် ဖြစ်သွားပြီး ပါးစပ်မှလည်း ...

"ဟင်း - ဟင်း - ဟင်း ငါ - လဲလို့ရပြီ၊ လူစားရပြီ၊ မွှေးနီ - မင်း - ကံကောင်းသွားတယ်၊ မင်း ငါ့ကို မရှိသေဘူး၊ ငါ့အပင်အောက်မှာ သေးပေါက်၊ ချေးပါလုပ်တယ်၊ ပါးစပ်ကလည်း စည်းကမ်းမရှိဘူး၊ မင်းကို ငါ လူစားလဲဖို့ခေါ်တာ၊ ခု မင်းအစား နောက်တစ်ယောက် ဝင်ခံသွားတယ်"

မွှေးနီ ပါးစပ်မှမထင်မှတ်သည်များကြားရ၍ ဘကြီးပု အံ့ဩသွားတယ်၊ အသံက မွှေးနီအသံမဟုတ်၊ ကုလားသံ၊ ဘကြီးပု မနေနိုင်ပေ၊ အမိပ္ပာယ် နားမလည်၊ ဒါနဲ့ - ဘကြီးပု၊

"ကဲ - မင်းက ဘယ်သူလဲ၊ မွှေးနီနဲ့ ဘာဆိုင်လဲ၊ သူ့အစား နောက်တစ်ယောက်ဆိုတာ ဘာလဲ ရှင်းရှင်းပြောစမ်း"

ဘကြီးပု အမေးဆုံးလျှင် ...

"ကိုကြီးပု - ခင်ဗျား ကျုပ်ကို မေ့သွားပြီလား၊ ကွန်ဖူးဆာမိလေဗျာ၊ မိတ်ဆွေကို မေ့သွားပြီလား - ကိုကြီးပု"

"ဘာ - ဘာ - မင်းက ကွန်ဖူးဆာမိ ဟုတ်လား၊ သူ သေသွားတာ နှစ် (၃၀) လောက် ရှိပြီကွ"

"ဟုတ်ပါတယ်၊ ကိုကြီးပုကိုခေါ်တာ ကြည့်ပေါ့၊ ကျုပ် အမြဲခေါ်နေတာလေ၊ ဘကြီးပု မိန်းမက ဒေါ်ရွှေ - သူသေသွားပြီ၊ သားသမီး (၆)ယောက်ရှိတယ်၊ ယုံပြီလား၊ လူသတ်ခံရလို့သေသွားတဲ့ဆာမိ၊ ကွန်ဖူးဆာမိပါ - ကိုကြီးပုရာ"

ဘကြီးပု မှတ်မိလာတယ်၊ သူနဲ့ ဆာမိ လယ်နှစ်ပွဲကျော် ခင်မင်ကြတယ်၊ ဘာသာမတူပေမဲ့ ပေါင်း၍ရတယ်၊ လူမှုရေး ပြည့်ဝတယ်၊ ဒါပေမဲ့ - ဇာတ်သိမ်းမကောင်း၊ တစ်နေ့ နေဝင်ရီတရောမှာ သည်တံတားမှာပဲ အသတ်ခံရတယ်၊ နှစ်ပေါင်းသုံးဆယ်ကျော် မကျွတ်လွတ်သေးပါလား။ တဏှာစွဲလမ်းမှု အတော်ကြောက်စရာကောင်းတယ်၊ ခုတော့ အပြောင်းက အသစ်ဖြစ်ရတယ်၊ ပြုသူလည်း အသတ်ခံရ၍ သေလေပြီ၊ ဘယ်ဘဝရောက်မှန်းမသိ၊ ခံရသူက သရဲဘဝရောက်နေ၊ လူတွေလူတွေ လောဘ၊ ဒေါသ၊ မောဟတွေ များနေကြတာ၊ ခေါ်သံကြောင့် ဘကြီးပု အတွေးပြတ်သွားတယ်၊





www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးပု - ယုံပြီလား"

"ယုံပါပြီ - ဆာမိရယ် ယုံပါပြီ၊ ကဲ - ဒါဆို မင်း မွှေးနီကို ခွင့်လွှတ်လိုက်ပါ။ ကလေးတွေအစား ငါ တောင်းပန်ပါတယ်။ နောက် ဒီလိုမဖြစ်စေရဘူးကွာ"

"ကဲ - ကိုကြီးပု - ကျုပ် သွားရတော့မယ်။ မွှေးနီ ကောင်းသွားမှာပါ။ ကျုပ်ကို ခေါ်နေပြီ။ ကျုပ်နေရာ လူစားထားပြီး ကျုပ် အဲ့ဒီနေရာက ပြောင်းရမယ် ကိုကြီးပု"

ဆာမိစကားဆုံးလျှင် မွှေးနီ ထိုင်ရာမှ နောက်သို့ လဲကျသွားတယ်၊ ဘကြီးပုတို့လည်း မွှေးနီကို ပြုစုကြသည်။ တစ်အောင့်ကြာလျှင် မွှေးနီ သတိပြန်ရလာတယ်။ မျက်စိဖွင့်၍ ဘေးဝဲယာကို လိုက်ကြည့်သည်၊ ဘကြီးပုတို့ သန်းဇော်တို့ကို တစ်လှည့် အံ့ဩစွာ လိုက်ကြည့်နေတယ်၊

"ဘကြီးပု ကျွန်တော် ဘယ်ရောက်နေတာလဲ၊ ဒါ ဆေးရုံ မဟုတ်လား"

"အေး - ဆေးရုံ ရောက်နေတာ ညနေက မင်း ထော်လာဂျီ မှောက်လို့လေ - သတိရပြီလား"

မွှေးနီ - ဘကြီးပု စကားကြားလျှင် မျက်စိမှိတ်၍ အတန်ကြာ စဉ်းစားနေသည်။ အတော်ကြာမှ ...

"ဟုတ်ပြီ - အဘပုရေ၊ ကျွန်တော် လမ်းလွှဲအဆင်းမှာ ကျွန်တော့် စက်ရှေ့က ဖြူဖြူကြီး လမ်းပိတ်ရပ်လို့ ရှောင်လိုက်တာ နောက် ကျွန်တော် မမှတ်မိတော့ဘူး"

"အေး - ဟုတ်တယ်၊ တို့ - မင်းကို ဆေးရုံခေါ်လာတာပဲ၊ ဒါနဲ့ မင်းတံတား တောင်ဘက်က မန်ကျည်းချုံပင်မှာ အပေါ် - အလေး သွားတယ်ဆို ဟုတ်လား"

"ဗျာ - အဘပု ဘယ်သူပြောလဲ၊ ဟုတ်ပါတယ်"

"အေး - နောက်တဲ့ဒီအပင်အောက် အပင်နားတွေမှာ မစင်မစွန့်နဲ့ ကြားလား၊ အဲ့ဒီအပင်တွေမှာ အစောင့်တွေ ရှိတယ်"

"ဟုတ်ကဲ့ - အဘပု၊ ကျွန်တော် မလုပ်တော့ပါဘူး"

ထိုသို့စကားပြောနေစဉ် ဒေါ်အေးတို့ သတင်းမေးရောက်လာသည်။

"ဟဲ့ - မွှေးနီ - နေတောင်းသွားပြီလား"

"ဟုတ်ကဲ့ - ကျွန်တော် ကောင်းသွားပါပြီဗျာ"

ဒေါ်အေး ဘကြီးပုတို့ဘက် လှည့်ကာ ...

"ဘကြီးပုရေ - မွှေးနီလည်း နေကောင်းသွားပြီ၊ နောက်လည်း သိမှပဲ ပြောရဦးမယ်"

"နင့်ဟာကလည်း ပြောမှာပြောစမ်းပါ၊ ခြေဆင်းတွေ လာလုပ်မနေပါနဲ့"

ဘကြီးပု စိတ်မရှည်ဟန်ဖြင့် ပြောလိုက်လျှင် ...

"ပြောပါ့မယ် - ဘကြီးပုရယ် ညသန်းခေါင်လောက်မှာ သံတံတားမှာ ဆိုင်ကယ်မှောက်တယ်လေ"

"ဘာတွေဖြစ်သွားသေးလဲဟ"

"ဒီတစ်ခါတော့ ဘကြီးပုရေ၊ တစ်ယောက်က သေသွားတယ်၊ တစ်ယောက်က ဒဏ်ရာပြင်းတော့ သေဖို့များတယ်။ အဖြေမသိရသေးဘူး"

"အေးလေ - သားသမီးတွေကို ချစ်ရင် ဆိုင်ကယ်ဝယ်မပေးသင့်ပါဘူး၊ အရက်မူးရင်ပိုဆိုးတယ်၊ ဟိုနေရာကြားရ၊ သည်နေရာက ကြားရပဲလေ။ ဆိုင်ကယ်က ဖြစ်ရင် အသေနဲ့အကျိုးအပဲ့ပဲ၊ ကိုယ့်သားကိုယ် မသတ်ကြပါနဲ့၊ အလိုမလိုက်ကြပါနဲ့လို့ပဲ ပြောချင်တယ်။ နကြည့်လေ သူများပြောရင် ယုံချင်မှ ယုံမှာ၊ နကိုယ်တွေ့လေ။ ဟော - မွှေးနီကကံကောင်းသွားတယ်၊ သေကံမရောက်သက်မပျောက်ဟိုကလေးကတံတားမှာ အသက်ပေးသွားရတယ်။ ဟော - သရဲဆာမိ ဘဝပြောင်းသွားရတယ်"

ဒါဆိုဆာမိနေရာ ဆိုင်ကယ်မှောက်တဲ့ ကလေး နေရမှာလား...။

သူတို့ပြောနေတဲ့ တံတားက လူတောင်းတယ်ဆိုတာ တကယ်လား။

လူစားလဲဖို့လူတောင်းတယ်ဆိုတာကရော ဟုတ်ပါ့မလား။ ကြည့်လေ - တစ်ယောက်သေတော့မလိုဖြစ်တဲ့သူ ပြန်ကောင်းလာတယ်။

ဆာမိသရဲ - သရဲဆာမိ - လူစားပြောင်းတာကရော ဖြစ်နိုင်မလား။ အဲဒီလားပေါင်းများစွာကိုကြိုက်သလိုအဖြေထုတ်နိုင်တယ်၊ ဖြစ်သွားတာကတော့ တကယ့်ကိုဖြစ်သွားတာပါဆိုရင်...





www.burmeseclassic.com

www.burmeseclassic.com







ဂျီဂျီး

သစ်ပင်များဖြင့် အုပ်ဆိုင်းနေသောလမ်းတွင် အမျိုးသမီးတစ်ယောက်သည် ထမင်းချိုင့်နှင့် ပိုက်ဆံအိတ်တို့ထည့်ထားသော ဆွဲခြင်းတောင်းကြီးတစ်ခြင်းကို ဆွဲ၍ လျှောက်လာနေသည်။ ထိုအမျိုးသမီး၏ နာမည်မှာ ဒေါ်ခင်ဆွေဖြစ်သည်။ (၁၅)မိနစ်လောက် လျှောက်ပြီးသောအခါ သူမသည် ခြံကြီးတစ်ခြံရှေ့တွင် ရပ်လိုက်သည်။

ထိုခြံကြီးမှာ သူမ နေထိုင်လျက် ရှိသော ခြံကြီးဖြစ်သော်လည်း ခြံတံခါးကို ချက်ချင်းမဖွင့်သေးပေ။ ခြံထဲသို့ဝင်ရန် ကြောက်နေခြင်းဖြစ်သည်။ သူမ၏ စိတ်ထဲတွင်လည်း "ဒီညရော ဘာတွေဖြစ်ဦးမှာလဲ" ဟု တွေးပြီး စိုးရိမ်နေမိသည်။ သို့သော် နာရီဝက်နီးပါးလောက် ခြံရှေ့တွင် ရပ်နေပြီးနောက် ခြံတံခါးကိုဖွင့်၍ ဝင်လာခဲ့သည်။ ဒီနေ့ညတွင်အစ်မဖြစ်သူနှင့်အတူဆေးရုံ၌အိပ်မည်ဟုတွေးထားသော်လည်းအဝတ်အပ်ထားသော ကောင်မလေးတစ်ယောက်သည် "မနက်ဖြန် အင်္ကျီနှင့် ထဘီကို လာယူမည်" ဟုဖုန်းဆက်ပြောသောကြောင့် မနက်ဖြန်လာယူလျှင် ပေးနိုင်ဖို့ လက်စသတ်ရန် အိမ်သို့ ပြန်လာခဲ့ခြင်းဖြစ်သည်။ သူမ၏ အစ်မဖြစ်သူသည် အသက် (၄၅)

www.burmeseclassic.com

ကျော်မှ ကိုယ်ဝန်ရှိပြီး သွေးတိုး၊ ဆီးချိုနှလုံးစသည့်ရောဂါများလည်းရှိနေသောကြောင့် လွန်ခဲ့သော (၄)လလောက်ကပင် ဆေးရုံတွင်ပဲ နေနေရသည်။ အစ်မ၏ ခင်ပွန်းဖြစ်သူကလည်း ဆေးရုံနှင့် သူ၏ မိဘအိမ်တွင် တစ်လှည့်စီနေလေသည်။

ထို့ကြောင့် ဒီအိမ်ကြီးထဲတွင် သူမတစ်ယောက်တည်း နေနေရသည်မှာ (၄)လကျော်ပြီဖြစ်သည်။ အခု အိမ်ကြီးထဲတွင်ဖြစ်ပျက်နေသောအဖြစ်အပျက်များသည် လွန်ခဲ့သော (၂)လကျော်လောက်ကပင် စတင်ခဲ့ခြင်းဖြစ်သည်။ ထိုအဖြစ်အပျက်များမှာ အိမ်ကြီးထဲတွင် မကောင်းဆိုးဝါးတစ်ကောင်ကသူမအား ခြောက်လန့်နေခြင်းဖြစ်သည်။ အစက အိမ်ထဲတွင် အသံများသာ ကြားရပြီး အကောင်အထည်ကို မမြင်ရခဲ့ချေ။ ထို့ကြောင့် ဘယ်သူ့ကိုမှလည်းမပြောပြဖြစ်ခဲ့ချေ။ အခုတော့ ခြောက်လန့်မှုများသည် တစ်နေ့ထက် တစ်နေ့ ပိုဆိုးလာပြီး သူမ၏ အသက်ကိုပါ တစ်ခါတစ်ရံ အန္တရာယ်ပေးလာသည်။

သူမသည် အိမ်ထဲသို့ရောက်သည်နှင့် နောက်ဖေးဘက်သို့ တန်းသွားကာ ထမင်းချိုင့်ကို ဆေးကြောပြီး ရေမိုးချိုးလိုက်သည်။ ထို့နောက် ထမင်းစားကာ အပ်ချုပ်စက်တွင် အင်္ကျီကို ချုပ်နေသည်။ ညသည် တဖြည်းဖြည်း နက်လာပြီဖြစ်သော်လည်း မနက်ဖြန်ပေးရမည့် အင်္ကျီကို ချုပ်လက်စနှင့် တခြားအင်္ကျီများကိုပါ ဆက်ချုပ်နေသည်။ ထိုအချိန်တွင် သူမ၏ နားခေါင်းထဲသို့ ပုပ်အက်အက် အနံ့ကြီးတစ်ခု တိုးလာသောကြောင့် ကြက်သီးများ တဖြန်းဖြန်းထသွားသည်။ ခုံပေါ်၌ထိုင်ပြီးအလုပ်ကို အာရုံစိုက်၍ လုပ်နေရာမှ ထိုအနံ့ကြီးကြောင့်အလုပ်ကိုဘယ်လိုမှဆက်မလုပ်နိုင်တော့ဘဲ တစ်ကိုယ်လုံး တုန်လှုပ်နေမိသည်။ မီးကလည်း ရုတ်တရက် ပြတ်သွားသောကြောင့် သူမသည်ပိုကြောက်လန့်လာသည်။ ထိုစဉ်...

“ဟီး - ဟီး - ဟီး - နင်တို့ကို အရှင်မထားဘူး။ နင်တို့ကို အရှင်မထားဘူး။ ဟီး - ဟီး - ဟီး -”

ရယ်မောပြီး လေသံကြီးဖြင့် ပြောနေသောစကားများကို သူမ ကြားလိုက်ရသည်။ ထို အသံကြီးသည် သူမ၏ အနောက်ဘက်တွင်ရှိသော လှေကားမှ လာနေခြင်းဖြစ်သည်။ အပ်ချုပ်စက်ပေါ်တွင် တင်ထားသော မှန်မှတစ်ဆင့် အနောက်လှေကားဆီသို့ မဝံ့မရဲကြည့်လိုက်ရာ လှေကားထစ်ပေါ်တွင် ထိုင်နေသော သရဲမကိုမြင်လိုက်ရသည်။ သရဲမသည် မျက်ထောင့်နီကြီးဖြင့် သူမအား မှန်မှတစ်ဆင့် ပြန်စိုက်ကြည့်နေသည်။

ရုတ်တရက် ထိုသရဲမ၏ ဆံပင်များသည် ရှည်ထွက်လာပြီး သူမ၏ ခြေကျင်းဝတ်ကိုချုပ်နှောင်လိုက်သည်။ ထို့နောက် သူမ ထိုင်နေသောခုံသည် သူ့အလိုလိုလည်သွားပြီး သူမသည် သရဲမနှင့် မျက်နှာချင်းဆိုင်လျက်သား ဖြစ်သွားသည်။ သရဲမသည် သူမအား စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ ပါးစပ်ကလည်း တတွတ်တွတ်ပြောနေသည်။ သူမသည် ထိုသရဲမ ပြောနေသမျှကို အာရုံစိုက်ပြီး နားထောင်ကြည့်သော်လည်း ဘာတစ်ခုမှ သူမ နားမလည်။ သူမကိုကြည့်ကာ တတွတ်တွတ်ပြောနေရင်း မျက်နှာမှ အကြောဆိုင်များကလည်းထောင်ထွက်လာသည်။ ထို့နောက် ညှီမည်းနေသော လက်ကြီး ရှည်ထွက်လာပြီး သူမ၏ လည်မျိုကို ညစ်ထားလေသည်။ လက်ကြီးသည် အေးစက်ပုပ်ပွနေပြီး အသားများကွာကျကာ အရိုးတွေပေါ်နေသည်။ သူမ၏ ခြေဖဝါးသည် တဖြည်းဖြည်း ကြမ်းပြင်နှင့် ကွာလာကာ အသက်ရှူရတာ ပိုခက်ခဲလာသည်။ မျက်လုံးတွေကလည်း ပြာလာသည်။ သူမ၏ လက်များဖြင့် သရဲမ၏ လက်ကြီးကို အားကုန်သုံး၍ ပြန်ဖြေသော်လည်း မရ။ နောက်ဆုံးတွင် စိတ်ထဲကပင် ဘုရားစာများကို ရွတ်ဆိုလိုက်ရင်း စိတ်ကို လျှော့ချလိုက်သည်။ ထိုသို့ ဘုရားစာများကို ရွတ်ဆိုလိုက်သောကြောင့် သူမ၏ လည်မျိုကို ညစ်ထားလေသည်။ ထိုသို့ ဘုရားစာများကို ရွတ်ဆိုလိုက်သောကြောင့် သူမ၏လည်မျိုကို ညစ်ထားသော သရဲမ၏ လက်များ မီးကျွမ်းသွားပြီ၊ “အား” ဟု အော်ကာ သူမအား လွှတ်ချလိုက်သည်။

▬

နောက်တစ်နေ့မနက် သူမ အိပ်နေရာမှ နိုးလာသည်။ ညတုန်းက သူမ လဲကျသွားပြီးနောက် အိပ်ရာပေါ်သို့ ဘယ်လို ရောက်လာခဲ့ သလဲ ဆိုတာ စဉ်းစား၍မရတော့။ နာရီကို လှမ်းကြည့်တော့ နံနက် (၉)နာရီ ကျော်နေပြီ ဖြစ်သည်။ သူမ အိပ်ရာမှထလိုက်ပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသစ်၍ ဖြုံထဲသို့ ဆင်းလာလိုက်သည်။ ဖြုံထဲတွင် သစ်ရွက်ခြောက်များဖြင့် ရှုပ်ပွနေသောကြောင့် တံမြက်စည်းယူ၍ သစ်ရွက်ခြောက်များကို လှည်းကျင်းနေသည်။ ထိုစဉ်ခြံအပြင်မှဒေါ်သစ်ဆိုသူက သူမအား လှမ်းခေါ်ပြီး ...

"အစ်မပြောတာတော့ ညီမ စိတ်မဆိုးနဲ့နော်၊ ဟိုနေ့တွေတုန်းက ညီမတို့အိမ်ထဲက မိန်းမတစ်ယောက်ရယ်သံကြီး ခဏခဏကြားတယ်၊ အဲဒီ့ရက်တုန်းက ညီမအိမ်မှာ မရှိဘူးလေ၊ ပြီးတော့ ညတိုင်း အိမ်ဘက်ကို လှမ်းကြည့်ရင် ဆံပင်ဖားလျားကြီးနဲ့ မိန်းမတစ်ယောက် လမ်းလျှောက်နေတာကို တွေ့ရတယ်၊ ညီမတို့အိမ်မှာ တစ်ခုခုများ ဖြစ်နေတာလား"

ဒေါ်သစ်သည် သူမ၏ အိမ်နီးချင်းတစ်ဦးဖြစ်သည့်အပြင် သူမ အစ်မ၏ သူငယ်ချင်းလည်း ဖြစ်သောကြောင့် သူမအိမ်တွင် ဖြစ်ပျက်နေသမျှကို ဒေါ်သစ်အား ပြောပြလိုက်သည်၊ ဒေါ်သစ်သည် သူမ ပြောသမျှကို နားထောင်ပြီး အိမ်ကြီးဘက်သို့ တစ်ချက်ကြည့်လိုက်သည်၊

ဒေါ်သစ်နှင့် တူမဖြစ်သူ မြတ်မွန်နိုင်တို့သည် သူမနှင့်အတူ ညနေ (၄)နာရီထဲကပင် သူမ၏ အိမ်တွင် လာနေပေးသည်၊ လူနှစ်ယောက်ထပ်တိုးလာသောကြောင့် ကြောက်စိတ်များ လျော့နည်းသွားပြီး သူမ လုပ်နေကျအလုပ်များကို

လောကမှာ လူတွေက<br>ကြောက်ပို့အကောင်းဆုံးသတ္တဝါတွေပါ။<br>သူ ကိုယ့်ထက် သာသွားပြီး စီးပွား<br>ဖြစ်ထွန်းရင် တကယ့်စိတ်ရင်းအမှန်နဲ့<br>ဝမ်းသာပီတိဖြစ်မယ့် သူတွေက<br>ရှားတယ်လေ။ ဒေါ်ခင်ဆွေတို့ကို<br>အောက်လမ်းတိုက်ထားတဲ့ သူကလည်း<br>ဒေါ်ခင်ဆွေတို့ကို စီးပွားတွေကျ၊ မိသားစု<br>လည်း ပျက်အောင်လုပ်ထားတာ ...

အေးအေးဆေးဆေး လုပ်နိုင်ခဲ့သည်၊ သူမကို အမြဲပုံမှန်ခြောက်လှန့်နေသော သရဲမကို လည်း ညဦးအထိ အရိပ်အယောင်တောင်မတွေ့ရချေ၊ ထို့ကြောင့် သူမသည် စိတ်ချမ်းချမ်းသာသာဖြင့် အိပ်ရာဝင်နိုင်ခဲ့သည်၊ သို့သော် - မနက် (၁)နာရီတွင် ဇာတ်လမ်းက စပါတော့သည်၊

"ဒုန်း - ဒုန်း - ဒုန်း"

အောက်ထပ်ရှိ အိမ်တံခါးမကြီးကို လာထုနေသောအသံ ဖြစ်သည်၊ သူမတို့ သုံးယောက်လုံးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ...

"ဒီအချိန်ကြီး ဘယ်သူလဲ၊ ခြံတံခါးသော့ခတ်ခဲ့ဘူးလား"

ဟု ဒေါ်သစ်က သူမအား မေးလိုက်သည်၊

"ညီမ သော့ခတ်ထားပါတယ်၊ ဘယ်သူလဲ မသိဘူး"

"နေဦး - ဒါက လူ ရောဟုတ်ရဲ့လား"

"ဝရန်တာကနေ အောက်ကတံခါးအပြင်ကိုမြင်ရတယ်၊ ဝရန်တာကိုထွက်ပြီး အောက်ကို ကြည့်လို့ရတယ် အစ်မ"

ဒေါ်သစ်၊ မြတ်မွန်နိုင်နှင့် သူမတို့သည် ဝရန်တာထွက်သည့်တံခါးကိုဖွင့်၍အောက်သို့ငုံ့ကြည့်လိုက်သည်၊ တံခါးမကြီးသည် တစ်စုံတစ်ယောက်က ထုနေသောကြောင့် လှုပ်နေသော်လည်း ထုနေသော သူကို မတွေ့ရချေ၊ ထို့





www.burmeseclassic.com

www.burmeseclassic.com

နောက် ဒေါ်သစ်က သူမနှင့် မြတ်မွန်နိုင်ကို အိပ်ရာထဲမှာပဲ ပြန်သွားနေရန် ပြောသောကြောင့် သူမတို့သုံးယောက် အိပ်ခန်းထဲသို့ ပြန်လာခဲ့သည်၊ တံခါးကို အဆက်မပြတ် ထုနေသောအသံမှာလည်း ငြိမ်သက်သွားပြီဖြစ်ရာ သူမတို့ ပြန်အိပ်လိုက်ကြသည်၊

"အမလေး - သရဲမကြီး - ငါ့ကို လွှတ် - ငါ့ကိုလွှတ် - မလိုက်ဘူး - သွားစမ်း"

ဒေါ်သစ်၏ တူမ မြတ်မွန်နိုင်၏ ကြောက်လန့်တကြား အော်သံကြောင့် ဒေါ်သစ်ရော သူမပါ ထပ်နိုးလာခဲ့သည်၊ သရဲမသည် မြတ်မွန်နိုင်အား ခုတင်ခြေရင်းမှ ခြင်ထောင်ကြိုးကို လှန်၍လာဆွဲနေသည်၊ ဒေါ်သစ်နှင့် သူမတို့သည် မြတ်မွန်နိုင်အား ပြန်ဆွဲသော်လည်း သရဲမသည် လုံးဝမလွှတ်၊ သူမတို့ထက်ပင် သရဲမက အားပိုသာနေသည်၊ နောက်ဆုံး ဒေါ်သစ်သည် သူ့လည်ပင်းတွင် ဆွဲထားသော စိပ်ပုတီးကိုချွတ်၍ သရဲမကို စွပ်ချလိုက်သည်၊

"အား - ပူတယ် - ပူတယ်"

သရဲမသည်ကျယ်လောင်စွာအော်၍ပျောက်ကွယ်သည်၊ ထိုညက သူမတို့သုံးယောက်လုံး တော်တော်ဖြင့် ပြန်မအိပ်နိုင်တော့၊ ဒေါ်သစ်ကလည်း သူမတတ်သမျှဇာတ်သမျှဂါထာများကိုမနက်မိုးစင်စင်လင်းသည်အထိ ရွတ်ဖတ်နေခဲ့သည်၊

—

နောက်နေ့ညနေတွင် ဒေါ်သစ်သည် သူမ၏အသိဖြစ်သူ အထက်လမ်းဆရာကြီးတစ်ယောက်ကို ပင့်လာခဲ့သည်၊ ထိုဆရာကြီးသည် မြံပတ်လည်ကို အရင်လျှောက်ကြည့်ပြီးနောက် အိမ်ပေါ်ကို ပတ်ကြည့်သည်၊ ထို့နောက် - ဒေါ်သစ်၊ သူမတို့နှင့် မြံထဲကို ပြန်ဆင်းလာပြီး…

"အိမ်း - တော်တော်အန္တရာယ်များတယ်"

ဟု ဆရာကြီးသည် ဒေါ်သစ်နှင့် သူမတို့ကို ပြောလိုက်သည်၊ ထို့နောက် မျက်စိပြန်မှိတ်၍ အာရုံထပ်ခံနေပြီး…

"ဒီအိမ်မှာနေလာတာ ဘယ်လောက်ကြာပြီလဲ ဒေါ်ခင်ဆွေ"

"နှစ်ပေါင်း (၂၀) လောက်ရှိပါပြီ ဆရာ"

"ညည်းတို့က မြံကိုမရှင်းတာ ကြာပြီထင်တယ်"

"ဟုတ်ပါတယ် - ဆရာရယ်၊ ကျွန်မအစ်မကလည်း ဆေးရုံတက်နေရတာ (၄)လလောက်ရှိနေပြီ၊ ကျွန်မကလည်း ကျွန်မအလုပ်နဲ့ ဆေးရုံကို သွားလိုက်လာလိုက်နဲ့ဆိုတော့ဟိုတုန်းကလိုတော့ မြံကို သိပ်မရှင်းဖြစ်တော့ဘူး - ဆရာ"

"သရဲမက တော်တော်ရင့်နေပြီ၊ သူဆက်ရှိနေရင် နောက်ပိုင်းဆို ဒုက္ခပေးလာတော့မှာ"

"ရှင် - ဒါဆို သူ ကျွန်မတို့ကို ဒုက္ခမပေးအောင် ဘယ်လိုလုပ်ရမလဲ"

သူမ၏ အမေးကို ချက်ချင်းမဖြေသေးဘဲ အတန်ကြာမှ…

"ဒေါ်သစ်နဲ့ဒေါ်ခင်ဆွေ - ဒီနေရာကို လာခဲ့ပါ"

ဆရာကြီးသည် သူမတို့ရပ်နေသောနေရာ၏အရှေ့တွင်ရှိသော စဉ့်အိုးလေးဆီသို့သွားကာ သူတို့နှစ်ယောက်ကိုပါ လာခဲ့ရန် ခေါ်လိုက်သည်၊ ထိုစဉ့်အိုးလေး၏ဘေးတွင် ချုံနွယ်များဖြင့် ရှုပ်ယှက်ခတ်နေသည်၊ ဆရာကြီးသည် ထိုစဉ့်အိုးလေးကို လက်ညှိုးထိုးပြ၍…

"အဲ့ဒီစဉ့်အိုးလေးအောက်မှာပိတ်စအနီနဲ့ ပတ်ထားတဲ့ ဆံပင်တွေရှိတယ်၊ စဉ့်အိုးလေးကို မ,ပြီး ဘေးကိုရွှေ့လိုက်"

ဟု၍ပြောလေသည်၊ ဒေါ်သစ်သည် ဆရာကြီး၏ ပြောစကားကြောင့် စဉ့်အိုးလေးကိုဘေးသို့ ရွှေ့လိုက်သည်၊ စဉ့်အိုးလေးကို ရွှေ့လိုက်သည်နှင့် ဆရာကြီးပြောသောပိတ်စအနီရောင်ကို တွေ့လိုက်ရသည်၊ ဒေါ်သစ်သည် ထိုပိတ်စအနီကိုလက်ဖြင့်ကောက်ယူမည်အလုပ်တွင် ဆရာကြီးက…

"မထိနဲ့ - မထိနဲ့ - ဒါ အောက်လမ်းလုပ်ထားတာ၊ အောက်လမ်းလုပ်ထားတဲ့ ပစ္စည်းတွေကိုတွေ့ရင် လက်နဲ့ ဘယ်တော့မှ တိုက်ရိုက်မကိုင်ရဘူး"

"ရှင် - အောက်လမ်း ဟုတ်လား၊ ဒီအောက်လမ်းက ကျွန်မတို့အိမ်မှာ ဘာလို့ လာလုပ်ထားတာလဲ"

ဟု သူမသည် ဆရာကြီးအားထိတ်လန့်တကြားမေးလိုက်သည်၊ ဆရာကြီးက သက်ပြင်းတစ်ချက်ချ၍…

"လောကမှာ လူတွေက ကြောက်ဖို့အကောင်းဆုံးသတ္တဝါတွေပါ၊ သူကိုယ့်ထက် သာသွားပြီး စီးပွားဖြစ်ထွန်းရင် တကယ့်စိတ်ရင်းအမှန်နဲ့ ဝမ်းသာပီတိဖြစ်မယ့် သူတွေက ရှားတယ်လေ၊ ဒေါ်ခင်ဆွေတို့ကို အောက်လမ်းတိုက်ထားတဲ့ သူကလည်း ဒေါ်ခင်ဆွေတို့ကို





www.burmeseclassic.com

www.burmeseclassic.com

စီးပွားတွေကျ၊ မိသားစုလည်း ပျက်အောင်လုပ်ထားတာ"

"ဒါဆို - ကျွန်မအခု ဘာလုပ်ရမလဲ ဆရာရယ်"

"အရင်ဆုံး မီးညှပ်လေးယူလာပေးပါလား - ဒေါ်သစ်"

ဒေါ်သစ်သည် မီးညှပ်ကို ချက်ချင်းသွားယူ၍ ဆရာကြီးအား ပေးလိုက်သည်။ ဆရာကြီးသည် မီးညှပ်ဖြင့် ပိတ်စအနီပေါ်တွင် ပြန်ပတ်ထားသည့် ပိတ်စအနီကို ဖယ်လိုက်လေရာ ဆံပင်များကို တွေ့ရလေသည်။

"ဒါက သေထားတဲ့လူရဲ့ဆံပင်တွေပဲ။ ပြောရမယ်ဆိုရင် ဟောဒီက ဒေါ်ခင်ဆွေကို အနှောင့်အယှက်လိုက်ပေးနေတဲ့ သရဲမရဲ့ဆံပင်တွေပေါ့"

"ဒီဆံပင်တွေကို ဘယ်လိုလုပ်ရမလဲ - ဆရာ"

သူမသည် အသံများတုန်ရီလျက် ဆရာကြီးအား မေးလိုက်သည်။

"ဒီဆံပင်တွေကိုတော့ ဆရာကြီး ယူသွားပြီးမြစ်ထဲမှာ သွားလွှင့်ပစ်လိုက်မယ်။ ကြွပ်ကြွပ်အိတ်တစ်လုံးလောက် ယူလာပေးပါလား"

ဟု ဆရာကြီးက ပြောသောကြောင့် သူမသည် အိတ်တစ်လုံးကို အိမ်ပေါ်သို့ တက်ယူလိုက်ကာ ဆရာကြီးအား ပေးလိုက်သည်။ ဆရာကြီးသည် ထိုကြွပ်ကြွပ်အိတ်ထဲသို့ ပိတ်စအနီနှင့် ဆံပင်များကို မီးညှပ်ဖြင့် သေချာထည့်လိုက်သည်။ ထို့နောက် ဆရာကြီးသည် သူမအား မှာစရာရှိသည်များ ပြည့်စုံစွာမှာပြီး ပြန်သွားလေတော့သည်။

ထိုညတွင် သူမ၏ အိပ်မက်ထဲသို့ သရဲမ ရောက်လာပြီး ...

"တောက် - သင်းတို့ အရင်ဦးသွားလို့ပေါ့ကွာ - ဟင်း - ဟင်း -"

ဟု မကျေနပ်သောမျက်နှာဖြင့် သူမအား ပြောဆိုကာ တဖြည်းဖြည်းပျောက်ကွယ်သွားလေတော့သည်။






# စေယံသိန်း

နေ့အခါဝင် လအထွက် စိမ့်ရှာတွေမြူးတဲ့ဆောင်

www.burmeseclassic.com

www.burmeseclassic.com

# နေ့အဝင် လအထွက် ဝိညာဉ်တွေမြိုင်းတဲ့ အရပ်

ဝေယံသိန်း

မန်အောင်ကျွန်းနှင့်(၁၅)မိုင်အကွာတွင်တောင်နီတစ်လုံးရှိလေ၏။ ထိုတောင်နီသည်၁၉၂၀ဝန်းကျင်လောက်ကမှ ခေါင်းတုံးမျှသာဖြစ်ပြီးမည်သည့်သစ်ပင်၊ ဝါးပင်မျှမပေါက်သော်လည်း ယခုအခါ စိမ်းစိုစို ညိုမှိုင်းနေသော တောင်တစ်လုံးဖြစ်နေလေပြီဖြစ်၏။ ထိုတောင်နီကိုဒေသခံတိုင်းရင်းသားရခိုင်တို့က နတ်တောင်ဟု ခေါ်ကြလေသည်၊ ထိုသို့ ခေါ်ရခြင်းမှာ ထိုတောင်နီ (ခေါ်) နတ်တောင်သည် လပြည့်နေ့ညအခါများ၌ အလင်းရောင်များ တဖိတ်ဖိတ် တောက်လျှက်ရှိပြီး တောင်တစ်ခုလုံးလွှမ်းခြုံ မွှေးပျံ့သော ရနံ့မျိုးလည်းရှိသည်ဟု ဆိုကြသောကြောင့် ဖြစ်လေ၏။ တောင်နီဟု မူလအမည်အရ တောင်၏ မြေဆီမြေသားတို့မှာလည်း နံ့သာနီကဲ့သို့အဆင်းရောင်ရှိလေသည်။ တောင်ပေါ်တွင် ရွှေစေတီတစ်ဆူရှိသည်၊ ယခင်ကတော့ထုံးဖြူစေတီလေးသာဖြစ်ပြီး တောင်ခြေတွင် တဲတစ်လုံးလည်း ရှိ၏။ တဲတွင် နေသူထိုင်သူသည် အသက် (၄၀) ကျော်ခန့် ဘုန်းတော်ကြီးတစ်ပါးသာဖြစ်ပြီး ထိုဘုန်းတော်ကြီးသည် လပြည့်လကွယ်နေ့မျိုးများ၌သာ တောင်ပေါ်တက်ပြီး စေတီလေး၌ဝေယျာဝစ္စ ပြုလေ၏။

ထိုဘုန်းကြီး၏ အမည်မှာ ဦးဝရဉာဏဖြစ်ပြီး ၎င်းဆရာတော်သည် တစ်ပါးတည်းသာ သီတင်းသုံးနေသော်လည်း အင်းအိုင်လက်ဖွဲ့၊ ဆေးဓာတ်အတတ်တို့ ကျွမ်းကျင်ပြီး သမထဘာဝနာ ပွားများနေသူလည်း ဖြစ်၏။ ဆရာတော်သည် အနီးအနားရှိ ရွာသူရွာသားများအား တောင်နီပေါ်သို့ တက်၍ ဘုရားဝတ်ပြုစေလိုသည်၊ သို့သော် ရွာသူရွာသားများသည် ထိုတောင်နီကို နိကသည်ဟူသော အယူအဆဖြင့် မတက်ရဲကြပေ။ ထိုသို့ဖြစ်ရခြင်း အကြောင်းကလည်း ရှိလေသည်။

၂၀၁၀ - ခုနှစ်လောက်က လူမျိုးခြားတစ်သိုက်သည် လှေငယ်တစ်စင်းဖြင့် ထိုကျွန်းသို့ ကမ်းကပ်လာပြီး ရွာထဲသို့ ဝင်မည်ပြုရာ ရွာသူကြီးက လက်မခံချေ။

"ကျုပ်တို့ရွာက မြန်မာတွေချည်းပဲ၊ ရခိုင်လူမျိုး မြန်မာနိုင်ငံသားတွေ။ မင်းတို့ နေချင်ရင် တောထဲမှာ သွားနေ"

"ဟုတ်တယ် - ဟုတ်တယ် - ကျုပ်တို့လည်း လက်မခံနိုင်ဘူး၊ ကြာရင် ရခိုင်တစ်ပြည်လုံး မျိုးခြားပြည်ဖြစ်တော့မယ်၊ ရွာထဲဝင်ရင် ဓားနဲ့ခုတ်သတ်ပစ်မယ်"

ထိုသို့ ရွာသားများနှင့် ရွာသူကြီး၏ စည်းလုံးညီညွတ်မှုကြောင့် အဆိုပါ လူမျိုးခြားတစ်သိုက်သည် ရွာထဲမဝင်ရသဖြင့် ဝရုန်းသုန်းကားဖြစ်ကာ တောင်နီပေါ် တက်သွားကြကုန်၏၊ ထိုမှာပင် ဆရာတော်သည် သစ်ကနက်တောင်ဝှေးကိုယူ၍ တောင်ပေါ်သို့ လိုက်သွားသည်။ ထိုအခါစေတီတော်အားခြေဆင်း၍နေချင်သလိုနေ၊ မစင်စွန့်ချင်သလိုစွန့် ရှိုင်းစိုင်းနေကြသည်ကို တွေ့ရလေ၏။

"ဟင် - ခွေးတွေ - တောင်ပေါ်ရောက်လာပါလား၊ ဆင်းကြစမ်း - ဘုရားကိုလည်းခြေဆင်းလို့တော်တော်ရိုင်းပါလား"

လူမျိုးခြားတစ်သိုက်သည် ဆရာတော်အား ခဲများ၊ သဲများဖြင့် ပစ်ခတ်ကြရာ ဆရာတော်လည်းပြန်ဆင်းလာရလေ၏။ သို့သော် ဆရာတော်သည် ရွာသူကြီးထံသို့သွား၍ အကျိုးအကြောင်းပြောပြရာ ရွာသူကြီးသည် ရွာသားများ (၃၀၀) ခန့် မြဲရံပြီး တုတ်ဓားများဖြင့် တောင်ပေါ်တက်ကာ အဆိုပါ လူမျိုးခြားတစ်စုလုံးကို ဆွဲချလေသည်၊ ပြီးသော် သမွန်တင်

www.burmeseclassic.com

စီးပေါ်တင်၍ ပင်လယ်ထဲ ပြန်လွှတ်လိုက်တော့၏။

ဤမှာပင် လူမျိုးခြား (၂၀)ခန့် ပါသော သမ္ဗန်သည် ပင်လယ်အဝသို့ မရောက်မီမှာပင် ကြည့်နေရင်းဖြင့် လေပြည်လည်းမတိုက်၊ မိုးလည်း မရွာပါဘဲ ရေလယ်တွင် သမ္ဗာန်တစ်စီးလုံး နစ်မြုပ်သွားလေတော့သည်။ ထိုအဖြစ်ကို လှမ်းမြင်လိုက်ရသော ရွာသားများသည် လွန်စွာမှ အံ့အားသင့်ပြီး နတ်တောင်၌ နတ်ဘီလူးအစောင့်အရှောက်များရှိလိမ့်မည် ဟုယူဆပြီးထိုတောင်ပေါ်သို့အကြောင်းမဲ့ မတက်ရဲကြတော့ပေ။ နောက်ပိုင်းကာလများတွင် နတ်တောင်ပေါ်၌ နတ်ဘီလူးအစောင့်အရှောက်များ စိတ်ဆိုးနေသည့်အတွက် လူတို့တက်လျှင်ဘေးဆိုးကပ်ဆိုးတစ်ခုခုကျ၍ သေရမြဲ ဖြစ်သည်ဟူသော အယူအဆတစ်ခု ထင်ရှားနေတော့၏။

▬

၂၀၁၄ - ခုနှစ်၏တစ်ခုသောညချမ်းပိုင်းတွင် ချစ်သူသမီးရည်းစားတစ်တွဲသည် တောင်နီကြီးအနီးရှိ ကမ်းစပ်တစ်နေရာတွင် ကျောက်စွတစ်ရပ်ကို အကြီးအကျယ်ဆွေးနွေးလျက် ရှိလေ၏။ မိန်းကလေးနာမည်မှာ "ချိုရီမွန်" ဟူ၍ဖြစ်ပြီး လူငယ်ကောင်လေးအမည်မှာ "ကျော်တာရာ" ဟူ၍ ဖြစ်သည်။ ချိုရီမွန်သည် ကျော်တာရာ၏မျက်နှာကို စေ့စေ့ကြည့်လျက် အသက်ကို ခပ်ပြင်းပြင်းရှူကာ စကားကို တစ်လုံးချင်း ပြောနေလေသည်။

"ဒီကိုယ်ဝန်က နင်နဲ့မရလို့ ဘယ်သူနဲ့ ရရမှာလဲ တာရာရဲ့"

"ငါ ပြောပြီးပြီလေ၊ ငါနဲ့ မရဘူးဆိုတာ ငါအသေအချာသိတယ်။ ငါမယူချင်လို့ ပြောနေတာ မဟုတ်ဘူး။ ငါ နင့်ကို တောင်းရမ်းလက်ထပ်ယူဖို့ကိုပဲ ရန်ကုန်ကနေ ဒီအထိ လိုက်လာခဲ့တာပေါ့။ ဒါပေမဲ့ ကိုယ်ဝန်ကိစ္စက လုပ်ဇာတ်ကြီး"

"ဘာ - ဘာပြောတယ်"

ကျော်တာရာ၏စကားကြောင့် ချိုရီမွန် ဒေါသထွက်သွား၏။ ကျော်တာရာက ဆက်ပြောပြန်၏။

"ဒီမှာ ချိုရီမွန်၊ နင့်ကို ငါ တကယ်ချစ်ခဲ့လို့ ရန်ကုန်မှာကတည်းက လက်ထပ်ဖို့စီစဉ်ခဲ့တယ်။ နင်က မိသားဖသား ပီပီ လိုက်တောင်းပါဆိုလို့ ငါ နင့်ဇာတိ ရခိုင်အထိ လိုက်လာခဲ့တာ။ ဒါပေမဲ့ - အခုကျမှ ကိုယ်ဝန်ရှိလာတယ်တဲ့။ ကိုယ်ဝန်က ဘယ်နှလလဲ နင် သိလား"

ကျော်တာရာ့အမေးကို ချိုရီမွန်က မသိသလို တစ်ဖက်သို့ လှည့်နေ၏။ ထိုစဉ်မှာပင် မျက်နှာအဝတ်တစ်ဝက်စည်းထားသော လူငါးယောက်သည် ကျောက်ဆောင်တစ်နေရာမှ ဘွားခနဲ ထွက်လာ လေ၏။ ထိုသူတို့အနက် တစ်ဦးက မျက် နှာဖုံးအဝတ်ကို လှပ်၍ ...

"ဒီမှာ - ဟောကောင်၊ ငါတို့ ညီမကို မင်း ယူမလား၊ မယူဘူးလား။ ဒါပဲပြော။ ကိုယ်ဝန်က ဘယ်နှလဖြစ်ဖြစ် မင်း တာဝန်ယူရမယ်ကွ"

ဟု ပြောရာမှာ ကျော်တာရာက ...

"ဘာလို့ ယူရမှာလဲ၊ မင်းတို့ ညီမနဲ့ ငါကြိုက်တာ (၃)လပဲရှိသေးတယ်။ အခုကိုယ်ဝန်က (၆)လကျော်ပြီတဲ့လေ၊ အဲဒါငါနဲ့လုံးဝမဖြစ်နိုင်လို့ပဲ။ မင်းညီမက အခြားတစ်ယောက်နဲ့ဖြစ်ပြီးမှ ငါ့ဆီပိုက်ဘောအပ်သလို လာထိုးအပ်တာကို ငါက လက်ခံစရာလား"

ဟူ၍ ပြန်ချေပလိုက်သည်၊ ထိုစကားဆုံးသည်နှင့်တစ်ပြိုင်နက် ချိုရီမွန်၏ အစ်ကိုနှင့် အပေါင်းအပါများသည် ကျော်တာရာ့အား ဝိုင်း၍ တိုက်ခိုက်ကြတော့သည်။ ချိုရီမွန်သည် အဝေးသို့ ရှောင်ထွက်သွား၏၊ ကျော်တာရာသည် အများနှင့် တစ်ယောက်မို့ အလူးအလဲခံနေရရှာသည်။ အချိန်အတော်ကြာကြာ အပြန်အလှန် လုံးထွေးသတ်ပုတ်ပြီး နောက် မောဟိုက်လာလေရာ ၎င်းတို့၏ တိုက်ခိုက်မှုကို ခုခံနိုင်စွမ်း မရှိတော့ချေ။

ရုတ်တရက် မိမိ လဲကျသွားပြီး ခြေသလုံးရိုးအား ကျောက်တုံးဖြင့် ထုခြင်းကို ခံရလေ၏။

"အား - ကယ်ကြပါဦး"

အော်၍မဆုံးမီမှာပင် နောက်တစ်ယောက်က သူ့ခေါင်းကိုဓါးရင်းတုတ်ဖြင့် ခပ်ပြင်းပြင်းရိုက်လိုက်ရာ မိုက်ခနဲဖြစ်ပြီး သတိလစ်သွားတော့၏။ ချိုရီမွန်ကား ရက်စက်ပါပေ့။

▬

မှောင်နေ၏။ မှောင်နေသည်မှာ လုံးဝပိန်းပိတ်အောင် မှောင်နေခြင်းမျိုးဖြစ်သည်၊ ကျော်တာရာသည် ထိုအမှောင်ထဲ၌ မိမိ မည်သို့ဖြစ်နေသည်ကို ပြန်လည်ဆန်းစစ်နေမိ၏။ ထိုအချိန်





www.burmeseclassic.com

www.burmeseclassic.com

မင်းဟာ သူတော်ကောင်းမဟုတ်မှန်း
အဘတို့အားလုံး သိကြပါတယ်။ မင်းကို
အခုလို ခေါ်ရတာက မင်းရဲ့ လိပ်ပြာ
လှပလို့ရယ်။ ပဋ္ဌာန်းဆက်ရှိလို့ရယ်ပဲ။
ဝိဇ္ဇာဆိုတာ အညှို့ရှိရင် မလာဘူး။ မကြွဘူး။
မင်းမှာ သာမန်လူထက် ထူးခြားတဲ့
ဂုဏ်သတ္တိရှိလို့ပဲ မှတ်ပါ။ အဘတို့
ခေါ်ရတဲ့အကြောင်းရင်းက ဟောဒီနယ်မြေမှာ
မကြာခင် ကြီးမားတဲ့မှန်တိုင်းတစ်ခု
ဖြစ်ပေါ်လာတော့မှာ ဖြစ်လို့ပဲ ...

မှာပင် အမှောင်ထဲမှ ကျောပေးထိုင်နေသော အဘိုးကြီးတစ်ဦး တဖြည်းဖြည်းပေါ်လာသည်။

"ကျုပ် - ကျုပ် ဘယ်ရောက်နေတာလဲ"

"သား - မင်းဘယ်မှမရောက်ပါဘူး။ မင်း ပြုခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် အဘတို့စောင့်ရှောက်ထားပါတယ်၊ မင်း အခုအခါမှာ ဘယ်မှသွားဖို့ မစဉ်းစားနဲ့၊ အဘတို့ နားမှာပဲနေ၊ ဒီနေရာကနေ မင်း ထွက်သွားတာနဲ့ မင်းကို အသက်အန္တရာယ်ပေးမယ့်သူတွေ ရှည်းပဲ"

"ဟုတ် - ဟုတ်ကဲ့ပါ - ခင်ဗျ"

ထိုသို့ပြောပြီးသည်နှင့် မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။ ကျော်တာရာသည် အိပ်ရာမှနိုးသကဲ့သို့ ဖြစ်ကာ ခေါက်ခုံနဲ့ ထထိုင်လိုက်သည်၊

"ဖြည်းဖြည်း - ဒကာလေး၊ မင်း ဒဏ်ရာတွေက သိပ်မသက်သာသေးဘူး၊ အရမ်းမထနဲ့"

သူ၏ဘေးတွင် သက်တော် (၄၀) ကျော်ခန့် ဘုန်းကြီးတစ်ပါးကို တွေ့ရ၏၊

"တပည့်တော် ဘယ်ရောက်နေတာလဲ - ဘုရား"

"ဒကာလေး ရောက်နေတာ ဦးဇင်းရဲ့ တဲကျောင်းထဲကိုပါ၊ ဒကာလေးကို မနေ့ညက ကမ်းစပ်မှာမေ့လဲနေတာ တွေ့လို့ ခေါ်လာတာပဲ၊ ဒဏ်ရာတွေကို တော့ ဦးဇင်း ကုပေးထားတယ်၊ ဦးဇင်း နာမည်က အရှင်ဝရဉာဏလို့ ခေါ်တာ



ပါ။ ဒါနဲ့ ဒကာလေးက ဘယ်လိုဖြစ်ရတာလဲ"

ဆရာတော်၏အမေးကြောင့်ကျော်တာရာလည်း မိမိအဖြစ်ကို ပြန်စဉ်းစားပြီးမှ မှတ်မိသလောက် ပြန်ပြောပြလိုက်လေ၏။ ထိုအခါ ဆရာတော်က ...

"အင်း - ဒါဆို ဒကာလေး ဒီမှာပဲ ဆက်နေဦး၊ ရွာထဲဝင်ရင် ဒကာလေးကို ဝိုင်းသတ်ကြမှာပဲ၊ ရဲတိုင်ရင်လည်း ဒကာလေးပဲ ရှုံးမှာ၊ ဘယ်လိုလည်းဆိုတော့ ဟိုအမျိုးသမီးလေးကိုယ်ဝန်ကိစ္စက ခပ်ရှုပ်ရှုပ် မဟုတ်လား၊ ဒီတော့ ဒီမှာ ဦးဇင်းနဲ့ပဲနေပြီး ဘုရား၊ တရားလုပ်ပေါ့၊ ခြေထောက်က ဒဏ်ရာကလည်း သေးမှ မသေးဘဲ"

ဟု ပြောသဖြင့် မိမိခြေထောက်ကို မိမိ ပြန်ကြည့်သော် ဒဏ်ရာကြီးမားကြောင်း တွေ့ရ၏၊ လက်တလောတွင် တောင်ဝှေးဖြင့် ထောက်၍လျှောက်ရမည်ဖြစ်သည်၊ ဗိုက်ဆာသလိုလို ရှိလာသဖြင့် ...

"အရှင်ဘုရား - ဘယ်အချိန်ရှိပြီလဲ ဘုရား၊ တပည့်တော် ဆာလို့ပါ"

ဟု ပြောရာ ဦးဇင်းက သူ၏ သပိတ်ထဲမှ ယွန်းဘူးလေးတစ်ဘူးကို ထုတ်ပြီး အဝါရောင်သန်းနေသည့် အမှုန့်အချို့ကို လက်ဖဝါးထဲ ထည့်ပေးလိုက်၏၊

"ရော့ - ဒါကို လျက်လိုက်၊ ဗိုက်ဆာ





www.burmeseclassic.com

www.burmeseclassic.com

တာပျောက်သွားမယ်။ ဒီမှာ စားစရာ မရှိဘူး။ အလှူခံစရာလည်း လှမ်းမှ မနီးဘူး"

စကားဆုံးသည်နှင့် ထိုအမှုန့်များကို လျက်လိုက်သည်တွင် ခေတ္တအကြာ၌ ဗိုက်ဆာနေသည်မှာ ပျောက်ပြီး အားသစ်များ တိုးလာသကဲ့သို့ ခံစားရလေ၏။

"အရှင်ဘုရား - ဒါ - ဒါက ဘာဆေးလဲ - ဘုရား"

"ဆေး မဟုတ်ဘူးကွဲ့၊ ရွှေပြာလို့ ခေါ်တယ်"

"ဗျာ - ရွှေပြာ - ဟုတ်လား"

သူ အံ့အားသင့်သွားသည်၊ ရွှေပြာအကြောင်း သူ လေ့လာဖတ်ရှုဖူးသည်၊ ရွှေပြာဆိုသည်မှာ ရွှေသားစစ်စစ်ကို အဂ္ဂိရတ်ပညာဖြင့် ပြာချထားခြင်းဖြစ်ပြီး ရုပ်ပျိုကိုယ်န အသက်ရှည်စေ၏၊ ရရှိဖို့ရန် ခက်ခဲသလို လုပ်ယူဖို့ကလည်း မရပါချေ၊ ဆရာတော်က ကျော်တာရာအား ...

"ဒကာလေး - စောစောက အဘနဲ့ တွေ့တယ် မဟုတ်လား၊ အဘတို့က ဘယ်မှ မသွားဖို့ပြောထားတာ မှတ်မိရဲ့လား"

ဟု မေးရာ အကြီးအကျယ် အံ့အားသင့်သွားတော့သည်။

"ဗျာ - ကျွန်တော့် အိပ်မက်ထဲက အရာတွေကို အရှင်ဘုရားက သိနေတယ် ဟုတ်လား"

ဆရာတော်က ပြုံး၍ကြည့်နေပြီး တဲအပြင်သို့ ထွက်လိုက်၏။ ကျော်တာရာလည်း ထော့နင်း ထော့နင်းဖြင့် တဲအပြင်သို့ လိုက်ထွက်လိုက်သည်၊ ဆရာတော်က ဆက်လက်၍ ...

"တကယ်တော့ ဒကာလေးက ဒီကို အကြောင်းရှိလို့ ရောက်လာခဲ့တာပဲ၊ ပဋ္ဌာန်းဆက်ပါတာရယ်၊ ဒကာလေးရဲ့ ကျင့်ကြံအားထုတ်ခဲ့တဲ့ သမထကျင့်စဉ်တွေကြောင့်ရယ်ပါ။ ချိုရီမှုန်နဲ့ မညားတာလည်း ဒီကိုရောက်ဖို့ အကြောင်းဖန်လာလို့ပဲ။ သူနဲ့ ဒကာလေးဟာ အစကတည်းက မတန်လို့ပေါ့ကွယ်"

ဟု ပြောရာ ကျော်တာရာသည် မိမိ ရန်ကုန်တွင် နေစဉ်က ဆရာကောင်း သမားကောင်းများနှင့် တွေ့ပြီး ကျင့်ကြံခဲ့သော သမထလုပ်ငန်းများ ဝိပဿနာကျင့်စဉ်များကို ပြန်သတိရသွား၏။

"အရှင်ဘုရားကို ကြည့်ရတာ ရဟန်းတစ်ပါးနဲ့ မတူသလိုပဲ ဘုရား၊ အရှင်ဘုရားက တပည့်တော်ကို တစ်ခုခု ညွှန်ကြားပေးချင်နေသလားလို့ ထင်မိတယ်၊ ဘာလို့လည်းဆိုတော့ ကုသိုလ်ဘာဝနာလုပ်တဲ့လူတွေက အများကြီးလေ - ဘုရား၊ တပည့်တော်ကိုမှ ရွေးပြီး ဒီကို ရောက်အောင် အကြောင်းဖန်ရတယ်ဆိုတော့ ကိစ္စတစ်ခုခုများ ရှိသလားလို့"

ကျော်တာရာ့စကားကို ဆရာတော်က ပြုံးလျက် ခပ်လှမ်းလှမ်းမှ တောင်နှီဆီသို့ လက်ညှိုးညွှန်လိုက်၏။

"ဒီတောင်ကို သိလား ဒကာလေး"

"သိပါတယ် - ဘုရား၊ နတ်တောင်လို့ လူသိများပါတယ်၊ အပေါ်တက်ရင် နတ်ဘီလူးအစောင့်တွေ မကြိုက်လို့ နှိုက်တတ်တယ်လို့လည်း ကြားဖူးပါတယ်"

"အင်း - အဲဒါများတယ် ဒကာလေး၊ တကယ်တော့ ဒီတောင်ဟာ သူတော်ကောင်း သူမြတ်လောင်းတွေ စုဝေးရာတောင်တော်မြတ်ပဲကွဲ့၊ သာမန်လူတွေ လာလာပြီး မဟုတ်မဟတ် လုပ်ကျူးလွန်းလို့ ပုဂ္ဂိုလ်တွေက နည်းနည်းပါးပါး ဒဏ်ခတ်တာ၊ ဒါကို နှိုက်တယ် ထင်တာ"

"ဘယ်လို မဟုတ်မဟတ်တွေ လုပ်တာလဲ - ဘုရား"

"တောင်ပေါ်လာပြီး အရက်သောက်တယ်ကွာ၊ ကျင်ကြီးစွန့်တယ်၊ ညစ်ညမ်းတဲ့ အပြုအမူတွေ လုပ်ကြတယ်၊ ဒါကို ဝိဇ္ဇာဓိုရ်တွေ၊ အထက်ဆရာတော်ကြီးတွေက မကြိုက်ကြဘူး၊ ဒါပါပဲ"

ကျော်တာရာသည် ဆရာတော့်စကားများကို စိတ်ဝင်စားလာပြီး နတ်တောင်ပေါ်သို့ ငေးကြည့်နေမိ၏။

"ဒါဆို ဒီတောင်ပေါ်မှာ ဝိဇ္ဇာတွေ နေတာပေါ့ - ဟုတ်လား"

"မနေဘူး - လပြည့်နေ့မှ လာကြတာ"

"ဟင် - လပြည့်နေ့မှ ဘာလာလုပ်ကြတာလဲ၊ အစည်းအဝေးလား"

"ဟုတ်တယ် - နတ်ပြည်မှာ နတ်သဘင်အစည်းအဝေးပွဲရှိသလို ဝိဇ္ဇာဓိုရ်တွေမှာလည်း အစည်းအဝေးပွဲရှိတယ်၊ ဒါပေမဲ့ - မကြာခင်မှာ ဒီနေရာက ရွှေ့ပြောင်းကြတော့မှာ၊ ဘာလို့လည်းဆိုတော့ မှန်တိုင်းရှိလို့"

"ဗျာ - မုန်တိုင်းရှိလို့ ရွှေ့ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

တော့မယ်ပဲ ဟုတ်လား။ ဝိဉာဉ်တွေက တန်ခိုးနဲ့ မတားနိုင်ကြဘူးလား"

"တားနိုင်တယ်။ ဒါပေမဲ့ - ဒီနေရာ အရပ်က လူ့သူ့အရောက်အပေါက်လွယ်လို့။ ဒါကြောင့် ပြောင်းကြမှာ၊ ကဲ - ရေချိုး လိုက်ပါဦး၊ ဒီနေ့ လပြည့်နေ့ ဆိုတော့ ပုဂ္ဂိုလ်တွေ လာကြမှာပဲ၊ နောက်မှ ဆက် ရှင်းပြမယ်၊ ပြီးတော့ - ဒကာလေး လုပ် ဆောင်ရမယ့် ကိစ္စတွေလည်း ရှိတယ်"

သို့နှင့်ပင် စကားဖြတ်ပြီး ကျော်တာ ရာမှာ ရေချိုးရလေ၏၊ တဲကျောင်းဘေး ရှိ စဉ့်အိုးထဲတွင် ရေအပြည့်ဖြည့်ထား သဖြင့် မိမိ၏ ညစ်ပတ်နေသည်များကို တိုက်ချွတ်သန့်စင်ရသည်၊ ဤဆရာ တော်သည် သာမန်ရဟန်းမှ ဟုတ်ပါလေ စဟု တွေးနေမိပြီး မိမိကို အဘယ်ကြောင့် ခေါ်ရသနည်းဟုလည်း စဉ်းစားမိ၏။

ရေချိုးပြီးသောအခါ ပိတ်ဖြူအင်္ကျီ နှင့် ပုဆိုးတစ်စုံ ထုတ်ပေး၍ ဝတ်လိုက် သည်။

ပြီးသော် ညနေစောင်းလာသဖြင့် ဆရာတော်သည် သင်္ကန်းကို ကျကျနန ရုံပြီး ကျော်တာရာကို ခေါ်၍ တောင်ပေါ် သို့ တက်ကြလေတော့၏။ တောင်သည် အမြင့်ပေအားဖြင့် (၂၀၀) ခန့်ရှိမည်ထင် ရ၏၊ ၎င်းတို့တက်သောအချိန်သည် ညနေ (၆) နာရီ ထိုးလုလုဖြစ်ပြီး တစ် တောင်လုံး လွန်စွာမှု မွှေးပျံ့နေလေ၏၊ တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးသော သစ် ပင် ပန်းမန်များပေါက်နေပြီး လွန်စွာမှ လည်းလှပလေ၏၊ တောင်ပေါ်သို့ရောက် သော် ရှိသမျှကျောက်တုံး ကျောက်ခဲ အရာဝတ္ထုတို့သည် ငွေရောင် တဖျပ်ဖျပ် တောက်လျက် တစ်တောင်လုံး လင်း ထိန်လာလေသည်၊ ကျော်တာရာမှာ လွန်စွာ အံ့အားသင့်ပြီး ...

"အဲဒါ - ဘယ်လိုဖြစ်တာလဲ ဘုရား၊ ဘာကြောင့် အရာဝတ္ထုတွေ အရောင် တောက်ရတာလဲ"

ဟုမေးလိုက်သည်တွင် ဆရာတော် က ပြန်ရှင်းပြ၏။

"ကောင်းကင်ကို ကြည့်လိုက်၊ နေ ဝင်ချိန်မှာ လပြည့်ဝန်းကြီးထွက်လာတာ ကို တွေ့ရဲ့လား၊ အဲဒီစွမ်းအင်ကြောင့် နိမိတ်ကောင်းကြောင့်ပဲ"

ဟုတ်သည်၊ ကောင်းကင်မှ နေလုံး နီနီသည် ဝင်ခါဆဲ အရောင်တောက်နေ ပြီး လပြည့်ဝန်းကလည်း ပြူထွက်လာ နိုက် ပင်လယ်ရေသည် ရွှေရောင်သင် ဖြူး၊ ငွေရောင်သင်ဖြူး ခင်းထားသလို ထင်နေရ၏၊ တစ်တောလုံး တစ်တောင် လုံး မွှေးကြိုင်နေသဖြင့် လန်းဆန်းကာ စိတ်ထဲကြည်နူး၍ အေးချမ်းလှတော့၏၊ ငှက်ကလေးများ အိပ်တန်းတက်ချိန်မို့ သာယာစွာ အော်မြည်နေကြ၏၊ ဆရာ တော်က ...

"ဒါမျိုးအချိန်က ရှားတယ်ကွဲ့၊ မြတ်စွာဘုရား ပွင့်တော်မူမယ့် နံနက်ပေါ့ ကွယ်၊ ကဆုန်လပြည့်နေ့ အရုဏ်တက် ချိန်ပေါ့၊ လပြည့်ဝန်းကြီးက ဝင်လုဆဲ၊ နေမင်းကြီးက ထွက်ခါစမှာ ဂင်္ဂါမြစ်ရေ ဟာ ရွှေရောင် ငွေရောင် လွှမ်းထားသလို ပဲတဲ့၊ တစ်လောကလုံး ဘုရားပွင့်တော် မူမှာဖြစ်လို့ ငြိမ်သက်ပြီး ထူးဆန်းတဲ့ အခြေအနေမျိုးပေါ့ကွယ်"

ဟု ရှင်းပြပြီး ကျော်တာရာအား ရွှေစေတီရှိရာသို့ ခေါ်သွားလေသည်၊ ကျော်တာရာသည် ဘုမသိ ဘမသိဖြင့် လိုက်သွားရာ ရွှေစေတီရှိရာသို့ ရောက် တော့၏၊ ရွှေစေတီမှာ စေတီငယ်တစ်ဆူ သာဖြစ်ပြီး ရွှေသင်္ကန်းကပ်ထားသဖြင့် လွန်စွာမှု သပ္ပာယ်လေ၏၊ ဆရာတော် နှင့် ကျော်တာရာသည် ဘုရားရှေ့ထိုင်၍ ဝတ်ပြုကာ မေတ္တာဘာဝနာ စီးဖြန်းလေ သည်၊ ထိုသို့ ဝတ်ပြုပြီးနောက် အဆုံး အမှုဝေရာတွင် ၎င်းတို့အနောက်မှ သာဓု ခေါ်သံများကို ကြားရလေ၏။

"သာဓု - သာဓု - သာဓု - သားတို့ ရောက်လာကြပြီလား"

လှည့်ကြည့်လိုက်သောအခါ အယောက် (၃၀) ခန့် ပုဂ္ဂိုလ်များသည် မိမိတို့အား ပြုံး၍ကြည့်နေကြလေ၏၊ ထိုပုဂ္ဂိုလ်တို့သည် ရဟန်း၊ သီလရှင်နှင့် ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်များ ပုံစံမျိုး ဖြစ်နေပြီး ထိုအထဲတွင်မှ အဘိုးကြီးတစ် ဦးက ရှေ့သို့ ထွက်လာသည်၊

"ကျော်တာရာ - သား - မင်းဟာ အဘတို့နဲ့ ပဋ္ဌာန်းဆက်ရှိလို့ တွေ့ရတာ ပဲ၊ မင်း ဒီဘဝမှာ ပါရမီနုသေးလို့ အထက် လမ်းမရောက်ပေမဲ့ အဘတို့ နိုင်းမယ့် ကိစ္စတစ်ခုကို အောင်မြင်စွာဆောင်ရွက် ပေးနိုင်ရင်တော့ ဒီဘဝမှာ ကြီးပွားချမ်း သာရုံတင် မကဘူး၊ နောက်ဘဝမှာ လည်း အပါယ်ကျဖို့ မလွယ်တော့ဘူး"

ထို အဘ ဆိုသော ပုဂ္ဂိုလ် သည် ကျော်တာရာထံသို့ နီးကပ်စွာတိုးလာပြီး မျက်နှာကို စေ့စေ့ကြည့်၏၊ ကျော်တာရာ ကလည်း ပြန်၍စူးစမ်းကြည့်လိုက်လေ ရာ အဘ၏ မျက်လုံးအစုံမှာ လွန်စွာမှု စူးရှလေးနက် သလို ရှိပြီး စိမ်းလဲ့





www.burmeseclassic.com

www.burmeseclassic.com

တောက်ပနေ၏။ ကျော်တာရာသည်ဖြစ်ပျက်နေသမျှအလုံးစုံတို့ကို နားမလည်နိုင်အောင်ပင်ရှိ၍ မေးခွန်းပေါင်းများစွာ မေးချင်လာ၏။

"အဘတို့က ကျွန်တော့်ကို ဘာလို့ ခေါ်ရတာလဲ။ ကျွန်တော်က သူတော်ကောင်း မဟုတ်ပါဘူး။ သာမန်လူပါပဲ"

ထိုကဲ့သို့ ပြောလိုက်ရာ အဘဆိုသူက ပြုံး၍ ...

"မင်းဟာ သူတော်ကောင်းမဟုတ်မှန်း အဘတို့အားလုံး သိကြပါတယ်။ မင်းကို အခုလို ခေါ်ရတာက မင်းရဲ့လိပ်ပြာလုပလို့ရယ်၊ ပဋ္ဌာန်းဆက်ရှိလို့ ရယ်ပဲ၊ ဝိဇ္ဇာဆိုတာ အညီရှိရင် မလာဘူး၊ မကြွဘူး။ မင်းမှာ သာမန်လူထက် ထူးခြားတဲ့ ဂုဏ်သတ္တိရှိလို့ပဲ မှတ်ပါ။ အဘတို့ ခေါ်ရတဲ့အကြောင်းရင်းက ဟောဒီနယ်မြေမှာမကြာခင်ကြီးမားတဲ့မုန်တိုင်းတစ်ခု ဖြစ်ပေါ်လာတော့မှာ ဖြစ်လို့ပဲ"

ဟု ပြောရာ ကျော်တာရာလည်း မျက်လုံးပြူးသွား၏။

"အဲဒီမုန်တိုင်းဟာ နောက်(၃)ရက်ဆိုဖြစ်ပြီ။ မုန်တိုင်းဒဏ်ကြောင့်ဒီတောင်ပေါ်က အရာဝတ္ထုတွေ အကုန်ပျက်စီးပြိုလဲပြီး တောင်ခေါင်းတုံးဖြစ်ကုန်မယ်၊ အဲဒီမှာ ထူးခြားတာက ဒီရွှေစေတီထဲမှာ ဌာပနာထားတဲ့ ရတနာတစ်ပါးကြောင့်ပဲ"

"ဗျာ - ရတနာ ဟုတ်လား"

"ဟုတ်တယ် - ၁၉၂၀ လောက်က အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး ဒီနယ်မြေကို ဗိုလ်ချုပ်တစ်ယောက် ရောက်လာခဲ့တယ်၊ သူ့နာမည်က "ကပ္ပတိန်မောရစ်ကောလစ်"လို့ ခေါ်တယ်၊ သူက အင်္ဂလိပ်ပေမယ့် မြန်မာ့ထုံးတမ်းအစဉ်အလာတွေကို လွန်စွာမျှနစ်သက်သူလည်း ဖြစ်တယ်၊ ဟောဒီတောင်ကို သူ ရောက်လာချိန်မှာ ထုံးဖြူစေတီလေးကိုတွေ့ပြီး သူ့စိတ်ထဲ ကြည်နူးလွန်းလို့ အင်္ဂလန်ဘုရင်ခံ ကိုယ်တိုင်ဆုချထားတဲ့ ပတ္တမြားလက်စွပ်ကို စေတီတော်ထဲမှာ ဌာပနာခဲ့လေရဲ့၊ သူ့တပည့်တွေကလည်း တခြားရတနာတွေကို စေတီတော်ဝမ်းထဲမှာ ရောပြွမ်းဌာပနာခဲ့တယ်၊ အဲဒီမှာ အဲဒီတောင်ရဲ့ထူးခြားတာက ဒီတောင်ဟာ ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်တွေလာတဲ့အရပ်ဖြစ်လို့ တချို့ဒြပ်စင်ပစ္စည်းတွေဟာ သိဒ္ဓိအောင်သွားတာမျိုး ဖြစ်သွားတော့တယ်၊ သိဒ္ဓိပြီးတယ်ဆိုတာ ကြားဖူးလား"

"ဟင့် အင်း - ကြားဖူးတယ် အဓိပ္ပာယ် မသိဘူး"

"အင်း - သိဒ္ဓိဆိုတာ ပြီးမြောက်အောင်မြင်ခြင်းလို့ အဓိပ္ပာယ်ရတယ်၊ မြန်မာ့အယူအဆမှာတော့ ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ အာဟာရသိဒ္ဓိ၊ ဝဏ္ဏသိဒ္ဓိ စသည်ဖြင့် သိဒ္ဓိဆယ်ပါးလောက်ရှိတယ်၊ အခု ဒီပတ္တမြားလက်စွပ်ကလည်း နက္ခတ်တွေ၊ ဓာတ်တွေကိန်းပြီး သိဒ္ဓိဝင်လက်စွပ်ဖြစ်သွားတယ်၊ ဒီလက်စွပ်ကို မုန်တိုင်းထဲပါပြီး အလဟဿ အဖြစ်မခံနိုင်ဘူး၊ ဒါကြောင့် ဒီညမှာ အဘတို့က အစီအရင်နဲ့ ဘုရားဝမ်းဗိုက်ကို ဖွင့်ပေးမယ်၊ ငါ့သားက အထဲဝင်ပြီး လက်စွပ်ကိုယူပေတော့၊ အခြားရတနာတွေကိုတော့ အဘတို့ယူပိုင်ခွင့်မရှိဘူး။ ဒါက ဒီနယ်မြေက သိုက်နန်းရှင်တွေနဲ့ဆိုင်သွားပြီး အဘတို့နဲ့ဆိုင်တဲ့ အဲဒီလက်စွပ်ကို ရအောင်ထုတ်ယူလာပြီး ရွှေတိဂုံဘုရားမှာ သွားလှူပေးပါ၊ အဲဒီကိစ္စ အောင်မြင်ပြီးတာနဲ့ သားကို အဘတို့က မ,စကြည့်ရှုမှာပါကွယ်"

အဘ၏ ရှည်လျားစွာ ရှင်းပြသော စကားကြောင့် ကျော်တာရာလည်း လွန်စွာမှ အံ့အားသင့်သွားရတော့သည်၊

"နေပါဦး - အဘရဲ့အဲဒီလက်စွပ်ကို အဘတို့က ဘာလို့ သွားမယူရတာလဲ"

ကျော်တာရာ၏ အမေးကို အဘတို့က ဝိုင်းရယ်ကြသည်၊

"အင်း - မင်း သိချင်တော့လည်း ပြောရသေးတာပေါ့၊ တကယ်တော့အဲဒီလက်စွပ်ကို ယူရမယ့်လူဟာ ပဋ္ဌာန်းဆက်ပါမှ ရမှာကွဲ့၊ အဘတို့က ပဋ္ဌာန်းဆက်ပါတဲ့ ပုဂ္ဂိုလ်မဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် မင်းဟာ ကွယ်လွန်သွားပြီဖြစ်တဲ့ကပ္ပတိန်မောရစ်ကောလစ်ဝင်စားတဲ့ လူပဲ - သား"

"ဗျာ"

—

ကျော်တာရာ၏ မျက်လုံးအစုံတို့ ပြူးကျယ်သွားတော့သည်၊ သူကား တစ်ချိန်က အင်္ဂလိပ်စစ်ဗိုလ်ချုပ်ကြီး တစ်ဦးဝင်စားသူ ဆိုပါလား။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ယခုအခါ ကြုံတွေ့နေရသည့် ဖြစ်ရပ်များက မယုံနိုင်စရာတွေပေတည်း။ အဘက ဆက်၍ ပြော၏။

"ကဲ - သားညဦးပိုင်းလည်းရောက်





www.burmeseclassic.com

www.burmeseclassic.com

ပြီ၊ စေတီဝမ်းခေါင်းထဲ ဝင်ပေတော့၊ ပြီးရင် ပတ္တမြားလက်စွပ်ကိုပဲ ယူခဲ့၊ အဲဒါ သားနဲ့ဆိုင်တဲ့ပစ္စည်းပဲ၊ ဘုရားဌာပနာ ပေမယ့် ရွှေတိဂုံကို လှူဖို့ယူတာ ယူ ကောင်းတယ်၊ ဒါပေမဲ့ - တခြားပစ္စည်း တွေကို လုံးဝမထိနဲ့နော် - သား၊ တွေး တွေ့မယ်၊ တချို့ပစ္စည်းတွေက ကျိန်စာ ရှိတယ်ကွဲ့"

"ဟုတ်ကဲ့ပါ - အဘ၊ စိတ်ချပါ။ ကျွန် တော်အောင်မြင်အောင်ဆောင်ရွက်ပေး ပါ့မယ်"

သည်လိုနှင့် အဘတို့သည် ဝှင်းတို့ အစွမ်းဖြင့် စေတီလေး၏ အောက်ခြေ ဂူပေါက်အား ဖွင့်လိုက်ပြီး ကျော်တာရာ ကို ဝင်စေတော့သည်။ ကျော်တာရာ သည် ဆီမီးတိုင်တစ်တိုင်ကိုင်ကာ ဂူထဲ ဝင်သွားလေ၏။ ဂူထဲတွင်မှောင်မည်းနေ သော်လည်း တစ်စုံတစ်ရာသော ပစ္စည်း ကြောင့် တစ်နေရာတွင် လင်းနေ၏။ ထိုလင်းနေသော အရာဆီသို့ရောက် အောင် သွားလိုက်သောအခါ၌ကား ...

"အား"

သူ၏ မျက်လုံးများ ကျိန်းစက်သွား ၏။ ရဲရဲနီနေသောပတ္တမြားလက်စွပ်အား ရွှေကလပ်ဖြင့် တင်ထား၏၊ ဘေးတွင် ရွှေငွေလက်ဝတ်ရတနာများထည့်ထား သော သေတ္တာငယ်လေးတစ်လုံး ရှိလေ သည်၊ ကျော်တာရာသည် ရတနာများကို တွေ့သောအခါ စိတ်ထဲ၌ ယူလိုစိတ် တဖွားဖွား ပေါ်လာ၏။ ဤရတနာများ ရလျှင် မိမိအနေဖြင့် သိန်းလေးငါးရာ ချမ်းသာနိုင်သည်၊ ယူချင်သည့်မိန်းမကို ခေါင်းခေါက်ယူလို့ရပြီဟူသော အတွေး ဖြင့် စိတ်ထဲ ရှင်ပျလာ၏၊ နောက်ဆုံး စိတ်မထိန်းနိုင်တော့ဘဲ စိန်နားကပ် တစ်ရံကို ယူ၍ပုဆိုးခါးပုံစထဲ ထည့်ဝှက် ထားလိုက်လေသည်။ ပြီးသော် ဝင်းလဲ့ နေသော ပတ္တမြားလက်စွပ်ကို အသာ ယူ၍ပြန်ထွက်ခဲ့တော့၏။

အပြင်သို့ရောက်သော် အဘတို့ လူစုက ဝိုင်း၍ ချီးကျူးထောပနာ ပြုကြ သည်၊ ဆရာတော်ဦးဝရဉာဏက ...

"ကဲ - ပထမကိစ္စတော့ အောင်မြင် သွားပြီ၊ ဒီတော့ - ဒါကိုယူပြီး ရွှေတိဂုံမှာ သွားလှူပေးပေတော့၊ ဦးဇင်းကတော့ မလိုက်တော့ဘူး"

ဟု ပြောရာ အဘကလည်းဝင်၍ ...

"ဟုတ်တယ် - သား၊ မင်းအခု ဒါကို ယူပြီး တောင်ပေါ်က ပြန်ဆင်းသွားပေ တော့၊ ရန်ကုန်သွားဖို့ အားလုံးဖြစ်လာ လိမ့်မယ်၊ တောင်ခြေကို ရောက်တာနဲ့ မင်းကို လူတစ်ယောက်က ရန်ကုန်ထိ သွားဖို့ စီစဉ်ပေးလိမ့်မယ်၊ ဒီပစ္စည်းကို သာ သစ္စာရှိရှိနဲ့ ဘုရားမှာ သွားလှူပေး ပါ"

ဟုပြောသည်။ ကျော်တာရာလည်း ခေါင်းညိတ်၍ ...

"စိတ်ချပါ - ကျွန်တော် အောင်မြင် အောင် ဆောင်ရွက်ပေးပါ့မယ်၊ ခွင့်ပြုပါ ဦး"

ဟု အားလုံးကို လက်အုပ်ချီ နှုတ် ဆက်ပြီး ထော့နင်းထော့နင်းဖြင့် တောင် ပေါ်မှ ပြန်ဆင်းလာတော့သည်၊ ထိုသို့ ဆင်းသည်နှင့်တစ်ပြိုင်နက် အနောက်မှ တဟားဟား ဝိုင်းရယ်ကြနေသည်ကို ကြားလိုက်ရလေ၏၊ အဘယ်ကြောင့် အနီပုဂ္ဂိုလ် ထူးဆန်းတို့ မိမိအား ရယ်ကြ သနည်း။

ကျော်တာရာသည် မှောင်မှောင် မည်းမည်း တဖြည်းဖြည်း ဆင်းလာစဉ် တောင်ခြေအရောက်၌ ထူးခြားသော ဖြစ်စဉ်ကြုံတွေ့ရတော့၏။

"ငါတို့ ဥစ္စာပြန်ပေး၊ ဘာလုပ်ဖို့ ယူ သွားတာလဲ၊ အခု ပြန်ပေးစမ်း"

"တောက်"

အသံနက်ကြီးဖြင့် ကြောက်ခမန်း လိလိ အော်ဟစ်ကြိမ်းနေသောကြောင့် ကျော်ရိုးထဲ စိမ့်ခနဲ ဖြစ်သွားရသည်၊ ထို အခါမှ မိမိခိုးယူလာခဲ့သော စိန်နားကပ် တစ်ရံကို သတိရကာ ခါးပိုက်ထောင်ထဲ မှထုတ်ယူကြည့်လိုက်မိသည်၊ ထိုစဉ်မှာ ပင် သူ၏ရှေ့၌ အမွေးစုတ်ဖွားမည်းမည်း သတ္တဝါကြီးတစ်ကောင် လာရပ်လေ တော့၏။

"ဟိတ် - အဲဒါကို ပြန်ပေးစမ်း၊ ဘာ လို့ ယူသွားမှာလဲ၊ ဒါ ငါတို့ ပစ္စည်းတွေ၊ သေချင်လို့လား"

ထိုစကားကြောင့် ကြောက်လန့် သွားသည်၊ သို့သော် ပစ္စည်းလောဘ ဇောက တက်နေသဖြင့် ပြောမိပြောရာ လှမ်းပြောလိုက်၏။

"ဘာလို့ ပေးရမှာလဲ၊ ပိုင်ရှင်မရှိရင် ငါ့ဥစ္စာပဲ၊ မပေးတော့ ဘာလုပ်ချင်လဲ ပြော"

"ဘာ - တယ်မိုက်တဲ့ကောင်ပါလား ကွဲ"

"ဖျောင်း"

လက်ဝါးကြီးဖြင့် သူ၏ နားထင်ကို ရိုက်လိုက်ရာ ရုတ်တရက် မူးသွား၏။

"အာ - မ - မလုပ်ပါနဲ့"





www.burmeseclassic.com

www.burmeseclassic.com

သူ လဲသွားသည်တွင် မည်းမည်း အကောင်ကြီးက ခေါင်းကို ကျောက်တုံးဖြင့် ထုသတ်ချလိုက်လေတော့သည်။ ခွပ်ခနဲ မြည်သံနှင့်အတူ သူသည် ကမ္ဘာ့အပြင်သို့ လွင့်စဉ်သွားသကဲ့သို့ လောကနှင့် အဆက်ပြတ်သွားပါတော့သည်။

▬

တချို့က လမ်းပေါ်လျှောက်သွားနေသော အရူးအချို့ကို မြေလျှောက်ဝိဇ္ဇာများဟု ထင်နေကြ၏။ ဟုတ် သည် မဟုတ်သည်ကို မည်သူမျှ တပ်အပ်မပြောနိုင်ပါချေ။ သို့သော် မာန်အောင်ကျွန်းတွင် ဝိဇ္ဇာဟု မိမိကိုယ်မိမိ လျှောက်ပြောနေသောလူတစ်ဦးကိုတော့ ထူးထူးခြားခြား တွေ့နိုင်၏။ သူ၏ အမည်ကား တာရာဟု လူသိများပြီး ဘိုးတော်ရှုးတာရာဟုလည်း ခေါ်ကြ၏။

လွန်ခဲ့သော နှစ်အနည်းငယ်က ပင်လယ်ကမ်းစပ်တွင် သတိလစ်လဲကျနေသဖြင့် စိတ်ကောင်းရှိသောလူများက ဆေးရုံသို့ ပို့လိုက်ကြ၏။ သခေါ်ပျက်၍ ကျောက်ဆောင်တိုက်မိပြီး ခေါင်းကွဲသည်ဟု ထင်ကြပြီး ၎င်း သတိရလာသော် ယုတ္တိမရှိသော စကားများကိုသာ ပြောနေသဖြင့် အရူးဟု သတ်မှတ်လိုက်ကြ၏။ ထို့နောက်ပိုင်း ရပ်တကာလှည့်၍ တောင်းရမ်းစားသောက်ပြီး အနီမာန်အောင်ကျွန်းနှင့် (၁၅)မိုင်အကွာမှ တောင်နီကြီးအကြောင်း ပြောပြောနေတော့သည်။

"အဲဒီတောင်နီပေါ်မှာ ဝိဇ္ဇာတွေ ရှိတယ်ကွ။ ငါတွေ့ဖူးတယ်၊ သူတို့က ငါ့ကို ဘုရားထဲက ရွှေတွေ ယူခိုင်းတယ်။ ငါလည်း..."

သူ့စကားများကို မည်သူမျှ မယုံသလို သူ့တကယ်ရူး မရူးကိုလည်း အတိအကျ မသိကြချေ။ ထို့ပြင် ထိုအရူးသည်လည်း သူမည်သို့မည်ပုံဖြစ်ပျက်ခဲ့သည်ကို တစ်ခါတစ်ရံသာ မှတ်မိပြီး များသောအားဖြင့် မမှတ်မိသည့်ပုံပင်။ တကယ်တော့ သူသည် သူ့ကိုယ်သူ အရူးလော၊ အကောင်းလောဟုပင် မသိနိုင်တော့ပါတကား။





## သူတို့ဆုံတွေ့ခဲ့ဖူးသော
## သမ္မတကြီးဦးထင်ကျော်

www.burmeseclassic.com

www.burmeseclassic.com




# အိမ်တစ်အိမ် လူလေးယောက် သရဲနှစ်ကောင်

✦✦✦ မောင်လေးအောင် ✦✦✦
(သန်လျင်)

အိမ်မည်းကြီးတစ်အိမ်ထဲ ရှိသော ဖြဲကျယ်ကြီး(အတွင်းမှ သရဲခြောက်သည်ဟု နာမည်ကြီးသည်၊ သရဲသည် ခြေတစ်ချောင်းထောက်၊ လက်တစ်ဖက်သရဲ)ဟု လူပြောများသည်။ အရပ်သည် (၇)ပေမျှရှိသည်ဟု ဆိုကြသည်။ ခေါင်းသည် သာမန်ထက် ပိုကြီးသည်ဟု ထင်ရ၏။ မျက်လုံးနှစ်လုံးသည် ပန်းသီးအသေးစားမျှရှိသည်ဟု တွေ့ဖူးသူတိုင်းက ပြောကြသည်။

လျှာသည် (၉)လက်မမျှ အပြင်ထွက်နေသည်ဟု ဆိုသည်။ သွားများသည် အပြင်သို့ငေါ်ထွက်နေသည်မှာ ကြောက်စရာကောင်းလောက်အောင် ကြည့်ရအလွန်ဆိုးသည်။

နာခေါင်းသည် ပိပြားနေ၏။ နာခေါင်းပေါက် မရှိသလို၊ နားရွက်နှစ်ဖက်သည် ကြီးမှကြီး၊ အကြီးကြီး။ လည်ပင်းက ရှည်ရှည်၊ အရပ်က ရှည်ရှည်၊ ပြီးတော့ – တစ်ကိုယ်လုံး၊ တစ်ခေါင်းလုံး အမွေးတွေ ဗရပျစ်နှင့်။ သည် – သရဲကို မြင်လိုက်သည်နှင့် အကြောက်ကြီးကြောက်၊ အလန့်ကြီးလန့်ပြီး ခြေတစ်လှမ်းနောက်ဆုတ်၍ ဖင်ထိုင်မှောက် သေချာသည်။


www.burmeseclassic.com

www.burmeseclassic.com

တွေ့သူ၊ မြင်သူ များနေကြပြီဆိုတော့ အားလုံး အားလုံး ပြောကုန်ကြပြီပေါ့။

"သည်ခြံက သရဲက တော်တော်ခြောက်တယ်၊ အလွန်ကြောက်စရာကောင်းတယ်" တဲ့။

ဤခြံကြီး၌လွန်စွာမှကြောက်စရာကောင်းလောက်အောင် သည်သရဲခြောက်နေရခြင်းအကြောင်းရင်းသည်ကား။

▬

ခြံသည်အကျယ်ကြီး၊ ခြံကျယ်ကြီးထဲတွင် အိမ်သည် တစ်လုံးတည်း၊ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၊ ရေနံချေးသုတ်ထားသည်မှာ ကြာပြီထင်၏၊ ရေနံဝနေ၏၊ တစ်အိမ်လုံး မည်းပြောင်နေသည်။

သည်သို့ မည်းရောင်ထနေသော ဤနှစ်ထပ်အိမ်ကြီးတွင် လူလေးယောက် နေထိုင်ကြသည်၊ အသက်(၇၀) ကျော်အရွယ်ရှိ အဘိုးကြီး၊ အသက်(၆၀)အရွယ်အဘွားလင်မယားနှင့် အသက် (၂၀)အရွယ်ရှိ လွန်စွာမှချစ်ရသော တစ်ဦးတည်းသောသမီး၊

မိသားစုသုံးယောက်နှင့်အတူ အဘိုးကြီး၏ လူယုံတော်လည်းဖြစ်၊ ဆွေမျိုးလည်း မကင်းသော အသက်(၅၀)နီးပါးမျှ ရှိမည်ထင်ရသော အဒေါ်ကြီးတို့ ဖြစ်ကြသည်။

အဒေါ်ကြီးသည်ရေလျှော်ရေးဖွပ်ရေး၊ ချက်ရေး၊ ပြုတ်ရေး စားဖို့မှုးတာဝန်နှင့် ဝယ်ရေး၊ ခြမ်းရေး၊ အဝယ်တော်တာဝန်များအပြင်အိမ်သန့်ရှင်းရေးနှင့်အိမ်တွင်းကိစ္စအဝဝကို တာဝန်ယူထားရသူ ဖြစ်သည်။

အဘိုးကြီး၏နာမည်သည် ဦးလူမဲဖြစ်သည်၊ ဦးလူမဲသည် လူတစ်မျိုး၊ အတော်ခွကျသည်၊ လူ့ခွစာဟု ပြောရမည်လား မပြောတတ်၊ စကားပြောမတတ်၊ ပြောခဲ့လျှင် ခပ်ပြတ်ပြတ်၊ လူပုံကို ကြည့်ပါ၊ အဝေးက မြင်နိုင်၏။

လူက ခပ်ဝဝ၊ အရပ်က ပုပု၊ ဂင်တိုတို၊ လူပုစိတ်တို၊ ပြီးတော့ - လူက ခပ်ကြွားကြွား၊ လမ်းသွားလျှင် ဘဲသွားသွားသည်၊ ကားတား ကားတားနှင့်၊ လူမြင်လျှင် သူသည် လူမထင်သည့်ပုံစံ၊ တစ်လောကလုံး၊ သူ့လုပ်စာ စားနေသည့်ဟန်။

အသားမည်းသည့် ဦးလူမဲ၊ ဆက်ဆံရေးကျဲသည်၊ ဆက်ဆံရေးကျဲတော့ ခင်မင်သူနည်းသည်၊ သူ့အိမ်ကို လူဝင်လူထွက်မရှိသလောက်ပင်၊ တစ်ဦးစ၊ နှစ်ဦးစမျှသာ ဝင်ထွက်သူရှိသည်၊ ဒါကိုပင်ဦးလူမဲသဘောကျသည်၊ မလာလျှင်ကောင်းသည်ဟု ယူဆထားသူ၊ လူ့အတွာ၊ လူ့ခွစာကြီးလေ၊

သည်ရွာမှာတော့ သူသည် ငွေကြေးအရှိဆုံးဟု ဆိုရမည်၊ အနေတော လူချောပေါ့။

ခြံကျယ်ကြီးထဲမှာလည်း ကြည့်လိုက်ပါဦး၊ အနီးမှ တွေ့နိုင်၏၊ အဝေးကလည်း မြင်နိုင်သည်၊ ဂမုန်းပင်များသည် များလွန်းပါဘိ၊ အများအပြား၊ တစ်ခြံလုံးနီးပါး ဂမုန်းပင်မျိုးစုံအောင် စိုက်ထားသည်လားမသိ၊ အရွက်များသည်တဖားဖား၊ ယိမ်းပျိုဖြူများ ကနေဘိအလားထင်မှတ်မိတော့သည်။

အိမ်ရှေ့တည့်တည့်တွင်လည်း ပန်းဥယျာဉ်ကြီးအလား၊ ပန်းအလှပင်တွေက များလွန်းပါဘိ၊

စံပယ်၊ သော်က၊ ဒေါနု၊ နှင်းဆီ၊ သရဖီ၊ အင်ကြင်း၊ ကံ့ကော်၊ စိန်ပန်း၊ နေကြာ၊ စကားဝါ၊ ရွှေကြာ၊ သစ်ခွ၊ ချယ်ရီ၊ သဇင်၊ ဆိတ်ဖလူး၊ ထင်းရှူး၊ ပိတောက်အပြင်၊

အမည်နာမ သိတာလည်း ရှိသည်၊ မသိတာလည်း ပါသည်၊ မြေပေါ်တွင် တစ်မျိုး၊ စင်ဖြင့်တစ်သွယ်၊ ပန်းအလှအိုးဖြင့် တစ်ဖုံ၊ အမျိုးပေါင်းစုံအောင် ပန်းအလှ ပဒေသာပင်များ၏ အလှသည်ကား အစိမ်း၊ အနီ၊ ပွင့် ညီမတူ၊ အဖြူ၊ အဝါ၊ ညိုပြာ၊ နက်လှ၊ ကွက်ကျား ခရမ်း၊ ငှက်ပျော၊ ရောင်စုံနှော၍ လှချင်တိုင်းလှနေသော ပန်းစုံတောကြီး (ဝါ) ပန်းဥယျာဉ်ကြီးသည် မြင်ရ၊ တွေ့ရသူများအတွက် ရင်ဖိုစရာ၊ ပန်းပေါင်းစုံရနံ့ကို ရှူရှိုက်မိသူတို့အတွက် အသည်းခိုက်စရာ ရှိနေချေတော့၏။

ဂမုန်းမျိုးစုံအောင် စိုက်ထားသည်က တစ်မျိုး၊ ရနံ့စုံသည့်ပန်းအလှပင်တွေက တစ်သွယ်၊ နောက်တစ်မည်က ထူးခြားနေသည်၊ သည်ထူးခြားချက်သည် တခြားမဟုတ်၊

အရွက်သေးသေး ရှည်ရှည်လေးများသည် တဖားဖားနှင့် တဖွားဖွားကျနေသော စပါးလင်ရုံကြီးများသည် သူ့နေရာနှင့်သူ ရှိနေတော့၏၊ ခြံပေါက်ဝ၊ တံခါးနှစ်ချပ်ဖြင့် အဖွင့်၊ အပိတ်ပြုလုပ်နေသော လူဝင်၊ လူထွက် အပေါက်ဝ၏ ဘေးတစ်ဖက်တစ်ချက်စီတွင် (၂)၊





www.burmeseclassic.com

www.burmeseclassic.com

တံခါးပေါက်နှင့် တန်းလျက်ရှိနေသော အရှေ့မျက်နှာစာ၏ ခြံ၊ ထောင့်တစ်ထောင့်စီတွင် (၂)ရုံ၊ အနောက်ဘက် ခြံစည်းရိုး၏ ခြံထောင့်၊ တစ်ထောင့်စီတွင် (၂)ရုံ၊ စုစုပေါင်း စပါး လင်ရုံ (၆)ရုံသည် တဖားဖားတဖွားဖွားဖြင့်ကြီးကြီးမားမားကို မြင်တွေ့နေရသည်။

သည်မြင်ကွင်းသည် မြင်ရသူအတွက် ထူးခြားနေသလို ခံစားမိသည်မှာ အမှန်။

ကြည့်ပါဦး - အိမ်ပေါက်ဝတည့်တည့်တွင် ဆိုင်းဘုတ်လေးများ ချိတ်ဆွဲထားသည်။ ပထမဆိုင်းဘုတ်သည်၊

"ခွေးကိုက်တတ်သည်"တဲ့။

ဒုတိယဆိုင်းဘုတ်မှာ ...

"ပန်းမရောင်းပါ"

တတိယဆိုင်းဘုတ်မှာ ...

"အလှူခံခြင်း သည်းခံပါ"

စတုတ္ထဆိုင်းဘုတ်သည်ကား -

"ပြောပြီးပြန်ပါ"တို့ဖြစ်ကြပါသည်။

—

ဤခြံကျယ်ကြီး၌ ခွေးမရှိပဲ "ခွေးကိုက်တတ်သည်"ဟု ဆိုင်းဘုတ်ချိတ်ထားသောကြောင့် ဖတ်မိသူတိုင်း တစ်မျိုးတော့ ဖြစ်မိသည်။ အကြောင်းတော့ ရှိလိမ့်မည်ဟု တွေးမိကြသည်။

သည်ခြံကြီး တစ်ခြံလုံးမှာရှိသော သစ်ပင်၊ ပန်းပင်၊ ဂမုန်းပင်၊ စပါးလင်ရုံများကိုရေလောင်း၊ ပေါင်းသင်၊ မြက်နုတ် သစ်ပင်စိုက်၊ အပြင် ခြံကျယ်ကြီးတစ်ခြံလုံးအတွက် သန့်ရှင်းလှပစေရေးအတွက် မိမိ၊ ရွာနှင့်နီးသော အခြားရွာရှိ ကွင်းထဲမှ အသက်(၁၇)နှစ်အရွယ်ရှိသော ကုလားလေးတစ်ယောက်ကို ခေါ်၍ခိုင်းထားသည်။

မနက်မိုးလင်း၍ရောက်အောင်လာစေပြီး မိုးချုပ်မှ တဲသို့ ပြန်လွှတ်သည်။ ညမနက် ထမင်းကျွေးသည်၊ ပိုက်ဆံပေးသည်၊ မိုးချုပ်၍ တဲသို့ပြန်လျှင် ထမင်းကျန်၊ ဟင်းကျန်များ ပေးလိုက်သေး၏။

သည်တော့ ကုလားလေး ပျော်သည်ပေါ့။

ကောင်းကောင်းစားရ၍ ကောင်းကောင်းလုပ်သည်။ အလုပ်ကို ကြိုးစားသည်ဆိုတော့ဦးလူမဲသဘောကျသည်။ ကုလားလေးကို ဆုကြေးအဖြစ် မုန့်ဖိုးများတောင် ပေးလိုက်သေးသည်။ ကုလားလေးသည်ကုလားလည်း၊ မြန်မာပြည်မှာမွေး၍မြန်မာပြည်မှာကြီးသည်၊ မြန်မာစကား ကောင်းကောင်းပြောနိုင်၏။

သည့်ကြောင့် ကုလားလေးသည် သူ၏မိဘ၊ ညီအစ်ကို မောင်နှမများကိုလည်းကောင်း၊ ခင်ရာ၊ မင်ရာ မိတ်ဆွေ အပေါင်းအသင်းများကိုသော်လည်းကောင်း သူ၏အလုပ်နှင့်ပတ်သက်ပြီး ဦးလူမဲကြီးမှ နေ့စဉ်နေ့တိုင်း ထမင်းကို ဟင်းကောင်းကောင်းနှင့်ကျွေးကြောင်း၊ သူ့ကို သဘောကျ၍ မုန့်ဖိုးပေးကြောင်းများကိုရေပက်မဝင် နေ့စဉ်ပြောပြသည့်အပြင် အလုပ်နှင့်ပတ်သက်၍လည်း မကြာမကြာ ပြောနေပါသေးသည်။

"ကျွန်တော်က ရေတစ်ခုထဲ လောင်းရတာ မဟုတ်ဘူးဗျ။ အညီအဟောက်ရေတွေပါ လောင်းနေရတာ"

"ဘာ - အညီအဟောက်ရေတွေပါ လောင်းနေရတယ် - ဟုတ်လား"

"ဟုတ်ပါ့ဗျာ - ဟုတ်ပါ့၊ အညီအဟောက်ရေကတော့ အပင်အားလုံးကိုတော့ မဟုတ်ဘူး၊ စပါးလင်ရုံတွေကိုပဲ လောင်းရတာ၊ သူတို့ ချက်စားတဲ့ ကြက်သား၊ အမဲသား၊ ဝက်သား၊ ဘဲသား၊ ဆိတ်သား၊ ငါး အစ ရှိတဲ့အသား ဆေးကြောထားတဲ့ အညီအဟောက်ရေမှန်သမျှကို နေ့တိုင်းလောင်းနေရတာဗျ။ တစ်ခါတလေများ တစ်နေ့နှစ်ကြိမ် လောင်းပေးနေရတယ်"

"ဟာ - အဆန်းပါလားဟေ့"

"ဆန်းတာတော့ တကယ်ဆန်းတယ်၊ သည့်ထက်ပိုဆန်းတာ ပြောပြဦးမယ်"ဟု ဆိုကာ -

ကုလားလေးမှ မမောတမ်း အားရပါးရ ပြောနေပါတော့၏။

"လပြည့်လကွယ်နေ့တွေမှာဆို မနက်တစ်ခါ၊ ညနေတစ်ခါ စပါးလင်ရုံကြီးတွေရဲ့ရှေ့မှာ မတ်တတ်ရပ်ပြီး ဘာတွေရွတ်ဆိုနေလည်း မသိပါဘူးဗျာ။ ဂါထာလား၊ မန္တန်လား၊ ကျွန်တော်တော့ နားမလည်ဘူး၊ တစ်ရုံတစ်ရုံကို အကြာကြီးပါပဲဗျာ"

"ဟုတ်လား - သည် ဦးလူမဲက တော်တော်ထူးတာပဲနော် - လူထူးလူဆန်းကြီးပဲ"

"ဒါ့ထက် ထူးတာရှိသေးတယ်ဗျ။ ဘာအမှုန့်တွေလည်း မသိပါဘူးဗျာ။ အရောင်က မည်းမည်းဗျ။ အနံ့က စိမ်းရွှေရွှေအနံ့ရယ်၊ လေးငါးရက်တစ်ခါ စပါးလင်ရုံတွေရှေ့မှာ နှုတ်က တဖွဖွပြောပြီး





www.burmeseclassic.com

www.burmeseclassic.com



အပင်ပေါ်ဖြိုးဖြိုးနေတာဗျ။ ကျွန်တော်ဖြင့် အံ့ရော"

"အင်း - ကုလားလေးရာ - မင်း အံ့ဩမယ်ဆိုလည်း အံ့ဩစရာပါပဲ၊ မင်းသူဌေးဦးလူမဲကြီးကတော့ ဘာတွေထူးပြီး ဘယ်လိုရှုးနေလည်းမသိဘူး၊ စကတ္တတော့ ကေန္တပဲ - ဟေ့"

—

အိမ်မည်းကြီး၌ရှိသော ဦးလူမဲကြီးသည် သူ၏ဇနီးဖြစ်သူ အဘွားကြီး၊ သမီးဖြစ်သူနှင့် နှစ်ရှည်လများ အတူနေလာသော လူယုံတော်၊ အဒေါ်ကြီးတို့အပေါ်တွင် ဩဇာညောင်းသည်၊

ဦးလူမဲ၏အမိန့်ကိုအားလုံးနာခံကြရသည်၊ မလွန်ဆန်ရဲကြ။ ဝါးလုံးသည် ဝါးလုံးပဲဖြစ်ကြရသည်၊ ဝါးခြမ်းမဖြစ်စေရ၊ သည့်ကြောင့်ဖြစ်မည်၊ သမီးဖြစ်သူကို မည်သူနှင့်မှ ရောရောနှောနှောနေသည်ကို မကြိုက်။ အထူးအားဖြင့် ယောက်ျားလေးများနှင့် စကားပြောသည်၊ ဆက်ဆံသည်ကို မကြိုက်။ မနှစ်သက်သည့်အတွက် တစ်ချက်လွှတ်အမိန့်ထုတ်လိုက်သည်၊

"အိမ်ထဲမှ အိမ်ပြင်မထွက်ရ"

ပြင်းထန်လွန်းသော သည်အမိန့်ကို မနှစ်သက်သော်လည်း မည်သူမှ မလွန်ဆန်ရဲကြချေ။

ကုလားလေး၊ဦးလူမဲ၏ခြံကျယ်ကြီး၌အလုပ်လုပ်လာသည်မှာ (၉)လတိတိ



အဲဒီသရဲက ကျွတ်ချိန်တန်လို့
ကျွတ်သွားပြီ။ ပျောက်သွားပြီလို့
ဒေါ်လေးကို ပြောပြီးပြီနော်။
အခုနောက်ရောက်လာတဲ့အကောင်က
သရဲမွေးတဲ့လူ သရဲဖြစ်နေတဲ့
ဦးလူမဲကြီးပေ့ါ။ အဲဒီသရဲကမှ
အကြီးစားသရဲကြီးတဲ့ ...

ပြည့်ခဲ့ပြီဖြစ်၏၊ (၉)လကျော်ကျော် နောက်ပိုင်းတွင် အထက်တွင် ဖော်ပြပြီးဖြစ်သည့် အတိုင်း ဤခြံကြီး၌ သရဲခြောက်သည်ဟု ပြောလာကြသည်၊ တစ်စ တစ်စ ခြံရှေ့မှ ဖြတ်သွားကြသူအားလုံးကို အကြောက်ကြီး ကြောက်၊ အောင် အခြောက်ကြီး ခြောက်ခဲ့သောကြောင့် တစ်ရွာလုံးနီးပါး ဖဝါးနှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးခဲ့ကြရသည် ဟူ၏၊

သည်တော့ သည်ရွာတင်မက တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အနီးအနားရွာ၊ အဝေးကရွာတွေကပါ "သရဲခြောက်သည်" ဟု နာမည်ကြီးနေသော ဦးလူမဲ၏ ခြံကြီးအကြောင်းကို သိကုန်ကြပြီ၊

ပျော်ပျော်ကြီးအလုပ်လုပ်နေသော ကုလားလေးသည် မပျော်နိုင်ရှာတော့။ မိုးကြီးချုပ်မှ တဲသို့ပြန်ရရှာသော ကုလားလေးသည် မပြန်ခင်မှာပင် ခြံကြီးအတွင်းမှာပင် သရဲကို ခဏခဏ မြင်တွေ့ခဲ့ရ၏၊ မြင်တိုင်း၊ တွေ့တိုင်းလည်း အကြောက်ကြီး ကြောက်ပြီး အလန့်ကြီး လန့်ခဲ့ရသည်၊ နောက်ဆုံးတော့ ကြောက်စိတ်ဖြင့် အဖျားကြီးဖျားပြီး ဆေးကုယူရသည် အထိ ဖြစ်၏၊

သည့်နောက်ပိုင်းတွင် ကုလားလေးကို မတွေ့ရတော့ အလုပ်ထွက်သွားပြီဟု ကြားလိုက်ရ၏၊ ကုလားလေး အလုပ်မလုပ်သည့်အတွက် နောက်ထပ်လူခေါ်သည်၊ ငွေများများပေး၍ခေါ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com

ကြားရသည်။ သရဲကြောက်၍ မည်သူမှ လုပ်မည့်သူမရှိ၊ နောက်တော့ ဦးလူမဲ လက်လျှော့လိုက်ဟန်တူသည်။

မည်သူကိုမှ မခေါ်တော့၊ ခေါ်လည်း လုပ်မှ မလုပ်ကြပဲကိုး။

သည်လိုနှင့်ရက်တွေညောင်း၍လ တွေ ပြောင်းလာသောအခါ ဤခြံကြီး အတွင်း၌ သင်းပျံ့ပျံ့ဖြင့် အမွှေးကြီး မွှေး ပြီး အလှကြီး လှနေကြသော ပန်းအလှ ပင်များ၊ တစ်နည်းအားဖြင့် ပန်းခင်းကြီး၊ ပန်းဥယျာဉ်ကြီးသည်ကားမလန်းနိုင်ကြ တော့၊ ညှိုးနွမ်း၍ နေချေပြီ၊ မွှေးသော အနံ့တို့သည်လည်းလေထဲ၌ပင်ပျောက် ကွယ်၍ပျက်၍ ပျက်၍ သွားကြလေပြီ။

စိမ်းစိမ်းစိုစိုဖြင့် အရွက်တဖားဖား ရှိနေသော များစွာသော ဂမုန်းပင်တို့ သည် စိမ်းစိမ်းစိုစို မရှိကြတော့၊ ခြောက် သွေ့ပြီး အရွက်များ ကြွေကျကုန်ပြီဖြစ် ၏။

စိမ်းစိမ်းစိုစို ရှိနေသော စပါးလင်ရုံ ကြီးသည် သွေ့ခြောက်၍ နေချေပြီ၊ အမြင်အားဖြင့် တစ်မျိုးဆန်းနေပြီး မသတီချင်စရာ ဖြစ်နေ၏၊ ကြာကြာ ကြည့်လျှင် ကြောက်စရာ၊ လန့်စရာ၊ ရင် ထိတ်စရာကို မြင်နေရသလိုလို၊ ကြည့် မိသူတိုင်းရင်ဖိုကြရသည်၊ နောက်တော့ လည်း မျက်နှာလွှဲလိုက်ရသည်အထိ၊ ရှေ့ဆက်မကြည့်ရဲကြတော့၊ စိတ်က အလိုလို ချောက်ချားနေမိသည်၊

အချုပ်ဆိုရသော် ပန်းအလှတို့ဖြင့် မင်္ဂလာရှိသော မင်္ဂလာခြံကြီးသည် ယခု အချိန်တွင် အကျည်းတန်၊ အရုပ်ဆိုးဆိုး စွာဖြင့် အ.မင်္ဂလာခြံကြီးဖြစ်၍နေချေပြီ၊

ဤအ.မင်္ဂလာခြံကြီး၌ သရဲသည် ခြောက်မြဲတိုင်း ခြောက်နေ၏၊ အရင်က ထက်ပင် ပို၍ပို၍ခြောက်နေသည်၊ ကြောက်စရာ ကောင်းလွန်းပါဘိ၊

—

ဦးလူမဲသည်အသက်(၈၂)နှစ်တွင် အနိစ္စသဘောနှင့် ကိစ္စချောလေသည်၊ ဦးလူမဲ သေပြီ၊ အတ္တကြီးပြီး ဆက်ဆံ ရေးကျဲသော ဦးလူမဲ မသာပို့သောနေ့ သည် လူသည် နည်းနည်းရယ်၊ ရွာ သုသာန်မှာပင်မသာချသည်၊ရက်လည် သောနေ့တွင်လည်း လူနည်းနည်းနှင့် ခပ်ကျဲကျဲဝိုင်းပြီး ဘုန်းကြီး(၅)ပါးပင့်၍ ရက်လည်ဆွမ်းကပ်သည်၊ သေသည့် ညမှစ၍ရက်လည်သည့်(၇)ညတိုင်တိုင် ခြောက်သည်၊နောက်ဆုံးညပိုလို့တောင် ခြောက်သည်ဆိုပဲ၊ နောက်ရက်တွေ လည်းခြောက်မြဲတိုင်းခြောက်နေသည်၊

ဦးလူမဲ ဆုံးပြီး (၃)လကြာသောအခါ မြို့ ပေါ်တွင် နေထိုင်သော ဆန်စက်ပိုင်ရှင် လင်မယားသည် သူတို့၏သားနှင့် ထိမ်း မြားလက်ထပ်ရန် စေ့စပ်ကြောင်းလမ်း လာကြ၏၊ မကြာမီမှာပင် မြို့ပေါ် ခန်းမ ကြီးတစ်ခုတွင် ဆန်စက်ပိုင်ရှင်သားနှင့် ဦးလူမဲသမီးသည် နှစ်ဖက်သောမိဘ များ သဘောတူညီမှုဖြင့် ခမ်းခမ်းနားနား စည်စည်ကားကားနှင့် မင်္ဂလာပွဲ ကျင်းပ ကြသည်ဟု ကြားသိလိုက်ရသည်၊

သမီးမင်္ဂလာဆောင်ပြီး တစ်လနှစ် လအတွင်းမှာပင် အမေဖြစ်သူသည် နှစ် ရှည်လများ နေထိုင်လာခဲ့သော လူယုံ တော်အဒေါ်ကြီးကိုခေါ်၍ ဤအိမ်ကြီးကို စွန့်ခွာပြီး မထင်မရှား မြို့လေးတစ်မြို့သို့ ပြောင်းရွှေ့သွားကြသည်ဟု နောက်ဆုံး သိလိုက်ရ၏၊

ကျယ်ဝန်းသောခြံကျယ်ကြီးတစ်ခြံ အတွင်းအိမ်မည်းကြီးတစ်လုံးတည်းသာ ထီးထီးကြီး ရှိတော့သည်၊ မည်သူမှ မရှိ ကြတော့ချေ၊ အိမ်တစ်အိမ်၊ လူလေး ယောက်နေလာခဲ့သောအိမ်သည် ယခု အချိန်မှာဖြင့် လူမနေသောကြောင့် ကြောက်စရာ ကောင်းနေတော့၏၊

ပို၍ပို၍ကြောက်စရာကောင်းသည် မှာ အိမ်မည်းကြီးတစ်အိမ်ထဲရှိသော ဤခြံကျယ်ကြီးအတွင်း၌ အကြောက် ကြီး ကြောက်လောက်အောင်ကို တခွေ့ သရဲသည် ခြောက်လှန့်နေတုန်းပင်၊ သည့်ကြောင့် ထင်ပါသည်၊ အိမ်ကြီးရှင် တို့သည် မနေနိုင်လောက်အောင် ခြောက်နေသောကြောင့် သည်အိမ်ကို စွန့်ခွာ၍ ပြောင်းရွှေ့သွားကြဟန် တူပါ သည်၊

ထူးခြားသည်မှာ အိမ်တစ်အိမ်၊ ခြံကြီးတစ်ခြံ၊ သရဲနှစ်ကောင် ဖြစ်နေ သည်၊

"သရဲကတော့ သည်ခြံထဲမှာ နှစ် ကောင်ပဲ၊ ဒါပေမဲ့ - ပထမရှိနေတဲ့အရုပ် ရှည်ရှည်၊ ခြေတစ်ချောင်းထောက်၊ လက်တစ်ဖက် သရဲက မရှိတော့ဘူး၊ တွေ့ကို မတွေ့ရတော့ဘူး၊ အခု သရဲက နောက်မှ ရောက်လာတဲ့ သရဲ"

ရွာမှ တွေ့ကြ၊ မြင်ကြသူတိုင်းက ပြောကုန်ကြပြီ၊

"အခု ရောက်လာတဲ့သရဲကလေ ခပ်ဝဝ၊ ခပ်ပုပု၊ ဂင်တိုတို၊ လမ်းသွား၊တာ က ကားတား၊ ကားတားနဲ့ဗျ၊ တစ်ကိုယ်

www.burmeseclassic.com

လုံး၊ တစ်ခေါင်းလုံးမှာလည်း ဘောလုံးအငယ်စားလောက်ရှိတဲ့ ဘုတွေက အများကြီးမှ အများကြီး၊ တစ်ကိုယ်လုံး၊ တစ်ခေါင်းလုံးအမွေးတွေကမည်းမည်း၊ ရှည်ရှည်ရယ်၊ မျက်နှာကလေ၊ ပထမသရဲထက်တောင်ကြောက်စရာကောင်းပါ့ဗျာ၊ မျက်လုံးကြီးတွေက အကြီးကြီး၊ အပြင်ကို ပြူးထွက်နေသလိုပဲ၊ ပါးစပ်ပေါက်က သေးသေး၊ သွားတွေကအပြင်ကို ခြောက်လက်မလောက် ငေါ်ထွက်နေတယ်၊

ရှည်မျောမျောလျှာသေးသေးလေးကပြူတစ်ပြူတစ်နဲ့ အပြင်ကိုတံတောင်လောက် ထွက်ပြနေတာ၊ နားကြီးကလည်း ကြီးမှကြီး၊ အကြီးကြီးပါပဲ၊ နာခေါင်းနေရာမှာ ဘုလုံးကြီး၊ အပေါက်မရှိဘူးထင်တယ်၊ ကြောက်စရာကြီးပါဗျာ၊ တကယ်ကို ကြောက်စရာ၊ ရွံစရာကြီးပါ"

ဟု ပြောသူက ပြောကြသည်၊

ဟော - အခုတော့ ပထမသရဲထက်နောက်ရောက်လာသောသရဲသည် ပို၍လက်စွမ်းထက်နေသည်၊ တစ်ရွာလုံးကြောက်နေအောင် အခြောက်ကြီးခြောက်နေတော့၏၊ မည်သူမည်ဝါမျှ ဤအိမ်မည်းကြီးအတွင်းသို့ ဝင်ကြည့်ဖို့နေနေသာသာ ခြံကြီးရှေ့ကပင် ဖြတ်မသွားရဲကြတော့၊

အော် - ကြောက်စရာ ကောင်းလိုက်ပါဘိ၊

—

"ဒေါ်လေး - အေးမြရယ်၊ မနေ့ကလပြည့်နေ့မို့ ထင်တယ်၊ ရွာဦးဘုန်းကြီးကျောင်းမှာ လူစည်မှစည်၊ တစ်ကျောင်းလုံးကိုပြည့်လျှံနေတာပါပဲတော်"

"ဘာလို့များ သည်လောက်လူတွေများပြီး ကျောင်းမှာ စည်နေရတာလည်း မိနှောင်း"

"အော် - ဒေါ်လေးအေးမြကလည်း လပြည့်နေ့ဆိုတော့ သီလယူဖို့ ဥပုသ်လာစောင့်ကြတာလေ၊ တစ်ရွာလုံးနီးပါးပါပဲ၊ လူကြီးလူငယ်စုံလို့၊ စုံလို့၊ မိနှောင်းတို့က အမေ ဥပုသ်ကျောင်းသွားတိုင်းလိုက်နေကျလေ၊ အစားလည်းစုံအောင်စားရတယ်၊ ကုသိုလ်လည်း ရတယ်၊ မိနှောင်းတော့ ဘုန်းကြီးကျောင်းသွားပြီး ဥပုသ်စောင့်ရတာပျော်မှပျော် - ဒေါ်လေးရေ၊ ပြီးတော့လေ - ကျောင်းထိုင်ဆရာတော် ပြောလိုက်လို့ တစ်ရွာလုံးနီးပါး သီလယူတဲ့လူ အကုန်လုံး သိကုန်ကြပြီလေ"

"ဘာသိတာလဲ - မိနှောင်းရဲ့၊ ဘာကို သိကုန်ကြတာလဲ"

"ဦးလူမဲခြံထဲက သရဲနှစ်ကောင်လေ၊ လူတွေ ပြောပြောနေကြတာ"

"သရဲနှစ်ကောင် - ဟုတ်လား"

"ဟုတ်တယ်လေ - ဒေါ်လေးရဲ့အိမ်တစ်အိမ်၊ ခြံကြီးတစ်ခြံ၊ သရဲနှစ်ကောင်အကြောင်းပေါ့၊ အခြောက်ကြီးခြောက်လို့ အကြောက်ကြီး ကြောက်ပြီး ရွာသူရွာသားတော်တော်များများ ပြေးခဲ့ရပေါင်း မနည်းတော့ဘူး - ဒေါ်လေးရေ၊ အဲဒီသရဲအကြောင်းကိုဆရာတော်ဘုန်းဘုန်းက ပြောတာ - ဒေါ်လေးအေးမြရဲ့"

"ဟုတ်လား - ဒီလိုဆို ငါ စိတ်ဝင်စားတယ်၊ နားထောင်မယ် - နားထောင်မယ် - ပြော - ပြော"

"သည်လို - ဒေါ်လေးရေ - ဆရာတော်ဘုန်းဘုန်း ပြောပြချက်အရဆိုရင် ဦးလူမဲကြီးမသေခင် တစ်ပတ်အလိုထဲက အရပ်ရှည်ရှည်၊ ခြေတစ်ချောင်းထောက်၊ လက်တစ်ဖက် သရဲက ကျွတ်ချိန်တန်လို့ ကျွတ်သွားပြီတဲ့၊ ခုဆိုရင် ဘယ်ဘုံ ဘယ်ဘဝကို ရောက်နေမှန်းတောင် မသိနိုင်တော့ဘူးလို့ ဘုန်းဘုန်းပြောတယ် - ဒေါ်လေးအေးမြရေ"

"အော် - ဒါ့ကြောင့် ပထမသရဲကို မတွေ့ရဘူးလို့ လူတွေ ပြောနေကြတာကိုး"

"ဟုတ်တယ် - ဒေါ်လေးအေးမြရေဟုတ်တယ်၊ ဆရာတော် ဘုန်းဘုန်းကဆက်ပြောသေးတယ်၊ ဦးလူမဲကြီးကလူ့ခွစာ၊ လူ့အတ္တသမားကြီးလေ၊ ဒါကိုဒကာ ဒကာမတွေအားလုံး သိကြမှာပါတဲ့၊ အဲဒီ ဦးလူမဲ၊ လူ့အတ္တသမားကြီးသေခါနီးဆဲဆဲမှာငါစွဲစွဲပြီး ငါ့ဖနီး၊ ငါ့သမီး၊ ငါ့ပစ္စည်း၊ ငါ့အိမ်၊ ငါ့ခြံဆိုတဲ့အစွဲတွေနဲ့အစွဲကြီးစွဲပြီး သေသွားလို့၊ သူ့အိမ်သူ့ခြံမှာ စောင့်ပြီး နေရတဲ့ အစောင့်သရဲဖြစ်နေတာ၊ သရဲ လူမဲ၊ လူမဲက သရဲဖြစ်နေတာတဲ့ - ဒေါ်လေးအေးမြရေ"

"ဟယ် - ဦးလူမဲကြီးက သရဲဖြစ်နေတယ် - အံ့ပါရောတော်"

"မအံ့ နဲ့ - ဒေါ်လေးရေ - မအံ့ နဲ့၊ ဘုန်းဘုန်းက ပြောသေးတယ်၊ နားထောင်ဦး၊ အိမ်တစ်အိမ်၊ ခြံကြီးတစ်ခြံထဲမှာ သရဲနှစ်ကောင်ရှိတာ မှန်တယ်၊

www.burmeseclassic.com

ပထမ ခြေတစ်ချောင်းထောက်၊ လက်တစ်ဖက်သရဲက လူ့အဘွား၊ လူ့ခွစာကြီး ဦးလူမဲ မွေးခဲ့တဲ့သရဲတဲ့"

"ဦးလူမဲကြီးက သရဲမွေးတယ်။ မကြောက်မရွံ့တော်၊ လူတွေကိုသူ့ခြံထဲ မဝင်အောင်တမင်လုပ်တာ၊ တော်တော်ဆိုးတဲ့လူမဲကြီး - လူယုတ်မာကြီး"

ဟု ဒေါ်အေးမြသည် မိနှောင်းပြောသောစကားကိုကြားပြီးဒေါသဖြစ်ဖြစ်နှင့် ပြောနေသည်။

"အဲဒီသရဲက ကျွတ်ချိန်တန်လို့ ကျွတ်သွားပြီ၊ ပျောက်သွားပြီလို့ ဒေါ်လေးကိုပြောပြီးပြီနော်၊ အခုနောက်ရောက်လာတဲ့အကောင်က သရဲမွေးတဲ့လူ၊ သရဲဖြစ်နေတဲ့ ဦးလူမဲကြီးပေါ့၊ အဲဒီသရဲကမှ အကြီးစားသရဲကြီးတဲ့"

"အောင်မလေး - ကြောက်စရာကြီးပါလားနော်၊ သရဲမွေးတဲ့လူမဲ၊ သရဲပြန်ဖြစ်နေတာ - အံ့ရော - အံ့ရော၊ ဒါ - သင်းကြီးသူများမကောင်းကြံလို့ သင်းပဲ ဘေးဒဏ်ထိတော့နေမှာပေါ့ - မိနှောင်း"

မှန်၏၊ သူများမကောင်းကြံ၊ ကိုယ့်မှာ ဘေးဒဏ်ထိ ဆိုသည့်စကား သွေးထွက်အောင် မှန်ပါဘိတော့ သည်တကား။

မှတ်ချက်။ ။လွန်ခဲ့သောနှစ်ပေါင်း (၄၀)ကျော်၊ အချိန်ကာလ၊ စာရေးသူအသက်(၂၀)ကျော်ရှိစဉ်က ရွာကြီးတစ်ရွာကို ရောက်ခဲ့စဉ် ခြံကြီးတစ်ခြံမှ အိမ်မဲကြီး တစ်အိမ်ကို ကြည့်ခဲ့ရပြီး ဖြစ်ရပ်မှန်ဇာတ်လမ်းကို သိခဲ့ရသောကြောင့် ခုချိန်တွင် မှတ်တမ်းတင် ဇာတ်လမ်းဆင် ရေးသားလိုက်ရပါသည်။

"သုခီ အတ္တာနံ ပရိဟရန္တု"

မောင်လေးအောင် (သန်လျင်)

မြင့်စေတနာ ဆေးတိုက်

(အရေပြားရောဂါမှန်သမျှ ပြီးပြတ်ပျောက်ကင်းစေရမည်။)

ခရုသင်း(သမင်ဖြူ)

LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူ နီ၊ နှတ်တွတ်များ၊
အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းရှုနှင့်
အရေပြားရောဂါ အမျိုးမျိုးကို အာမခံနှင့် ကုသပေးသည်။

LEUCODERMA, LEPROSY, YAWS, FUNGUS, PINTA, ECZEMA, RING WORM, DERMATITIS,etc.

ဆရာဦးခင်မောင်မြင့် (မြင့်စေတနာဆေးတိုက်)
အမှတ်(၃)၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန် - အင်းစိန်လမ်းမကြီး၊
ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၆၆၄၇၈
ဖုန်း - ၀၁ ၆၆၆၄၇၈၊ ၀၉ ၇၉၈၈၆၉၁၀၉။

ဌာနခွဲ
အမှတ်(၂)၊ ၆၂ - လမ်း၊ ၂၈ × ၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုန်း - ၀၂၂၂၅၁၅

www.burmeseclassic.com

www.burmeseclassic.com




ဒဂုန်ရွှေမျှား
ရော်ဘင်ဆင်ကရူးဆိုး




ဒဂုန်ရွှေမျှား
ကမ္ဘာမြေအောက်ခရီး

www.burmeseclassic.com

www.burmeseclassic.com

မိုးကုန်ပလာ တည်းပြည်းတောက်ကောက်စနေသော လေယူများသည် ရိုးမြတ်လယ်ကွင်းကျယ်ကြီး သောင်းအရှည်နှင့် ကင်ရိုနီ ကိုး တိုးတိုက် တိုက်ခတ်နေသည်။ [illegible] ကွင်းပြင်တွင် မီးကျွမ်းကောက်ရိုး [illegible] ကောက်ခြင်းရှိသည်။ [illegible] လယ် ကွင်းနှင့် တောအုပ်ကို [illegible] ထားသကဲ့သို့ ရှိလေသည်။

# မင်းကျွန်းသိမ်ခ



www.burmeseclassic.com

www.burmeseclassic.com

# ပုံမပါသီး အိုင်းမတီးရွာ ကျီးပြုတဲ့ည

✦✦✦ ပင်းဘုန်းသိမ်ခ်သူ ✦✦✦

ဟူးဟူးလောင်လောင်တိုက်ခတ်နေသော လေပူသည် လူတစ်စု၏အပူကိုတော့ ကျော်လွှားနိုင်ခြင်းဟာ မတတ်နိုင်ပေ၊ လူတစ်စု၏ အပူမီးလျှံ(တစ်နည်းအားဖြင့်) ရင်တွင်းမှ ပရိဒေဝသောကမီးသည် တိုက်ခတ်နေသောနွေအပူမီးလျှံထက်ပင် အဆ ပေါင်းများစွာ ပို၍ပူလောင်နေသယောင်ပင်။

လူအစိတ်သုံးဆယ်ခန့်ရှိသော ယောက်ျားမိန်းမတစ်စု ရွာအနောက်ဘက် လုပ်တိုင်းမြေဆီသို့ တိတ်တဆိတ် ရေငုံနှုတ်ပိတ် တရွေ့ရွေ့သွားနေကြခြင်းပေ တည်း။ ထိန်တောညိုနှင့် လက်ပံကုန်းရွာသည် ဆက်စပ်လျက်ရှိသော ရွာနှစ်ရွာ ဖြစ်သည်၊ အဆိုပါရွာနှစ်ရွာကြားတွင် လုပ်တိုင်းသင်္ချိုင်းမြေ ရှိပေရာ နှစ်ရွာစလုံး အဘသုဘကိစ္စရှိလျှင် လာရောက်မြှုပ်နှံကြခြင်းဖြစ်သည်၊ သင်္ချိုင်းမြေ၏ မြောက် ဘက်တွင်တော့ ဖုန်းဆိုးမြေသည် ဇကပေါင်းမြောက်မြားစွာ တပြန့်တပြောရှိသည်။ ဖုန်းဆိုးမြေဆိုသည် ထက် ရွှံ့နွံ့ထူထပ်သော ရေနက်ကွင်းဟုဆိုက ပို၍သိသာ ထင်သာလိမ့်မည် ထင်သည်။

ရွှံ့နွံများ မည်မျှထူထပ်သနည်းဆိုသော် စပါးလည်း စိုက်၍မရ၊ မွေးမြူရေးလည်းဖြစ်ထွန်းမည့်လက္ခဏာမရှိသည့် နွံတောဆိုးကြီးဖြစ်ရကားရှေးပဝေသဏီ တည်းကပင် သည်အတိုင်း သဘာဝ အတိုင်းပစ်ထားကြပေရာ ကြောက်မက်ဖွယ် ရွှံ့နွံထူသော ရေနက်ကွင်းကြီးသဘ သို့ ရောက်ရှိနေခြင်းပင်တည်း၊ ထိန်တောညိုနှင့် လက်ပံကုန်း၏ အလယ်ကောင်၊ သင်္ချိုင်းမြေ၏ မြောက်ဘက်ယွန်းယွန်းတွင်ရှိနေရကား မည်သည့်ရွာက ပိုင်ဆိုင်သည်ကို ဂရုတစိုက် ဆွေးနွေးရမည့်ကိစ္စလည်းမဟုတ်ပေ၊ သင်္ချိုင်းဆိုသော ဝိသေသလက္ခဏာ၌က သူပိုင်ငါပိုင် ငြင်းခုံစရာလည်း မဟုတ်ပေ၊ သူကြီးအဆက်ဆက် ရေနက်ကွင်းဆိုးကြီးကို အမြော်အမြင်ကြီးစွာ စီးပွားဖြစ်လုပ်ကိုင်ဖို့ မည်သူကမျှလည်း အကြံမပြုဘဲ ပေယျာလကန်ရှိနေရကား ရေနက်ကွင်းဖုန်းဆိုးမြေကြီးသည် မြန်မာပြည်၏ အမွေအနှစ် ရှေးဟောင်းနယ်မြေကြီးနှံ့အိုင်ကြီးတစ်ခုပင်ဆိုလောက်ပေသည်။

စိမ်းပြာရောင်ငှက်ခါးတစ်ကောင်သည် အရှေ့မှအနောက်သို့နိမ့်တုံမြင့်တုံ ပျံသန်းကာ တောင်ဘက်စွန်း ဟိုးခပ်ဝေးဝေး မြစ်ပြင်ဆီသို့ ပျံသန်းပျောက်ကွယ်သွားသည်၊ ရိုးပြတ်စပါးကွင်း၏ အထက်တွင် နေပူရှိန်ဖြင့် တံလျှပ်တွေ တချောင်းချောင်းထနေသည်၊ တံလျှပ်များသည် မြေဝပ်ကြားအက်ထဲမှ တလက်လက်ထွက်လာခြင်းဖြစ်သည်၊ ဟိုးဝေးဝေး ရေနက်ကွင်းအထက်မှာပင် တံလျှပ်တွေတလက်လက် ပြေးနေလေသည်မှာ ငရဲမီးလျှံတွေ ထတောက်လုခမန်းပင်တည်း၊ နွေလယ်ခေါ်နကား ပူပြင်းစွတကား။

ထိန်တောညိုရွာမှ ထွက်လာသော လူအုပ်စုသည် သင်္ချိုင်းမြေသို့လေးကန်သော ခြေလှမ်း၊ နှုတ်ဆိတ်နေသော အသိအာရုံများဖြင့် အပမှိုနေသော စက်ရုပ်တွေလို ရွေ့လျားလျက်ရှိပေသည်၊ နွေလေရူးသည် လယ်ကွင်းပြင်ရေနက်ကွင်း၊ သုသာန်မြေများဆီသို့ တစ်စုံတစ်ယောက်ကို စူးစမ်းရှာဖွေနေဟန်ဖြင့် ခေါက်တုံ့ခေါက်ပြန် ဝေ့ဝိုက်တိုက်ခတ်နေသည်၊ တဂူးဂူး တဝေါဝေါ တိုက်ခတ်နေသော လေပူထဲတွင် ငိုသံ၊ ရှိုက်သံ တမ်းတသံတွေ လွင့်မျောလာသည်။

"အောင်မယ်လေး - အမေရဲ့ သမီးတို့ကို အရက်သမားအဖေကြီးနဲ့ထားခဲ့ပြီလားတော်၊အမေကလွှတ်ရာကျွတ်ရာ

www.burmeseclassic.com

ရှောင်ထွက်သွားပြီကိုး၊ အမလေး - အမေရဲ့"

ငိုသံကြောင့်အသုဘခေါင်းတလား နှင့်မလှမ်းမကမ်းမှလိုက်လာသောယိုင်ထိုးယိုင်ထိုးနှင့် အဘိုးကြီးက အရက်ရှိန်ဖြင့် နီကြောင်ကြောင်မျက်လုံးကြီးများ ရုတ်တရက် ပြူးထွက်သွားကာ ...

"ဟဲ့ - သယ် - ခင်တုတ် - နင်ငိုတာကြည့်ငို၊ ငါ့ကို မထိနဲ့"

အာလေးလျှာလေးကြီးဖြင့် လေးလေးတွဲ့တွဲ့ဆိုလေသည်။ တိတ်တဆိတ်လိုက်ပါလာသောပရိသတ်သည်အမှတ်မထားနိုင်၊ သေဆုံးသူ၏ ခင်ပွန်းလင်ယောက်ျား၏အကြောင်းကို သိရှိနေကြသည့်အလား ရေငုံနှုတ်ပိတ် လိုက်ပါလာကြကုန်သည်။ ဇနီးဖြစ်သူ၏ဘဝနောက်ဆုံးခရီးမှာပင် လိုက်ပါပို့ဆောင်နေချိန်တွင် မဆင်မခြင် မူးယစ်နေသူသည် အခြားအချိန်တွင်ဆိုဖွယ်ရာမရှိဟု နလုံးပိုက်နေပုံရလေသည်။

လေသည် တသုန်သုန် တိုက်ခတ်လျက်ရှိသည်။ သချိုင်းစပ်ရှိတောစိုးသစ်ပင်ကြီးများ၊ သမှည့်နှင့် မဒမပင်ကြီးများ၊ ညောင်ပင်ကြီးများသည် လေအသွေးတွင် တရှဲရှဲမြည်ကာ အသစ်ရောက်လာမည့် ဝိညာဉ်ကောင်ကို ကြိုဆိုနေဟန်ရှိသည်။ ပူပြင်းသောလေပူ၌ သစ်ကိုင်းသစ်ခက်များကိုပင် ပွတ်တိုက်ရွေ့လျားပြီး ရုတ်တရက် မီးထတောက်မည်ကဲ့သို့ရှိသည်။ သစ်ရွက်ချင်းပွတ်ခတ်သံ၊ သစ်ကိုင်းချင်း ထိသံသည် တဖျစ်ဖျစ်မြည်ကာ မီးပွင့်တွေထွက်ကျမတတ်ဖြစ်သွားသည်။

ထိုစဉ် ရုတ်တရက်တီးခတ်လိုက်သောဗျိုင်းတောင်ခေါက်သံ ထွက်ပေါ်လာသည်။ အသုဘချရာတွင် တီးခတ်လိုက်သော မသာဆိုင်းဖြစ်သည်။ ဗျိုင်းတောင်ခေါက်သံသည် လေပြည်ပူပူထဲတွင် ပျှင်းရိလေးတွဲ့ပူလောင်ကြေကွဲစွာ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

"အမေ - အမေရဲ့ - သမီးတို့မောင်နှမတွေကို ထားခဲ့ပြီလားတော့"

"ဟီး - ဟီး - ဟီး"

"ရှုတ် - ရှုတ် - ရှုတ်"

"အမေ - အောင်မလေး - အမေရဲ့"

အသုဘခေါင်း၏ရှေ့တွင် ဘုန်းတော်ကြီးသုံးပါး၊ နောက်မှ ခေါင်းကိုထမ်းလာကြသော လူလေးယောက်၊ ဆွေမျိုးသားချင်းတွေတူတွေဖြစ်မည်။ ခေါင်းထမ်းသူများသည်ယောက်ျားတွေချည်းဖြစ်သည်။ သန်သန်မာမာတွေဖြစ်ကာ အရက်သောက်ထားကြပုံရပြီး သူတို့၏ မျက်နှာများသည် နေပူလေပူရင်ပူပူနှင့် အဆီတွေပြန်နေကြ၏။

"တော် - တော် - တော်"

"တီး - တီး - တီး - တော်"

"တီးတော် - တီးတော် - တီး"

"နှောင် - နှောင် - နှောင်"

အသုဘမသာဆိုင်းမှ ကြေကွဲဖွယ်နဲ့သံနှင့် ကြေးနှောင်သံကလည်း ကြားရသူအပေါင်းကိုရင်ထဲ ဆို့တက်စေသည်။ ဗုံနှင့် နဲ့သံသည် အမင်္ဂလာတေးသွား ဗျိုင်းတောင်ခေါက်သံကို ဖွဲ့သီရင်း ရွာနှင့်ရွာကြား သချိုင်းဆီသို့ တရွေ့ရွေ့ လျှောက်လာကြကုန်သည်။

ဤကား ရပ်ရွာဓလေ့၊ တောဓလေ့ထုံးစံပင်တည်း။

အသုဘနာရေးရှိလျှင် သချိုင်းဆီသို့ ရုပ်အလောင်းကောင်ကို ပို့ဆောင်မြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်မှုပြုရာတွင်ဆိုင်းကလေးပါမှ၊ ဗျိုင်းတောင်ခေါက်သံ အသုဘဆိုင်းကလေး စည်စည်ကားကားပါလေမှ အသုဘအခမ်းအနား အောင်မြင်ပြီးမြောက် မြေကျသည်ဟု ခံယူထားကြသည်။ မည်သည့်အသုဘမဆို ဆိုင်းကလေးပါသည်ချည်းပင်။ ဆိုင်းမပါလျှင် တစ်ခုခုလိုနေသလိုလို၊ "ခိုက်"ပဲနိုက်တော့မလိုလို ထင်နေကြ၊ သတ်မှတ်နေကြရပေကား လူသေလျှင် အသုဘပို့ရာတွင် ဆိုင်းကို ထည့်တွက်ကြခြင်းပင်။ ဆိုင်းကလည်း ရွာဆိုင်း၊ အရပ်ဆိုင်းပင်ဖြစ်သည်။ အသုဘကိစ္စအတွက် ဆိုင်းပစ္စည်းများကို အသုဘအခမ်းအနားပြီးလျှင် ဘုန်းကြီးကျောင်းသို့သွားအပ်ကြရသည်။ လူတွေကတော့ နေအိမ်အသီးသီးသို့ ပြန်ကြရသည်။ ဒါက ရပ်ဓလေ့ထုံးစံ၊ ဟိုး - ရှေးပဝေသဏီ ကတည်းက ကျင့်သုံးလာကြသော ရှေးဟောင်းဓလေ့တစ်ခုပင်တည်း။

တစ်ခါက ရွာတွင် အသုဘတစ်ခုဖြစ်ပေါ်ခဲ့ရာ ဆိုင်းမပါ၊ ဗုံမပါနှင့် အသုဘချခဲ့ဖူးသည်။ သို့သော် မကြာမီကာလအတွင်း ရွာတွင် ခုနစ်လောင်းပြိုင် လူသေမှုကြီး တစ်လအတွင်း ဖြစ်ပွားသွားခဲ့သည်။ လူကောင်းပကတိများမှ ဖျားနာသေဆုံးခြင်း၊ ရေနစ်သေဆုံးခြင်း၊ လှည်းကြိတ်၊ မြွေကိုက်ဖြင့် ရှေ့ဆင့်နောက်ဆင့် နောက်ဆုံးအစုလိုက် သေဆုံးသွားခဲ့ပေရာ တစ်နယ်လုံး ဗျိုင်းတောင်ခေါက်သံ မသာဆိုင်းကို အစဉ်အလာမပျက် ထည့်သွင်းလာခဲ့ကြသည်ဟု ဆိုပေသည်။

အသုဘခေါင်းကို အဆင့်သင့်ကြို တင်တူးထားသောမြေတွင်း နက်နက်





www.burmeseclassic.com

www.burmeseclassic.com

ထဲသို့ ထည့်လိုက်ကြသည်မှာ ခေါင်းသည် သစ်သားအပေါ်စားဖြင့် မြှုလုပ်ထားသော လက်လုပ်ခေါင်းတစ်လုံးသာ ဖြစ်သည်။ တွင်းနှုတ်ခမ်းတွင် ရပ်နေသူများက တွင်းဖော်ရာမှ ထွက်လာသော မြေကြီးဖြင့် ဖုံးအုပ်ခြင်းဖြင့် အသုဘ အခမ်းအနား ပြီးဆုံးသွားပေသည်။

သည်လိုနှင့် ထိန်တောညို့ရွာသား များသည် လာရာလမ်းအတိုင်း ပြန်လာကြလေသည်၊ တိတ်တိတ်ဆိတ်ဆိတ် အတွေးကိုယ်စီ၊ ပူလောင်မှုကိုယ်စီဖြင့် ပြန်လာကြခြင်းဖြစ်သည်။

နေ၏မီးစွယ်မီးလျှံများကား တလွင့်လွင့်ပျံတက်နေဆဲ၊ ဟိုးဝေးဝေးတွင် ချိုးတစ်ကောင်၏ ပျင်းရိစွာ ကူသံထွက်ပေါ်နေသည်။

▬

ဟိုတစ်စုသည်တစ်စုဖြင့်ထိန်တောညို့ရွာသို့ တိတ်တိတ်ဆိတ်ဆိတ် ပြန်လာကြသောရွာသားအုပ်စုသည်ရှုံ့ညှန်တောရေနက်ကွင်းအစပ်သို့ရောက်လျှင် တစ်စုံတစ်ခုသော အမြင်အာရုံတစ်ခုကြောင့် ရပ်တန့်လိုက်ကြသည်၊ သူတို့အားလုံး၏ခြေလှမ်းရွေ့လျားမှုများသည် အနည်းငယ်မျှသာ တုံ့ဆိုင်းသွားပြီးလျှင် မျက်နှာချင်းဆိုင် တူရှုရှိလှုပ်ရှားမှုများဆီသို့ အကြည့်အာရုံတွေ စုစည်းလွင့်မျှော်သွားခြင်းဖြစ်သည်။

အသုဘပြန် ရွာသားအုပ်စုသည် ဟိုးဝေးဝေးရှိ ကိုက်ပေါင်းများစွာဆီမှ မျက်နှာချင်းဆိုင် တရွေ့ရွေ့လျှောက်လာသော ယောကျ်ားအုပ်စုကို ရုတ်တရက် တွေ့လိုက်ရသောကြောင့်ပင်တည်း။ ရှေ့တူရှုဆီသို့ လျှောက်လာကြသောအုပ်စုသည် ယောကျ်ားများချည်းသာဖြစ်သည်။

မည်သည့်ရွာသားများပေနည်း။ ခရီးသွားများပေလော၊ သူတို့သည် ဝန်စည်စလယ်အချို့ကို သယ်ယူလာကြတွင်ရှိပြီး စုစုပေါင်း ယောကျ်ားချည်း ငါးယောက်ဖြစ်သည်။ ဆန့်ကျင်ဘက်အရပ်နှစ်ခုဆီမှ တရွေ့ရွေ့လျှောက်လာကြပေရာမြင်ကွင်းသည် တဖြည်းဖြည်းနီးကပ်လာပါသည်၊ အရာဝတ္ထုတွေ၊ သက်ရှိသတ္တဝါတွေ ပိုရှုပိုရှု ပီပြင်လာသည်။

ယောကျ်ားကြီးငါးယောက်သည် ပူပြင်းလောင်မြိုက်သော နေ့နေပူမှု အောက်တွင် အပူဒဏ်ကို အန်တုကာ လက်ထဲတွင် အထုပ်အပိုးကိုယ်စီဖြင့် တန်းစီလျှောက်လာကြလေသည်၊ ထိန်တောညို့ရွာသားအုပ်စုက ထိုလူစုအား လှမ်းမျှော်ငေးကြည့်မိကြသည်။ တိတ်တဆိတ်စူးစမ်းဟန်ဖြင့် ငေးကြည့်ကြသည်။

"ဘယ်သူတွေပါလိမ့်"

အသက်ငါးဆယ်အရွယ်ထိန်တောညို့ရွာသားကြီးကလူအုပ်စုကိုလှမ်းမျှော်ကြည့်ရင်း လေးလေးတွဲ့တွဲ့ ဆိုသည်၊ အားလုံးက ငါးယောက်အုပ်စုဆီသို့သာ စူးစူးစမ်းစမ်း လှမ်းကြည့်နေခြင်း ဖြစ်သည်။

အမြင်သည် တစ်စတစ်စ ပို၍ပီပြင်လာသည်။ ထင်ရှားလာသည်။ ကွင်းပြင်ကိုဖြတ်ကာလေပူတွေတိုက်ခတ်နေဆဲ၊ လေအူသံတွေ တဝေါဝေါမြည်ကာ သူတို့ကို ကြမ်းကြမ်းတမ်းတမ်း ပွေ့ဖက်ကလူကျီစယ်သွားသည်။

သူတို့အားလုံး၏ အမြင်သည် လူငါးယောက်လက်ထဲမှ အရာဝတ္ထုများကို ထင်ထင်ရှားရှား တွေ့မြင်လိုက်ရသည်နှင့် ...

"ဟင်"

"ဘယ်လိုလဲကွ"

သူတို့အကြည့်အာရုံစူးစူးက ပို၍စူးစိုက်သွားမိကြသည်၊

"လက်နက်တွေနဲ့ပါလား"

ရှေ့ဆုံးမှလျှောက်လာသူ၏အသွင်သဏ္ဍာန်ကို ကြည့်ပါဦး၊ မန်ကျည်းစေ့ကဲ့သို့ ညိုမြောင်းသော အသားအရေ၊ ခြေဆစ်လက်ဆစ်တုတ်ခိုင်လှသော ကြီးမားသည့် ခန္ဓာကိုယ်အဆစ်အပေါက်၊ နဖူးပြောင်ပြောင်၊ ဆံပင်ကြဲကြဲ၊ နှာခေါင်းက ချိုင့်ဝင်ပြားကပ်နေသည်၊ လမ်းလျှောက်ဟန်က ဂင်တိုတိုတစ်ဖွတ်ထိုးဟန်ပန်၊ ထူးခြားချက်က ပခုံးတွင် လွယ်ကား ကာ ဒေးသောသေနတ်ဖြစ်သည်၊ ရိုင်ဖယ်သေနတ် ...၊ သူသည်ရှေ့ဆုံးမှ ဦးဆောင်ကာ ခပ်သွက်သွက်လျှောက်သွားခြင်းဖြစ်ပြီး သူ့နောက်မှ လူလေးယောက်ကလည်း အထုပ်အပိုးကိုယ်စီ၊ လက်နက်ကိုယ်စီနှင့် လိုက်ပါလာကြခြင်းဖြစ်ပေသည်၊ လူငါးယောက်တွင် လူသုံးယောက်က သေနတ်တွေလွယ်ထားပြီး ကျန်နှစ်ယောက်က ဓားလွှတ်တွေကိုင်ထားပြီး အထုပ်အပိုးတွေ ဆွဲလာကြခြင်းက ထူးခြားသည်၊ သူတို့သည် အလျင်စလိုဟန်ဖြင့် ခပ်သွက်သွက်ခြေလှမ်းများဖြင့် လျှောက်လာကာ ရေနက်ကွင်းတောစပ်သို့ ဝင်ရောက်သွားကြလေသည်၊ သူတို့အုပ်စုသည်ထိန်တောညို့ရွာသားများကိုလှမ်း





www.burmeseclassic.com

www.burmeseclassic.com

မြင်နေရသော်လည်း ဂရုစိုက်ပုံမရ၊ ရှိပုံပင် အသိအမှတ်မပြုဘဲ ရေနက်ကွင်းတောထူထူထဲသို့ လျင်မြန်စွာဝင်ရောက်ပျောက်ကွယ်သွားကြလေသည်။

ဆင်သတ္တဝါလို အကောင်အထည်မဆိုထားနှင့်၊ ဝေါဇီလာအကောင်မျိုးပင် ဝင်ရောက်သွားပါက ပျောက်ကွယ်သွားနိုင်သည့် ရေနက်ကွင်းဖုန်းဆိုညွန်အိုင်ကြီးဖြစ်ရကား လက်နက်ကိုင်လူငါးယောက်အုပ်စုသည် သစ်ပင်ချုံနွယ်များကြားသို့ လျင်မြန်စွာဝင်ရောက်ပျောက်ကွယ်သွားခြင်း ဖြစ်လေသည်။ ထိုအခါ အသုဘပို့ ထိန်တောညိုရွာသားများသည် ကြေးစည်ဆိုင်းဝိုင်းများကို ကိုင်ကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြကုန်သည်၊ မေးထိုးပြောကြကုန်သည်၊ အလန့်တကြား ဖြစ်ကြကုန်သည်။

"ဓားပြတွေ"

"ဟုတ်တယ် - ဒီကောင်တွေ တစ်နေရာရာက ဓားပြတိုက်လာပြီး တိုက်ရာပါ ပစ္စည်းတွေနဲ့ ဒရောသောပါး ထွက်ပြေးလာပုံရတယ်"

ရွာသားများသည် အသုဘပို့သည့်ကိစ္စကို တဒင်္ဂ မေ့ပျောက်သွားဟန်ရှိသည်။

"ဟုတ်တယ် - သေနတ်တွေကော ဓားတွေကောကွ"

အသက်ခပ်ကြီးကြီးတစ်ယောက်က ခေါင်းတစ်ချက်ယမ်းရင်း ...

"လာကြပါကွာ - ကိုယ်နဲ့မဆိုင်ဘူး သဘောထားလိုက်၊ သူ့ပြဿနာသူရှင်းလိမ့်မယ်ဟေ့၊ သွားမကြည့်ကြနဲ့၊ မဆိုင် မဆိုင် အမှုပတ်နေဦးမယ်၊ သွားကြ သွားကြ၊ ရေနက်ကွင်းအကြောင်း သိရဲ့သားနဲ့"

သည်လိုနှင့် ထိန်တောညိုရွာသားများသည် မိမိရွာဆီသို့သာ တိတ်တဆိတ် ပြန်လာကြသည်။

အနောက်ဘက်တွင် ရေနက်ကွင်းသည် ပဟေဠိများကို ရင်ဝယ်ပိုက်ရင်း သိုသိပ်လျှို့ဝှက်မှုများစွာဖြင့် ကျန်ရစ်ခဲ့လေသည်။

—

အင်္ဂလိပ်အုပ်ချုပ်သည့် ကိုလိုနီခေတ်အဆက်ဆက်...။ ထို့နောက် ဂျပန်ခေတ်၊ ပါလီမာန်ခေတ်တိုင် မပြောင်းလဲတည်တံ့နေသော ထိန်တောညိုနှင့် လက်ပံကုန်းရွာကြားရှိရေနက်ကွင်းဆိုကြီးသည် ကြောက်မက်ဖွယ်နွံတောတောရိုင်းမြေကြီးအဖြစ် ဆက်လက်တည်တံ့နေဆဲပင်တည်း။

အင်္ဂလိပ်အစိုးရကလည်း ရေနက်ကွင်းကြီးကို အကျိုးအမြတ်အလို့ငှာ စိတ်ဝင်စားခြင်းမရှိ၊ စိုက်ပျိုးရေးသမား၊ မွေးမြူရေးသမားများကလည်း စိတ်ကူးထဲပင် ထည့်ဝင်ခြင်းမရှိ၊ သူကြီးအဆက်ဆက် စီးပွားဖြစ်ထွန်းရန်၊ လုပ်ငန်းတစ်ခုခု ပြုလုပ်ရန် လေကုန်ခံ၍ ဆွေးနွေးပုံမရခဲ့သော ပလပ်မြေဆိုးကြီး ဖြစ်ရကား တောစိုးသစ်ပင်ကြီးများ၊ ဆူးပင်ချုံပုတ်များ၊ မြွေဆိုး၊ ကင်းဆိုး၊ တောရိုင်းမြေကြီး အဖြစ် ဆက်လက်တည်ရှိနေပေသည်။ တောတိရစ္ဆာန်ကြီးများကလည်း လွတ်လွတ်လပ်လပ် ရှင်သန်ပေါက်ဖွားလျက်ရှိခြင်းဖြင့် ရေနက်ကွင်းမြေဆိုးကြီး၏ ရပ်တည်မှုကို သိရှိနိုင်ပေသည်။

သို့သော် လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ ရေနက်ကွင်းရွှံ့နွံအိုင်မြေကြီးသည် တစ်စတစ်စ သက်ဝင်လှုပ်ရှားလာသည်ကို ရွာနှစ်ရွာစလုံးက သတိပြုမိလာသည်ဟု ဆိုရပေမည်။ လူတစ်ယောက်စ နှစ်ယောက်စသည် ရေနက်ကွင်းထဲတွင် သစ်ခုတ်သလိုလို၊ ငှက်ထောင်သလိုလို ဆေးသစ်ဥ၊ ဆေးသစ်မြစ်ရှာသလိုလိုနှင့် အခြေကျလာခြင်းဖြစ်သည်။ ပထမတော့ တစ်ယောက်စ နှစ်ယောက်စ၊ နောက်တော့ လယ်စောင့်တဲသဏ္ဌာန်တဲကလေး ဖြစ်လာသည်၊ ထို့နောက် မိသားစုဝင်တွေဖြစ်လာကြသည်။ သည်လိုနှင့် အိမ်ခြေဆယ်လုံးဆယ့်ငါးလုံးခန့်ရှိ တဲစုကလေး ဖြစ်လာလေသည်၊ ရွာသိမ်ကလေး ဖြစ်လာသည်။

အဆိုပါ တဲစုကလေးများ၏ အသက်မွေးဝမ်းကျောင်းမှုကိုကြည့်ပြန်သောအခါ ဖားရှာ၊ ငါးရှာ၊ ထင်းခွေဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။ ရေနက်ကွင်း၏ ကုန်းမြေလွတ်အချို့တွင် စိုက်ခင်းကလေး တစ်ခင်းစ၊ နှစ်ခင်းစ တွေ့ရသဖြင့် စိုက်ပျိုးရေးပါ တစ်ပိုင်တစ်နိုင် လုပ်တတ်သောအစုဟု ပြော၍ရသေးသည်။ သို့သော် ရေနက်ကွင်းသားတို့၏ လူမှုပေါင်းသင်းဆက်ဆံရေးသည် သီးခြားဆန်သည်ဟု ဆိုနိုင်သည်၊ ရွာနှစ်ရွာကြားတွင် ရှိသော်လည်း မည်သည့်ရွာနှင့်မျှ အဆက်အဆံ အကူးအလူးမရှိသော အချက်ကလည်း ထူးခြားသည်။ တတ်နိုင်သမျှ ရှောင်ရှားသည်ဟု ယူဆနိုင်သည်၊ ထိုအချက်ကလည်း ဆန်းကြယ်သည်။ တစိမ်းတရံဆန် လူစိမ်းများသည် ရေကြည်ရာ မြက်နုရာရှာဖွေရင်း

www.burmeseclassic.com

အသက်ရှင်ရပ်တည်ရေးအတွက်သာ ရောက်လာကြခြင်းဖြစ်သည်ဟုကောက်ချက်ချရုံသာ ရှိပေသည်။ လူသားများသည် ကမ္ဘာမြေပေါ်တွင် သည်လိုပဲ ရေကြည်ရာမြက်နုရာကို လှည့်လည်ရှာဖွေရင်း မိမိ၏ အသက်ရှင်ရပ်တည်ရေး အတွက် နေရာကောင်းကို လှည့်လည်ရှာဖွေ အခြေစိုက်နေထိုင်ခဲ့ကြသည် မဟုတ်ပါလား။

ထိန်တောညို့ရွာ၏ လယ်ကွင်းစပ်နှင့် စေတီကြားတွင် ရပ်တန့်နေသော သူကြီးဦးတောကျော်သည်တံလျှပ်ပြည့်နေသော လယ်ကွင်းပြင်ကို ငေးကြည့်နေသည်။ ဟိုးမှာဘက်တွင်တော့ လက်ပံကုန်းရွာနှင့် တစ်ဆက်တည်းဖြစ်သည့် ရေနက်ကွင်းရှိသည်။ ရေနက်ကွင်းတွင် တောထူထပ်သောသစ်ပင်ကြီးငယ်တွေနှင့် စိမ်းစိမ်းစိုစို ရှိသည်။ လတ်ဆတ်သောလေစိမ်းတွေ တသုန်သုန်ရှိသည်။ ကျေးငှက် သာရကာတွေ စုံလင်စွာရှိသည်။

သူကြီးဦးတောကျော် ပျင်းပျင်းရိရိ ရှိသည်နှင့် ရပ်တန့်ငေးမောနေသည်မှာ မိနစ်ပေါင်း အတော်ကြာသွားပေပြီ။ ထိုစဉ် တံလျှပ်ထနေသော ရေနက်ကွင်းထိပ်နှင့်လယ်ကွင်းစပ်ဆီမှလူနှစ်ယောက် ရုတ်တရက်ထွက်ပေါ်လာသည်ကို လှမ်းမြင်နေရသည်။

ထိုလူနှစ်ယောက်သည် သူကြီးဦးတောကျော် ရပ်တန့်နေသည့်နေရာဆီသို့ ခပ်သွက်သွက်လျှောက်လာခြင်းဖြစ်သည်။ အလျင်စလိုဟန်ဖြင့် လျှောက်လာခြင်းဖြစ်ရာ ဦးတောကျော်ကလည်း ထိုသူနှစ်ယောက်၏ လှုပ်ရှားမှုကို မမိုတ်မသုန် စောင့်ကြည့်နေမိလေသည်။

တဖြည်းဖြည်း တရွေ့ရွေ့ တိုးလျှောက်လာသော လူနှစ်ယောက်ကို မြင်လိုက်ရမှ လွန်ခဲ့သည့်ဆယ်ရက်ခန့်က ရွာထဲရှိ ဒေါ်ချစ်ပုကြီး အသုဘတွင် ခပ်ဝေးဝေးမှ လှမ်းတွေ့လိုက်ရသော ရေနက်ကွင်းသားငါးယောက်ကို မျက်စိထဲ မြင်ယောင်သွားလိုက်မိသည်။ ထိုနေ့က အသုဘအပြန် လက်နက်ကိုယ်စီဖြင့် လူငါးယောက်ကို ဦးတောကျော်ကိုယ်တိုင် တွေ့မြင်လိုက်ရသေးသည် မဟုတ်လား။ ထိုအထဲမှ ရှေ့ဆုံးမှဦးဆောင်ကာ တောနက်ထဲ ဝင်သွားသည့် လူကို ပို၍ပင် မှတ်မိနေသေးသည်။ သူ့စိတ်ထဲမှပင် ထင့်ခနဲဖြစ်သွားကာ ဒီလူတွေ လူရိုးလူကောင်းမဖြစ်နိုင်ဟု မှတ်ချက်ချလိုက်သေးသည် မဟုတ်ပါလား။

လူစိမ်းနှစ်ယောက်သည် ဦးတောကျော်ရပ်နေရာဆီသို့ တည့်တည့်မတ်မတ် ဝင်လာခြင်းဖြစ်သည်။ ဦးတောကျော်သည် မရွှေ့မလျား ငေးကြည့်နေမိသည်။ ထိုအခါမှ ရှေ့ဆုံးမှ လျှောက်လာသည့် နဖူးပြောင်ပြောင်၊ ဆံပင်ကြဲကြဲ၊ အသားမည်းမည်း ဂင်တိုတိုလူကို မှတ်မိသွားသည်။

ထိုသူသည် ခပ်ပြုံးပြုံးအနေအထားဖြင့် ဦးတောကျော်နှင့် တစ်လံကွာကွာတွင် ရပ်တန့်လိုက်ကာ ...

"သူကြီးခင်ဗျား – ကျွန်တော်တို့ ဒီရေနက်ကွင်းထဲကပါ၊ ဆေးကလေး၊ ဆန်ကလေး ရိက္ခာဝယ်ချင်လို့ပါခင်ဗျာ"

ဦးတောကျော်သည် မျက်မှောင်တစ်ချက် ကြုတ်လိုက်၏။ အလဲ့ – ဒီလူတွေက သူကြီးမှန်း သိနေပါကလား။

"ရွာထဲမှာ ဈေးဆိုင်တွေ ရှိတယ်ကွ၊ အဲဒီမှာ မေးမြန်းစုံစမ်းပြီး လိုချင်တာဝယ်လို့ရပါတယ်။ ဆေးက ဘာဆေးတုံး"

"ဩော် – သစ်ပင်တွေရှင်းလင်း၊ တဲကလေးဘာလေးဆောက်ကြတော့ ထိခိုက်ဒဏ်ရာရတာတို့၊ ဖျားနာတို့လောက်ပါပဲခင်ဗျ"

"မင်းတို့ တဲစုတွေက ဘယ်နစုလောက်လဲ"

ဂင်တိုတိုပုဂ္ဂိုလ်သည် အနည်းငယ် စဉ်းစားဟန်ပြုပြီး ...

"သိပ်မများပါဘူး – ခင်ဗျ၊ လေးငါးစုလောက်ပါပဲ"

ဦးတောကျော်သည် ခေါင်းတစ်ချက် ညိတ်လိုက်သည်။ စူးစိုက်ကြည့်ရင်း ...

"ကောင်းပါပြီ – ကောင်းပါပြီ – ရွာထဲမှာ လိုတာသွားလို့ဝယ်ပါ၊ ရတယ်။ ဆန်၊ ဆီ၊ ဆားကအစရှိတယ်။ ဆိုင်သုံးလေးဆိုင်ပဲ။ ဆေးတွေလည်းရှိပါတယ်။ လျက်ဆား၊ ငန်းဆေး၊ လေဆေး အစရှိသဖြင့် ဝယ်လို့ရပါတယ်"

ဂင်တိုတိုလူသည် သူ့နောက်၌ကပ်ပါလာသောလူရွယ်ကို တစ်ချက်ကြည့်ကာ ...

"ကဲ – ဝမ်းသာစရာပဲဟေ့၊ လာ – ရွာထဲ သွားဝယ်ရအောင်၊ ဗျို့ – သူကြီးမင်း ကျေးဇူးတင်ပါတယ် – ခင်ဗျား၊ ဟေ့ကောင် – ကျောက်စိ၊ လာ – ရွာထဲဝင်မယ်"

သူကြီးကိုနှုတ်ဆက်ကာ ရွာထဲဝင်သွားကြသည်။ ဦးတောကျော်သည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...





www.burmeseclassic.com

www.burmeseclassic.com

"လူတွေကလည်း တစ်မျိုးပဲ၊ အိတ်ကပ်ထဲမှာ ပိုက်ဆံတွေ အထပ်လိုက်ပဲ၊ အင်း - ဂင်တိုတိုလူရဲ့ပုံသဏ္ဍာန်ကတော့ ထူးထူးခြားခြားပဲ၊ ဘယ်ဘက်လက်မ တစ်ချောင်း ဒဏ်ရာနဲ့ ပြတ်နေတာပဲ၊ လောလောလတ်လတ်ဒဏ်ရာပဲ၊ ဘာဖြစ်တာလဲ"

ဦးတောကျော်သည် သံသယဖြင့် ငေးကြည့်နေဆဲမှာပင် လူနှစ်ယောက်သည် ရွာထဲသို့ဝင်ရောက် ပျောက်ကွယ်သွားလေသည်၊ သူသည် သံသယစိတ်ဖြင့် လှမ်းကြည့်အကဲခတ်နေခြင်းမျိုးသာ ဖြစ်သည်၊ လယ်သမား၊ ကိုင်းသမား၊ မြို့သမားများနှင့်မတူ၊ မည်သည့်အသက်မွေးဝမ်းကျောင်းဖြင့် ဤရေဆိုးမြေဆိုး ရေနက်ကွင်းကြီးထဲမှာ တဲအစုစုဖြင့် လာနေကြသည့် လူတစ်စုကို စဉ်းစားရကြပ်နေသည်၊

မည်သို့သော လူစားများပေနည်း၊ ရုပ်ရည်တွေကလည်း ခက်ထန်ကြမ်းတမ်းလှသည်၊ မိုက်မိုက်ကန်းကန်းပုံစံတွေ ဖြစ်သည်၊ တစ်ရှူးထိုးပုံစံတွေဖြစ်သည်၊

"အင်း - တုံးကိုက်တိုက်၊ ကျားကိုက်ကိုက်လူတွေ၊ ဘယ်ဘက်လက်မပြတ်နေတဲ့ကောင်က ဗလတောင့်တောင့်ပဲ၊ သင်းက လူကြီးဖြစ်ပုံရတယ်၊ ဒီအစုရဲ့ ခေါင်းဆောင်ဖြစ်ပုံရတယ်၊ ဒါပေမဲ့ - သတိထားနေမှ၊ မျက်ခြည်မပြတ် စောင့်ကြည့်နေမှ"

—

ရေနက်ကွင်းရွာသားများသည် တစ်စတစ်စ တဲစုကလေးတွေ တိုးပွားလာသည်၊ ဖုန်းဆိုးမြေတွေကြီးကို အမှီပြုကာ မှီတင်းနေထိုင်ကြရကား ၎င်းတို့သည် မည်သူနှင့်မျှအရေးတယူ အဖက်လုပ်ခြင်းမရှိ၊ ကူးသန်းဆက်သွယ်ခြင်း မရှိခြင်းကလည်း ရေနက်ကွင်းသည် သီးခြားဘုံဌာနတစ်ခုသဖွယ် ဖြစ်လာသည်၊ ထိန်တောညိုနှင့် လက်ပံကုန်းရွာသားများကလည်း ရေမျောကမ်းတင် ရွက်ကျပင်ပေါက် လို ရောက်လာကြသော ရေနက်ကွင်းသားတွေကို အဖက်လုပ်ဆက်ဆံရမည်ကို ဝန်လေးပုံရသည်၊ ၎င်းတို့ လိုအပ်သော စားနပ်ရိက္ခာ၊ ဆေးဝါးလာရောက်ဝယ်ယူသည်မှလွဲ၍ သွားသွားလာလာဆက်ဆံခြင်း မရှိခဲ့ကြပေ၊ ထို့အတူ ရေနက်ကွင်းသားများကလည်း နှစ်ရွာစလုံးကို တရင်းတနှီးဆက်ဆံရင်းနှီးလိုဟန် မရှိပေ၊ အချင်းများတတ်ကြသည့်လူတွေလို ခပ်တန်းတန်း ဖြစ်နေကြသည်၊

ရေနက်ကွင်းသားများသည် မည်သည့် အသက်မွေးဝမ်းကျောင်းဖြင့် အသက်ရှင်ရပ်တည်ရေးကို ဆောင်ရွက်နေကြပါသနည်း၊

ထိန်တောညိုနှင့် လက်ပံကုန်းရွာသားများသည်၎င်းတို့ကိုသတိဝီရိယဖြင့် စောင့်ကြည့်မည်ဆိုသည်ကို ၎င်းတို့ကလည်း နားလည်သဘောပေါက်ပုံရသည်၊ ထို့ကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါးကိစ္စမှလွဲ၍မသက်ဆိုင်ရန်၊ မပတ်သက်ရန် ရေနက်ကွင်းရွာသားများသည် ဆင်ခြင်နေပုံရသည်၊ မပတ်သက်လိုသည့် အကြောင်းခြင်းရာတွေရှိမည် သေချာသည်၊

သူကြီးဦးတောကျော်သည် ဟိုးဝေးဝေး တောအုပ်ထူထူကြားရှိ တဲအိမ်စုစုကလေးတွေဆီသို့ လှမ်းကြည့်နေသည်၊ တဲစုစုဆီမှ မီးခိုးပြာပြာတွေ လွင့်ပျံလျက်ရှိ၏၊ ညနေစာအတွက် ချက်ပြုတ်နေဟန်ရှိသည်၊

"ဒီကောင်တွေ စီးပွားရေး မည်မည်ရရလုပ်ငန်းမရှိဘဲ ပိုက်ဆံတွေရေလိုသုံးနေတာ ထူးခြားတယ်၊ ခွေးမသားတွေ လက်နက်ပုန်းတွေကိုင်ပြီး ဓားပြတိုက်နေတဲ့ကောင်တွေ၊ ဒီလိုရေနက်ကွင်းဆိုးကြီးထဲမှာ သင်းတို့ လာပုန်းနေကြတာပဲ သဘာဝကျတယ်၊ အင်း - တစ်ခုတော့ ရှိတယ်၊ တို့ရွာနှစ်ရွာကိုတော့ အန္တရာယ်ပေးပုံ မရဘူး၊ အန္တရာယ်ပေးကြည့်ပါလား၊ သင်းတို့လည်းပင်းကိုကြိုးကွင်းစွပ်သလို ဖြစ်သွားမှာပေါ့၊ လက်ပံကုန်းသူကြီး ကိုတေနောင်ကိုတော့ သတိကလေး ပေးထားဦးမှ၊ ဒီကောင်တွေဟိုးတစ်နေ့ အသုဘပို့တဲ့နေ့က လက်နက်တွေကိုင်လာတာ အကုန်လုံးမြင်တယ်"

ဦးတောကျော်သည် တစ်ယောက်တည်း ရေရွတ်လျက်ရှိသည်၊

—

နွေနှောင်းကာလ ရောက်သည်နှင့် မိုးရိပ်တိမ်ရိပ်တွေကို စတင်မြင်လာရသည်၊ လယ်ယာမြေကိုအသက်သွင်းရန် လယ်သမားများ စတင်လှုပ်ရှားစပြုလာကြလေပြီ၊ သင်္ကြန်လွန်ပြီးကတည်းက ထွန်တုံးထွန်တံကို ထုတ်ကာ သ,နေကြပြီဖြစ်သည်၊

ဦးတောကျော်သည် အမတော်ကြေးကိစ္စ၊ လယ်ခွန်၊ စိုက်ပျိုးစရိတ်

www.burmeseclassic.com

ဈေးငွေများအတွက် ဆွေးနွေးပြောဆိုရန် ထိန်တောညီရွာသားသုံးလေးဦးကိုခေါ်ကာ လက်ပံကုန်းရွာဘက်သို့ ထွက်လာကြသည်။ လက်ပံကုန်းရွာသူကြီးဦးတေနောင်နှင့် ချိန်းဆိုထားပေရာ နံနက်စောစောနေမပူခင်၊ နေထန်းတစ်ဖျားမရောက်ခင် ရွာမှ ထွက်လာကြခြင်းဖြစ်သည်။

လက်ပံကုန်းရွာကိုရောက်ဖို့ မိနစ် (၃၀) ခန့် ခြေကျင်လျှောက်ရမည်ဖြစ်ရာ ဦးတောကျော်တို့သည် ကွမ်းကလေးဝါး၊ ဆေးလိပ်ကလေးတဖွာဖွာနှင့်စိတ်လွတ်ကိုယ်လွတ် လျှောက်လာကြပေသည်။

တစ်မျှော်တစ်ခေါ် လယ်ကွင်းပြင်၊ ရေနက်ကွင်းတို့သည် တိတ်ဆိတ်လျက်ရှိ၏။ ချိုင်းတစ်အုပ်သာ မြစ်ပြင်ဘက်ဆီသို့ လေးတွဲ့စွာ ပျံသန်းသွားကြသည်၊ အညိုရောင်တောဘဲရိုင်းတွေက ကျလိကျလိမြည်ကာ ရေနက်ကွင်းဘက်ဆီသို့...။

ဟိုးကွင်းစပ်တစ်နေရာတွင် လယ်ကွင်းကိုမီးရှို့ထားသဖြင့် မီးခိုးတွေတလူလူ အူတက်နေလေသည်။ ပတ်ဝန်းကျင်ပြာမှိုင်းမှိုင်းရီဝေဝေ၊ တဖြည်းဖြည်း စကားတပြောပြော လျှောက်လာကြရာ ရေနက်ကွင်းစပ်သို့ ရောက်လာသည်။ ရွာနစ်ရွာကြားဇရိယာသို့ရောက်လာကြခြင်းဖြစ်သည်၊

စကားပြောဖုနရာမှ တောကျော်၏မျက်ဝန်းအကြည့် က ရေနက်ကွင်းအတွင်းပိုင်းသို့အကြောင်းကိစ္စရည်ရွယ်ချက်မရှိဘဲကြည့်လေကြည့်ထဖြစ်သောအကျင့်တစ်ခုကြောင့် ဖြစ်သည်။

ထိုစဉ်ရေနက်ကွင်းတဲအိမ်ကလေးတွေဆီမှ အပြင်ဘက်ဆီသို့ တရွေ့ရွေ့ထွက်လာသော လူတစ်စုကိုရုတ်တရက်တွေ့လိုက်ရလေသည်၊ ရေနက်ကွင်းသားအုပ်စုသည် သစ်ပင်ချုံပုတ်ကြီးကြားမှ ရုတ်တရက် ဘွားခနဲ ထွက်ပေါ်လာခြင်းဖြစ်ရာ ဦးတောကျော်နှင့် အဖော်ရွာသားများသည် ရှေ့တိုးမလျှောက်သာဘဲ စူးစမ်းဟန်ဖြင့် လှမ်းမြော်ကြည့်ရှုကြလေသည်၊

ဒီကောင်တွေ အရင်တစ်ခါလိုလက်နက်တွေနဲ့များလား၊ ရာဇဝတ်မှု တစ်ခုခု ကျူးလွန်လာပြီထင်တယ်၊

ဦးတောကျော်သည် စိတ်ထဲမှ ရေရွတ်ရင်း အဖော်ဖြစ်သူကိုအဓိပ္ပာယ်ပါပါဖြင့် မေးတစ်ချက် ဆတ်ပြသည်၊ အဖော်ကလည်း အရိပ်အကဲကို သိပြီးဖြစ်ပေရာ ရှေ့ဆက်မလျှောက်တော့ဘဲ ရပ်တန့်ကြည့်ရှုနေလေသည်၊

ရေနက်ကွင်းသားများသည် ဦးတောကျော်တို့ကို ရုတ်တရက်တွေ့ရှိလိုက်ရသော်လည်း ခြေလှမ်းတုံ့ခြင်း၊ ရှိုးတိုးရှန့်တန့်ဖြစ်ခြင်းပင် မဖြစ်ကြဘဲ ရှိလေဟန်ပင် မပြကာ ရှည်မျောမျောအရာဝတ္ထုကြီးတစ်ခုကို လူနှစ်ယောက် ဝါးလုံးဖြင့်လျှိုကာ ထမ်းလာကြခြင်းပင်တည်း၊ အရာဝတ္ထုကြီးကို ဖျာစုတ်ဖြင့်ပတ်ချည်ကာ ရှေ့နောက်ထမ်းကာ ရှေ့ဆုံးမှထွက်လာကြခြင်းပင်၊ ထိုအရာကြီးနောက်မှ လူလေးငါးယောက် အုပ်စုတစ်စုက လုံချည်တိုတိုဝတ်ကာ လိုက်ပါလာကြသည်၊ တစ်ယောက်က ပေါက်တူးတစ် လက်ကိုင် ဆွဲ ထားပြီး နှစ်ယောက်သုံးယောက်ခန့်က အင်္ကျီမပါပေ၊ အသားမည်းမည်း ကျောပြောင်ကြီးများဖြစ်သည်၊

ဦးတောကျော်တို့သည် မရွေ့လျားဘဲ ရပ်တန့်ကြည့်ရှုနေသည်၊ ထိုအုပ်စုကလည်းဦးတောကျော်တို့ဆီသာ တည့်တည့်မတ်မတ်လျှောက်လာသည်၊

သည်လိုနှင့် ဝါးတစ်ပြန်ခန့်အကွာအဝေးသို့ရောက်လာသောအခါဦးတောကျော်သည် မျက်မှောင်ကြုတ်၍ထမ်းပိုးလာသောအရာဝတ္ထုကြီးကိုမသင်္ကာကိုစတင်တွေ့လိုက်ရတော့သည်၊ ရုတ်တရက် လန့်ဖျပ်သွားသည်၊

"အား"

"ဟိုက် - လူသေကောင်ကြီးပဲ"

ပါလာသူတစ်ယောက်က ...

"သူကြီး လူသေကောင်ကြီးဗျ"

"ဟုတ်တယ် - ဒီကောင်တွေ ဘာဖြစ်တာလဲ၊ ဘယ်ကိုသယ်သွားကြမှာလဲ မသိဘူး"

ဦးတောကျော်သည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်၊

"ဟော့ - ဟော့ - မောင်ရင်တို့ဘာကြီးလဲကွ"

အထမ်းသမားတစ်ယောက်က ...

"နာမကျန်းဖြစ်ပြီး သေသွားတာပါခင်ဗျ၊ စစ်ဆေးလို့ရပါတယ်၊ မြေမြှုပ်ဖို့သယ်လာကြတာပါ"

ဦးတောကျော်သည် ခြေတစ်လှမ်းနောက်ပြန်ဆုတ်လိုက်မိသည်၊ ဖျာလိပ်ထဲမှ ဦးခေါင်းပြောင်ပြောင် ဆံပင်ကြဲကြဲကြီးသည် လှုပ်စိလှုပ်စိဖြစ်နေသည်၊ ဦးတောကျော်ရင်ထဲမှာ ပြောချင်တာတွေပြောသင့်ပြောထိုက်တာတွေ စုပြုံကျ

www.burmeseclassic.com



ရောက်လာလေပြီ။ သူသည် လူအုပ်စုကို ရွံ့ရှာမုန်းတီးမသတီသည့် မျက်လုံးအစုံဖြင့် ဝေ့ဝဲကြည့်လိုက်ပြီး…

“ဒီမယ် မောင်ရင်တို့ – ကျုပ်တစ်ခု ပြောချင်တယ်၊ ရှေးထုံးလည်း မပယ်နဲ့၊ ရှေးသုံးလည်း မလွယ်နဲ့ဆိုတဲ့စကားရှိတယ်၊ ဒီအရပ်က အစဉ်အလာထုံးစံတွေ အများကြီးရှိတယ်ကွာ၊ အသုဘကိစ္စရှိရင် ဆိုင်းဝိုင်းထည့်ရတယ်၊ ဆိုင်းမပါရင် တစ်ခုခုဖြစ်တတ်တယ်၊ နိုက်တတ်တယ်၊ ဘယ်လိုနိုက်တယ်ဆိုတာ ပြောရင် ရှည်မယ်၊ တိုတိုပဲပြောတော့မယ်၊ သူ့အရပ်နဲ့သူဇာတ်ပဲဟေ့၊ ကိုယ့်လူတို့ ဒီအရပ်မှာနေရင် ဒီအရပ်ရဲ့ဓလေ့ထုံးစံတွေကိုတော့ လိုက်နာဖို့ လိုလိမ့်မနော်၊ အသုဘရှိလို့အစိမ်းသေ သေရင် ရွာပြင်ထုတ်ပဲ”

ထိုအခါ အသုဘရပ်အလောင်းကောင်ကြီးကို ထမ်းထားသောလူနှစ်ယောက်သည်စိတ်ပင်မရှည်သည်လား၊ ထမ်းထားရသည်မှာ ညောင်းညာလာ၍လောမသိ၊ ဝါးလုံးကြီးကို ပစ်ချလိုက်ရာ ရုပ်အလောင်းကြီးသည် မညီမညာ မြေကြီးပပ်ကြားအက်ပေါ်သို့အထိန်းအကွပ်မဲ့ ပြုတ်ကျသွားလေသည်။

“ဘုတ်”

“ဒုန်း”

ရုပ်အလောင်းကြီးသည် လွှတ်ချလိုက်သည့်အရှိန်နှင့် ပတ်ထားသောဖျာစုတ်ကြီး ပြေကျသွားကာ ပက်လက်ကြီး ပေါ်ထွက်လာတော့သည်၊ မရှုမဆံ့ဝေဒနာကို ခံစားရဟန်ဖြင့် မျက်လုံးကြီး



ဒင်းတို့က အရှုးတွေ၊ ဘယ်ကဘယ်လို
ရောက်လာကြမှန်းမသိတဲ့ အလေနတော
အရှုးကောင်တွေ၊ ဂျပိုးတွေ၊ စည်းမရှိ ကမ်းမရှိ
လူတစ်ပိုင်း သရဲတစ်ပိုင်းတွေ၊
ကောင်းရောင်းကောင်းဝယ်လုပ်စားမယ့်
လက္ခဏာလည်း မမြင်။ အသုဘချရင်
ရပ်ဓလေ့ ရွာဓလေ့လည်း
မလိုက်နာတဲ့ကောင်တွေ၊ အသုဘကောင်ကို
သရဏဂုံမတင်၊ ဆိုင်းမတီးဘဲ ဖျာလိပ်နဲ့
ပတ်ချတဲ့ကောင်တွေ၊ ကမ်းကုန်ရော …

များပြူးထွက်ကာ လျှာက လက်လေးလုံးခန့် နှုတ်ခမ်းအပြင်သို့ ထွက်နေသည်၊ နားရွက်ထဲမှ သွေးပုပ်တွေကျနေသည်၊ မျက်လုံးတစ်ဝိုက်တွင် သွေးတွေက ခြောက်နေသေးသည်။

ဦးတောကျော်သည် ထိတ်လန့်ကြောက်လန့်ဖွယ်ရာမြင်ကွင်းကြောင့် အထိတ်တလန့် ဖြစ်သွားသည်၊ သူနှင့်ပါလာသူတွေပါ ကိုယ်ရှိန်သတ်လိုက်ကြသည်၊ ရုပ်အလောင်းကြီး၏ လက်တစ်ဖက်သည် ဖျာစွန်းနှင့်ငြိနေကာ တလှုပ်လှုပ်ဖြစ်နေသည်မှာ ချောက်ချားစရာကောင်းလှသည်။

“ဟေ့ – နေကြပါဦး၊ မင်းတို့မသာက ဘယ်လိုဖြစ်တာလဲ၊ ရှင်းကြစမ်းပါဦး”

အလောင်းသယ်တစ်ယောက်က ဟူးခနဲ သက်ပြင်းတစ်ချက် မှုတ်လိုက်ကာ -

“မြွေကိုက်သေတာပါ”

“ဟင်”

“ဟိုက်”

“ဟာ…”

“မင်းတို့ပြောတော့ နာမကျန်းဖြစ်သေတာပါဆိုကွ – ဟေ”

ဦးတောကျော်သည် အလောင်းကောင်ကြီးကို သေသေချာချာကြည့်လိုက်သည်၊ အလောင်းသည် နာဖျား၍ သေခြင်းမဟုတ်၊ တစ်ကိုယ်လုံးပြာနှမ်းနေသည်၊ ညိုပုပ်နေပြီ၊ လက်ဖဝါးတွေပါ ပြာနှမ်းနေသည်၊ အဆိပ်ရှိ သေ



www.burmeseclassic.com

www.burmeseclassic.com

အကောင်တစ်ကောင် ကိုက်၍သေသည်မှာ သေချာပေပြီ၊ ဒါမှမဟုတ် အဆိပ်သောက် သေခြင်းလော၊

"ဘယ်မှာ အကိုက်ခံရတာလဲ"

တစ်ယောက်က ...

"ကုလားကုန်းမှာ"

ဦးတောကျော်သည် နှုတ်မှ "ဘာ" ဟူသော အာမေဋိတ်သံ ပြင်းထန်စွာ ထွက်ပေါ်လာသည်မှာ မိုးချုန်းသံတမျှ ပြင်းထန်လှပေသည်၊ အထိတ်တလန့် မြည်လိုက်ခြင်းသာဖြစ်သည်၊ မသာရှင် အုပ်စုသည် မျက်စိမျက်နှာပျက်ကာ ရုတ်တရက် နှုတ်ဆိတ်သွားကြသည်၊

"ဒီမှာ ရေနက်ကွင်းသားတွေရဲ့ ကုလားကုန်းဆိုတာ ဟိုး-ငါးရွာ၊ လေးရွာ ခြားနေပြီ၊ အဝေးကြီးမှ အဝေးကြီး၊ ဒီလူကအဲဒီကုလားကုန်းမှာမြွေအကိုက်ခံရတယ်လို့ မြစ်ခြားထားတဲ့ရွာ မဟုတ်လား၊ အဲဒီရွာမှာ မြွေအကိုက်ခံရပြီးသေတာ မဟုတ်လား"

အားလုံး ငြိမ်သက်သွားကြသည်၊ ဦးတောကျော်သည် မကျေမနပ်လှမ်းကြည့်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်၊

"ဒီမှာမင်းတို့ကိုငါတို့တစ်ခါမှမမြင်ဖူးဘူး၊ ဘယ်ကရောက်လာတဲ့လူတွေလဲဆိုတာလည်း ငါတို့မသိဘူး၊ ထားတော့၊ ဒါပေမဲ့-ငါတို့အရပ်မှာ လာနေတယ်ဆိုရင် ရွာ်ဓလေ့အရပ်ဓလေ့ကိုသိဖို့ကောင်းပါတယ်၊ လိုက်နာဖို့ လိုတယ်ကွ၊ ဒီအရပ်မှာအစိမ်းသေသေရင်ရွာပြင်ထုတ်ရတယ်၊ ရွာပြင်မှာသေရင် ရွာပြင်မှာပဲထားရတယ်၊ ရွာထဲသွင်းလို့မရဘူး၊ ရွာနာတယ်၊ ရွာခိုက်တယ်ကွ၊ နားလည်ကြလား၊ ပြီးတော့ ရိုးရိုးရောဂါနဲ့ ဓမ္မတာအတိုင်းသေရင်တောင် သရဏဂုံတင်ရတယ်၊ ဆိုင်းထည့်ရတယ်၊ မင်းတို့ဥစ္စာ၊ ခုကြည့်ပါဦး၊ ကြောက်စရာကောင်းလိုက်ပါဘိ၊ ရွာပြင် ဟိုးဝေးဝေးကြီးမှာသေတဲ့ အစိမ်းသေမသာကြီးကို ရွာထဲသွင်းလာတယ်၊ ပြီးတော့သရဏဂုံမတင်ဆိုင်းမပါ၊ ဗုံမပါပဲနဲ့ ဖျာနဲ့လိပ်ပြီး အသုဘချတယ်၊ ကောင်းရောကွာ-ကောင်းရောပဲ၊ ဘယ်လိုကောင်တွေလဲကွာ၊ လူတွေမှ ဟုတ်ရဲ့လား၊ ပြီးရင်း ခေါင်းသွင်းရတယ်၊ ကြည့်စမ်း-ခု ဖျာလိပ်နဲ့ပတ်ပြီး မသာချလာတယ်၊ ရွာတော့ နာပြီပေါ့ကွာ၊ သေချာတယ်၊ ရွာနာပြီဟေ့၊ ငါပြောတဲ့အံချက်တွေနဲ့ မပြည့်စုံရင် ရွာပျက်ဖို့သာ ပြင်ပေတော့၊ ကဲ-ခုမှတော့ မထူးတော့ဘူး၊ မင်းတို့သဘောနဲ့ လုပ်စရာရှိတာသာ ဆက်လုပ်ပေတော့ဟေ့၊ တို့ကတော့ အလွှတ်ပဲ၊ ဘယ့်နှယ်ကွာ၊ ဗလရှီးနမ်းကောင်တွေပဲ၊ အရှူးကောင်တွေပဲ၊ အမနုဿကောင်တွေ လူတွေမှ ဟုတ်ရဲ့လား"

ဦးတောကျော် မကျေမနပ် ဗျစ်တောက်ဗျစ်တောက် ပြောလေတော့သည်၊ တစ်ဖက်လူများသည် မှန်တေတေ ရှုသိုးသိုး မိုက်တိမိုက်ကန်း ခပ်ပေပေလူများဖြစ်ပုံရသည်၊ မကျေနပ်သော်လည်းခွန်းတုံ့မပြန်ကြ၊ လောလောဆယ်သူတို့၏ပြာနမ်းနမ်းအသုဘကောင်ကြီးကို မြေကျဖို့၊ မြေကြီးထဲရောက်သွားဖို့အရေးကြီးသည်၊ ဦးတောကျော်မိန့်မြွက်ကြားသည့်သရဏဂုံတွေရွာပြင်ရွာတွင်းတွေ၊ မသာဆိုင်းတွေ ထုံးစံတွေ နားလည်ပုံမရ၊ စိတ်ဝင်စားပုံမပေါ်၊

လူပေလူတေအုပ်စုသည် ကြောင်စီစီမထုံတက်သေးရုပ်နေသည်၊ ထိုအခါ ဦးတောကျော်သည် ...

"မင်းတို့တဲစုက ခေါင်းဆောင်ကော၊ လူကြီး ဘယ်သူလဲ"

"ဘိုကလေးအောက်ဘက်ကိုဆင်းသွားပါတယ်၊ ခရီးထွက်သွားတာပါ ခင်ဗျ"

"သူ ဘယ်တော့ ပြန်လာမှာလဲ၊ ဒီအချိန်မှာ ရှိနေဖို့ကောင်းတာပေါ့"

"မသိဘူးခင်ဗျ၊ နှစ်ရက်သုံးရက်လောက်တော့ ကြာမယ်ပြောတယ်"

ဦးတောကျော်သည် သွေးပုပ်တွေစီးကျနေသော အသုဘကောင်ကြီး၏ မျက်နှာပြာနမ်းနမ်း ညိုပုပ်ပုပ်ကြီးကို တစ်ချက်လှမ်းကြည့်ကာ ...

"အေး-ဒီအရပ်မှာ မှီခိုနေရင်တော့ ရပ်ဓလေ့ရွာဓလေ့တွေကိုတော့ သိနားလည်ဖို့လိုတယ်၊ နေပါဦး-မင်းတို့ခေါင်းဆောင်က ရွာထဲမှာ ဆန်နဲ့ဆေး မကြာခဏလာဝယ်တတ်တဲ့နဖူးပြောင်ပြောင်၊ ကိုယ်လုံးကိုယ်ထည် ဂင်တိုတို၊ ဘယ်ဘက်လက်မပြတ်နေတဲ့ လူလား၊ သူ့နာမည် ဘယ်သူ"

ထိုအခါ အုပ်စုသည် တစ်ညီတစ်ညွတ်တည်းအသံဖြင့် ...

"ဟုတ်ပါတယ်-ဟို"

"ကိုမြဒင်-ဆရာမြဒင်ပါ ခင်ဗျ"

"အေး-သူလာရင်သေသေချာချာ ပြောပြကြ၊ ရပ်ဓလေ့၊ ရွာဓလေ့ ထုံးစံကို လိုက်နာဖို့"

"ဟုတ်ကဲ့ပါ-ခင်ဗျာ၊ မှတ်ထားပါ့မယ်"

"ဆရာလာရင် ပြောလိုက်ပါ့မယ်"

"ကဲ-ကဲ-ခုမှမထူးတော့ဘူး၊ မင်းတို့ မြွေကိုက်ခံရတဲ့အသေကောင်ကို





www.burmeseclassic.com

www.burmeseclassic.com

မြေသာမြှုပ်လိုက်တော့၊ ကိုယ့်ထိုက်နဲ့ကိုယ်ပဲပေါ့။ ရွာနာတာတော့ သေချာတယ်။ တကယ့်ကို ဗျတ်သုတ်ခတွေပါလား"

▬

အမှန်တကယ်ပင်နိုက်တတ်သော ခလေ့ထုံးစံပေလော၊ ဒါမှမဟုတ် ဆန်းကြယ်သော တိုက်ဆိုင်မှုလော မသိ။ ရေနက်ကွင်းလူပေလူတေအုပ်စုဆီသို့ ကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီး တစ်ခု မကြာခင်ကျရောက်လာတော့မည်ကို ဘယ်သူမှ မရိပ်မိနိုင်ပေ။ ဆိုးဝါးသော ကံကြမ္မာသည် ခြေသံလုံလုံဖြင့် လာရောက်တတ်သည် မဟုတ်ပါလား။

ရေနက်ကွင်းသားတို့၏ အသေဆိုး၊ ကြမ္မာဆိုးဖြင့် သေရရှာသည့် ရုပ်အလောင်းကောင်ကို သရဏဂုံမတင်ခြင်း၊ သစ်သားခေါင်းမသွင်းခြင်း၊ တိရစ္ဆာန်အသေကောင်ကဲ့သို့ဖြစ်သလို အသုဘချခြင်းဆိုင်းပမာဝုံပမာ အသုဘချခြင်းတို့၏နောက်ကွယ်လကွယ်ည၏ တစ်ညတာတွင် ...

ကျီကန်းတွေတစ်ညလုံးလန့်ပြိုနေခဲ့ကြသည်။ ရွာ၏နစ်ချို့သစ်ပင်ကြီးများတွင်သာ အိပ်တန်းတက်လေ့ရှိသော ကျီးငှက်များသည် ညနေစောင်း နေဝင်ချိန်မှစတင်ကာ ဂနာမငြိမ် လှုပ်လှုပ်ရွရွဖြစ်နေကြခြင်းဖြစ်သည်။ ကျီးကန်းများသည် တအာအာမြည်ကာ ဝေါခနဲအသံကြီးဖြင့် ကောင်းကင်ပေါ်သို့ထိုးတက်ပျံသန်းသွားကြပြီး ကောင်းကင်းတွင်ဝဲပျံနေကြသေးသည်။ အတန်ကြာ ဝဲပျံစီးမှ သစ်ပင်တွေပေါ်ပြန်နားကြ၏။ ထို့နောက် ဝေါခနဲအော်ဟစ်ကာပျံသန်းကြပြန်ကာ ကောင်းကင်တွင် စက်ဝန်းပုံ ပျံသန်းကြပြီး ဒေါသတကြီး အော်ဟစ်ဆူညံရင်း ဝဲပျံနေကြပြန်သည်။ ၎င်းတို့သည် ကြောက်မက်ဖွယ် တောတိရစ္ဆာန် တစ်ကောင် သို့မဟုတ် မကောင်းဆိုးဝါးကောင်ကိုမြင်၍ လန့်ပြိုနေကြခြင်းလော။ မကောင်းဆိုးဝါးကိုမြင်ကာ လန့်ပြိုနေကြခြင်းသာ ဖြစ်မည်။

ထိုကဲ့သို့ကျီးကန်းတွေ တစ်ညလုံး လန့်ပြိုနေခြင်းသည် ညဥ့်နက်သည်အထိ ဖြစ်သည်။ ကျီးပြိုခြင်းသည် ကောင်းသော အတိတ်နိမိတ်မဟုတ် ရကား တစ်ရွာလုံး မအိပ်နိုင်ဘဲ အိပ်ရာထဲမှပင် ရင်တထိတ်ထိတ်ဖြင့် ငြိမ်သက်စောင့်ကြည့်နေမိကြသည်။

သူကြီးဦးတောကျော်သည် သည်နေ့မှ ထူးထူးခြားခြား အိပ်မပျော်နိုင်ဘဲ မျက်စိကြောင်ကာအိပ်ရာပေါ်တွင်ဘယ်ညာလူးလိမ့်နေမိသည်။ ကျီးကန်းတွေက ဘာကြောင့် လန့်ပြိုနေကြတာလဲ။

ခေါင်မိုးပေါ်မှဖြတ်၍ ပျံသန်းသွားသော ညဥ့်ငှက်တို့၏အော်သံသာ တစ်ချက် တစ်ချက် ပြတ်တောင်းပြတ်တောင်းကြားနေရသည်။ သစ်ရွက်တွေကို တရှဲရှဲလေတိုးတိုက်သံကလည်း ညဥ့်နက်လေလေ စိတ်ချောက်ချားစရာကောင်းလာလေလေပင်။

ဦးတောကျော်သည်မျက်စိကိုမှိတ်ကာ အိပ်ပျော်အောင်အိပ်မည်ဟု သံန္နိဋ္ဌာန်ချလိုက်ချိန်တွင်အသံတစ်သံကိုကြားလိုက်ရလေသည်။ အသံမှာ ခပ်အုပ်အုပ်အသံဖြစ်သည်။ နောက်တစ်ချက် ထပ်ကြားရပြန်သည်။

ဦးတောကျော်ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ လူးလဲထရန် ပြင်သည်။

သေနတ်သံ၊ သေမင်းခေါ်သံ....။

"ဒိုင်း"

နောက်တစ်ချက်။ ဦးတောကျော်ရုတ်တရက် ထထိုင်သည်။ သေနတ်သံသည် ဟိုးခပ်ဝေးဝေးမှ လေအဟုန်တွင်လွင့်၍ ပျောလာသောအသံ ဖြစ်သည်။ နီးနီးကပ်ကပ် အသံမဟုတ်။

"ဓားပြတိုက်နေပြီထင်တယ်။ သေချာတယ်။ ဓားပြတိုက်နေပြီ"

အားလုံး ၊ သေနတ်သံ သုံးချက်တိတိ။

ဦးတောကျော်သည် ခုတင်ပေါ်မှ အသာလျောဆင်းသည်။ ပတ်ဝန်းကျင်ကား နက်မှောင်လျက်။

"ကိုတောကျော်"

ရုတ်တရက် အိပ်ရာမှ နိုးလာသော သူကြီးကတော်၏ အသံ...

"ဘာတုံးဟ"

"သေနတ်သံရှင့် - တစ်နေရာမှာ ဓားပြတိုက်နေပြီ ထင်တယ်၊ အိမ်အောက်ကို အရမ်းမဆင်းနဲ့တော်ရေ"

ဦးတောကျော်သည် လေသံဖြင့် ...

"ငါ သိပါတယ်ဟဲ့၊ သေနတ်သံက အဝေးကြီးပါ"

ဦးတောကျော်သည်ခပ်သွက်သွက်ပင်အိမ်အပြင်သို့ထွက်လိုက်လေသည်။ အိမ်အပြင်ဘက်တွင်ပတ်ဝန်းကျင်သည် အမှောင်ထုအောက်တွင် ကြောက်မက်ဖွယ် ငြိမ်သက်ပျောက်ကွယ်နေသည်။ မျိုးသိပ်မှုများဖြင့် လျှို့ဝှက်စွာ နစ်မြုပ်ပျောက်ကွယ်နေခြင်းသာ ဖြစ်ပေလိမ့်မည်၊ တစ်ခါတစ်ရံ စိုးစိုးစီစီမြည်နေသောအသံ၊ တရှဲရှဲတိုက်ခတ်နေသော လေတိုးသံတို့သည် စေးပျစ်မည်းမှောင်နေသော ပတ်ဝန်းကျင်တွင် သက်ပင်

www.burmeseclassic.com

လှုပ်ရှားနေကြသည်၊ ပတ်ဝန်းကျင်သည် လေးလံတိတ်ဆိတ်မှုအားလုံးကို ကိုယ်စားပြုထားသည်ဟု ဆိုရပေမည်။

ရှန်းကြွဆူထနေသည်ဟု ထင်ရသောပတ်ဝန်းကျင်သည်ရုတ်ခြည်းအပ်ကျသံပင်မကြားရလောက်အောင်တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်၊ ဦးတောကျော်သည် ကျေးရွာ၏ ခေါင်းဆောင်သူကြီးပီသသူပီပီ အိမ်ရှေ့ရွာလမ်းမပေါ်သို့ မည်သို့မည်ပုံပင် ရောက်သွားသည်မသိ၊ လက်ထဲတွင်ကား ဖားမီးအုပ်ကို မည်သို့ရရှိသွားသည်ပင်အမှတ်မထားချင်တော့၊

သေနတ်သံတွေ ဆက်၍ မကြားရတော့၊ သူသည် အမှောင်ထုမှာပင် မျက်စိအာရုံကို ကျင့်သားရအောင် မျက်ခွံများကိုကျုံ့ကာ ရွာလယ်လမ်းမတစ်လျှောက် စူးစူးစိုက်စိုက် ကြည့်နေဆဲမှာပင် အရိပ်တွေ ဖျတ်ခနဲ - ဖျတ်ခနဲ သူ့ဆီသို့ဝင်လာသည်ကိုသာ သတိပြုမိတော့သည်၊

"သူကြီး"

"ဟေ - ကိုဘအောင်လား"

"ဟုတ်တယ် - သူကြီး - သေနတ်သံ သုံးချက်ကြားလိုက်တယ်"

ကိုဘအောင်သည် ဦးတောကျော်၏ ခြံနှင့်ကပ်လျက်ဖြစ်သည်၊ ရပ်ရေးရွာရေး ကိစ္စဟူသမျှ အားကိုးရသူလည်းဖြစ်သည်၊ ဦးတောကျော် အားတက်သွားသည်၊ အမောခံရွာသားတွေ ဝိုင်းရံလာသည်၊

"ဟုတ်တယ် - တစ်နေရာရာမှာ ဓားပြတိုက်နေပြီကွ"

ဦးတောကျော်က အမှောင်ထဲမှပင် မှုန်ဝါးဝါးမြင်နေရသော ကိုဘအောင်ကို လေသံဖြင့် ပြန်ပြောသည်၊

"ကျုပ်တို့ရွာထဲတော့ မဟုတ်တာ သေချာတယ်သူကြီးရဲ့၊ တခြားတစ်နေရာက..."

ထိုစဉ်သူတို့ထံသို့ဝင်လာကြသော မီးတိုင်တွေ၊ ဖားမီးအုပ်တွေနှင့် ရွာသားတွေကို လှမ်းမြင်နေရပြီး သူကြီးအိမ်သို့ လာရောက်စုရုံးကြခြင်းဖြစ်သည်၊

"ဟုတ်တယ် ကိုဘအောင် - လက်ပံကုန်းကတော့ မဟုတ်ဘူး၊ လက်ပံကုန်းက ဝေးတယ်၊ ရေနက်ကွင်းထဲက ဖြစ်နိုင်တယ်"

"ဟုတ်မယ် - ဟုတ်မယ် လူဆိုးလူမိုက်တွေဆီ သေချာတယ်၊ မနက်ကျမှ သွားစုံစမ်းကြတာပေါ့၊ ဒီကောင်တွေ ကျုပ်တို့အစတည်းက မသင်္ကာနေတာ၊ အချင်းချင်း ဝေစု မတည့် တာလား၊ အရက်မူးပြီး ပစ်ကြခတ်ကြတာလား၊ မသိဘူး - သူကြီး"



"သေနတ်သံ သုံးချက်ဆိုတော့ အနည်းဆုံး သုံးကောင်ပေါ့ကွာ"

ညသည် ပြန်၍ တိတ်ဆိတ်သွားပြန်သည်၊

▬

ရေနက်ကွင်းဆီမှ သေနတ်သံသုံးချက်ကြားရပြီးနောက် ...

ရက်သတ္တပတ်တစ်ပတ် ခန့်ကြာသော် ကြောက်မက်ဖွယ်သတင်းဆိုးကြီးတစ်ခုသည် ပတ်ဝန်းကျင်ကျေးရွာအနှံ့အပြားသို့ တစ်မုဟုတ်ချင်း ပြန့်နှံ့သွားလေသည်၊

ကိုဘအောင်သည် ဦးတောကျော်ခြံတွင်းသို့ ရွာသား သုံးလေးဦးခန့်နှင့်အတူ ရေးကြီးသုတ်ပျာ ဝင်ရောက်လာသည်၊ လုံချည်တိုတိုဝတ်ကာ အမူအရာတွေ ပျက်နေဟန်ရှိသည်၊

"သူကြီးရေ - ပြဿနာတွေတော့ တက်ကုန်ပြီဗျို့"

"ဟုတ်တယ် - သူကြီးမင်း ဖာတ်တွေကတော့ ရှုပ်ကုန်ပြီခင်ဗျ"

ဦးတောကျော်သည်ကြောင်အကာ ငေးနေသည်၊

"ဘယ် - ဘယ် - ဘယ်လို"

ကိုဘအောင်သည် ရွာသားတစ်ယောက်ကို မေးဆတ်ပြလိုက်ရင်း ...

"ခင်စိန့်ကိုသာ မေးကြည့်တော့ သူကြီး"

ခင်စိန်ဆိုသောရွာသားက ရုတ်တရက် ရှေ့သို့ထွက်လာကာ ...

"ရေနက်ကွင်းသားတွေ ကပ်တော့ဆိုက်နေပြီသူကြီး၊ ကျုပ်တို့လက်ပံကုန်းရွာကို မျိုးစပါးသွားယူရင်း ရေနက်ကွင်းရှေ့က ဖြတ်လာတာ၊ နစ်လောင်းပြိုင်အသုဘဗျို့ ကသောကမျောပဲ - ခင်ဗျ၊ သုသာန်ဘက်ကို ဓောင်နဲ့ပတ်ပြီး သယ်သွားကြပြီ၊ အကုန်လုံး မျက်စိပျက်မျက်နှာပျက်နဲ့ပဲ"

ဦးတောကျော်သည် မျက်မှောင်တစ်ချက်ကြုတ်ကာ ဆေးပြင်းလိပ်ကို ရှိုက်ဖွာလိုက်လေသည်၊ ကိုဘအောင်တို့က ဦးတောကျော်အနီးတွင် ဝိုင်း၍ရပ်နေကြသည်၊

"လွန်ခဲ့တဲ့ (၁၀) ရက်ကပဲ ညဘက်ကြီး သေနတ်တွေနဲ့ ပစ်ကြခတ်ကြပြီး ခုဘာဖြစ်ပြန်ပြီလဲ"

ခင်စိန်သည်ပုဆိုးကိုပြင်ဝတ်လိုက်လေသည်၊

"ခုဥစ္စာက ကျုပ်ထင်တာတော့ ပစ်တာခတ်တာ မဟုတ်ဘူးထင်တယ် သူကြီး၊ သေနတ်သံ မကြားရဘူး၊ တစ်ခုခုတော့ တစ်ခုခုပဲ"

www.burmeseclassic.com

အော်ဟစ်ဆူညံနေသော လူသံသူသံများကို သဲ့သဲ့ သဲ့သဲ့ ကြားနေရသည်ဟုဆိုသည်။ နေဝင်ရီတရောဆိုလျှင် မျက်စိလည်လမ်းမှား၍ ဖြတ်သွားဖြတ်လာရှိတတ်သော ခရီးသွားများသည် ဦးခေါင်းပြောင်ပြောင်၊ တုတ်ခိုင်သောခန္ဓာကိုယ်၊ ဘယ်ဘက်လက်ပြတ်နေသောလူတစ်ယောက် ရပ်နေတတ်သည်ကို တွေ့ရသည်ဟု ဆိုသည် ...

"ဘုရားမကြိုက် နတ်မကြိုက်တဲ့ မိစ္ဆာကောင်တွေတဖြည်းဖြည်းသေကုန်တော့လည်း အေးရောပေါ့၊ ကာလနာတွေ သေကြသေကြ"

ထိုအခါ ကိုဘအောင်ကဝင်၍...

"ခင်းတို့သေကုန်တာ အကြောင်းမဟုတ်ဘူး - သူကြီး၊ တစ်နယ်လုံး၊ တစ်ကွင်းလုံး ခိုက်လာရင် ဒီဘက်ကူးစက်လာမှာ၊ ဒီဘက်ရွာတွေဆီ ရောက်လာရင် ဘယ်လိုလုပ်ကြမလဲ၊ ခင်းတို့တအရှုးတွေ၊ ဘယ်ကဘယ်လိုရောက်လာကြမှန်းမသိတဲ့ အလေနတော အရှုးကောင်တွေ၊ ဂျပိုးတွေ၊ စည်းမရှိကမ်းမရှိ လူတစ်ပိုင်း သရဲတစ်ပိုင်းတွေ၊ ကောင်းရောင်းကောင်းဝယ် လုပ်စားမယ့် လက္ခဏာလည်း မမြင်၊ အသုဘချရင် ရပ်ဝေးရွာဝေးလည်း မလိုက်နာတဲ့ ကောင်တွေ၊ အသုဘကောင်ကိုသရဏဂုံမတင်၊ ဆိုင်းမတီးဘဲ ဖျာလိပ်နဲ့ ပတ်ချတဲ့ကောင်တွေ၊ ကမ်းကုန်ရော၊ ကျွန်တော် ထင်တာတော့ ရောဂါတစ်ခုခုကြောင့်ထင်တယ်၊ ဒါမှမဟုတ် ဟိုတစ်နေ့က ပစ်ကြခတ်ကြတုန်းက ဒဏ်ရာရပြီး ခုမှမသာပေါ်တာ ထင်တာပဲဗျ"

စကားဝိုင်းသည်ငြိမ်သက်သွားပြန်သည်၊ စဉ်းစားရကြပ်သွားပုံရသည်၊

သို့သော်ငြိမ်သက်ခြင်းကားနောင်ဖြစ်ပေါ်လာမည့် ကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီးကို ကြိုဆိုကမ်းလင့်နေသကဲ့သို့ပင်တည်း၊

ထိုအချိန်တွင် ရေနက်ကွင်းတဲစုများအတွင်းကြောက်မက်ဖွယ်အန္တရာယ်





ဆိုးကြီးသည် တစ်စတစ်စ ကြီးထွားရှင်သန်လာသည်ကိုမည်သူမျှမရိပ်မိနိုင်ကြသေး၊

သို့သော်...

နောက်တစ်နေ့ မနက်စောစော ...

လင်းအရုဏ်ပျိုးစအချိန်တွင်ကား၊

—

မနက်ခင်းရောင်နီပျိုးအန်စ ....၊

ပတ်ဝန်းကျင်သည် နှင်းမြူတို့ဖြင့် သိပ်သည်းကာ ငြိမ်းချမ်းတိတ်ဆိတ်နေခဲ့သည်၊ နံနက်ခင်းစောစော နှိုးထတတ်သည့်တောကျီကန်းများ၊ ဥဩငှက်များ၏အော်မြည်သံသာ သစ်တောအုပ်ဆီမှ လွမ်းဆွတ်ဖွယ် ပြန့်လွင့်နေသည်၊

ငြိမ်သက်တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကို စတင်ဖျက်ဆီးလိုက်သည့်အရာမှာ ရေနက်ကွင်းဧရိယာသာဖြစ်ပေသည်၊ လှုပ်ရှားမှုကို စတင်လိုက်သည်မှာ ရွာနှစ်ရွာကြား သစ်တောအုပ်၏အလယ်မှပင် စတင်လိုက်ခြင်းဖြစ်ပေသည်တကား၊

ပထမဦးစွာရေနက်ကွင်းညွန့်တောထဲမှကသောကမျောထွက်လာကြသော လူအုပ်စုဖြစ်သည်၊

ယင်းတို့သည် ရွာနှစ်ရွာဆီသို့ ဦးတည်ရွေ့လျားကြခြင်းမဟုတ်ဘဲ ရေနက်ကွင်း၏မြောက်ဘက်စွန်းရှိဧရာဝတီမြစ်ကမ်းခြေသို့ သွားနေကြခြင်းသာ ဖြစ်သည်၊ သူတို့သည် ရေကြီးသုတ်ပျာဟန်

www.burmeseclassic.com

ဖြင့် တစ်ပိုင်တစ်နိုင် ဝန်စည်စလယ်များကို သယ်ပိုးကြကာ ရေနက်ကွင်းကို ကျောခိုင်းစွန့်ခွာသွားကြခြင်းဖြစ်သည်။

သူတို့အားလုံးဆယ်ယောက်၊ ဆယ့်ငါးယောက်ခန့် ရှိပေမည်။ သူတို့သည် နောက်ကျောဘက်တွင် ကျန်ရစ်ခဲ့သည့် သူတို့နေထိုင်ခဲ့ရာ၊ မှီနားခဲ့ရာ ရေနက်ကွင်းတဲအိမ်များကို ရှုံ့ရှာမုန်းတီးဟန်ဖြင့် လှည့်၍ပင် မကြည့်ဘဲ မြစ်ကမ်းဆီသို့ အလျင်စလို ပြေးထွက်သွားကြခြင်း ဖြစ်ပေသည်။

သူတို့၏လှုပ်ရှားမှုကိုထိန်တောညို ရွာသားများက စောင့်ကြည့်နေကြသည်ကို သူတို့ရိပ်မိကောင်း ရိပ်မိပေကြလိမ့်မည်။ သို့သော်ထိန်တောညိုမှကလက်ပံကုန်းရွာကပဲ ထွက်ကြည့်ကြည့်၊ ဂရုမစိုက်နိုင်။ သူတို့၏ ခြေလှမ်းများသည် ရေနက်ကွင်းမှ ဝေးလေကောင်းလေဟု သဘောထားနေပုံ ရသည်။ လျင်မြန်သောအဟုန်ဖြင့် သုတ်ခြေတင် ရွေ့လျားနေကြခြင်း ဖြစ်ပေသည်။ စွန့်အပ်ပြီးသော တံတွေးစက်ကဲ့သို့ သံယောဇဉ်ပြတ်ကာ စွန့်ခွာသွားပုံမျိုးပင်။

"တစ်ခုခုတော့ တစ်ခုပဲဟေ့"

"ဟုတ်တယ်ဗျို့– အကုန်လစ်ပြေးကုန်ကြပြီ"

"အထုပ်အပိုးတွေပါ ပါသွားပုံရတော့ ရေနက်ကွင်းကို လုံးဝပြန်မလာတော့ဘဲ သံဇံယောဇဉ် ပြတ်သွားမယ့်ပုံပဲဟေ့"

ထိန်တောညိုရွာသားများသည် ကွင်းပြင်ထီးထီးကြီးတွင် ခပ်သုတ်သုတ် ထွက်သွားသော လူတန်းကြီးကို လှမ်းကြည့်ကာ ထင်ကြေးအမျိုးမျိုး ပေးနေကြသည်။

ဘာကြောင့် ရေနက်ကွင်းကို စွန့်ခွာသွားကြတာလဲ။

ဘာအကြောင်းကြောင့်...။

ဘာကြောင့်...။

ဘယ်လိုလဲ...။

ထိုစဉ် ရေနက်ကွင်းထဲမှ ပစ္စည်းထုပ်တစ်ခုကို လက်မှဆွဲလျက် လူတစ်ယောက် သုတ်သုတ်ပျာပျာ ထွက်လာသည်ကို ထိန်တောညိုတစ်ရွာလုံး လှမ်းမြင်နေရသည်။ ထိုသူသည် ပထမအုပ်စုထွက်သွားသော မြစ်ဘက်ဆီသို့ လိုက်သွားခြင်းမဟုတ်ဘဲ ထိန်တောညိုရွာဘက် ထွက်လာခြင်းဖြစ်သည်။ ထူးထူးခြားခြား ခွဲ ထွက်လာသော လူတစ်ယောက်ဟု ဆိုနိုင်သည်။

"ဟေ့ – ဒီဘက်ကို ရေနက်ကွင်းသားတစ်ယောက်ချွန်ပြီးထွက်လာတယ်ကွ၊ ထူးခြားတယ်၊ ဒီကောင့်ကို ခေါ်မေးကြစမ်း။ ဘယ်လိုဖြစ်ကြတာလဲဆိုတာ"

ဦးတောကျော်၏စကားအဆုံးတွင် အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်၊ အားလုံး၏ မျက်ဝန်းများက ရွာဘက်သို့ ခပ်သွက်သွက် လျှောက်လာသော ရေနက်ကွင်းသားဆီသို့အာရုံတွေ စူးစိုက်ကျရောက်လျက်ရှိလေသည်၊

ရေနက်ကွင်းသားသည် ရွာထဲသို့ အထုပ်ပိုက်ကာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပေပြီကော။ မျက်စိမျက်နှာ ပျက်လျက် ဝင်လာခြင်းသာ ဖြစ်သည်၊

ရေနက်ကွင်းသားသည် သူ့ကို ရွာတံခါးဝမှနေကာ ရာပေါင်းများစွာသော မျက်ဝန်းများ၏ စူးစမ်းကြည့်မှု၊ ဖြစ်ပျက်မှုကို သိရှိလိုမှုများဖြင့် ဝန်းရံလာသော နှုတ်ခမ်းများ၊ နားများ၊ အကြည့်များကို ရင်ဆိုင်ရင်း ထိတ်ထိတ်ပျာပျာဝင်ရောက်လာခြင်း ဖြစ်သည်။

"ကဲ – ရေနက်ကွင်းသား – မင်းဘယ်လိုဖြစ်ပြီး ရှေ့က သွားသူတွေနောက်ကို မလိုက်ဘဲ တို့ရွာထဲ ဝင်လာတာလဲ – ရှင်းစမ်းပါဦးဟ"

ဆံပင်စုတ်ဖွားဖွား၊ အသားမည်းပြောင်ပြောင်၊ အရပ်ကလန်ကလားနှင့် ရေနက်ကွင်းသားသည် ရေမွှန်းနေသော ကြွက်စုတ်တစ်ကောင်လို လက်ထဲမှာ လွယ်အိတ်အစုတ်ကလေးကို ကိုင်ကာ ပတ်ပတ်လည် ဝန်းရံထားသော ထိန်တောညိုရွာသားများကို အသနားခံသောအကြည့်ဖြင့်ကြည့်ကာ အောက်ပါအတိုင်း ဝန်ခံချက်ပေးလေသည်။

"ကျွန်တော်တို့ ဒီနယ်တစ်ဝိုက်က ရွာတွေကိုရှောင်ပြီး ဟိုးခပ်ဝေးဝေးက ရွာတွေကိုဓားပြတိုက်စားနေတာကြာပြီ။ ကျွန်တော့်အသက်ကို ချမ်းသာပေးပါခင်ဗျာ"

ရေနက်ကွင်းသားသည် သင်းကွဲမျောက်တစ်ကောင်လို မျက်နှာငယ်ကလေးနှင့် ရင်ဖွင့်လေပြီ။ လက်ကလေးနောက်ပစ်ကာ ဇာတ်စုံခင်းလေပြီ။

"ဒါပေမဲ့ – မင်းကို တို့လက်ရဲများနဲ့ တောင်မတို့ဘူး။ ဥပဒေအတိုင်းသွားမှာ။ မင်းရှေ့ကအုပ်စုနဲ့ လိုက်မသွားဘဲ ဘာဖြစ်လို့ တစ်ယောက်တည်းခွဲထွက်လာသလဲဆိုတာ ပြော"

တစ်ချိန်က လက်ရဲဇက်ရဲ မိုးဆိုးတိုက်ခတ်ခဲ့သော ရေနက်ကွင်းသားသည် ခုတော့ ရွာသားတွေကြားတွင် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးဖြစ်နေပြီသောမှာ ကြောက်နေပြီ၊





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ဘာဖြစ်လို့ ရေ့က အုပ်စုနဲ့အတူတူလိုက်မသွားရသလဲဆိုတော့ အဲဒီအုပ်စုထဲမှာရောဂါသည်တွေပါသွားတယ်၊ ကူးစက်ရောဂါသည်တွေပါသွားတယ်၊ လူကောင်းတွေကိုပါ ကူးစက်ပြီး အသက်ကိုရွေ့တော့မှာခင်ဗျ၊ ဒါကြောင့် ကျွန်တော် သူတို့နဲ့ လိုက်မသွားတာပါ"

ဦးတောကျော်သည် အံတစ်ချက် ကြိတ်လိုက်သည်၊ ထို့နောက် ...

"ဘယ်လို ကူးစက်ရောဂါတွေ... ဘျားသားမိုးကြိုး၊ ရှင်းပြဦး"

ရေနက်ကွင်းသားသည်တံတွေးကို ာစ်ချက်မျိုချသည်၊ အားလုံး သူ့အရိပ် ခကဲကိုပင်ကြည့်ကာ ဘာပြောမည်ကို တင့်ကြည့်နေကြလေပြီ၊

"အစအဆုံး ပြောပြပါ့မယ်ခင်ဗျာ၊ လိုပါ"

"ပြောကွာ"

"ဒီလိုပါခင်ဗျာ - ကိုမြဒင်က ကျွန် ာ်တို့ရဲ့ခေါင်းဆောင်ပါ၊ ကျွန်တော် ့်အဖွဲ့မှာ သေနတ်အစစ်တွေရော၊ ်သေနတ်ပါ ငါးလက်ခြောက်လက် ဟက်ရှိပါတယ်၊ အဲဒါတွေနဲ့ စားပြ က်စားနေကြတာပါ၊ လွန်ခဲ့တဲ့ဆယ ်လောက်က ဆရာမြဒင်နဲ့ အဖွဲ့ဘို လေးအောက်ဘက်ကိုလေ့နစ်စင်းနဲ့ စားပြ သွားတိုက်ကြပါတယ် ခင်ဗျ၊ ဒီ အချိတော်တော်ကလေးပွပေါက်တိုး လာကြတယ်ဆိုရမယ်ခင်ဗျာ၊ တိုက်ရာပါ ပစ္စည်းတွေ တော်တော်ရလာတယ်၊ ဒါပေမဲ့ - သူကြီးမင်းရယ်၊ မတရားရလာတဲ့ပစ္စည်း ဘယ်သန့်ရှင်းပါ့မလဲခင်ဗျာ"

ဦးတောကျော်သည်ထွီခနဲတံတွေး တစ်ချက် ထွေးလိုက်သည်၊

"ထွီ - ခွေးမသားတွေ၊ မင်းကလည်း ဒါကျတော့ သန့်ရှင်းတယ်၊ မသန့်ရှင်း ဘူး သိနေပါလားကွဟေ"

ရေနက်ကွင်းသား၏ အသံသည် တဖြည်းဖြည်း တိုးတိမ်လာသည်၊ တုန်တုန်ရင်ရင်ဖြင့် ...

"သူကြီးရယ် - ဒါပေမဲ့ - ညကျတော့ အောင်သေအောင်သားစား မူးယစ်ပြီး ဝေစုခွဲကြတော့ တစ်ယောက်နဲ့ တစ်ယောက် မကျေမနပ်ဖြစ်ပြီး ခေါင်းဆောင်ကိုမြဒင်နဲ့ သူ့လက်ထောက် တစ်ယောက်တစ်ခွန်း တစ်ယောက်စကားများကြပြီး သေနတ်သံတွေနဲ့ ပစ်ကြပါလေရော သူကြီးခင်ဗျာ"

"ဒါကြောင့် သေနတ်သံတွေကြားရတာကိုး - သုံးချက်တောင်"

"ဟုတ်ပါတယ် - ခင်ဗျာ၊ ကိုမြဒင်က စပစ်တာပါ၊ မူးမူးနဲ့ပစ်တော့ချက်ကောင်းကိုမထိဘူး၊ ညကလည်း တော်တော် မှောင်မည်းနေတာကိုး ခင်ဗျ၊ ကိုမြဒင် ပစ်ပြီး ထွက်ပြေးသွားတော့ သူ့နောက်ကို လက်ထောက်နဲ့ တစ်ယောက်က လိုက်ပြီးပစ်ကြတယ်လေ၊ နှစ်ချက်ဆင့် ပစ်တာ"

"မြဒင်ကို ထိသွားသလား"

ရေနက်ကွင်းသားသည်ခေါင်းတစ်ချက် ယမ်းရသည်၊

"ကျွန်တော် မသိဘူး၊ ဘယ်သူမှလည်း သိမှာမဟုတ်ဘူး ခင်ဗျ၊ ကိုမြဒင်နောက်ကို လိုက်သွားတဲ့နှစ်ယောက်က မနက်မိုးလင်းခါနီးမှ ရောက်လာတယ်၊ ကိုမြဒင်ပါမလာဘူးခင်ဗျ၊ ကိုမြဒင်ထွက်ပြေးလွတ်မြောက်သွားသလား၊ ဒဏ်ရာရသွားသလားဆိုတာ မသိရဘူးဗျာ၊ ဘယ်သူမှလည်း ရဲရဲတင်းတင်း မမေးရဲကြဘူး၊ အခြေအနေတွေက တော်တော်ရှုပ်ထွေးနေကြပြီ သူကြီးမင်း၊ ကျွန်တော်လည်း ဆရာကိုမြဒင်ကို သံယောဇဉ်ရှိပေမယ့် မမေးရဲဘူး၊ ကျွန်တော်ပါ အဆစ်ပါမှာစိုးလို့၊ အဲဒီကစပြီး ဆရာကိုမြဒင် ပျောက်သွားတာ ခုချိန်ထိ၊ ရေနက်ကွင်း သားတွေ ပြိုကွဲတဲ့အထိပါပဲ ခင်ဗျ၊ ဘယ် ရောက်သွားသလဲ မသိပါဘူး - သူကြီး"

"ကဲပါ - ဆက်ပြောပါဦး၊ ကူးစက်ရောဂါအကြောင်း၊ ဘယ်လိုဖြစ်သလဲ ဆိုတာ" ပြောဆိုကာ လက်ထဲမှာညှပ်ထားသော ဆေးပေါ့လိပ်ကို မီးခြစ်ခြစ်၍ ညှိသည်၊

"သူကြီးမင်း - ခင်ဗျာ၊ တိုက်ရာပါ ပစ္စည်းတွေ ဝေစုမတည့်ဖြစ်ပြီး ပစ်ကြခတ်ကြပြီး သိပ်မကြာဘူး ခင်ဗျာ၊ လေးငါးရက်လောက်မှာဒုတိယခေါင်းဆောင် မိုးနက်နဲ့ အောင်သူက ရေနက်ကွင်း အနောက်ဘက်နွံတောထဲက စပါးကြီး မြွေကြီးတစ်ကောင် ဖမ်းလာတယ်၊ အကောင်ကြီးက သေနတ်နဲ့ပစ်လို့သေတောင် သေနေပါပြီ ခင်ဗျ"

ရွာသားများသည် တဖြည်းဖြည်း စုစုဝေးဝေး ဖြစ်လာကြလေပြီ၊ သူကြီး ဦးတောကျော်သည် ရေနက်ကွင်းသား၏ ရှင်းလင်းဝန်ခံချက် လွှတ်လွှတ်လပ်လပ်ပြောနိုင်ရန် ပရိသတ်ကို ချဲမိုင်းရသည်၊

"ကဲ - သိပ်မအုံကြနဲ့၊ ဒီကောင်လန့်ပြီး ရှူးသွားဦးမယ်၊ ခပ်ဝေးဝေးနေကြ"

ပရိတ်သတ် နည်းနည်းကြဲသွားသည်၊ ကိုယ်ရှိန်သပ်သွားကြသည်၊

"ကဲ - ဆက်ပါဦး၊ စပါးကြီးမြွေသေကြီးကို ဘာဆက်လုပ်ကြသလဲ"

"ဟုတ်ကဲ့ - ခင်ဗျ၊ ကျွန်တော်တို့ အုပ်စုမှာလူကနှစ်ဆယ်လောက်ရှိတော့

www.burmeseclassic.com

သော ဇရာမယင်ကောင်အုပ်ကြီးများသည် တစ်ခါတစ်ရံတွင် ဝေါခနဲ ဝုန်းခနဲ ထပျံသည်မှာ ငှက်အုပ်ကြီး ထပျံသလို ကြောက်စမန်းလိလိပင်၊ အော်ဟစ်ဆူညံနေသော လူသံသူသံများကို သိုးသိုးသဲ့သဲ့ ကြားနေရသည်ဟုဆိုသည်၊ နေဝင်ရီတရောဆိုလျှင် မျက်စိလည်လမ်းမှား၍ ဖြတ်သွားဖြတ်လာရှိတတ်သော ခရီးသွားများသည် ဦးခေါင်းပြောင်ပြောင်၊ တုတ်ခိုင်သောခန္ဓာကိုယ် ဘယ်ဘက်လက်ပြတ်နေသောလူတစ်ယောက် ရပ်နေတတ်သည်ကိုတွေ့ရသည်ဟု ဆိုသည်၊

"အစားမတော်တော့ ပူပြင်းတဲ့ရာသီမှာ ကနစိုးသီးစားပြီးသေတဲ့ မသာတွေအများကြီးပဲ၊ ဒီကွင်းကကြမ်းတယ်၊ အစောင့်အရှောက်ရှိတယ်ဆိုတာ အားလုံးအသိ၊ ကနစိုးသီးစားပြီး ကာလနာတိုက်လို့ကတော့ အသုဘမြန်မြန် ချတော့၊ ဆိုင်းမပါ ဗုံမပါနဲ့ မြန်မြန်သာချ၊ ကူးစက်ရောဂါကြောင့် ရွာလုံးပြုတ်သွားမယ်မှတ်၊ ကနစိုးသီးမဟုတ်ဘူး၊ ဗုံမပါသီးဟ၊ ဗုံမလိုဘူးဟေ့၊ ဗုံတောင်မတီးနိုင်တော့ဘူး၊ နေခင်းဘက်ဆိုရင် ဇရာမယင်ကောင်အုပ်ကြီးတွေက တဝုန်းဝုန်းပဲဟော့"

မည်သူမျှ မထိတို့ရဲ၊ မပတ်သက်ရဲသော ရေနက်ကွင်းသည် လပေါင်းများစွာကြာသောအခါမှ ဦးတောကျော်နှင့် ရွာသားအချို့ရေနက်ကွင်းထဲဝင်ရန် ဆုံးဖြတ်ချက် ချဝံ့တော့သည်၊ သည်လိုနှင့် ရွာသားဆယ်ယောက်ခန့် ရေနက်ကွင်းထဲသို့ မဝံ့မရဲ ဝင်လာကြသည်၊

—

ရေနက်ကွင်းထဲတွင် တဲဆယ်လုံးခန့်သည် ဖရိုဖရဲ လွင့်ကြဲလျက်ရှိသည်၊ အားလုံး ခနီမိုး၊ ထရံကာများ၊ အချို့ပျဉ်များဖြင့် ကာရံထားသည်၊ တဲပေါ်တွင် စားအိုးစားခွက်များ၊ သောက်လက်စသေရည်ပုလင်းများ၊ ပန်းကန်များသည် ပိုးလိုးပက်လက်နေရာအနှံ့၊ လူတို့စွန့်ခွာသွားသော ရွာပျက်ပမာ သံဝေဂတို့ဖြင့် ထုံမွမ်းလျက်၊ ကြောက်မက်ဖွယ်တိတ်ဆိတ်လျက်...

ဦးတောကျော်သည်အနီးဆုံးတဲဆီသို့ လျှောက်သွားကာပျဉ်ချပ်တွေကို သေသေချာချာကြည့်သည်၊

"ဒီမှာ - လာကြည့်ကြစမ်းဟေ့၊ ဒီပျဉ်များတွေက တစ်မျိုးပဲ၊ မသင်္ကာစရာပဲကွ"



အားလုံးက ဦးတောကျော် ညွှန်ပြရာသို့ စုဝေးလာကြပြီး လေ့လာကြည့်ရှုကြသည်၊

"ပျဉ်ချပ်တွေက ကမ္ပည်းစာ - နာမည်တွေနဲ့ပဲ ဘုရား - ဘုရား - ဒါ - ဒါ၊ ဒါတွေနဲ့ တဲတွေ ဆောက်ထားကြတာကိုး"

ဦးတောကျော်သည် ရွံ့ရှာစက်ဆုပ်ဟန်ဖြင့် နှာခေါင်းတစ်ချက် ရှုံ့လိုက်သည်၊

"တကယ့်အာဂလူတွေပဲဟေ့၊ ဒါ - လူသေခေါင်းက ပျဉ်တွေပေါ့၊ အသုဘခေါင်းပျဉ်တွေဟေ့"

"ဟင်"

"ဟုတ်တယ် - သချိုင်းနဲ့ နီးတော့ လွယ်လွယ်ကူကူသွားဖော်ယူကြမှာပေါ့ကွာ"

"နာမည်တွေတောင် မပျက်သေးဘူး၊ ဒီမှာ ဒေါ်ဖြားကြီး အသက် (၇၀) ဆိုပါလား"

"ဟုတ်တယ် - တဲအားလုံး ဒီလိုခေါင်းပျဉ်တွေနဲ့ ကာထားတာပဲ နေမှာ၊ ရွံစရာကောင်းလိုက်တာကွာ၊ ကာစရာမိုးစရာ ရှားရသလား၊ ပျဉ်မှန်သမျှသချိုင်းထဲက ပဗ္ဗည်းတွေချည်းပဲ"

"အင်း - ဗုံမပါသီး - ကနစိုးသီးကြောင့် ရေနက်ကွင်း တဲစုပြုတ်တော့တာပဲဟေ့၊ ကြောက်စရာပဲကွ"

ထိန်တောညီရွာသားတွေ ရေနက်ကွင်းထဲမှာ မိနစ်ပေါင်းများစွာကြာ လှည့်ပတ်ကြည့်ရှုခဲ့ကြသည်၊ တစ်လုံးတည်းသော ထီးထီးကြီးရှိနေသည့် သပ်သပ်ရပ်ရပ် တဲတစ်လုံးရှေ့တွင် ကျည်ဆန်ခွံတွေ တွေ့ရသေးသည်၊ ထို့နောက် သွေးစွန်းသွေးကွက်တွေဖြင့် ခြောက်သွေ့နေသော ပေါက်တူးတစ်လက်၊ ဓားတို၊ ဓားရှည်တွေလည်း တဲထရံတွေမှာ အနှံ့အပြားစိုက်လျက်တန်းလန်းရှိသည်၊ ရေနက်ကွင်းသားအားလုံး ကြောက်မက်ဖွယ်အန္တရာယ်ဆိုးကြီးကြောင့် ရုတ်တရက် စွန့်ခွာသွားကြမှန်း သိသာသည်၊

သို့သော် ထိန်တောညီရွာသားအားလုံး ခံစားနေရသည့် တူညီသော ခံစားချက်တစ်ခုကတော့ ရှိသည်၊ ထိုအရာကား သူတို့အုပ်စုအပြင် နောက်ထပ် လူအုပ်စုတစ်ခု သူတို့နားတွင် ရှိနေသည်ဟု ခံစားရခြင်း၊ တစ်စုံတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

သောသူတစ်ယောက်က သူတို့၏လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်နေသည်ဟု ခံစားရသောခံစားမှုဖြစ်သည်။

ဦးတောကျော်သည် ဟိုဟိုသည်သည်အထိတ်တလန့် ဝေ့ဝဲကြည့်ရင်း...

"ပြန်ကြမယ်ဟေ့ - စိတ်ထဲမှာတစ်မျိုးကြီးပဲကွ၊ ဘယ်လိုဖြစ်သလဲမသိဘူး"

"ဟုတ်တယ် - သူကြီး၊ ကြက်သီးထသလိုလို၊ နောက်ကျောမလုံသလိုလိုပဲဗျ"

"ကဲ - ကဲ - ပြန်တာပဲ ကောင်းတယ်"

သူတို့အားလုံး ခပ်သွက်သွက်ခြေလှမ်းများဖြင့် ပြန်ထွက်လာကြသည်။ သို့သော် သူတို့အားလုံး သတိမမူမိလိုက်သောအရာတစ်ခု ရှိသည်။ တဲစုစုထဲမှ တဲကြီးတစ်လုံး၏ နံဘေးမြေပျော့ပျော့ထဲတွင် ထိုးထိုးထောင်ထောင် ပေါ်နေသည့် မကြာမီရက်ပိုင်းအတွင်းက တောခွေးရိုင်းများ တူးဖော်ယက်ထုတ်ထားသောအရိုးကျနေပြီဖြစ်သည့်ဘယ်ဘက်လက်၏ လက်မမပါသော လက်ပြတ်ရိုးကြီးတစ်ချောင်းကို မည်သူမျှမတွေ့လိုက်ရချေ။

BURMESE CLASSIC

မင်းဘုန်းသိဒ်သူ


လျှို့ဝှက်လောကသားများ ကြိုက်မည့် အစားအစာ

လျှို့ ရ လော က သေ း မြ း တို့

မြွေပတုတ်ကိုက် - ကျွန်းသားမီးသွေးကို ကြိတ်၍သိပ်ပါ။
မြွေဟောက်ကိုက် - ငြူကြီး၊ စဥ့်မခံနစ်ပါးကို အရက်၊ ရေနွေးရရာနှင့် အမှုန့်စီသွေး၍ သောက်ပါ။
ရေငတ်ဝမ်းကျ - မန်ကျည်းဖျော်ရည်တိုက်ပါ။
ရှပ်ပျို့ကိုယ်န - ကြိတ်မှန်ရွက်၊ နမ်းရွက်၊ ဆီးဖြူသီးခြောက်ဆတူစု၊ ယင်း(၃)ပါး၏ အလေးချိန် သကြားထည့်၍ ထောင်း၊ နေ့စဥ် မှီဝဲပါ၊ အနာကင်း၍ နပျိုလာမည်။

Happy Time

ပ်ဘွားမှုစကားလုံး၊ စကားလုံးအဘိဓာန်၊ စကားပြောဖို့စကားလုံးများ(အင်္ဂလိပ် - မြန်မာ)နှစ်ဘာသာ




ရှိနိုင်ပါပြီ။

www.burmeseclassic.com